ဆောင်မျိုး
စီစဉ်သည်

www.foreverspace.com.mm

# နိုကိုရဲ့

## လွယ်အိတ်ထဲက အလွဲများ



www.foreverspace.com.mm

မောင်မျိုးစီစဉ်သည်

ကြောင်နှစ်ကောင်
စာအုပ်တိုက်
အမှတ်၁၃၂(မြေညီ) ၃၅လမ်း ရန်ကုန်
ဖုန်း ၀၁-၂၅၃၇၇၂၊ ၀၁-၂၈၂၂၄၈

www.foreverspace.com.mm

နီကိုရဲ

# ''လွယ်အိတ်ထဲမှ အလွဲများ''

www.foreverspace.com.mm

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာဘေးကင်းကွာ
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.foreverspace.com.mm

**စာမူခွင့်ပြုချက်အမှတ်**
၆၁၂/၂၀၀၃ (၅)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၉၀၈/၂၀၀၄ (၉)

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ မေလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

**မောင်မျိုး**
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

www.foreverspace.com.mm

# မာတိကာ


၁။ ကျွန်ုပ်နှင့် ပုတ်သင်ညို ၅

၂။ ကျွန်ုပ်နှင့် ဖတ်စာအုပ် ၂၁

၃။ ကျွန်ုပ်နှင့် ခါးပိုက်နှိုက် ၄၁

၄။ ကျွန်ုပ်နှင့် ရည်းစားစာ ၆၁

၅။ ကျွန်ုပ်နှင့် စာမေးပွဲအောင်စာရင်း ၈၃

၆။ ကျွန်ုပ်နှင့် တက္ကသိုလ်ဝင်ခွင့် ၁၀၅

၇။ ကျွန်ုပ်နှင့် တက္ကသိုလ်ပထမနှစ် ၁၂၇

၈။ ကျွန်ုပ်နှင့် ကဗျာစာအုပ် ၁၆၁

၉။ ကျွန်ုပ်နှင့် Paper 1, 2 ၁၈၅

၁၀။ ကျွန်ုပ်နှင့် မနက်ဖြန် ၂၂၅

၁၁။ ကျွန်ုပ်နှင့် ကျောပိုးအိတ် ၂၄၇


၁၂။ ကျွန်ုပ်နှင့် လမင်းဖမ်းကျော့ကွင်း ၂၇၅

www.foreverspace.com.mm

# ကျွန်ုပ်နှင့် ပုတ်သင်ညို

www.foreverspace.com.mm

# ကျွန်ုပ်နှင့် ပုတ်သင်ညို



www.foreverspace.com.mm



www.foreverspace.com.mm

“ကဲ…အားလုံး လွယ်အိတ်တွေ ခုံပေါ်တင်လိုက်ကြစမ်း”

ဆရာမအသံကြောင့် ကျွန်တော်နဲ့ ပေါက်စီ တော်တော်တုန်လှုပ်သွားသည်။ အတန်းထဲမှာလည်း တိတ်နေရာကနေ အားလုံးငြိမ်ကျသွားတာပဲ။ ကျွန်တော် အသာလှည့်ကြည့်လိုက်တော့ မတ်တပ်ရပ် လက်ပိုက်ထားတဲ့ ပျားတုတ်မျက်နှာစပ်ဖြဲဖြဲနဲ့၊ ကျွန်တော်သိတယ်။ ဒီကောင် ညစ်ပြီဆိုတာကို၊ ဒါပေမယ့် ဘာမှ မတတ်နိုင်ဘူးလေ။ လွယ်အိတ်တင်သံတွေ တဘုတ်ဘုတ်ထဲမှာ ကျွန်တော်နဲ့ ပေါက်စီရဲ့ လွယ်အိတ်ကိုလည်း တင်လိုက်ရတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ကြောက်စိတ်က လွယ်အိတ်ထဲမှာ မရှိပါဘူး။ လုလုစိုးနဲ့ ဖြူဖြူသန်းရဲ့ လွယ်အိတ်ထဲမှာပဲ ရှိတာပါ။

“ကျော်မြင့်ရဲ့ ပိုက်ဆံငါးဆယ်ပျောက်တယ်လို့ လာတိုင်ထားတယ်… အဲဒါ လွယ်အိတ်တွေအားလုံးစစ်မယ်…ကိုယ့်လွယ်အိတ်ရှေ့မှာပဲ ကိုယ်နေရမယ်…ဘယ်မှမထရဘူး ဒါမျိုး ငါမကြိုက်ဘူးဆို

www.foreverspace.com.mm

တာ မင်းတို့ မသိဘူး … မိလို့ကတော့ သေပြီသာ အောက်မေ့တော့”

ဆရာမ ဒေါ်သကြောင့် တစ်တန်းလုံး ပိုငြိမ်သွားတယ်။ ကိုယ်မယူကြပေမယ့် ကျောင်းသားတိုင်းရဲ့ မျက်နှာမှာ စိုးရိမ်ပူပန်မှုတွေ ရှိနေတာပဲ။ ဆရာမ စိတ်တိုနေပြီ။ ဒေါသထွက်နေပြီကိုး။ လုံးဝမျက်နှာမပျက်တာကတော့ ဟိုကောင် ပျားတုပ်ပဲ။ ကျွန်တော် သိတယ်၊ ဒီကောင် ပိုက်ဆံငါးဆယ်ပျောက်တာ မဟုတ်ဘူး။ ကျွန်တော်တို့နှစ်ယောက်ကို တမင်ညစ်တာ။

ဒီကောင်နဲ့ ကျွန်တော်တို့နှစ်ယောက်အကြောင်း ပြောရဦးမယ်။

ဒီကောင့် နာမည်အရင်းက ကျော်မြင့်တဲ့၊ မုန့်စား ကျောင်းဆင်းလို့ ဆော့ကြရင်း ဒီကောင့်ကို ဝါးရုံပင်က ပျားဆယ်ကောင်လောက် ဝိုင်းတုပ်လို့ ဒီကောင့်နာမည် ပျားတုပ်ဖြစ်သွားတာ။ ဒီကောင်နဲ့ ကျွန်တော်တို့နှစ်ယောက်က မတည့်ဘူး။ ဘယ်နေရာက စ,မတည့်သလဲဆိုတော့ မမှတ်မိတော့ဘူး။ လက်သီးထိုးတမ်း ကစားတုန်းကပဲလား၊ ပြေးပုန်းကစားရင်းနဲ့ပဲလား။ တစ်ခုခုတော့ တစ်ခုခုပါပဲ။

ကျွန်တော်တို့နှစ်ယောက်နဲ့တင် မကပါဘူး။ သူနဲ့ မတည့်တဲ့သူက အတန်းထဲမှာ တော်တော်များတယ်။ ဒီကောင့် ပုံစံက ဗလကောင်းကောင်း၊ အသားညိုညို၊ မျက်ပေါက်ကျဉ်းကျဉ်းနဲ့။ သူ့မျက်နှာက ဘယ်တော့မှ ပြုံးတတ်တဲ့မျက်နှာမျိုး မဟုတ်ဘူး။ ဒီကောင်က ကျွန်တော့်ထက် ဗလကောင်းတော့ ကျွန်တော့်ကို ရင့်ချင်ပေမယ့် ပေါက်စီရှိတော့ ကျွန်တော့်ကို သိပ်မကြောရဲဘူး။ ဒီတော့ ပျားတုပ်က ကျွန်တော်တို့ကို ချောင်းနေတာကြာပြီ။

www.foreverspace.com.mm

ပေါက်စီရဲ့ နာမည်အရင်းက ဝင်းဦးပါ။ သူတို့အဖေ က ပေါက်စီရောင်းလို့ သူ့ကို ပေါက်စီလို့ ခေါ်တာ။ တကယ်ဆိုရင်တော့ ပေါက်စီလို့မခေါ်ဘဲ ဒီကောင့်ကို ပုတ်သင်ညိုလို့ ခေါ်ရမှာ။ ဒီကောင က ပုတ်သင်ညိုဖမ်းတာ သိပ်လျင်တာ။ ကျွန်တော်တို့လို အုန်းလက်ထိပ်မှာ ကျော့ကွင်းကလေး လုပ်စရာမလိုဘူး။ ပုတ်သင်ညိုတွေ့တာနဲ့ အပင်နားကပ်ပြီး ခပ်တည်တည်နဲ့ ဖမ်းလိုက်တာပဲ။ ဒီကောင့်လက်က မြွေပွေးလို မြန်မှာ။

ကျွန်တော့် သူငယ်ချင်းပေါက်စီက လှလှစိုးကို ကြိုက်နေတာ။ သူ ကြိုက်ပုံကတစ်မျိုးခင်ဗျ။ လှလှစိုးကို တွေ့တာနဲ့ စတာပဲ။ လှလှစိုးက ပြန်ရန်တွေ့ရင် ပေါက်စီက ကျေကျေနပ်နပ်ကြီး ပြုံးလို့။ "လှလှစိုးက ဒီအတိုင်းနေရင် မလှဘူးကွ… ရန်ထောင်မှလှတာ" တဲ့။ လှလှစိုးကလည်း ရန်သာထောင်တာပါ။ ပေါက်စီ အေးအေး ဆေးဆေးနေတဲ့ ရက်တွေဆို သူပါလာတဲ့ မြေပဲယိုတို့ ဘာတို့ ကျွေးတတ်ပါတယ်။ ဒီတော့ ပေါက်စီနဲ့ ကျွန်တော်ကစ၊ လှလှစိုးနဲ့ သူ့ သူငယ်ချင်း ဖြူဖြူသန်းက ရန် ပြန်ထောင်။ အဲဒီလို ချစ်စရာကောင်းတဲ့ ပျော်ရွှင်မှုကို ပျားတုပ်က ကြည့်မရဘူး၊ မနာလိုဘူးပေါ့ဗျာ။

ပြီးခဲ့တဲ့ လေးရက်လောက်က ပျားတုပ်က ကျွန်တော့် နောက်ကျောမှာ 'အရူးပါခင်ဗျာ' ဆိုတဲ့ စာတမ်းရေးပြီးလာကပ်တယ်။ လှလှစိုး တို့ကပြောလို့ ကျွန်တော် ချက်ချင်းသိသွားတယ်။ ညနေကျောင်းဆင်း လို့ ကျွန်တော်က ပြန်ကပ်တော့၊ ပျားတုပ် နောက်ကျောမှာ စာတန်းကြီး က အိမ်အထိပါသွားရော။ ဒီကတည်းက ဒီကောင့်အမုန်းက ကျွန်တော့် တို့အပေါ်မှာ ပိုကြီးသွားတာ။

ဒီနေ့မနက်မှာ ပေါက်စီက ကျွန်တော့်ကို တိုင်ပင်တယ်။

www.foreverspace.com.mm

"စာကလေး…ငါ လှလှစိုးကို စ,ရတာ အားမရဘူးကွာ"

"ဘာ အားမရတာလဲ"

ကျွန်တော်ပြန်မေးတော့ ပေါက်စီငြိမ်သွားတယ်။ ဒီကောင်က ဒီလိုပဲ။ တစ်ခုခုလုပ်ရင် သိပ်စဉ်းစားတဲ့ကောင်။

"ငါ စရင် သူက သိပ်စိတ်မဆိုးတော့ဘူးကွ…ငါက စရင် ငါ့ကို စိတ်အရမ်းဆိုးပြီး ဒေါသတွေဘာတွေထွက်မှ ကျေနပ်တာ"

"ဒါဆို မင်းက ဘယ်လိုစချင်လို့လဲ"

ဒီကောင် ပြန်ငြိမ်သွားပြန်ရော။ ပြီးတော့မှ စဉ်းစားမိသလို လုပ်ပြီး ပြောတယ်။ အမှန်တော့ ဒီကောင် စဉ်စားပြီးသားပါ။ သူ့ အကျင့်အတိုင်း စကားကို ခဏနားပြီးမှ ပြောတာ။

"မုန့်စားဆင်းရင် ပုတ်သင်ညိုဖမ်းပြီး လွယ်အိတ်ထဲ ထည့်မယ်ကွာ"

"ဟာ…ဆရာမသိသွားရင် ဆော်မှာနော်…တခြားဟာ စဉ်းစားကွာ"

"မသိပါဘူးကွာ…အိမ်ကျမှသိအောင် လွယ်အိတ်ထဲကို သေသေချာချာ ထည့်မှာပေါ့"

ပြဿနာက အဲဒီက စတာပါ။

မုန့်စားဆင်းတော့ ကျွန်တော်နဲ့ ပေါက်စီ အကြော်တစ်ခုစီပဲ စားပြီး ကျောင်းနောက်က သစ်ပင်တွေကြားထဲမှာ ပုတ်သင်ညို လိုက်ဖမ်းကြတယ်။ မိတာမှ လေးကောင်တောင်၊ ဒါတောင် တော်ပြီ ပြောလို့။ မိတဲ့ ပုတ်သင်ညိုတွေကို ပေါက်စီက ကိုက်ပေါက်တာပဲ။ ကိုင်အပေါက်ခံရတဲ့ ပုတ်သင်ညိုခများ ခြေကလေး၊ လက်ကလေးတွေ တဆတ်ဆတ်တုန်ပြီး ငြိမ်သွားတော့မှ ပေါက်စီက ခါးပိုက်ထဲထည့်တာ…

www.foreverspace.com.mm

"အရှင်ဆိုရင် ထွက်ပြေးသွားလိမ့်မယ်ကွ"

ကျောင်းတက်ခေါင်းလောင်းမထိုးခင် အတန်းထဲအမီ လာပြီး လှုလှုစိုးနဲ့ ဖြူဖြူသန်းလွယ်အိတ်ထဲ ပုတ်သင်ညိုနှစ်ကောင်စီ ထည့်တာကို ပျားတုပ်က မြင်သွားတယ်။ ကျွန်တော်တို့လည်း သူ့နဲ့ဘာမှ မဆိုင်လို့ သူ့ကို ဂရုမစိုက်ကြဘူးပေ့ါ။ အခုမှ သူကထပြီး ပြဿနာရှာတာ။ သူ့လုပ်ပေါက်က ကျွန်တော်နဲ့ပေါက်စီ ပြေးလို့မလွတ်နိုင်တဲ့နည်းပဲ။

ပိုက်ဆံ တကယ်မပျောက်ဘဲ ပိုက်ဆံပျောက်တယ်ဆိုပြီး ဆရာမကို သွားတိုင်တယ်။ လွယ်အိတ်တွေထုတ်စစ်လို့ ဟို ကောင်မလေးတွေ လွယ်အိတ်ထဲမှာ ပုတ်သင်ညိုတွေ့ရင် ကျွန်တော်တို့ ပျာပြီပေ့ါ။ သွားပြီ။

ဆရာမက လွယ်အိတ်တစ်အိတ်စီကို သေသေချာချာ စစ်ပါတယ်။ စာအုပ်တွေ အကုန်ထုပ်၊ စာရွက်တွေ လှန်ပြ၊ အားလုံး လုပ်ကြရတယ်။ တော်သေးတာက မိန်းကလေးတွေ တန်းကိုတော့ ဆရာမက အရှင်မစစ်တာပဲ။ လေးတန်းလောက် စစ်အပြီး ငါးတန်းမြောက်ကို ရောက်တဲ့အချိန်မှာ ဘယာကြော်က မတ်တပ်ထရပ်တယ်။

"ဆရာမ...ကျွန်တော့်မှာ အိမ်ကပေးလိုက်တဲ့ ပိုက်ဆံ ငါးဆယ် ရှိပါတယ်"

"ဘာကွ...မင်းအိမ်က ပေးလိုက်တာ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာမ"

"ဘယ်လောက်လဲ"

"ငါးဆယ်ပါ"

ဆရာမ တော်တော်တည်သွားတယ်။ ဘယာကြော်ကိုလည်း တင်းတင်းမာမာ ခက်ခက်ထန်ထန်ကြီးကို ကြည့်တယ်။

www.foreverspace.com.mm

“ကျော်မြင့်ပျောက်တာလဲ ငါးဆယ်…မင်းအိမ်က ပေးလိုက်တာလဲ ငါးဆယ်..ပိုက်ဆံပျောက်တယ်လို့ ပြောကတည်းက မထဘဲ အခုစစ်ခါနီးကျတော့မှ ဘာဖြစ်လို့ပြောရတာလဲ…လွယ်အိတ်ယူပြီး ရှေ့ကိုထွက်ခဲ့စမ်း”

တစ်တန်းလုံး ပိုပြီးငြိမ်သွားတယ်။ ဘယာကြော်ကို ဝိုင်းကြည့်နေကြတဲ့ မျက်လုံးတွေက မယုံသင်္ကာစရာ လူတစ်ယောက်ပေါ့လေ။ ဘယာကြော်ကို ယုံတာဆိုလို့ ကျွန်တော်တို့ နှစ်ယောက်ပဲရှိတယ်။ ဒါ တိုက်ဆိုင်မှုသက်သက်။ ဟိုကောင် ပျားတုပ် လုံးဝပိုက်ဆံ မပျောက်ဘူး။

“ကဲ…မင်းအိမ်က ဘယ်လောက်ချမ်းသာလို့ မင်းကို ပိုက်ဆံ ငါးဆယ်ပေးရတာလဲ”

ဆရာမပြောတာ သဘာဝကျပါတယ်။ ကျွန်တော်တို့ ရှစ်တန်းကျောင်းသားဆိုတာ မုန့်ဖိုးငါးမူးလောက်ပဲ ရတတ်တာ။ ချမ်းသာလွန်းမှ နှစ်ကျပ်ပေါ့။

“ကျွန်တော့်ကိုပေးတာ မဟုတ်ပါဘူး ဆရာမ…ကျောင်းကပြန်ရင် ဆီရယ်၊ ပဲရယ် ဝယ်ဖို့ အမေက ပေးလိုက်တာပါ”

ဒါ အမှန်ဆုံးစကားပဲ။ ဘယာကြော်တို့အမေက အကြော်ရောင်းတာကိုး။ ကျောင်းကပြန်ရင် ပွင့်ကောင်းကုန်စုံဆိုင်မှာ ဒီကောင်အမြဲ ဆီနဲ့ပဲဝယ်ပြီးပြန်တာ ကျွန်တော်တို့ တွေ့ဖူးတာပဲ။ ဘယာကြော်တို့အိမ်က အကြောင်းရောင်းတယ်ဆိုတာကို ဆရာမလည်း သိတော့ စဉ်းစားရကျပ်နေတယ်။

“မင်းကျောင်းကိုရောက်တော့ အဲဒီပိုက်ဆံကို ဘယ်သူ့ကို ထုတ်ပြသေးလဲ”

"မပြမိဘူး ဆရာမ"

ဆရာမ ဘာပြောရမှန်းမသိတော့။ ဘယာကြော် လွယ်အိတ်ကိုရှာတယ်။ အရှေ့ဆုံး စတိတ်ခုံပေါ်က ဆရာထိုင်တဲ့ခုံမှာ ကြိမ်ခြင်းနဲ့ ကွယ်ပြီးရှာတာပါ။ တစ်ခန်းလုံးငြိမ်ပြီး ဆရာမကိုပဲ ကြည့်နေကြတယ်။

"အင်း..ပိုက်ဆံတွေ့ပြီ ငါးဆယ်ပဲ"

ဆရာမ စကားဆုံးတော့ တီးတိုးသံတွေနဲ့ အခန်းဟာ ဆူညံသွားတယ်။ ဆရာမက တိတ်စမ်းလို့ မပြောပါဘူး။ သူ ကိုယ်တိုင်ဘေးမှာ လူရှိရင်လည်း ဒီလိုပဲ ပြောမှာမဟုတ်လား။ ကျွန်တော်နဲ့ပေါက်စီလည်း ကြောင်သွားတယ်။ လွယ်အိတ်ထဲက ပုတ်သင်ညိုတွေဘာတွေမေ့ပြီး ပျားတုပ် တကယ် ပိုက်ဆံပျောက်တာလား၊ ဘယာကြော်က ခိုးတာလားတွေ ဘာတွေ ဖြစ်ကုန်တယ်။ ပျောက်တာကလည်း ငါးဆယ်၊ ဘယာကြော် အိတ်ထဲက တွေ့တာကလည်း ငါးဆယ်ပဲမဟုတ်လား။ အဲဒီတိုက်ဆိုင်မှုက နည်းတာမှတ်လို့။ ပျားတုပ် ပိုက်ဆံမပျောက်ဘဲ ရမ်းပြောတာဆို ဒီလောက်လာမတူနိုင်ဘူးပေါ့။ ဒါပေမယ့်ဘယာကြော်ဆိုတာကလည်း ဒါမျိုးမရှိတဲ့ ရိုးရိုးသားသား ကျောင်းသားဆင်းရဲတာမှန်ပေမယ့် ဒါမျိုးတော့လုပ်မှာမဟုတ်ဘူး။

"ကဲ ကျော်မြင့် ...မင်း ရှေ့ကို ထွက်ခဲ့စမ်း"

ကျွန်တော့် နံဘေးနားကထွက်နေပြီး ဆရာမဆီကိုသွားတဲ့ ပျားတုပ်မျက်နှာကို ဝိုင်းကြည့်တော့ ခပ်တည်တည်ပဲ။

"ကျော်မြင့်...မင်းမှာ ပိုက်ဆံပါလာတာ ဘယ်သူ့ကို ပြသေးလဲ"

"ဘယ်သူ့မှ မပြဘူး ဆရာမ"

www.foreverspace.com.mm

"ဘယ်အချိန်က ပျောက်တာသိတာလဲ"

"မုန့်စားကျောင်းတက်တော့မှ သိတာပါ"

"မင်း ပိုက်ဆံကို ဘယ်မှာထားတာလဲ"

"လွယ်အိတ်ထဲမှာပါ"

"ဒါဆို မင်းလွယ်အိတ် သွားယူခဲ့စမ်း"

ပျားတုပ် လွယ်အိတ်ယူပြီး ဆရာမက သေသေချာချာ ရှာပါတယ်။ ဘာမှမတွေ့ဘူး။ ကျွန်တော်တို့လည်း ကိုယ့်ပြဿနာ ကိုယ်မေ့ပြီး ဘာဆိုတဲ့အဖြေကို အမျိုးမျိုးတွေ့ကြည့်ပါတယ်။ ပျားတုပ်က တကယ်ပျောက်တာဆိုရင် ကျွန်တော်တို့ပြဿနာက ပြီးပြီ။ တော်ပါသေးရဲ့ပေါ့။ ဒါပေမယ့် ဘယာကြော်ဆိုတဲ့ကောင် တကယ်မခိုးဘူးလို့လည်း ကျွန်တော်က ထင်ချင်သေးတယ်။

"ကဲ...ကျော်မြင့် မင်းလွယ်အိတ်ထဲမှာတော့ ဘာမှ မရှိဘူး...မင်း ဒီပိုက်ဆံ ဘယ်ကရတာလဲ"

"အိမ်လာလည်တဲ့ ဦးလေးက မုန့်ဖိုးပေးတာပါ"

"မင်း အဲဒီပိုက်ဆံနဲ့ ဘာဝယ်စားသေးလဲ"

"ဘာမှ မစားဘူး ဆရာမ"

"ဟုတ်ပြီ...အခု သူ့အိတ်ထဲက ပိုက်ဆံငါးဆယ်တွေ့ထားတယ်..ကဲ ပျောက်သွားတဲ့ မင်းပိုက်ဆံငါးဆယ်က ဘာတန်တွေလဲ"

ဆရာမစကားအဆုံး ပျားတုပ် တွန့်သွားပုံက သူ့ကို ဝါးရုံပင်က ပျားတုပ်ခံရတုန်းက အတိုင်းပါပဲ။ တော်တော်နဲ့ ပြန်မပြောနိုင်ဘဲ စဉ်းစားနေတယ်။ ဆရာမ မျက်နှာက ဝင်းခနဲ တစ်ချက်ပြုံးပြီး ကြောက်စရာ ကောင်းလောက်အောင် ပြန်တည်သွားတယ်။

"ကဲ..ပြောလေ ကျော်မြင့်... ကိုယ်ပျောက်တဲ့ ပိုက်ဆံက

www.foreverspace.com.mm

ဘာတန်ပွေဲဆိုတာတော့ မင်း သိရမှာပေါ့…ကဲ…ပြော…ပြောစမ်း"

"ဟို…ဟို ဆယ်တန်ငါးရွက် ဆရာမ"

"ဆယ်တန်ငါးရွက်‥ဟုတ်ပြီ မင်းကို အဲဒီပိုက်ဆံ ဘယ်သူက ပေးတာ…"

"ကျွန်တော့် အဖေပါ"

"ခုနကပြောတော့ အိမ်လာလည်တဲ့ ဦးလေးဆိုကွ"

"ဟာ…ဟို…မဟုတ်ဘူး…ဟုတ်တယ် ဆရာမ… ဦးလေးက ပေးတာ…အဖေ့ကို ပေးသွားတာ…အဖေကမှ ကျွန်တော့်ကို ပေးတာ"

"ရပြီ…ရပြီ…ကဲ…"

ဆရာမက ဘယာကြော်ဘက်ကို လှည့်ကြည့်ပြီး မေးတယ်။

"မင်းအိတ်ထဲက ပိုက်ဆံတွေက ဘာတန်တွေလဲ"

"ဆယ်တန်နှစ်ရွက်၊ ငါးကျပ်တန်လေးရွက်၊ ကျပ်တန် ရှစ်ရွက်နဲ့ အကြွေနှစ်ကျပ်ပါ ဆရာမ"

ဇာတ်လမ်းက အဲဒီမှာတင် ပြီးသွားတယ်။

လွယ်အိတ်တွေလည်း ဆက်မရှာတော့ဘူး။ ဘယာကြော်က သူ့ပိုက်ဆံကိုပြန်ရပြီး ကျွန်တော်တို့ကိုချွန်ဖို့ ဇာတ်လမ်းလုပ်တဲ့ ပျားတုပ်လည်း ဆရာမကြိမ်လုံးက သူ့ကိုတုပ်သွားတဲ့အပြင် ဘယာကြော်ရဲ့ ပိုက်ဆံကို မတရားလိုချင်လို့ တမင်လိမ်ပြောတာဆိုတဲ့ နာမည်ဆိုးပါ ပျားတုပ် ထပ်ရသွားတယ်။

နောက်နေ့ ကျောင်းပြန်တက်တော့ လှလှစိုးရော၊ ဖြူဖြူသန်းရော ကျွန်တော်တို့ကို ဘာမှမပြောကြဘူး။ မျက်စောင်းတွေ လှိမ့်ထိုးနေတာပဲရှိတယ်။ ဆရာမနဲ့လည်း မတိုင်ဘူး။ ပေါက်စီက မကျေမနပ်နဲ့။

www.foreverspace.com.mm

သူ နေလို့မရဘူးဖြစ်နေတယ်။

"ဟော့ကောင် ပုတ်သင်ညိုကိစ္စ ဘာမှမပြောဘူးကွ…စိတ်လည်း မဆိုးဘူး"

"မတွေ့လို့ နေမှာပေါ့ကွ"

"မတွေ့ဘဲနဲ့တော့ မနေဘူးကွ…တွေ့ကို တွေ့ရမှာ… အချိန်စာရင်းနဲ့ စာအုပ်ထည့်ရင်တွေ့မှာပဲ…လွယ်အိတ်ထဲမှာပဲကွာ… လွဲကို မလွဲဘူး"

အဖြေရှာမရပေမယ့် ကျွန်တော်တို့ သွားလည်းမမေးရဲပါဘူး။

www.foreverspace.com.mm

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကမှ သိရတာက အဲဒီတုန်းက လှလှစိုး ပုတ်သင်ညိုကို စာအုပ်ထုတ်ရင်းတွေ့တော့ သေးတောင်ပါတယ်ဆိုပဲ။ ဖြူဖြူသန်းက တက်သွားတာတဲ့။ ဘာဖြစ်လို့ အခုမှသိရသလဲဆိုတော့ ကံတရားရဲ့ထုံးစံအတိုင်း ပေါက်စီနဲ့ ဖြူဖြူသန်းနဲ့ ညားတာကိုး။ လှလှစိုးကတော့ နယ်မှာ ကျောင်းဆရာမဖြစ်နေတယ်။ အိမ်ထောင်လည်းကျပြီတဲ့။

"ယော့ကောင် စာကလေး…မျိုးရိုးတော့ရှိတယ်ကွ… ငါ့သားအလတ်က ပုတ်သင်ညိုဖမ်း သိပ်တော်တာ" လို့ ကျွန်တော့်ကို ပေါက်စီက ကြွားသွားပါတယ်။

ဆက်မေးတော့ ပျားတုပ်က ရှေ့နေလုပ်နေသတဲ့။ ဆရာမက စစ်ဆေးမေးမြန်းပြီးတော့ အဖြေမတတ်တဲ့ ဒီကောင်ဟာ အဲဒီကတည်းက ရှေ့နေစာအုပ်တွေများ ဖိဖတ်လိုက်သလားမသိဘူး။ ဒီကောင်နဲ့ တွေ့ရင် ပြန်မေးရဦးမယ်။ ဘယာကြော်ကတော့ စက်ဘီပူမှာတဲ့။

www.foreverspace.com.mm

ဘာပဲဖြစ်ဖြစ် ငယ်ရွယ်ရိုးသားစဉ်က လွယ်အိတ်ထဲက လွဲခဲ့တာ တစ်ခုကို ကျွန်တော် အမှတ်တရ မှတ်တမ်းအဖြစ်နဲ့ ရေးတာပါ။

ဘာဖြစ်လို့လည်းဆိုတော့ သူတို့ စာကလေးလို့ခေါ်တဲ့ ရဲဝင်းက စာရေးဆရာဖြစ်နေတာကိုး။


○ ○ ○

www.foreverspace.com.mm


# ကျွန်ုပ်နှင့် ဖတ်စာအုပ်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



www.foreverspace.com.mm



www.foreverspace.com.mm

ကျွန်တော်တို့ ကျောင်းသားဘဝတုန်းက ကျွန်တော်တို့ရဲ့ အဆင့်အတန်းဆိုတာ လွယ်အိတ်ထဲမှာပဲရှိတာ။ ကျွန်တော် ဆိုလိုတာက နည်းနည်းတော့ ရှုပ်နေမလားမသိဘူး။ ဥပမာဗျာ ကျွန်တော့်ရဲ့ အတန်းဟာ ကျွန်တော့်လွယ်အိတ်ထဲမှာထည့်ထားတဲ့ စာအုပ်တွေနဲ့ တိုက်ရိုက် ပတ်သက်နေတာကို ဆိုလိုတာပါ။ ကျွန်တော် ရှစ်တန်း တုန်းက ရှစ်တန်းစာအုပ်ကို လွယ်အိတ်ထဲ ထည့်ရတယ်။ ကိုးတန်း ရောက်တော့ ကိုးတန်း စာအုပ်တွေပေါ့။

ဒါကြောင့် ကျွန်တော်တို့ရဲ့ အဆင့်အတန်းဟာ ကျွန်တော်တို့ လွယ်အိတ်ထဲမှာပဲ ရှိတယ်လို့ပြောတာ။

ဒီနှစ်တော့ ကျွန်တော်လွယ်အိတ်ထဲမှာ (၁၀)တန်း စာအုပ် တွေ ထည့်နိုင်တဲ့ကောင်ပါ။ အထက ကျောင်းမှာတော့ အကောင်ကြီး ပေါ့။ ကျွန်တော်တို့ထက် ကြီးတဲ့အတန်းမရှိဘူး။ ကျောင်းတွေ ပြန်

www.foreverspace.com.mm

ဖွင့်လို့ ကျောင်းတက်ရတာ ကျွန်တော်တို့ မျက်နှာတွေက ခပ်တည်တည် ခပ်မိုက်မိုက်ဖြစ်နေကြတယ်။ ၂လကျော် ကင်းကွာခဲ့ရတဲ့ ကျောင်းကြီး ထဲကို တိတ်တဆိတ်ဝင်ခဲ့ပြီး ဘာကိုမှန်းမသိ စိတ်ကြီးဝင်နေတဲ့ ကျွန်တော့်နှလုံးသားထဲကရနံ့ကို ကျွန်တော် အခုထိ မှတ်မိနေဆဲပဲ။

သင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်နေ့ အောင်စာရင်းတွေ ထွက်၊ မိုးရာသီရဲ့ ပထမလမှာ ကျောင်းတွေပြန်တက်ကြရတော့ ၂လကျော် ကျော် ကျောင်းသားတွေမရှိလို့ ဖုန်တွေပေနေတဲ့ ကျောင်းခုံတွေနဲ့ ကောင်းကင်က မိုးဖွဲဖွဲလေးတွေကျနေတဲ့ စာသင်ခန်းအသစ်ရဲ့ ရနံ့ဟာ လည်း တော်တော်လွမ်းဖို့ ကောင်းတာပါပဲ။

မနှစ်တုန်းက ၉ဆန်း အတန်းဟောင်းကလေးကို ကျွန်တော်နဲ့ ပေါက်စီ သွားကြည့်ကြပြီး ကျွန်တော်တို့ထိုင်ခဲ့တဲ့ ခုံကလေးမှာ ခဏ ဝင်ထိုင်ကြသေးတယ်။ ကျောင်းထဲမှာ ဆရာ/ဆရာမတွေ မရောက်ကြ သေးပါဘူး။ ကျောင်းသားတွေတောင်မှ သုံး/လေးယောက်ပဲ ရောက် သေးတာ။ မုန့်ဈေးတန်းထဲမှာတောင်မှ ခါလာကြီး မုန့်ဟင်းခါးဆိုင်နဲ့ အကြော်ဆိုင်ရယ်။ ကြာဇံသုပ် ရောင်းတဲ့ဆိုင်ရယ်ပဲ ရောင်းဖို့ချဖို့ ပြင်ဆင်ကြတုန်း ကျောင်းက တိတ်နေတာပေါ့။ ကောင်းကင်မှာ မိုးသားဖြူတွေနဲ့ မိုးက ဖွဲဖွဲကလေး ရွာနေတယ်။

"ငါတို့နှစ်ယောက် အတူတူထိုင်မှာ မဟုတ်လား"

ကျွန်တော်မေးတော့ ထုံးစံအတိုင်းပဲ ပေါက်စီက စဉ်းစား တယ်။ ရှစ်တန်းကတည်းက သူနဲ့ကျွန်တော် တစ်ခုံတည်း ဘေးချင်း ကပ်ထိုင်လာခဲ့တာ။ ဒီနှစ်လည်း အတူတူထိုင်မှာပဲ။ ဒါပေမယ့် ဒီကောင်က ထုံးစံအတိုင်းပဲ စဉ်းစားတယ်။ သူ စဉ်းစားတာ တော်

www.foreverspace.com.mm

တော်ကြသွားတော့ ကျွန်တော် နည်းနည်း ဒေါကန်သွားတယ်။

"မထိုင်ရင်လည်းနေကွာ…မင်းကလည်း"

"ထိုင်မှာပေါ့ကွ…ငါတို့နဲ့အတူ ဘယ်သူ့ကိုပါ ထိုင်ခိုင်း ရရင်ကောင်းမလဲလို့တွေးနေတာ…ကြည့်မရတဲ့ကောင် လာထိုင်ရင် အလကားဖြစ်ကုန်လိမ့်မယ်"

ဒါတော့ ဒီကောင်ပြောတာ ဟုတ်တယ်။ ကျွန်တော်တို့ နှစ်ယောက်က အတန်းထဲမှာ လူတိုင်းနဲ့တွဲကြတာမဟုတ်ဘူး။ နောက်ဆုံး စဉ်းစားကြရင်း သခေါစောနိုင်ရယ်၊ ထွန်းလွင်ရယ်ကို ရွေးလိုက်တယ်။ သခေါစောနိုင်ဆိုတာက မနှစ်တုန်းက ကျွန်တော်တို့ နောက်တန်းမှာ ထိုင်တဲ့ကောင်။ ဒီကောင်က သွားသာခေါတာ သူ့ကိုယ်သူ ရုပ်ချောတယ်လို့ ထင်နေတဲ့ကောင်၊ ဟားရတယ်။ ပြီးတော့ စာတွေဘာတွေလည်း ဒီလာက် အညံ့ကြီးမဟုတ်ဘူး။ ထူးထူးခြားခြား တော်တဲ့ကောင်လည်း မဟုတ်ဘူးပေါ့။ ကျွန်တော်တို့နဲ့ ကိုက်တယ်။ စာတွေဘာတွေ သိပ်ကြိုးစားတဲ့ကောင်ဆို ကျွန်တော်တို့က သိပ်ကြည့်မရတတ်ဘူး။ ဒီကောင်မျိုးတွေက နေရာတကာ ဆရာကြီးလုပ်ချင်တာကို ကြည့်မရတာ။

ထွန်းလွင်ကို ရွေးရတာကတော့ ဒီကောင်က ဘယ်သန်။ သူ့ကို ဘယ်ဘက်အစွန်မှာထားလိုက်ရင် ကျွန်တော်တို့ ခုံပေါ်မှာ နေရာပိုရမယ်၊ စာရေးခုံ နေရာကျယ်မယ်ပေါ့။ စိတ်ကျေနပ်အောင် လူရွေးပြီးတော့ ကျွန်တော်တို့တက်ရမယ့် အခန်းကိုလာပြီး ထိုင်စရာ ခုံရွေးကြတယ်။ ရှေ့ဆုံးတန်းရဲ့ လေးတန်းမြောက် ပြတင်းပေါက်နားကခုံကို ပေါက်စီရော၊ ကျွန်တော်ရော သဘောကျတယ်။ ကျောက်သင်ပုန်းနဲ့ မဝေးလွန်း၊ မနီးလွန်း ဖြစ်တာရယ်၊ အတန်းထဲက ကောင်မလေး

www.foreverspace.com.mm

တွေကို အားလုံးမြင်နိုင်တာရယ်၊ ပြတင်းပေါက်ပါတာရယ်ကြောင့် ဒီနေရာဟာ ဟောဒီအတန်းသစ်မှာ ကျွန်တော်တို့အတွက် ဘူမိနက်သန် နေရာမှန်လို့ ဆုံးဖြတ်လိုက်တာ။ ရွေးပြီးတော့ ကျွန်တော်တို့ ခုံထဲ ဝင်ထိုင်ကြည့်ကြတယ်။ ကျွန်တော်တို့ ဘူမိနက်သန်က ကျွန်တော် တို့နဲ့ နည်းနည်းစိမ်းနေတယ်။ ကျောက်သင်ပုန်းကို ကြည့်ရတာလဲ တစ်မျိုးပဲ။ မနှစ်က ကျောက်သင်ပုန်းလို ကြည့်ရတာ သိပ်မညက်ဘူး လို့ခံစားရတယ်။ ကျောက်သင်ပုန်းပေါ်မှာတော့ စာမေးပွဲစစ်ထားတဲ့ ခုံနံပါတ်အစအဆုံး၊ ပျက်ကွက်စတဲ့ လူဦးရေစာရင်းတွေ ရှိတယ်။

ခဏကြာတော့ အတန်းထဲကို ကျောင်းသားတွေ ရောက်လာ ကြ၊ စကားပြောကြ၊ ရယ်ကြမောကြနဲ့ ၂လလောက် ဝေးသွားတဲ့ သူငယ်ချင်းတွေ ပြန်ဆုံကြရတာပါ။ သင်းသင်းမော်ဆိုတဲ့ ကောင်မလေး ဆို ခုံနေရာမရဖြစ်နေတယ်။ သူထိုင်ချင်တဲ့ နေရာမှာ သူနဲ့မတည့် တဲ့လူရှိ၊ သူရတဲ့နေရာဆို သူမကျေနပ်နဲ့ ခဏကြာတော့ ကျောင်း တက်ပြီး ကျွန်တော်တို့အတန်းပိုင် ဆရာမ ရောက်လာတယ်။ ဆရာမ နာမည်က ဒေါ်ငွေငွေအောင်တဲ့။ ဓာတုဗေဒ ဘာသာရပ်သင်တယ်။ ဆရာမက သူ့ကိုယ်သူ မိတ်ဆက်ပြီး တစ်နှစ်လုံးစခန်းသွားရမယ့် ကျွန်တော်တို့ကို လေ့လာရင်း ၁၀တန်းဆိုတာ ဘဝတစ်ဆစ်ချိုးအတွက် အရမ်းအရေးကြီးတဲ့ အတန်းဖြစ်ကြောင်း၊ ၁၀တန်းမှာရတဲ့ အမှတ်ဟာ ဘဝကိုပြောင်းလဲပေးမှာဖြစ်ကြောင်းတွေကို ပြောပြတယ်။

ဆရာမက အသားညိုညိုနဲ့ ခပ်ဝဝပါ။ စာသင်ရင်၊ စာဖတ် ရင် ပါဝါမျက်မှန် တပ်တတ်တယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် အတန်း ပိုင်ဆရာမကို သဘောကျသွားပါတယ်။ ဆရာပဲဖြစ်ဖြစ် ဆရာမပဲ

www.foreverspace.com.mm

ဖြစ်ဖြစ် အာဝဇ္ဇန်းရှိ၊ အပြောကောင်းမှ ကျွန်တော်က ကြိုက်တယ်။ နောက်တော့ အချိန်စာရင်းပေးပြီး စာအုပ်တွေ မနက်ဖြန်ပေးတော့မှာမို့ စာအုပ်ဖိုးတွေ ၃ရက်အတွင်း သွင်းဖို့ပြောပါတယ်။ ဒီနေ့ ဘယ်ဆရာမမှ စာမသင်ကြဘူး။ မိတ်ဆက်ရင်း ရယ်စရာစကားတွေပြောရင်းနဲ့ပဲ ပြီးကြတာပါ။ အဲဒီနေ့က ၁၀တန်းစပေမယ့် ကျွန်တော့် လွယ်အိတ်ထဲမှာတော့ ၁၀တန်းစာအုပ် မရှိသေးပါဘူး။ ကျွန်တော့်လွယ်အိတ်ထဲမှာ မနှစ်တုန်းက မြန်မာစာအုပ်နဲ့ ဓာတုဗေဒစာအုပ်ပါးပါးကလေး ၂အုပ်ပဲ ပါတာပါ။

၁၀တန်းရောက်လာတဲ့အခါ ကျွန်တော်တို့ရင်ထဲက ရောဂါကိုလည်း ပြောရဦးမယ်။ ကျွန်တော်တို့ ဘော်ဒါတွေအားလုံး လွယ်အိတ်နဲ့ ပတ်သက်ရင် ပုံစံတစ်မျိုးတည်း ရှိစေချင်ကြတာက လွယ်အိတ်ထဲမှာ စာအုပ်လေးငါးအုပ်လောက်ပဲထည့်ပြီး ခပ်ပေါ့ပေါ့ ခပ်လွင့်လွင့် လွယ်ချင်ကြတာပါ။ အငယ်တန်းတုန်းကလို ဖတ်စာအုပ်တွေ အပြည့်ထည့်ပြီး ဖောင်းကားနေတဲ့ လွယ်အိတ်ကြီးကို ကုန်းရုန်းလွယ်ရတာမျိုးကို မလုပ်ချင်တော့ဘူး။ ဒါက ကလေးအထာဖြစ်သွားပြီ။

ကျွန်တော်တို့ နေချင်၊ ဖြစ်ချင်တဲ့ စတိုင်လ်က ကျောင်းစိမ်းမဟုတ်တဲ့ အပြင်က အင်္ကျီနဲ့ ခြေဖျားထွေးဝတ်၊ လွယ်အိတ် ခပ်ပါးပါးကလေးကို အလွင့်လေးလွယ်၊ နဖူးရှေ့က ဖုံးနေတဲ့ဆံပင်ကို လက်နဲ့ စက္ကန့် ၂၀ တစ်ခါလောက် ပင့်တင်။ ကျွန်တော်တို့ နေချင်တဲ့ ပုံစံကို အနှောင့်အယှက်ပေးတဲ့ ပြဿနာ ၃ ခုရှိတယ်။

ပထမတစ်ချက်က လွယ်အိတ်ထဲက ဖတ်စာအုပ် ထူထူကြီးတွေ…။

ကြီးကလည်းကြီး၊ လေးကလည်းလေးတဲ့ ဖတ်စာအုပ်ကြီး

www.foreverspace.com.mm

တွေကို ကျွန်တော်တို့ လွယ်အိတ်ထဲကို လုံးဝမထည့်ချင်ဘူး။ ဒါပေမဲ့ ခက်နေတာက ဆရာ/ဆရာမတွေကလည်း သူတို့ သင်တဲ့ ဘာသာရပ်အလိုက် ဖတ်စာအုပ်မထည့်ရင် လုံးဝမရဘူး။ စာသင်နေတုန်း သူများဖတ်စာအုပ်ကို ပေါင်းကြည့်နေတဲ့ ကျောင်းသားတစ်ယောက်ကို တွေ့ပြီဆိုတာနဲ့ ခုံပေါ်တက် မတ်တပ်ရက်ပဲ။ အဲဒီကျောင်းသား အဆော်ခံရရင်ရ၊ အပြစ်ပေးခံရရင်ရ တစ်ခုခုပါပဲ။ ဒီတော့ အပေါ့အလွှင့် Fancy ကလေးနေချင်တဲ့ ကျွန်တော်တို့အတွက် ဖတ်စာအုပ်ကြီးတွေက ပြဿနာ ဖြစ်တော့တာပဲ။

နောက်တစ်ချက်က ကျောင်းစိမ်းပါ။

ကျွန်တော်တို့ အထက (၃) သဃ်န်းကျွန်းမှာ ကျောင်းစိမ်း မဝတ်လို့ လုံးဝမရဘူး။ ကျောင်းစိမ်း ဝတ်မထားတဲ့ ကျောင်းသားကို ကျောင်းတက်ပြီး ဘယ်နေရာမှာ ဘယ်အတန်းသင်တဲ့ ဆရာမက တွေ့တွေ့ လှမ်းခေါ်ပြီး ဇက်ပိုးအုပ်ချင်အုပ်၊ လက်ထဲကပါတဲ့ ကြိမ်လုံးနဲ့ ဆော်ချင်ရင်ဆော် . . . ကြိုက်တာလုပ်ပြီး အိမ်ပြန် အင်္ကျီလဲခိုင်းလို့ရတယ်။ တစ်ခါတလေ သုံးလေးရက်လောက် လွှတ်ပေးထားပြီးမှ အတန်းထဲကို ဒုကျောင်းအုပ်နဲ့ ဆရာ ၃ယောက်လောက်လိုက်ပြီး ကျောင်းစိမ်းစစ်တတ်တယ်။ ကျောင်းစိမ်းဝတ်မထားတဲ့ ကောင်ကတော့ အနည်းဆုံး လေး ငါးချက် အတီးခံရတတ်တယ်။ ပထမ ကျောင်းစိမ်းမဝတ်ရင် လုံချည်ငါးမူး၊ အင်္ကျီငါးမူးဆိုပြီး ဒဏ်တပ်သေးတယ်။

အဲဒီ စည်းကမ်းလည်းပေါ်လာရော ၃ ရက်အတွက် တစ်ကျောင်းလုံး ဘယ်သူမှ ကျောင်းစိမ်းမဝတ်ကြတော့ဘူး။ နောက်ဆုံး ပိုက်ဆံတော်တော်ချို့တဲ့တဲ့ ဘယာကြော်လို ကောင်မျိုးကပါ ဒဏ်

www.foreverspace.com.mm

ဆောင်ပြီး တခြားအင်္ကျီတွေ ဝတ်လာတယ်။ ဒါနဲ့ပဲ ငွေကြေးဒဏ်စနစ်ကိုဖြုတ်ပြီး ကြိမ်လုံးစနစ်ကိုပဲ ပြန်ထားရတာ။

"ခက်တာက စာအုပ်တွေကွ"

ထုံးစံအတိုင်း ပေါက်စီက စဉ်းစားပြီးပြောတယ်။

"ပြီးခဲ့တဲ့အပတ်က အိမ်သာထဲမှာ မီးခိုးတွေအရမ်းထွက်နေလို့ ဆရာဦးခင်မောင်လတ်တို့ သွားဖမ်းတာ ဌေးကိုတို့၊ မြင့်ကျော်တို့ မိသွားတာနော်။ ဒီကောင်တွေ အဆော်လည်းခံရ၊ မိဘခေါ်ပြီး ခံဝန်လည်းထိုးရတာတဲ့"

ဘယ်သန်က စိုးရိမ်တကြီး သတိပေးသည်။ ကျွန်တော့်အတွက်တော့ စီးကရက် သိပ်အရေးမကြီးပါဘူး။ ကျောင်းမတက်ခင်ကောင်မလေးတွေလာတုန်း နှုတ်ခမ်းပေါ် ခဲလို့ရရင်တော်ပြီ၊ ဖတ်စာအုပ်ကသာ အရေးကြီးတာ။ တစ်နေ့ကို ခြောက်ဘာသာလောက်အချိန်စာရင်းပါနေတော့ ကျွန်တော်တို့ ဖတ်စာအုပ်ခြောက်အုပ်လောက်ကို နေ့စဉ်သယ်နေရတာကိုး။ ဒီလွယ်အိတ်အလေးကြီးကို ကျွန်တော်တို့ နေ့စဉ်ထမ်းနေရတာ ကောင်မလေးတွေရှေ့မှာ စတိုင် သိပ်ပျက်တာပဲ။ ရှက်လည်း ရှက်မိတယ်။

"ဖတ်စာအုပ်အတွက် ငါ စဉ်းစားထားတာ တစ်ခုရှိတယ်··· မင်းတို့ သဘောတူရင် လုပ်မယ်ကွာ"

"ဘာလဲ···တစ်ယောက်ကို နှစ်အုပ်စီ ညှိထည့်ဖို့လား မလွယ်ဘူးနော်"

"ဟုတ်ပါတယ်···ဘယ်ဆရာမကမှ ဒါကို ခွင့်မပြုဘူး ကျောင်းသားတစ်ယောက်ကို ဖတ်စာအုပ်တစ်အုပ် ရှိနေရမယ် ဒါပဲ"

"အဲဒါ ငါသိပါတယ်···ငါလုပ်ချင်တာက ဒီလိုကွ···ငါတို့

www.foreverspace.com.mm

အိမ်မှာရှိတဲ့ ဖတ်စာအုပ်တွေအားလုံးကို ယူခဲ့မယ်ကွာ''

ကျွန်တော့်စကားကြောင့် ဒီကောင်တွေအားလုံး မျက်လုံးပြူး သွားတယ်။ ကျွန်တော်က ဆရာကြီးလေသံနဲ့ ဆက်မပြောသေးဘဲ ခဏရပ်ပြီး ပြုံးကြည့်နေလိုက်တယ်။ ဘယ်ကောင် အလန့်တကြား ကန့်ကွက်မလဲလို့ပေါ့။ ဒါပေမဲ့ တစ်ယောက်မှ ကျွန်တော့်အကွက်ထဲကို မဝင်ါဘူး၊ သူတို့ထက်စာရင် ကျွန်တော်က ပိုအကောင်သေးသလောက် ပိုညဏ်များတယ်ဆိုတာ သိနေလို့ပါ။

''ဆက်ပြော စာကလေး''

''ဒီလိုကွာ ပေါက်စီရာ…တို့ ဖတ်စာအုပ်တွေ အကုန်ယူပြီး တော့ ကျောင်းစောင့်ကြီး ဦးသိန်းအောင်ဆီမှာ သွားထားကြမယ်… ကျောင်းတက်ခါနီးမှ အချိန်ဇယားအတိုင်း သွားယူကြမယ်…ပြီးရင် ကျောင်းဆင်းတော့ ပြန်ထားခဲ့မှာပေါ့ကွ''

ကျွန်တော့်စကားဆုံးတော့ အားလုံးငြိမ်သွားတယ်။ ကျွန်တော် က ဒူးနှံ့ပြီး ဒီကောင်တွေကို ပြုံးကြည့်နေလိုက်တယ်။ ကျောင်းစောင့် ကြီး ဦးသိန်းအောင်ဆိုတာ ကျောင်းထဲမှာပဲ သစ်သားအိမ်ကလေးနဲ့ သူ့မိန်းမက သန့်ရှင်းရေးဝန်ထမ်း၊ မုန့်ဈေးတန်းမှာ ရာသီပေါ် ကုန်ကလေးတွေ၊ ဘာတွေ ရောင်းတယ်။ ကြံတို့၊ ဖရဲသီးတို့၊ မာလကာသီးတို့ပါ။ ဦးသိန်းအောင်ကလည်း ရှာလပတ်ရည်တွေ ဘာတွေရောင်းတတ်တယ်။ ကျွန်တော်တို့နဲ့လည်း ရင်းရင်းနှီးနှီးရှိပါ တယ်။

''ဦးသိန်းအောင်က လက်ခံပါ့မလား''

''ဘယ်သန်ရာ…ငါတို့က သူ့အိမ်သွားပြီး ဆေးလိပ် ခိုး သောက်တာမှ မဟုတ်ပဲ…ကျောင်းစာအုပ်ထားတာပဲ ဘာလို့ မရရ

မှာလဲ…ငါပြောမယ်ကွာ"

နောက်ဆုံး ကျွန်တော့် မဟာအကြံတော်အတွက် ဦးသိန်းအောင်နဲ့ ညှိကြတယ်။

"မဖြစ်ဘူးထင်တယ်ကွ…ဆရာကြီးသိရင် မကောင်းဘူး"

"မဟုတ်တာ လုပ်တာမှမဟုတ်ဘဲ ဦးသိန်းအောင်ရာ ခင်ဗျားကျောင်းတက်ခေါင်းလောင်း မခေါက်ခင် ကျွန်တော်တို့ လာယူမယ်…ကျောင်းဆင်းတော့ လာပြန်ထားမယ်…ဒါပဲဥစ္စာ"

ဦးသိန်းအောင်က ဆေးပေါ့လိပ်အတိုကို မဲဖွာကာ သေသေချာချာစဉ်းစားပါတယ်။ ပြီးတော့ ကျွန်တော်တို့ကို မကြည့်ဘဲ မဖြစ်ပါဘူးကွာ…ဟု သူ့ကိုယ်သူပြောသလိုပြောသည်။ ဒီလိုလွယ်လွယ်နှင့် အကူအညီမပေးလျှင် ဘာလုပ်ရမလဲဆိုတာကို ကျွန်တော် စဉ်းစားပြီးထားပြီးသား။

"ဦးသိန်းအောင် ကျောင်းသားတွေကို ဆေးလိပ်ခိုးရောင်းတယ်ဆိုတာ ကျွန်တော်တို့လည်း သိနေတာပဲ…ဒီကိစ္စက အဲဒီလောက် အန္တရာယ်မများဘူး…ထားပါလေ…စာအုပ်သိမ်းပေးခ တစ်လ ငါးကျပ်ယူဗျာ"

ဦးသိန်းအောင် နည်းနည်းဖြုံသွားတယ်။ လူဆိုတာ ဒီလိုပါပဲ။ ခြောက်တာနဲ့ ချော့တာကို မခံနိုင်ကြတာ အမှန်ပဲလေ။

"ငါးကျပ်တော့ နည်းတယ်ကွာ"

"တစ်ဆယ်ဗျာ"

○ ○ ○



www.foreverspace.com.mm

www.foreverspace.com.mm

နောက်နေ့မှာ ကျွန်တော်တို့လေးယောက်စလုံး လွယ်အိတ်အလွင့် ပေါ့ပေါ့ကလေးတွေနှင့် ဖြစ်ကုန်ကြသည်။ လွယ်အိတ်ကိစ္စပြီးတော့ ကျွန်တော်တို့ ကျောင်းစိမ်းဝတ်စုံ တစ်စုံစီပါ ထားကြ၏။ အိမ်က ဝတ်ချင်တဲ့အင်္ကျီ ဝတ်ကာထွက်သည်။ မနက်ခင်း ကျောင်းထိပ်မှာ Style ထုတ်ကြ၏။ ၃ ရက်တစ်ခါ ကျောင်းစိမ်းလျှော်ဖို့၊ စာအုပ်ထားခအားလုံး နှစ်ဆယ်ပေးရသည်။ တစ်နေ့ တစ်ယောက် တစ်မတ်စု... တစ်နေ့တစ်ကျပ်ရ၊ ရက် ၂၀ပြည့်ရင် ဦးသိန်းအောင်ကို ပေး၊ တော်တော်လေး ပြေလည်နေလေသည်။

"ဟေ့ကောင်...ငါတို့ ကျောင်းစိမ်းမဝတ်တာနဲ့၊ စာအုပ်တွေ မပါတာကို ပျားတုပ်က သိပ်မကျေနပ်ဘူးကွ...စုံစမ်းနေတယ်တဲ့"

"ဒီကောင် ဘာတတ်နိုင်မှာလဲ...ကျောင်းထဲနဲ့ အတန်းထဲမှာ တို့က စည်းကမ်းညီနေတာပဲ"

www.foreverspace.com.mm

ပျားတုပ်ဆိုတဲ့ကောင်နဲ့ကတော့ ကျွန်တော်တို့အုပ်စုက ဘာမှ မဟုတ်လည်း ရန်သူလိုဖြစ်နေတာပဲ၊ ဒီကောင့်ကိုတော့ ကျွန်တော်တို့ အမြဲတမ်း သတိထားရတယ်။ ဒီကောင်ကလည်း တစ်ခါတလေ ခေါ်ခေါ်ပြောပြောနေပေမယ့် ကျွန်တော်တို့ကိုဆို မျက်ခြည်ပြတ်တော့ မခံတတ်ဘူး။ တစ်နေ့တော့ ပျားတုပ် ကျွန်တော်တို့ဆီ ရောက်လာပြီး စကားပြောတယ်။

"စာကလေး…မင်းတို့စာအုပ်နဲ့ အင်္ကျီတွေကို ဦးသိန်းအောင် အိမ်ထဲမှာ ထားတာဆို"

"ဟုတ်တယ်…ဘာဖြစ်လဲ"

ပေါက်စီက ခပ်ပြတ်ပြတ်ဖြေတယ်။ ပျားတုပ်က ပျာပျာသလဲ တားပါတယ်။

"ဘာမှမဖြစ်ပါဘူးကွာ…ငါလည်း ဒီစာအုပ်တွေ ထမ်းရတာ မထမ်းချင်တော့ဘူးကွ…အဲဒါ မင်းတို့လိုပဲ ထားရင် ကောင်းမလား လို့ပါ"

"ဒါ ငါတို့နဲ့ ဘာဆိုင်လို့လဲ…ဦးသိန်းအောင်ကို သွားပြော ပေါ့ကွ"

ပေါက်စီရဲ့ ခပ်ဆတ်ဆတ်စကားကြောင့် ပျားတုပ် အီး အဲနဲ့ ထွက်သွားတယ်။ နောက်နေ့ကျတော့ ဦးသိန်းအောင်ကို ပြောထား ရတယ်။ ဒီကောင်က ပြဿနာရှုပ်တတ်တာ၊ ကျွန်တော်တို့နဲ့ သိပ် မတည့်တာတွေပါ။ ဦးသိန်းအောင်ကလည်း တစ်လကို ၂၀ ရနေတဲ့ သူ့ဝင်ငွေကို အထိခိုက်မခံချင်တော့ပါဘူး။ ပျားတုပ်ကို ထားခွင့်ပေးလို့ နောက်ကလူတွေပါ လိုက်လာပြီး တရှုန်းရှုန်းဖြစ်ရင် တာရှည်မခံဘူး ဆိုတာ သူရိပ်မိပါတယ်။

ကျောင်းရှေ့မှာ ကျွန်တော်တို့အုပ်စု လေးယောက်ရဲ့ စတိုင်လ်က တခြားကျောင်းသားတွေထက် ထူးခြားနေခဲ့တယ်။ တစ်ခါတော့ အတန်းပိုင်ဆရာမက ကျောင်းအလာ ကျွန်တော်တို့ အုပ်စုနဲ့ တွေ့တော့ ''နင်တို့လေးယောက် ကျောင်းစိမ်းမဝတ်ဘူးလား''လို့ မေးတယ်။ ကျွန်တော်တို့ ''ဝတ်ပါတယ်ဆရာမ အတန်းထဲကျရင် ကြည့်ပါ''လို့ ဖြေလိုက်တယ်။

အတန်းထဲကျတော့ ကျောင်းစိမ်းဝတ်ထားတဲ့ ကျွန်တော်တို့ကိုတွေ့တော့ ဆရာမက ဘာမှမပြောပါဘူး။ မေးတာတွေ ဘာတွေလည်းမရှိဘူး။ ကျွန်တော်တို့လေးယောက်ကတော့ လူလည်ကျထားတဲ့ အရသာကို အပြည့်အဝ ခံစားနေရတာပေါ့လေ။

အဲဒီအချိန်မှာ ဘယ်သန်က မြင့်မြင့်ရီလေးကို လိုက်နေတာ အဖြေမရသေးပေမယ့် ပြေလည်မယ့် သဘောတော့ ပြနေပြီ။ ကျွန်တော်တို့အတန်းထဲမှာ မြင့်မြင့်ရီနှစ်ယောက်ရှိတယ်။ ဘယ်သန့် ကောင်မလေးက နည်းနည်းသေးလို့ မြင့်မြင့်ရီလေးလို့ ဆရာမက ခွဲပေးထားတာ။ မြင့်မြင့်ရီလေးနဲ့ အဆင်ပြေမလိုဖြစ်လာတာဟာ ကျွန်တော်တို့ ကျောင်းစိမ်းခဏမဝတ်ဘဲ ရှူးပြကောင်းလို့လို့ အားလုံးက ကျိန်းသေယူဆပြီး ဂုဏ်ယူနေကြတယ်။

စာပြန်တော့ မြင့်မြင့်ရီလေးက ကျောင်းစိမ်းကိစ္စကို မေးထားတယ်။ ကျောင်းရှေ့မှာ မဝတ်ဘဲ အတန်းထဲမှာကျတော့ ဘယ်က ရောက်လာတာလဲပေါ့။

ဒီကိစ္စကို ကျွန်တော်ကပဲ ဂုဏ်ယူစွာရှင်းပြလိုက်လို့ မြင့်မြင့်ရီလေးက တအံ့တသြနဲ့ သူ စိုးရိမ်တာတွေ ပျောက်သွားတယ်။ ပျားတုပ်ကတော့ လွယ်အိတ်ကြီးတကုန်းကုန်းနဲ့ ကျောင်းကို ရှန်းပြီးလာရ

www.foreverspace.com.mm

တာပေါ့။ တစ်ခါတစ်လေလည်း ကျွန်တော်တို့က ဒီကောင့်ကို ခပ်ပါး ပါးစကြတယ်။ ဟော့ကောင် ကူလွယ်ပေးရဦးမလား၊ ဘာညာပေါ့။

ဒီကောင် ဘာမှပြန်မပြောဘူး။ ဒီလိုစတိုင်း ဒီကောင့် စိတ်ထဲ မှာ ဒေါကန်နေတယ်ဆိုတာတော့ ကျွန်တော်တို့ သိပါတယ်။

ပထမအစမ်းနားနီးတဲ့ တစ်ရက်မှာ ဆရာမက တစ်တန်းလုံး ကို သတိပေးစကားတစ်ခုပြောတယ်။ တနင်္လာနေ့မှာ မြို့နယ်ပညာ ရေးမှူးနဲ့ ပညာရေးဝန်ကြီး ကျောင်းတွေကို လိုက်စစ်မယ်၊ အဖြူနဲ့ အစိမ်းတွေ ဝတ်ခဲ့ကြဖို့ပါ။ ကျွန်တော်တို့ လေးယောက်ကတော့ တစ်ယောက်နဲ့တစ်ယောက် ပြုံးကြည့်ကြရင်းနဲ့ ဒါလေးများပေါ့ကွာ··· ပေါ့လေ။

အဲဒီနေ့က ကျောင်းဆင်းတော့ စာအုပ်သွားထား၊ အင်္ကျီတွေ ချွတ်ကြရင်း ဦးသိန်းအောင်ကို မှာရတယ်။ တနင်္လာနေ့ ကျောင်းစစ် တွေလာမယ်၊ အင်္ကျီလျှော်ထားပေးပေါ့လေ။ ကျွန်တော်တို့ ပြန်အထွက် မှာ ပျားတုပ်ကိုတွေ့တယ်။ ဒီကောင်လဲ စာအုပ်တွေ လာထားတာ။ ဦးသိန်းအောင်လည်း သူလုပ်တာမိသွားလို့ မျက်နှာမထားတတ်အောင် ဖြစ်နေတယ်။

"ငါ့ကြောင့် ဘာမှပြဿနာ မတက်စေရပါဘူးကွာ···ငါက ဦးသိန်းအောင်ကို သေသေချာချာကတိပေးပြီး မနေ့ကမှ စထားတာ ပါ"

ပျားတုပ်က အဖြူနဲ့အစိမ်းအင်္ကျီတွေကိုချွတ်ရင်း ပြောတယ်။ ဖတ်စာအုပ်တွေထမ်းရတာ ကျောင်းသားချင်း ကိုယ်ချင်းစာတာရယ်၊ ဦးသိန်းအောင် အပိုဝင်ငွေကို မထိခိုက်စေချင်တာရယ်ကြောင့် ကျွန်တော်တို့လည်း ဘာမှမပြောတော့ပါဘူး။ ပျားတုပ်ကိုပဲ···

www.foreverspace.com.mm

"နောက်ကောင်တွေ နည်းမပြနဲ့တော့နော်… လူသိပ်များ ရင် ဦးသိန်းအောင် ဒုက္ခရောက်လိမ့်မယ်"

"အေးပါကွ…ငါတစ်ယောက်တည်းပါ စိတ်ချ"

တနင်္လာနေ့ကျတော့ ကျောင်းရှေ့မှာ ထုံးစံအတိုင်း ကျွန်တော် တို့ စကားပြောရင်း ကောင်မလေးတွေကို Style ထုတ်နေကြတယ်။ ပျားတုပ်ပါ ကျွန်တော်တို့နဲ့အတူ လာနေတယ်။ မြင့်မြင့်ရီက ကျွန်တော် တို့ကိုတွေ့တော့တောင် စိတ်ပူလို့လာမှာသွားသေးတယ်။ ဘယ်သန်က စိတ်ချပါ ရီလေးရ··အတန်းထဲကျမှ အဖြူနဲ့အစိမ်းပေါ့လို့ Style နဲ့ ပြန်ဖြေနေတယ်။ ဂုနာရီထိုးခါနီး ငါးမိနစ်ကျတော့ ကျွန်တော်တို့ ကျောင်းထဲဝင် ဦးသိန်းအောင်အိမ်ကို လာခဲ့ကြတယ်။ ဦးသိန်းအောင် ကတော့ မရှိဘူး။ ထုံးစံအတိုင်း ဈေးရောင်း၊ ခေါင်းလောင်းထိုးပေါ့၊ သူ့ အိမ်တံခါးက အမြဲတမ်းစေ့ထားတာပါ။

တံခါးကို တွန်းဖွင့်ပြီးဝင်လိုက်တော့ မီးပူတိုက်ထားတဲ့ ကျွန်တော်တို့ အင်္ကျီတွေလည်းမရှိ၊ စားပွဲခုံကလေးပေါ်မှာ တင်ထားတဲ့ ကျွန်တော်တို့ဖတ်စာအုပ်တွေလည်း မတွေ့ရတော့ ကျွန်တော်တို့ တော်တော်ပျာသွားတယ်။ အိမ်ခန်းထဲမှာ ဝင်ရှာတော့လည်း မတွေ့ဘူး။ အဲဒီအချိန်မှာ ကျောင်းတက်ခေါင်းလောင်းကထိုးပြီ။

ကျွန်တော်တို့က ကမန်းကတမ်း ဦးသိန်းအောင်ကို ရှာမေး တော့ သူ့အိမ် ညက သူခိုးခိုးခံလိုက်ရလို့တဲ့…အင်္ကျီတွေရော စာအုပ် တွေရော ဒန်အိုးတွေရော ပါသွားတာတဲ့။ သွားပြီ ကျွန်တော်တို့ အားလုံး ပျာသွားတယ်။ ဒီနေ့ ကျောင်းစစ်တွေရှိတယ်။ ဘာလုပ်ကြ ရမလဲ။ ဦးသိန်းအောင်ကလည်း မျက်နှာငယ်ကလေးနဲ့ တောင်းပန်ပါ တယ်။

www.foreverspace.com.mm

"ဟာ…မဖြစ်ဘူးဗျ…ဒီနေ့ ကျောင်းစစ်တွေလာမှာ… ကျွန်တော်တို့ ဒီအင်္ကျီတွေနဲ့ မရဘူး…မတက်ပဲ ပြန်မှဖြစ်မယ်… တံခါးဖွင့်ပေးပါ"

"ဟာ…ခုမှ မရတော့ဘူးလေကွာ…ငါ မင်းတို့ကို စောစော ပြောပြမလို့…မင်းတို့ကမှ မလာတာ…ခုမှ ဖွင့်လို့ မရတော့ဘူး… ဆရာကြီးက သော့သိမ်းသွားပြီ"

ဒါတော့ ကျွန်တော်တို့သိပါတယ်။ ဦးသိန်းအောင်က မနက် ကို ဆရာကြီးဆီမှာ သော့သွားယူပြီး ဖွင့်ပေးရတယ်။ ပြီးရင် ဆရာကြီး ကို သော့ပြန်အပ်၊ ၇ နာရီထိုးတာနဲ့ ကျောင်းဝန်းတံခါးကို သော့ခတ်၊ ၁၂ နာရီထိုးမှ သော့သွားယူပြီး ဖွင့်ပေးရတာ။ ကျွန်တော်တို့ ကျောင်း ထဲက ပြန်ထွက်လို့မရတော့ဘူး။ ကျောင်းဝန်းထဲမှာလည်း အပေါက်ဆို လို့ တစ်ပေါက်မှ မရှိဘူး။ အားလုံး အုတ်တံတိုင်းခတ်ထားတာ။

"အဲဒါ…ခင်ဗျား အပြစ်ပဲဗျ…ခင်ဗျားကို ပိုက်ဆံပေးပြီး အပ်တာ…ဒီလိုဖြစ်တာ ခင်ဗျားမှာ တာဝန်ရှိတာပဲ…တစ်ခုခု လုပ်ပေး ဗျာ"

ပေါက်စီက တော်တော်ဒေါသဖြစ်နေပြီ။ ဦးသိန်းအောင်လည်း ဘာမှမပြောဘဲ ဟိုလိုဒီလိုနဲ့ ထွက်သွားပြီး ဆရာကြီးရုံးခန်းထဲဝင်နေ တယ်။ ကျွန်တော်တို့ လိုက်လို့မရအောင်ပါ။ ကျောင်းသားတွေ အတန်းထဲဝင်ကုန်ပြီ။ ကျွန်တော်တို့ငါးယောက် ဘာလုပ်ရမှန်း မသိ ဘူး။

"အိမ်သာထဲ ဝင်ပုန်းမယ်ကွာ"

"တစ်နေ့လုံး အိမ်သာထဲမှာ နေလို့ရမလားကါ"

"ငါကတော့ အတန်းထဲမဝင်တော့ဘူး…မရ…ရအောင်

www.foreverspace.com.mm

ထွက်မယ်"

ပေါက်စီကတော့ တစ်ရှူးထိုးပဲ။ ပျားတုပ်ကလည်း အဲဒီအကြံကို လက်ခံတယ်။ ကျွန်တော်ကတော့ မလုပ်ရဲဘူး။ ပေါက်စီနဲ့ ပျားတုပ် အချိန်မရှိဘူးဆိုပြီး ထွက်သွားကြတယ်။

"ဒီလိုလုပ်ကွာ…ဒီနေ့ အတန်းထဲတော့ ဘယ်လိုနည်း နဲ့မှ ဝင်လို့မရဘူး…ငါတို့ ဦးသိန်းအောင်အိမ်ထဲမှာပဲ ပုန်းကြမယ်… ကျောင်းဆင်းကျမှ ရောပြန်မယ်"

နောက်ဆုံး ကျွန်တော့်အကြံအတိုင်း ဦးသိန်းအောင် အိမ်ဘက်ထွက်လာ…အိမ်ထဲဝင်ထိုင်နေရတယ်။ နံစော် စုတ်ပြတ်နေတဲ့ သူ့အိမ်ခန်းထဲမှာ ဥယောက်လှဲရင်း တိတ်ဆိတ်နေတဲ့ ကျောင်းကြီးထဲမှာ ရင်တခုန်ခုန်နဲ့ စောင့်နေရတယ်။

ပထမအချိန်ကုန်တဲ့ ခေါင်းလောင်းထိုးအပြီးမှာပဲ ဆရာဦးခင်မောင်လတ်နဲ့ ဆရာဦးရန်နိုင်တို့ရောက်လာပြီး…"ဟော့ကောင်တွေ…ထွက်ခဲ့ကြစမ်း" ဆိုတဲ့အသံကို ကြားရတော့တာပဲ။

ရုံးခန်းထဲရောက်တော့ ပျားတုပ်နဲ့ ပေါက်စီကို မျက်နှာဆီးရွက်လောက်ကလေးနဲ့ တွေ့ရတယ်။ ဦးသိန်းအောင်လည်း ဆရာကြီးရှေ့မှာ ခေါင်းငုံ့လို့၊ ဒီကောင်တွေ အုတ်တံတိုင်းကျော်ပြီး Church ထဲအဝင်မှာ Church က တာဝန်ရှိတဲ့ လူတွေကဖမ်းပြီး လာပို့သွားတာကိုး။

စစ်ရင်းဆေးရင်း ဦးသိန်းအောင်လည်းပေါ်၊ ကျွန်တော်တို့လည်း မိပေါ့။ ဦးသိန်းအောင်က ကျွန်တော်တို့ အင်္ကျီတွေ၊ စာအုပ်တွေ ထားတာထက်၊ ကျောင်းစောင့်လုပ်ပြီး အိမ်ကို သူခိုးဝင်ခံရတဲ့ အပြစ်က ပိုကြီးနေတယ်။ ဦးသိန်းအောင်က ကျောင်းကို မစောင့်ဘဲ ညဘက်

www.foreverspace.com.mm

ရပ်ကွက်ထဲ အသုဘမှာ လင်မယားနှစ်ယောက်စလုံး ဖဲသွားရိုက် နေတာကိုး။

ကျောင်းစစ်တွေရောက်လာတော့ ဆရာကြီးက ကျွန်တော်တို့ကို စတိုခန်းထဲမှာရှိတဲ့ စာရွက်စာတမ်းတွေ၊ ပစ္စည်းတွေ သိမ်းခိုင်း၊ စီခိုင်း ထားတယ်။ ကျောင်းစစ်တွေပြန်တော့မှ ကျွန်တော်တို့ကို ငါးချက် စီရိုက်၊ နောက်နေ့ မိဘခေါ်ပြီး ဦးသိန်းအောင်ကိုတော့ အလုပ်မပြုတ် ရုံတမယ် ပြင်းထန်စွာ သတိပေးလိုက်တယ်။

နောက်နေ့မနက်ကျတော့ ကျွန်တော်တို့သတင်းက တော်တော် ကိုကြီးသွားလို့ ဟိုကမေး၊ ဒီကမေးနဲ့။ အိမ်ကလည်း ဆူလိုက်တော့ မပြောနဲ့တော့။ ဖတ်စာအုပ်တွေ ပြန်ဝယ်ပေးရတာ မဟုတ်လား။ ဘယ်သန်ဆို အဆော်တောင် ထပ်ခံရတယ်ဆိုပဲ။

နောက်နေ့တွေမှာ ကျွန်တော်တို့လွယ်အိတ်ပေါ့ပေါ့ အလွင့် ကလေးနဲ့ စတိုင်လ်မထုတ်နိုင်တော့ပါဘူး။ ဖတ်စာအုပ်တွေအစုံနဲ့ လွယ်အိတ်ကို ကုန်းထမ်းနေရတာပဲ။ ဆရာတွေကလည်း အတန်းထဲကို ရောက်တာနဲ့ နာမည်ကြီး ကျွန်တော်တို့ကို ဖတ်စာအုပ်ပါလား အရင် တန်းမေးကြတယ်။ လွယ်အိတ်ထဲက ဖတ်စာအုပ်အသစ်တွေကို ထုတ် ရတိုင်း၊ ကျောင်းစာအုပ်တွေကိုပါ ခိုးသွားတဲ့ သူခိုးကို ကျွန်တော်တို့ ကျိန်ဆဲဖို့ပဲ တတ်နိုင်ပါတော့တယ်။

○ ○ ○

www.foreverspace.com.mm

# ကျွန်ုပ်နှင့် ခါးပိုက်နှိုက်

www.foreverspace.com.mm



www.foreverspace.com.mm



www.foreverspace.com.mm

ရှေ့ကို ထိုးရပ်လာတဲ့ ဆယ့်သုံးအစိမ်း ဘတ်စ်ကားပေါ်ကို ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ပုံစံနဲ့ ခပ်တည်တည် ကျွန်တော်တက်လိုက်တယ်။ ကားပေါ်ကို ရောက်ပြီးတာနဲ့ ရှေ့ပေါက်နံဘေးက ကားဒရိုင်ဘာကြီးရဲ့ နောက်မှာရပ်ပြီး တစ်ကားလုံးကို ကျောခိုင်းပစ်လိုက်တယ်။ အဲဒီလို ခပ်မိုက်မိုက် စတိုင်လ်ကို ကျွန်တော် တမင်ယူထားတာပါ။ ဒီနှစ် ကျောင်းစတက်မှ ဒီစတိုင်လ်ကို ကျွန်တော် ပြောင်းတာပေါ့။ အရင်တုန်းကဆိုရင် ကားပေါ်တက်တာနဲ့ အထက (၃)က ကျောင်းသား/သူတစ်ဦးတလေကိုတွေ့မလား…။ ဒါမှမဟုတ် ဆရာမ/ ဆရာ တစ်ယောက်ယောက်ကို တွေ့မလားလို့ အရင်ရှာတတ်တယ်။ အခုတော့ ‥အဲဒီလို မဟုတ်တော့ပဲ တစ်ကားလုံးကို ကျောခိုင်းထားလိုက်တာ။

ဖြစ်နိုင်ရင် တစ်လောကလုံးကို မတွေ့ချင်ဘူးဗျာ။

အထက(၃)က ဆရာ/ဆရာမတွေကိုရော တစ်ကျောင်းတည်း တက်တဲ့ အခန်းဖော်တွေ၊ ကျောင်းဖော်တွေကိုရော ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး။ မတွေ့ချင်ဆို ကျွန်တော် ဒီနှစ် ဆယ်တန်းကျတာကိုး။ ဟုတ်တယ်။ ၁၉၈၃-၈၄ ခုနှစ် စာမေးပွဲမှာ ၁၀တန်းကို ကျွန်တော် ကျခဲ့တယ်။

ဒါပေမယ့် ကျွန်တော့်ပြဿနာက ဆယ်တန်းကျတာကစပြီး လောကကြီးနဲ့ ရန်ဖြစ်နေတာပါ။ လူတွေဟာ ခက်တယ်ဗျာ။ စာမေးပွဲဆိုတာ စစ်မြေပြင်နဲ့ (တိုက်ပွဲ)နဲ့ တူတယ်လို့ ကျွန်တော်တို့ သမိုင်းဆရာ ဦးခင်မောင်စိုးက ပြောဖူးတယ်။ ကျွန်တော်တို့တုန်းက ၁၀တန်းစာမေးပွဲမှာ မြန်မာတစ်နိုင်ငံလုံး မေးခွန်းတစ်ခုတည်းပဲဗျာ။ ဒါကြောင့် သင်တဲ့ Course လည်း အတူတူပဲ။ ဆရာဦးခင်မောင်စိုးက မင်းတို့ကို သူက (စာမေးပွဲက) ဘယ်လိုလာတိုက်မယ်ဆိုတာ အချက်အလက်အားလုံးပေးပြီးသားတဲ့။ သူတိုက်မယ့် အချက်အလက်တွေ အားလုံးကို မင်းတို့က သိထားရင် သူ ဘယ်နည်းနဲ့တိုက်တိုက် မင်းတို့ နိုင်မှာပဲတဲ့။

ဆရာ့စကားဟာ တော်တော်ပြည့်စုံတဲ့ စကားပါ။ ဒါပေမယ့် ကျွန်တော် ရှုံးခဲ့ပါတယ်။ ဒါ ဘာဖြစ်လဲ…။ ဆရာ့ စကားအတိုင်းဆို ကျွန်တော် ၁၀ပွဲတိုက်ခဲ့ပြီးပြီ။ တစ်ပွဲရှုံးတာ ဘာဖြစ်လဲ။ သူငယ်တန်းကနေ ၁၀တန်းအထိ၊ ကျွန်တော် ဒီတစ်ပွဲပဲ ရှုံးခဲ့တယ်။ ဒါပေမယ့် လူတွေက ကျွန်တော့်ကို အထင်သေးခဲ့တယ်။ အိမ်က အထင်မကြီးဘူး။ အိမ်ကို ဧည့်သည်လာတိုင်း၊ မိတ်ဆွေတွေနဲ့တွေ့တိုင်း အမေနဲ့ အဖေက "အိမ်က သားတော်မောင်ကတော့ ကျသတဲ့လေ…ဒီနှစ် ကျသတဲ့" လို့ ပြောတတ်တယ်။ စာမေးပွဲအောင်ရင်တောင် လူတွေ့တိုင်း အဲဒီလောက် ပြောပါ့မလား မသိဘူး။



www.foreverspace.com.mm

www.foreverspace.com.mm

မိတ်ဆွေအပေါင်းအသင်းနဲ့ ပတ်ဝန်းကျင်ကလူတွေကလည်း တွေ့တာနဲ့ “မင်း ဒီနှစ်ကျတယ်ဆို…ကွ” လို့ စကားစကြတယ်။ သိပြီးရင် ဘာဖြစ်လို့လာမေးနေသေးလဲ…။ ပြီးတော့ ရပ်ကွက်ထဲက စာမေးပွဲအောင်တဲ့လူတွေအကြောင်းကို ပြောလိုက်သေးတယ်။ ပြီးတော့ “ကြိုးစားကွာ”တဲ့။ ခင်ဗျားရော ဆယ်တန်းအောင်လို့လားလို့ ကျွန်တော် ပြန်မေးချင်ပေမယ့် မမေးဖြစ်ဘူး။ သူတို့ စကားတွေကို ကျွန်တော် ပေခံပါတယ်။ ရုပ်ရှင်တို့ ဗီဒီယိုတို့ထဲကလို “အခုနှစ် ဘာသာစုံ Dထွက်ရမယ်ကွ” လို့လည်း လက်သီးဆုပ်ပြီး ကျွန်တော် မကြုံးဝါးပါဘူး။ ကျွန်တော့်ရင်ထဲမှာ အဲဒီလူတွေလာပြောတဲ့ စကားတွေအားလုံးကို မောင်းထုတ်နိုင်တဲ့ ခပ်တည်တည်ခပ်မဲ့မဲ့ နှုတ်ခမ်းတစ်စုံ ရှိနေတယ်။

အဲဒီအဖြစ်တွေထက် ဆိုးတဲ့အဖြစ်က ကျောင်းက ကျွန်တော်တို့ကို ဆက်ဆံပုံပါ။ ကျောင်းစတက်တဲ့နေ့မှာပဲ ကျွန်တော်တို့ ၁၀တန်းကျတဲ့ ကျောင်းသားတွေအားလုံးကို (F)အခန်းကိုပို့လိုက်တယ်။ (F) အခန်းဆိုတာက တစ်နှစ်ကျတွေချည်းပဲ နေရတဲ့အခန်းလေ။ ပို့တာက ကိစ္စမရှိပါဘူး။ ကျောင်းစတက်တဲ့နေ့က ဆရာတွေ ဝင်ကတည်းက ကျွန်တော်တို့ကို နှစ်ပြားမတန်အောင် ဆူတော့တာပဲ။ မနှစ်က ဆိုးခဲ့မိုက်ခဲ့ပြီးပြီ။ ကိုယ်ရတဲ့ အခွင့်အရေးကို အဆုံးရှုံးခံခဲ့ပြီးပြီ။ ဒီနှစ်ထပ်ဆိုးလို့ကတော့ သကြားမင်း ဆင်းကယ်တောင် မရတော့ဘူး။ ငါတို့က နင်တို့မျက်နှာတွေကို မြင်ချင်တာမဟုတ်ဘူး။ မမြင်ချင်လည်း မြင်နေရဦးမယ်။ အသုံးမကျတဲ့ အရာသာကို နင်တို့ ခံစားနေရပြီ မဟုတ်လား…ကြည့်စမ်…အောင်သွားတဲ့လူတွေက တက္ကသိုလ်တက်ဖို့ ပြင်နေကြပြီ…နင်တို့က ဒီလေးလုံးနဲ့ ဒီကျောင်း၊ ဒီအတန်းမှာ

www.foreverspace.com.mm

ဒီဆရာနဲ့ ဒီစာ ပြန်သင်နေရတာ…အေး…ဒီ နှစ်လုံး ထပ်ဖြည့်ပေး လိုက်ဦးမယ်…ဒီအချိုးမျိုးနဲ့ဆို ဒီနှစ်လည်း မအောင်ဘူးမှတ်…။

ဆရာတစ်ယောက်ဝင် တစ်ခွန်းနဲ့ ပြောသွားလိုက်တာ ဗျာ၊ ရက်တတ်ရင် ကိုယ့်မျက်နှာ ကိုယ့်အိမ်သာက မှတ်ထဲထိုးထည့်၊ ရေ လောင်းချဖို့ပဲ ကောင်းတော့တယ်။ သမိုင်းဆရာ ဦးခင်မောင်စိုးနဲ့ အင်္ဂလိပ်ဆရာ ဦးသန်းဝေတို့ပဲ "သြော်…ငါ့တပည့်တွေ ငါတို့နဲ့ ကျောင်းကို တော်တော်ချစ်ကြပါလား" လို့ ခပ်ပေါ့ပေါ့စကားဆိုတယ်။ ဒါလည်း ရှေ့မှာ အခံရှိပြီးသားဆိုတော့ ထိတာပါပဲ။

ဒီထက်ဆိုးတဲ့ နောက်တစ်ချက်က ကျွန်တော်တို့ (F) အခန်း ကိုဝင်တဲ့ ဆရာတွေ၊ ဆရာမတွေအကုန်နီးပါးက ကျွန်တော်တို့ ကျောင်းသားတွေကို လူဆိုးလို့ ထင်ထားတာပါပဲ။ ကျွန်တော်တို့ တစ်ခုခု အပြစ်မလုပ်လိုက်နဲ့ "ဒီအချိုးမျိုးနဲ့ မနှစ်ကလည်း ကျပြီးပြီ" ဆိုတဲ့စကားက အရင်ပဲ။ ကျွန်တော်တို့ကလည်း ကျောင်းစည်းကမ်း အရ မှားလို့အပြစ်ပေးတာထက် အဲဒီစကားကြီးကိုပြောတာ ပိုနာတယ်။ ကျွန်တော်တို့များ တစ်ခါတစ်လေ စာမရခဲ့ရင် "မနှစ်ကလည်း အာပေါက်အောင် သင်ပြီးပြီ…ဒီနှစ်လည်း နှစ်ခါထပ်သင်တာတောင် မေ့တုန်းပဲ…နင်တို့ ဘာအသုံးကျသလဲ…ဖရက်ရှာလေးတွေများ ဖြေလိုက်တာ ဒေါက်ခနဲ…ဒေါက်ခနဲ "တဲ့။

တုံ့ပြန် တွန်းကန်လွယ်တဲ့ လူငယ်သဘာဝအတိုင်းပဲ ကျွန်တော် တို့ကလည်း အဆိုးမြင်တာနဲ့ ဆိုးပါတယ်ဆိုတဲ့ နည်းမျိုးနဲ့ ပြန်ပြ ကြတယ်။ ဆရာ၊ ဆရာမတွေက အပြစ်ပေးတာကို ဂုဏ်ယူစရာ တစ်ခုလို သဘောထားပြီး ခံယူတတ်လာတယ်။ တစ်ခါ ဓာတုဗေဒ Equation တွေ မေးတာကို ကြောက်တတ်တဲ့ မိန်းကလေး ၃၊ ၄

www.foreverspace.com.mm

ယောက်ကလွဲပြီး ဘယ်ကျောင်းသားမှ မဖြေကြဘူး။ မရဘူးပေါ့လေ။ အားလုံး ဘူးခံကြတယ်။ ရှေ့ဆုံးတန်းက မရဘူးဆရာမဆိုပြီး ထရပ်တာနဲ့ တိုင်ပင်စရာမလိုဘဲ နောက်တန်းတွေကလည်း မရဘူးပဲ။ ဆရာမက ရိုက်တော့ အပြုံးမပျက်ဘဲ အရိုက်ခံကြတယ်။

ဆရာမ ဒေါသတွေထွက်ပြီး ရိုက်တာများ အယောက် (၂၀) လောက်လည်း ရိုက်ပြီးရော ဒေါသထွက်လွန်းလို့ ဆရာမလည်း မျက်ရည်တွေဝဲ ကြိမ်လုံးကိုလွှင့်ပစ်၊ အသားတွေ တဆတ်ဆတ်တုန်ပြီး အခန်းထဲက အချိန်မစေ့ပဲ ထွက်သွားတော့တာပဲ။

အဲဒီနေ့ကစပြီး ကျွန်တော်တို့ နှစ်ကျတန်းဟာ အရင်နှစ်တွေကထက် ဆိုးတယ်ဆိုတဲ့အသံ ထွက်လာတယ်။ ဆရာ ဆရာမတွေက အဲဒီစိတ်နဲ့ကြည့်လေ ကျွန်တော်တို့ကလည်း ဆိုးပြလေပါပဲ။ အိပ်တယ်၊ ကျောင်းပြေးတယ်၊ စာမေးရင် မရဘူးဖြေတယ်။ ကျွန်တော်တို့အတန်းက လူတွေဟာဆိုးတယ် ဆိုတာကိုပဲ ဆက်လက်ထိန်းသိမ်းနေကြတယ်။

စာမေးပွဲက ကျွန်တော်တင် ကျတာမဟုတ်ပါဘူး။ တစ်ဖွဲ့လုံး ကျတာပါ။ ဘယ်သန်၊ ပေါက်စီ၊ သခေါ၊ ပျားတုပ်၊ အားလုံးပဲ။ ဘယ်သန်ရဲ့ ကောင်မလေး မြင့်မြင့်ရီလေးလည်း ကျတယ်။ ၁၀ တန်းအောင်မှ အဖြေပေးမယ်ဆိုတဲ့ မြင့်မြင့်ရီလေးက နှစ်ယောက်စလုံး ကျပေမယ့် ကျောင်းတက်ပြီး ၁လခွဲ လောက်လည်းကြာရော ဘယ်သန့်ကို အဖြေပေးလိုက်တယ်။ သူလည်း လူဆိုးမကလေးဖြစ်နေတာ အံ့သြဖို့ကောင်းတာ တွေ့ရတယ်။ ကျွန်တော်တို့နဲ့အတူ ကျောင်းပြေး၊ အရိုက်ခံ၊ အခေါက်ခံနဲ့ သူ့ပုံစံက တော်တော်လေးကို ငဖယ်တေကလေးပဲဗျာ။ အံ့ရောပဲ။ အရင်နှစ်ကဆို သူက သိပ်အေးတာ။

www.foreverspace.com.mm

အမှန်ကတော့ ဆရာ၊ ဆရာမတွေက စာမေးပွဲကျလာတဲ့ ကျွန်တော်တို့ကို မခံချင်အောင်ပြောတာပါ။ မခံချင်စိတ်နဲ့ ကြိုးစားလာမယ်ပေါ့။ ဒါပေမယ့် ကျွန်တော်တို့က ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲက ဇာတ်ကောင်တွေမှ မဟုတ်တာ။ အိမ်၊ ကျောင်းပတ်ဝန်းကျင်က ဖိအားတွေပေးမှတော့ သွားပြီပေါ့။ ဒီကြားထဲ ၁၀တန်းကျရင် စိတ်လေရမယ်ဆိုတဲ့ ကျွန်တော်တို့ခေတ်တုန်းက အတွေးအခေါ်ကြီးကလည်း ရှိသေးတယ်။ ၁၀တန်းကျရင်ပဲ စိတ်လေနေပြီလို့ အားလုံးက ထင်ကြတယ်။ အဲဒီတော့ လေသာတာပေါ့။ ဒါမှ ပတ်ဝန်းကျင်နဲ့ ကိုယ်က ညီတော့မှာကိုး။

ကျွန်တော်ထင်တယ်…နပိုလီယံနဲ့ ဟစ်တလာ လူဆိုးဖြစ်တာ ဒါကြောင့်ပဲနေမှာပဲလို့။ သူတို့ဆို ပိုဆိုးတာပေါ့။ တစ်ကမ္ဘာလုံးက လူဆိုးလို့ထင်ကြတာ ဆက်ဆိုးဖို့ပဲရှိတော့တာကိုး။ ဒါကြောင့် ကျွန်တော်လည်း ခပ်မိုက်မိုက်စတိုင်လ်နဲ့ နေတာပါ။ ကျွန်တော်တို့ကလေ သူတို့ကဖိ၊ ကွက်တိကိုဖြစ်လို့ပဲ။

ဆယ့်သုံးအစိမ်းပေါ်ကို ကျွန်တော် အဲဒီလို ခပ်မိုက်မိုက်တက်ရင်း အဲဒီအကြောင်းတွေကို တွေးနေမိတယ်။ ဒီအချိန်ဆို ကျွန်တော်စီးတဲ့ကားပေါ်မှာ ကိုးတန်းတုန်းက သင်္ချာသင်တဲ့ ဆရာမ ဒေါ်ကြည်ကြည် ပါမယ်။ ဘီအိုစီကနေပြီး ၈တန်းတုန်းက အတန်းပိုင်ဆရာမ ဒေါ်စိန်စိန်ဝင်းလည်း ပါချင်ပါမယ်၊ ကိုးတန်းတုန်းက ပထဝီသင်တဲ့ ဆရာမ ဒေါ်ဝင်းဝင်းလည်း ပါချင်ပါမယ်၊ နောက် မနှစ်က ကိုးတန်းတက်တဲ့ ကောင်မလေး တင်တင်ဇော်၊ သူက အဆိုးဆုံး။ ဘယ့်နှယ်ဗျာ…။ မှတ်တိုင် ၅မှတ်တိုင်လောက်ပဲစီးရတဲ့ကားပေါ်မှာ သူက ကျောင်းစာအုပ်ကလေးကို ထုတ်ဖတ်လို့၊ အလကား အပိုတွေ။

www.foreverspace.com.mm

ကျွန်တော်ကလည်း အဲဒီလို အပိုလုပ်တဲ့ ကျောင်းသူတွေဆို အရမ်းမုန်းပါ။

ကဖူးကွေ့ရောက်တော့ ကားမရပ်ခင်ကတည်းက ခုန်ဆင်းပြီး ကာကာဆိုင်ကို တန်းလာခဲ့တယ်။ အခုဆို ကျွန်တော်တို့ ကျောင်းရှေ့မှာ အရင်ကလိုမျိုး မရပ်တော့ဘူး။ ကျောင်းမတက်ခင် ကာကာဆိုင်မှာပဲ ထိုင်တယ်။ သီချင်းကောင်းရင် ခေါင်းလောင်းထိုးပြီး ဆယ်မိနစ်လောက်မှ ဝင်တယ်။ တံခါးဖွင့်မပေးရင် ကျောင်းမတက်တော့ဘူး။ ဦးသိန်းအောင်ကလည်း ညှာရှာပါတယ်။ ခေါင်းလောင်းခေါက်ပြီး ဆယ့်ငါးမိနစ်လောက်အထိ ကျွန်တော်တို့အုပ်စုကို စောင့်ပေးတယ်။ ကာကာဆိုင်ထဲရောက်တော့ ဖွင့်ထားတဲ့သီချင်းက အက်စ်ကဲနက်ရဲ့ "ယုံပါ ရင်သို့တိုးဝှေ့ဆဲပါခိုင်"။ ပျားတုပ်က စီးကရက်လှမ်းပေးရင်း "တိုင်ကီဝမ်း"လို့ အော်တယ်။ ဘယ်သန်၊ သခေါနဲ့ ပေါက်စီတို့ပါ ရောက်နေကြပြီ။ တိုင်ကီဆိုတာ ရိုးရိုးလက်ဖက်ရည်ထက် သုံးပုံနှစ်ပုံလောက်ပိုတဲ့ လက်ဖက်ရည်ခွက်ပါ။ အဲဒီတုန်းက ရိုးရိုးလက်ဖက်ရည်က ၅ မတ် (၁၇/၂၅ပြား)၊ တိုင်ကီက ၅/။ တိုင်ကီလို့ခေါ်တာ သူက ကြွေခွက်နဲ့မဟုတ်ပဲ သံခွက်နဲ့ကြောင့် ဖြစ်မယ်။

ကျွန်တော်တို့ ထွေရာလေးပါး စကားပြောနေကြတုန်း ကျောင်းတက်ခေါင်းလောင်းထိုးသံ ကြားရတယ်။ ကျွန်တော်တို့က အေးဆေးပါပဲ။ ကျောင်းဘက်ကို လှမ်းကြည့်တော့ မိုးက ဖွဲဖွဲကလေး ရွာနေတယ်။

'မိုးရွာနေတယ်ကွ"

ကျွန်တော်က ပြောရင်း ပျားတုပ်ကို...

www.foreverspace.com.mm

“စောစောကလည်း ရှာသေးတယ်ကွ…ဘာဖြစ်လို့လဲ”

“မိုးရွာရင် အတန်းတက်ရတာ သိပ်ပျင်းဖို့ကောင်းတာပေါ့”

“အမှန်ပဲ…ဒီနေ့ မိုးတစ်နေ့လုံး ရွာချင်ရွာမှာ”

ပျားတုပ်ရဲ့ စကားဆုံးတော့…

“အမှန်အကန်ပဲ”

ဘယ်သန်က ရောက်လာတဲ့ တိုင်ကီလက်ဖက်ရည်ခွက်ကို အမြှုပ်မသေခင် တစ်ဝက်ခွဲရင်း ထောက်ခံတယ်။ သခေါက သူ့သွားကိုမပေါ်အောင် နှုတ်ခမ်းနဲ့ သုံးလေးခါ ဆွဲစေ့ရင်း မေးတယ်။

“မင်း…ဘာလုပ်ချင်လို့လဲ စာကလေး”

“မိုးရွာနေမှတော့ ကျောင်းပြေးရင်ပြေး…မပြေးရင် အခန်းထဲမှာ ငါတို့အတန်းက အားလုံးတန်းစီအိပ်မယ်ကွာ”

ကျွန်တော်တို့ စကားဝိုင်း ခဏတိတ်သွားပုံက ဘယ်သန် ကျွန်တော့်အတွက် ငှဲ့ပေးထားတဲ့ လက်ဖက်ရည် ပန်းကန်ထဲက အမြှုပ်ကလေးတွေ ပေါက်နေတာတောင် ကြားရမတတ်ပါပဲ။ ခဏနေတော့မှ ပေါက်စီက စဉ်းစဉ်းစားစား ပြောတယ်။

“မိုးရွာနေရင်တော့ ကျောင်းပြေးလို့ မကောင်းဘူးကွ ဘယ်သွားသွား ကြွက်စုတ်ဖြစ်မှာပဲ…မင်းတို့မှာ ထီးပါလို့လား”

ထီး။

ကျွန်တော် မဲ့ပြုံးပြုံးရင်း လွယ်အိတ်ထဲကို စမ်းလိုက်တယ်။

သွားပြီ။

ကျွန်တော့် လွယ်အိတ်ထဲမှာ ထီးမရှိတော့ဘူး။

ကျွန်တော် ကမန်းကတန်းပြေးထွက်ပြီး ကျွန်တော်စီးလာတဲ့ ဘတ်စ်ကားကို ရှူးကြောင်ကြောင်နဲ့ ထွက်ရှာတယ်။ ကားက ဘယ်ရှိ

www.foreverspace.com.mm

တော့မလဲ။ ဟိုကောင်တွေလည်း ဘာမသိ၊ ညာမသိ ပြေးထွက်လာကြတယ်။

"ငါ့…ငါ့ထီး မရှိတော့ဘူးကွ"

"ဟာ…သေချာလို့လား"

"မင်း ပါလာတာ သေချာလို့လား"

"ဘာလို့ မသေချာရမှာလဲ…မှတ်တိုင်မှာ မိုးအုံ့လို့ ငါ ထုတ်ဆောင်းမလို့ လက်ထဲကိုင်ထားသေးတာ…သေချာတယ် ပါသွားပြီ ခါးပိုက်နှိုက်သွားပြီ"

အမှန်တော့ ခါးပိုက်နှိုက်ဆိုတာထက် လွယ်အိတ်နှိုက်ဆိုတဲ့ စကားက ကျွန်တော့်ထီးအတွက် ပိုသင့်တော်လိမ့်မယ် ထင်တယ်။ လွယ်အိတ်ထဲက နှိုက်တာကိုး။ ကျွန်တော်ဆိုတဲ့ ကောင်ကလည်း စေတနာရှိရင် ပိုင်သမျှအကုန်ပေးရင် ပေးမယ်။ ကိုယ့်ကို ပတ်တီးချပြီးယူသွားရင် အလွန်မုန်းပါပဲ။

ဒီနှစ်မှာချည်းပဲ ကျွန်တော့်ထီး ခါးပိုက်နှိုက်ခံရတာ ဒါနဲ့ပါဆို ၂ခါရှိပြီ။ ပထမထီးက အဟောင်းဆိုတော့ထားပါတော့။ အခုထီး အသစ်ဗျ။ ထီးအဟောင်းပျောက်လို့ အိမ်က ဆူဆူပူပူ နေ့တိုင်းလုပ်ပြီးမှ ဒီ Dove ထီးအသစ်ကို ဝယ်ပေးတာ။ အဖေ အမေ ဝန်ထမ်းဘဝ လခကလေး တစ်ယောက်မှ သုံးရာနီးပါးရကြတာ။ Dove ထီးတစ်ချောင်း ရာကျော်ဆိုတော့…ဆူမှာပေါ့လေ။ ဒီကြားထဲ ကျွန်တော်က ဆယ်တန်းကျထားတာ မဟုတ်လား။ "ဒီထီးပျောက်ရင် ကိုယ့်လက်ဝါး ကိုယ်အုပ်ပြီး ဆောင်းတော့"လို့တောင် အမေက ပြောသေးတာ။ ကျွန်တော့် ငယ်ထိပ်ကို ကင်းမလက်မည်းတုပ်သလို ကျွန်တော်ခံလိုက်ရတာ ကိုယ့်လူရေ။ ပစ္စည်းကို နမြောတာထက် ဒီ ၁၀တန်းကျတာကြီး

www.foreverspace.com.mm

ကို ထပ်အပြောခံရမှာကို စိုးရိမ်နေတာ။

အဲဒီနေ့က ကျွန်တော်တို့ ကျောင်းမပြေးဖြစ်ပါဘူး။ အခန်းထဲမှာ တန်းစီပြီးလည်း မအိပ်ဖြစ်ဘူး။ ဒေါသထွက်လွန်းလို့ ကျောင်းဘယ်လိုဆင်းမှန်းတောင် မသိဘူး။ ဒီဆယ်တန်းကျတဲ့ကိစ္စကို စဉ်းစားရင်းက ထီးအနှိုက်ခံရတာကို ဒေါသဖြစ်ရတာ။

ကံများကောင်းချင်တော့ အဲဒီနေ့ကျောင်းလွှတ်တော့ မိုးကရွာတယ်။ ရွာတာမှ သင်္ကြန်မှာ ဟော့ရှော့ကောင်မလေးတွေက ကိုယ့်ကို အမြင်ကတ်ကတ်နဲ့ ရေပိုင်းလောင်းသလိုကို ရွာတာ။ ကျွန်တော်လည်း ညစ်ညစ်နဲ့ အိမ်မပြန်တော့ပဲ မိုးရေ အစိုကြီးနဲ့ ကျွန်တော့်ကို တော်တော်ချစ်တဲ့ အဒေါ့်အိမ်ကို ဝင်တယ်။ ကျွန်တော် မိုးတွေရွှဲပြီး တုန်နေတာကိုမြင်တော့ အဒေါ်က ပါးစပ်ကို ပြဲလို့ပေါ့။

ကျွန်တော် အကုန်ရှင်းပြတော့ အဒေါ်က နားလည်ရှာပါတယ်။ ကိုယ့်မှာ ကြွယ်ဖိုးကြွယ်ဝမဟုတ်ရှာပေမယ့် ရှိတာလေးနဲ့ ကျွန်တော့်ကို Dove ထီးအသစ်တစ်ချောင်း နေ့ချင်းဝယ်ပေးရှာပါတယ်။ အဒေါ့်နာမည်က အန်တီစိုးတဲ့။ အဖေ့ရဲ့ ညီမပါ။ သူက အိမ်နဲ့ဆက်ပြဿနာမဖြစ်ဖို့နဲ့ ဒီထီးထပ်မပျောက်ဖို့ မှာပါတယ်။ ကျွန်တော် သူတောင်းတဲ့ ကတိနှစ်ခုစလုံးကို မပေးပါဘူး။ ဒါပေမယ့် အဒေါ်ဝယ်ပေးတဲ့ ထီးအသစ်ကို ကိုင်ထားရင်း နောက်ထပ်နှိုက်မယ့် ခါးပိုက်နှိုက်ကို စိန်ခေါ်နေပါတယ်။ စိန်သာခေါ်တာပါ ကျွန်တော်က လူ့ဖလံရယ်။ အရပ်က ငါးပေမပြည့်၊ လက်ကောက်ဝတ်က ခြောက်လက်မ မရှိတရှိ။ ဒါပေမယ့် ကျွန်တော် စိန်ခေါ်နေမိတယ်။ ကျွန်တော် (၁၀)တန်းကျတဲ့ အမှန်းတွေအားလုံး ဒီထီးကိုနှိုက်တဲ့ ခါးပိုက်နှိုက် အပေါ်ပုံထားတာကိုး။

www.foreverspace.com.mm

ဒါကို အဒေါ်က သိဟန်တူပါတယ်။

"သားရယ်...နောက်တစ်ခါ မပါရအောင် ခေါက်ထားပြီး သားထီးအစွန်းရွက်ကလေးကို အတွင်းကနေ လွယ်အိတ်အသားနဲ့ တွဲပြီး ချိတ်နဲ့ ချိတ်ထားပါလား...ဒါဆို သူဆွဲလည်း ရုတ်တရက် မပါတော့ဘူးပေါ့။ ထီးတစ်ချောင်းတန်ဖိုးက နည်းတာမှတ်လို့"

ကျွန်တော် ဘာမှပြန်မပြောဘဲ ထွက်ခဲ့ပေမယ့် နောက်နေ့မှာ အဒေါ်ပြောသလို လုပ်သွားပါတယ်။ ဟုတ်တယ်လေ။ ကျွန်တော် ဆိုတဲ့ကောင်ကလည်း ကားပေါ်ရောက်ရင် တွေးချင်ရာတွေးတတ် တာကိုး။ မနက် နေ့လယ်ပိုင်း ကျပ်သပ်ညှပ်နေတဲ့ ကားပေါ်မှာသာ စိတ်ကိုထားရရင်ဗျာ...။ ကျောင်းနဲ့အိမ် ပြန်မရောက်ခင် သေမှာပဲ။ ကျွန်တော်က အကောင်သေးတော့ ပိုဆိုးတာပေါ့။ ခပ်ဝဝ ခပ်ထွား ထွား မိန်းမကြီးနှစ်ယောက်လောက်များ ဖိထားရင် ကျွန်တော့်ကို ပြား နေတာပဲ။ ခန္ဓာကိုယ် ဘယ်လိုနေရနေရ စိတ်ကို တခြားပို့ထားတော့ တော်တော် သက်သာတာပေ့ါ။ ဘတ်စ်ကားကျပ်ကျပ် စီးဖူးသူတိုင်း ဒီနည်းကို သုံးရတာပဲမဟုတ်လား။ အဲဒါကိုလည်း ကိုရွှေခါးပိုက်နှိုက် တွေက သိနေတယ်လေ။

ဒီတစ်ခါတော့...ကားဘယ်လောက်ကျပ်ကျပ် စိတ်တွေ ဘယ်လိုပဲလွင့်လွင့် ကျွန်တော်လွယ်ထားတဲ့ လွယ်အိတ် သိမ့်ခနဲ လှုပ်တာနဲ့ ချက်ချင်းသတိဝင်ရတယ်။ ချိတ်နဲ့ထီးကို တွယ်ထားဦးတော့ ကျွန်တော့်ကို နှစ်ခါဆော်ထားတဲ့ ဒီ ခါးပိုက်နှိုက်ကို ပညာပေးချင် နေတယ်။ လာများဆွဲလို့ကတော့ပေါ့လေ...။ ဟိုကောင်တွေ အားကိုး လည်း ပါပါတယ်။

"ငါ ထီးကို ဒီလို ချိတ်နဲ့အထဲက တွယ်ထားတယ်...လာနှိုက်

www.foreverspace.com.mm

လို့ကတော့ ငါ ကျောင်းအထိ မေးခေါ်လာပြီး ကျောင်းကျမှ ပြဿနာ ရှာမယ်…မင်းတို့ အဆင်သင့်ရှိပေ့စေ…"

ဒီကောင်တွေကလည်း မိုက်စိတ်၊ ဆိုးစိတ်ဝင်နေတာပေါ့။

"မင်း ထီး…မပါတာသေချာရင် ကျောင်းရှေ့အထိသာ ခေါ်ခဲ့…ငါတို့နဲ့တွေ့မယ်" ဆိုပြီး လက်သီးတပြင်ပြင်ပဲ။ ပေါက်စီရော၊ ပျားတုပ်ရောဆိုတော့ အားတော့ရှိတာပေါ့လေ။ ဒီကောင်တွေ နေ့တိုင်း ကျွန်တော့်ကို ကျောင်းရှေ့ကားမှတ်တိုင်က စောင့်ပေးကြတယ်။

ထီးအသစ်ရပြီး တစ်ပတ်လောက်အထိ ဘာမှမဖြစ်ဘူးခင်ဗျ။

၁၀ ရက်လောက်နေတော့ ကျွန်တော်လည်း ဒါကို တော်တော်မေ့နေပြီ။ တစ်နေ့မနက် ထုံးစံအတိုင်း ကားကျပ် ကျပ်စီးရတယ်။ ထုံးစံအတိုင်း ကျွန်တော်လည်း တိုးဝှေ့၊ ရပ်စရယနေရာရ၊ စိတ်တွေ အဝေးလွင့်ပေါ့။ ပထမ လွယ်အိတ်က သိမ့်ခနဲလှုပ်တယ်။ ကျွန်တော် သတိထားမိပေမယ့် မှတ်တိုင်မှာ ကားရပ်လို့ တိုးဝှေ့ဆင်းကြရင်း ဒါဟာ သဘာဝပါ ဘာမှမထူးဆန်းပါဘူး။ ဒါမျိုးကို သတိထားခဲ့တာလည်း တစ်ပတ်ကျော်ပြီ။ ပြီးတော့ ထီးက ထပ်အနှိုက်မခံရလို့ တွယ်ချိတ်ကို စိတ်ချနေပြီ။

ဘီအိုစီမှတ်တိုင်ကျော်တော့မှ နောက်ထပ် သိမ့်ခနဲ ဖြစ်တော့ ကျွန်တော် သတိထားမိတာ။ ဟုတ်တယ်…။ ကျွန်တော့် လွယ်အိတ်ကို အနောက်က တစ်ယောက်ယောက် ဆွဲနေပြီ။ ကျွန်တော် လွင့်နေတဲ့အတွေးတွေကိုဖြတ်ပြီး လွယ်အိတ်ဆီ အာရုံပို့ထားရတယ်။ တတိယအကြိမ် လွယ်အိတ်က 'သိမ့်' ခနဲ။

ကျွန်တော် ရင်တွေတဆတ်ဆတ်တုန်လာတယ်။ သေချာပြီ။ ကျွန်တော့် လွယ်အိတ်ထဲကထီးကို ဆွဲနေတာ။ ဒါပေမယ့် တွယ်ချိတ်နဲ့

www.foreverspace.com.mm

အသေအချာ ချိတ်ထားတော့ ထီးကဆွဲထုတ်လို့မရဘူး။ အဲဒီလို တွေးနေတုန်း ခါးပိုက်နှိုက်က တစ်ခုခုနဲ့မျှားငြိနေသလားဆိုပြီး ထီးကို ဆွဲနှုတ်တာတောင် ကျွန်တော်သိတယ်။ အသာငြိမ်နေရင်း ခေါင်းကို မသိမသာ ငဲ့ကြည့်တော့ ခါးပိုက်နှိုက်ပခုံးက ကျွန်တော့်ကို မှီးပြီးဖိထားတယ်၊ လက်မောင်းမှာလည်း ဆေးမင်ကြောင်တွေနဲ့…။ ခေါင်းက ကျွန်တော့်ကို မကြည့်ဘူး၊ လက်ကသာ လွယ်အိတ်ထဲက ထီးကို ကိုင်ထားတာ။

ကျွန်တော့်ရင်ဟာ တဆတ်ဆတ်တုန်နေရာကနေ တလှပ်လှပ်ဖြစ်လာတယ်။ ဒီကောင် ငါ့ထီးကို နှိုက်နေတာ သေချာပြီ။ ထအော်လိုက်ရမလား။ ထအော်ရင် ကားပေါ်မှာ ငါ့ကို အကူအညီပေးမယ့်လူ ဘယ်နှစ်ယောက်ပါမလဲ။ (ဒီကောင်ကြီးကို ကျွန်တော် မနိုင်တာတော့ သေချာတယ်)။ ဒါမှမဟုတ် ကျွန်တော်တစ်ယောက်တည်းပဲ သတ္တိရှိရှိ ရင်ဆိုင်ရမလား။ ခါးပိုက်နှိုက်တွေဟာ သူတို့လုပ်ရှားနေတာ သိသွားရင် အော်တဲ့လူကို ဘရိတ်ဒါးတို့၊ မြနေအောင် သွေးထားတဲ့ ဆယ်ပြားစေ့တို့နဲ့ မျက်နှာကို မွှန်းတတ်တယ်လို့လည်း ကြားဖူးတယ်။ တကယ်ပဲ ကိုယ့်လူရေ အဲဒီအချိန်မှာ ကျွန်တော်ဟာ အသားတဆတ်ဆတ်တုန်ပြီး ရင်တလှပ်လှပ်နဲ့ ဘာလုပ်ရမှန်း မသိတော့ဘူး။

အဲဒီလို တွေးနေတုန်းမှာပဲ ထပ်ပြီး ထီးကိုလှုပ်ရင်း နဲ့ရင်းဆွဲတာ သေသေချာချာကို ခံစားရတယ်။ ကျွန်တော် နောက်ဆုံးတွေးတာက…ရွှေပေါက်နဲ့ နီးနေတော့ ကျောင်းရှေ့မှာ ဒီခါးပိုက်နှိုက်ကို ဝင်လုံး၊ ကားပေါ်ကဆွဲချရင်း…အော်ဟစ်ပြဿနာရှာဖို့ပါ။ ဒါပေမဲ့ ဟိုကောင်တွေရှိနေရင် ပြဿနာမရှိပေမယ့် ဟိုကောင်တွေက ဆယ်ရက်လောက်ကြာသွားတော့ ကျွန်တော့်ကို မှတ်တိုင်မှာ မစောင့်ရင်

www.foreverspace.com.mm

သွားပြီ။ ကျွန်တော့်မျက်နှာ ဟက်တက်ပေါ့။ ဒီလိုနဲ့ ဘီအိုစီမှတ်တိုင်ကနေ ရုံးရှေ့သံလမ်းမှတ်တိုင်တွေ ကျော်လာတယ်။ ရှေ့မှာ ကဖူးကွေ့၊ ကျွန်တော်ဆင်းရမယ့်မှတ်တိုင်။

ဒီခါးပိုက်နှိုက်ကလည်း အဖြူနဲ့အစိမ်းဝတ်ထားတော့ အထက (၃) ရှေ့မှာရှိတဲ့ ကဖူးကွေ့မှာ ကျွန်တော် ဆင်းမယ်ဆိုတာကို သိထားပြီးသား…မှတ်တိုင်မရောက်ခင် ကျွန်တော့် လွယ်အိတ်ထဲ က ထီးကို တစ်ခုခုနဲ့ ငြိနေတယ်အထင်နဲ့ ခပ်ကြမ်းကြမ်းဆွဲရမ်းပြီး ထုတ်ပါတယ်။ ဒါပေမယ့် တာဝန်ကျေတဲ့ တွယ်ချိတ်ကြောင့် ကျွန်တော့် ထီးက သူ့လက်ထဲကို ပါမသွားဘူး။ ကျွန်တော် အရမ်းခံပြင်းပြီး ဒေါသထွက်နေတယ်။ သူ့ကို တစ်ခုခုတော့လုပ်ရမှ ကျွန်တော် ကျေနပ်နိုင်မယ်။ ရာဇဝင်ကြွေးကို ဆပ်ရမှာပေါ့လေ အသားတွေတုန်ပြီး ရင်တွေခုန်နေတာ…ကိုယ့်လူရေ… မပြောနဲ့တော့။

ဒါနဲ့ပဲ ကားက ကဖူးကွေ့ကို ကွေ့ပြီးရပ်တယ်။

ကျွန်တော် ဆတ်ခနဲလွယ်အိတ်ကကြိုးကို ညာဘက်နဲ့ ဆုပ်ရင်း ရှေ့ကဆင်းတဲ့ လူတွေကို စောင့်နေလိုက်တယ်။ ကျွန်တော် သူ့ကို တစ်ခုခုလုပ်ရမှကို ကျေနပ်နိုင်မယ်။ ကျွန်တော် ဘာလုပ်ရမလဲ။ သူက လည်းဆင်းတော့မယ်။ ကျွန်တော့်ကို လွမ်းသလိုလို…မချိတင်ကဲ တစ်ချက်ငေးကြည့်တယ်။ အမဲသားတစ်တုံး လွတ်သွားပြီပေါ့လေ။ ဘာကြောင့်လဲပေါ့။ အဲဒီ သူ့ရဲ့ နားမလည်တဲ့ မျက်လုံးကို မြင်တော့… ကျွန်တော့် အလှည့်မှာ ကျွန်တော် မဆင်းသေးပဲ… ဆတ်ခနဲ သူ့အနား ပြန်ရောက်သွားတယ်။

"ဒီမှာ … ဟေ့လူ … ခင်ဗျားဘယ်တော့မှ မရဘူးဗျ သိလား… သနားလို့ မပြောတာ… ခင်ဗျားဆွဲနေတာ ကျွန်တော်

www.foreverspace.com.mm

သိတယ်၊ ဘယ်တော့မှ မရဘူး၊ ဒီမှာအထဲကနေ ချိတ်နဲ့တွယ်ထားတာသိရဲ့လား''

ပြောပြီးတာနဲ့ ကျွန်တော် ပြေးဆင်းတာပဲ။ အောက်ရောက်တော့ ရင်တွေက တဆတ်ဆတ်တုန်နေတုန်း။ ဒါပေမဲ့ ကျွန်တော် ကျေနပ်တယ်။ ကျွန်တော့်ကို တအံ့တသြနဲ့ ငေးကြည့်နေတဲ့ အဲဒီလူရဲ့ မျက်နှာကိုကြည့်ပြီး ပြောခဲ့ရတာကို ကျေနပ်တယ်။ သူ… ကြောင်တက်တက်နဲ့ ကားပေါ်မှာ တအံ့တသြပါသွားမှာပဲ။ တော်ပါသေးရဲ့ လို့လည်း တွေးချင်တွေးပြီး ပါသွားမှာပါပဲ။ ဘာပဲဖြစ်ဖြစ် သူ့ကို ကျွန်တော် လူလည်ကျလိုက်ရတာကို ကျေနပ်နေမိတယ်။ မှတ်တိုင်မှာ ဟိုကောင်တွေစောင့် မနေပါဘူး။ နပန်းလုံးပြီးသာ ဆင်းရင်တော့ ကျွန်တော့်မျက်နှာမှာ ဟက်တက်ပေါ့။ ကျွန်တော်ပြန်ပြောပြတော့ ဒီကောင်တွေ လက်သီးလက်မောင်းတွေ ဘာတွေတန်းတယ်။ တကယ်တော့ အာဖွံကြီးပါ။ ကျွန်တော်ကတော့ ပြောခဲ့ရတာကိုပဲ ကျေနပ်နေတယ်။ ဟုတ်တယ်လေ… သူခိုးကို မင်း သူခိုးလို့ ပြောရတာ၊ ငါသိတယ်ကွလို့ပြောရတာ လောကမှာ ဘယ်လောက် အရသာရှိသလဲဆိုတာ ကိုယ့်လူလည်း သိမှာပေါ့။

နောက်ထပ် ကျွန်တော့်ထီးကလေး ခါးပိုက်နှိုက်မခံရတော့ပါဘူး။

ကျွန်တော့်ကို သိသွားလို့ပဲ လက်ရှောင်တာလား၊ တွယ်ချိတ်ကလေးကြောင့်ပဲ မပါတာလားတော့ မသိဘူး၊ ကျွန်တော်ကတော့ ထီးလွယ်အိတ်ထဲ ထည့်ပြီဆိုရင် အမြဲတမ်း အခုထိ တွယ်ချိတ်ကို သုံးတုန်းပဲ။ ဟုတ်တယ်လေ ကျွန်တော်တို့က တွေးချင်ရာ တွေးတတ်တဲ့ ကောင်တွေကိုး ဘာမှ သတိထားစရာ မလိုတော့ဘူးပေါ့။

www.foreverspace.com.mm

တစ်ခုတော့ရှိတယ်။ ကျွန်တော့်ထီးတွေအကုန်လုံး အနားတွေကတော့ စုတ်နေတာပဲ။

❍ ❍ ❍

www.foreverspace.com.mm

# ကျွန်ုပ်နှင့် ရည်းစားစာ

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



www.foreverspace.com.mm



www.foreverspace.com.mm

ကျွန်တော်တို့ လူဆိုးတန်းဟာ အရင်တုန်းကလို မဟုတ်တော့ဘဲ စာဆိုသံ၊ စာဖြေသံတွေနဲ့ ညံနေတယ်။

ဆရာအဝင်အထွက်တွေမှာ အရင်တုန်းကလို ဝရုန်းသုန်းကား လုပ်တာတွေ ဘာတွေလည်း သိပ်မရှိတော့ဘူး။ အဲဒီအပြောင်းအလဲ ဖြစ်သွားတာ ကျောင်းသူတစ်ယောက်နဲ့ ဆရာတစ်ယောက်ကြောင့်ပါ။

ကောင်မလေးအကြောင်းကို အရင်ပြောမယ်ဗျာ။ ၆ လပတ် စာမေးပွဲကို တစ်တန်းလုံးကျပြလိုက်တဲ့ ကျွန်တော်တို့ အတန်းကို ဆရာတွေ တော်တော်လက်လန်သွားတာအမှန်ပဲ။ ကျွန်တော်တို့ အတန်းမှာ အဆင့်(၁)ရတဲ့ သက်ချိုဦးဆိုတဲ့ကောင်က ၁ ဘာသာကျ တယ်ဆိုတော့ သဘောပေါက်ရောပေါ့။ ကျွန်တော်တို့ ပြိုင်နေတာက အကျပြိုင်နေကြတာပါ။ ဘာသာနည်းနည်းပဲ ကျတဲ့ကောက်က လူ လိမ္မာ၊ သိပ်မမိုက်တဲ့ကောင်ပေါ့။ ကျွန်တော်တို့အမြင်မှာ ဒီကောင်ဟာ

www.foreverspace.com.mm

ဖော်လံဖွား အလကားကောင်။ ကျွန်တော်တို့ ဘက်တော်သား မဟုတ်ဘူးပေါ့။

ဘာသာစုံကျပြီး သုညတွေ ဘာတွေ ၂ဘာသာ လောက်ပါတဲ့ကောင်မှ တကယ့်ဆရာကြီး၊ ကျွန်တော်တို့ လူ … Hero ။ ကျွန်တော်က မြန်မာစာကလွဲပြီး ကျန်တဲ့ဘာသာတွေ အကုန်ကျတယ်။ သုညတွေ ဘာတွေမရပေမယ့် ကျွန်တော့် အဆင့်ကလည်း မဆိုးဘူးပေါ့။ ဆရာကြီးမဖြစ်တာတောင် သာဝကထဲမှာတော့ ပါတယ်။ အဆင့် (၁)ရတဲ့ သက်ချိုဦးဆို မျက်နှာငယ်ရသလားမမေးနဲ့။ ကျွန်တော်တို့ ထေ့သမျှ ရိသမျှ ဒီကောင်ခံရတယ်။

အဲဒီအချိန်မှာတော့ ကျွန်တော်တို့အတန်းဟာ အကောင်းနဲ့ အဆိုးချိန်ခွင်လျှာက ပြောင်းပြန်ပဲ။ လူငယ်ဆိုတဲ့ သတ္တိကု တလွဲအသုံးချနေကြတဲ့ အချိန်ပေါ့။ အဲဒီအချိန်မှာ ကျွန်တော်တို့ အတန်းထဲကို ကောင်မလေးတစ်ယောက် ပြောင်းလာတယ်။

နာမည်က 'မြမြတ်မိုလ်မျိုး'တဲ့။

တော်တော်လှတယ်ဗျာ…။ လှတာမှ ကျွန်တော်တို့ တစ်ကျောင်းလုံးမှာရော၊ ကျွန်တော်တို့ ကျောင်းသားတွေရဲ့ ပတ်ဝန်းကျင်အသီးသီးမှာရော သူ့လောက်လှတာ၊ သူ့လိုလှတာ တစ်ယောက်မှ မတွေ့ဖူးတဲ့ အလှမျိုး။ ကိုယ်လုံးကိုယ်ပေါက်က 'ရှယ်'ခင်ဗျ။ သူ ကော်ရစ်တာမှာ လျှောက်သွားရင် ကျောင်းသားတော်တော်များများ စကားပြောတာရပ်ပြီး ကြည့်ကြတယ်။ ကျော်သွားရင် လှည့်ငေးရတယ်။ သူ လမ်းလျှောက်တဲ့ Style က မမြန်မနှေး ပြေပြေကလေးရယ်။ မျက်လုံးဝိုင်းကြီး တွေထဲမှာ မျက်သားအဖြူက ဆွတ်ဆွတ်ဖြူနေတာပဲ။ မျက်ဆံနက်ကတော့ မည်းနက်နေတာ။ ကျွန်တော်ကတော့ သူ့ မျက်

ဝန်းကို ခိုးကြည့်ဖို့မလွယ်တဲ့ မျက်ဝန်းမျိုးလို့ မှတ်ချက်ချတယ်။ ဟုတ်တယ်လေ ဒီလောက် မျက်ဝန်းအိမ်ကြီးပြီး မျက်ဆံနက် ထင်းလွန်းနေတော့ ခိုးကြည့်တဲ့ ကျွန်တော်တို့ကောင်တွေ ရင်တုန်တာပေါ့။ နှုတ်ခမ်းနီ ပြေပြေဆိုးထားတဲ့ နှုတ်ခမ်းက ဖူးနေတာပဲ။ အသားအရေက သိပ်လှတဲ့ ကြက်ဥအကာရောင် ဝါဖျော့မှုန်ညက်…အဝေးကြီးကတည်းက လင်းလက်နေတဲ့ အသားအရေ။ လက်သည်းကလေးတွေဆို ကော့လို့၊ သူက လက်သည်းကို အစိမ်းရောင်ဆိုးတယ်။ မြင့်မြင့်ရီလေးကို မေးတော့ ကျောင်းစိမ်းနဲ့လိုက်အောင် ဆိုးတာပါတဲ့။

သူလို သိပ်လှတဲ့ ကောင်မလေးက ဘာဖြစ်လို့ ကျွန်တော်တို့ နှစ်ကျတန်းကိုမှ ပြောင်းလာရသလဲဆိုတော့ သူကလည်း မနှစ်က ၁၀ တန်းကျတာကိုး။ ပျားတုပ်ဆို တောက်တခေါက်ခေါက်နဲ့၊ ဒီလောက်လှတဲ့ ကောင်မလေး ၁၀တန်း ကျရသလားပေါ့လေ။ ဘာဆိုင်လို့တုံး။ တော်တော်ဟားရတဲ့ကောင်။ ကျွန်တော်တို့လည်း တစ်ခုတော့ သိသွားပါတယ်။ ၁၀ တန်းအောင် မအောင်ဆိုတာ ချောတာ လှတာနဲ့မဆိုင်ဘူးလို့။ ဒါပေမယ့် ဖြစ်နိုင်ရင် ကျွန်တော်လည်း သူ့ကို ၁၀တန်း အောင်စေချင်ပါတယ်။

မြင့်မိုလ်မျိုးက အခုမှ ကျွန်တော်တို့အတန်းကို ပြောင်းလာတာဆိုတော့ ကျွန်တော်တို့အတန်းရဲ့ အထာကို သူ ဘယ်သိမလဲ။ ဒီအတန်းဟာ နှစ်ကျတွေကို စုထားတဲ့ အတန်းဆိုတာလောက်ပဲ သိတာ။ ဒီတော့ သူက ရောက်ကတည်းက စာကိုပဲဖိကြိုးစားတာ၊ ဆရာစာမေးရင် ဘယ်တော့မှမဖြေတတ်တဲ့ ကျွန်တော်တို့အတန်းမှာ သူကတော့ ထဖြေတာပဲ။ အရင်တုန်းက စာထဖြေတဲ့ ကျောင်းသားဆို



www.foreverpage.com.mm

နှိပ်ကွပ်တတ်တဲ့ ကျွန်တော်တို့အုပ်စုလည်း မြင့်မိုလ်မျိုးကိုကျတော့ မနှိပ်ကွပ်ရဲဘူးဖြစ်နေတယ်။ သူက ကျောင်းသူအသစ်မို့ ဆိုတာထက် သူက သိပ်လှတဲ့ မိန်းကလေးတစ်ယောက်မို့ပါ။

တစ်နေ့မှာ ဓာတုဗေဒဆရာမ ဒေါ်ငွေအောင်က Equation တစ်ခုကိုမေးတယ်။ ထုံးစံအတိုင်း မြတ်မိုလ်ပဲ ထဖြေတာပေါ့။ ဖြေတာလည်း မှန်တယ်ခင်ဗျ။ ဒါနဲ့ ဆရာမက ကျန်တဲ့ Equation ကို သူ့ကိုပဲ အတန်းထဲက တစ်ယောက်ယောက်ကို မေးဖို့ခိုင်းတယ်။ သူက ကျွန်တော်တို့ ယောကျ်ားလေးတွေကို လှည့်ပြီးမေးတာ။ မေးပုံက လည်းကြည့်ဦး။ ဒီဘက်အတန်းသားတွေထဲက ရတဲ့လူထဖြေပါတဲ့။ ထလိုက်ကြတာဗျာ။ အပြိုင်အဆိုင်ပဲ။ ကျွန်တော့်နားက ပျားတုပ်ရော၊ ပေါက်စီရော၊ ဘယ်သန်ရောပဲ။ ကျွန်တော်တော့ တွေဝေနေတာနဲ့ မထဖြစ်လိုက်ဘူး။

မုန့်စားဆင်းလို့ အဲဒီကိစ္စကို ပြောကြတော့ ထရပ်တဲ့ ကောင်တွေအားလုံးက မိန်းကလေးတစ်ယောက်က မေးတာကို မခံချင်လို့ ငါတို့လည်းသိတယ်ဆိုတဲ့စိတ်နဲ့ ဖြေတာလို့ တစ်လေသံတည်း ထွက်ကြတယ်။ တော်တော် ဟားရတယ်ဗျာ။ သူတို့ ဘာကြောင့် ထရပ်တယ်ဆိုတာ ကျွန်တော်သိနေတာပဲ၊ အားလုံးလည်း သိကြပါတယ်။ အလှအပကို ဘယ်သူလွန်ဆန်နိုင်လို့လဲ။ ကျွန်တော်တို့ နှလုံးသားတွေက အဖြူဦးစ ရင်ခုန်လွယ်စဆိုတော့ ပိုဆိုးတာပေါ့။

ဘယ်သံနဲ့ မြင့်မြင့်ရီကလေးလည်း ပြဿနာတွေ ဘာတွေ တက်ကြတယ်။ ထရပ်ရပါ့မလားပေါ့လေ။ အဲဒီ နေ့ကတည်းက ကျွန်တော်တို့ရဲ့ 'နက်' ကို သိသွားတဲ့ ဆရာတွေ၊ ဆရာမတွေက မြတ်မိုလ်မျိုးနဲ့ ကျွန်တော်တို့ကို ကိုင်တော့တာပဲ။



www.foreverspace.com.mm

www.foreverspace.com.mm

ကျွန်တော်တို့ထက် ပညာရော အသက်အရွယ်ရော ပြည့်စုံကြီးရင့်ပြီး ကျွန်တော်တို့ကို စင်ပေါ်က ထိုင်ကြည့်နေရတဲ့ ဆရာ၊ ဆရာမတွေက ကျွန်တော်တို့ ဘာဖြစ်နေတယ်ဆိုတာကို မသိဘဲနေပါ့မလား။ ဒါနဲ့ပဲ ကျွန်တော်တို့အတန်းဟာ သူ့ကို မခံချင်လို့ဆိုတဲ့ ခေါင်းစဉ်နဲ့ စာတွေဘာတွေ ပြန်လုပ်လာတယ်။ ‘ဆရာတစ်ယောက်ဆိုတာကတော့ ဆရာဦးကိုကိုပေါ့။

ဆရာက တည်သလားမမေးနဲ့။ ကျွန်တော်တို့ ၈ တန်းတုန်းက သင်္ချာသင်တဲ့ဆရာ။ ဆရာက စာအသင်ပြလည်း ကောင်းသလားမမေးနဲ့။ စာသင်ရင် ဆရာ့အသံက တစ်ခန်းလုံး ဟိန်းနေတာ။ ဆရာက ခြိမ်းခြောက်တတ်၊ သတိပေးတတ်တဲ့ ဆရာမျိုး မဟုတ်ဘူး။ လုပ်ပြီဟေ့ဆို အပြတ်ဘဲ။ ဆရာ့ရဲ့ စူးရှတဲ့ မျက်လုံးကို ဘယ်ကျောင်းသားမှ ရင်ဆိုင်ပြီး မကြည့်ရဲဘူး။ ဆရာက ကြိမ်လုံးမကိုင်ပါဘူး။ သူ့လက်ဝါး၊ မြေဖြူခဲ၊ Duster နဲ့တင် ကျွန်တော်တို့ ကြောက်နေရတာ၊ ၈ တန်းသင်တဲ့ ဆရာဆိုပြီး ကျွန်တော်တို့ ဆရာ့ကို ပြက်ရယ်မပြုရဲဘူး။ အဲဒီ ၈တန်းကတည်းက ကြောက်ခဲ့ရတာ ဖိန့်ဖိန့်တုန် မဟုတ်လား၊ ကျောင်းတစ်ကျောင်းလုံးမှာ ကျောင်းသားတိုင်း ကျောင်းအုပ်ဆရာကြီးထက် ဆရာ့ကို ပိုကြောက်ကြတာ အမှန်ပဲ။

ဆရာ ကျွန်တော်တို့အတန်းကို ဝင်ခါစက ကျွန်တော်တို့ ကြောင်သွားတာ။ ဖြစ်ချင်တိုင်းဖြစ်ပြီး ဆူညံနေတဲ့ ကျွန်တော်တို့ အတန်းထဲကို ဆရာက ခပ်တည်တည်ဝင်လာရင်း ခုံမှာ ဝင်ထိုင်တယ်။ ဆရာလည်း ထိုင်ပြီးရော ကျွန်တော်တို့ တစ်တန်းလုံး ငြိမ်သွားတာပဲ။

“ကဲ…ဒီနေ့ကစပြီး မင်းတို့အတန်းကို ငါ ကိုင်တယ်ကွာ… ဘယ်သူ ဘာပြောချင်တာရှိလဲ”

www.foreverspace.com.mm

ဘယ်သူက ဘာပြောရမှာလဲ။ ကျွန်တော်တို့အားလုံး ၈ တန်းတုံးက ဆရာ့တပည့်ဖြစ်ခဲ့ဖူးတဲ့သူချည်းပဲ။ ဆရာ့ လက်သံ ဆရာ့လွှမ်းမိုးမှုကိုခံခဲ့ရတဲ့ လူချည်းပဲ။

"ကဲ..မင်းတို့ပြောစရာမရှိရင် ငါ ပြောတာ နားထောင်... ငါတော့ ပြောစရာရှိတယ်...မင်းတို့ အဆင့်တွေ မင်းတို့ မှတ်မိကြလား"

ဆရာ့စကားကို ဘယ်သူမှ ဘာပြန်ဖြေရမှန်းမသိဘူး။ တစ်တန်းလုံးဟာ ကြောင်ပြီးတိတ်နေတယ်။ ဆရာက ပြုံးတယ်။ ဆရာ ပြုံးတာကို ကျောင်းသားတိုင်း ကြောက်ကြပါတယ်။

ဟေ့ကောင်တွေ...၆ လပတ်တုန်းက မင်းတို့ရခဲ့တဲ့ အဆင့်ကိုပြောတာ မှတ်မိလား"

"မှတ်မိပါတယ်"

ကျွန်တော်တို့ အတန်းရဲ့ ပထမဦးဆုံး သံပြိုင်အော်တဲ့အသံပါ။

"ဟုတ်ပြီ...မှတ်မိရင် အဆင့် (၁)ထစမ်း"

ဆရာ့စကားဆုံးတော့ သက်ချိုဦးဘေးနား ပို့လိုက်တယ်။ မမြင့်ဌေးလည်း ဆရာ့ကိုကြောက်တော့ လာရတာပေါ့။ ဆရာက နေရာပြောင်းပြီးသည်အထိ ကြည့်နေတယ်။ ကျွန်တော်တို့လည်း ဘာလုပ်တယ်ဆိုတာကို လုံးဝမသိဘူး။ ယောကျ်ားကလေးတစ်တန်း မိန်းကလေးတစ်တန်း သပ်သပ် ထိုင်ရတဲ့ ကျောင်းမှာ ဆရာက ဘာဖြစ်လို့ မိန်းကလေးကို သက်ချိုဦးအနား ပို့ရတာလဲ။

"သက်ချိုဦး မင်းဟာ အဆင့် ၁)ရတဲ့အတွက် ဒီအတန်းထဲမှာ အတော်ဆုံးလို့ အမိပ္ပာယ်ရတယ်...မမြင့်ဌေးက နောက်ဆုံးအဆင့်

www.foreverpage.com.mm

ရတဲ့အတွက် အညံ့ဆုံးလို့ အခိပ္ပာယ်ရတယ်…ဒီတော့ ဒီနေ့ကစပြီး မင်းဟာ မမြင့်ငွေးရဲ့ ဒုတိယဆရာပဲ…မမြင့်ငွေးကို စာသင်ပေး ပြပေး၊ နားမလည်တာ ရှင်းပေးပါ…မမြင့်ငွေး စာမေးပွဲကျရင်လည်း မင်း အရိုက်ခံရမယ်…ကြားလား"

ကျွန်တော်တို့ တစ်တန်းလုံး တော်တော် အံ့အားသင့်သွားကြတာပေါ့။ ဒီလိုမျိုး တစ်ခါမှ မကြားခဲ့ဖူးဘူး မဟုတ်လား။

"ကဲ…အဆင့် (၂)ထ…အဆင့် (၅၉)ထ"

အဲဒီလိုနဲ့ ဆရာက အဆင့်ရှေ့နောက် တွဲစီပေးလိုက်တာ ယောကျ်ားလေးနဲ့ မိန်းကလေးတွေ တစ်ခန်းလုံး ရှုပ်ပွသွားတာပဲ။ ကျွန်တော်ဆို မိန်းကလေးတွေ ၃ယောက်ရှိတဲ့ အတန်းကို ရောက်သွားတယ်။ ကျွန်တော်ရတဲ့ ကောင်မလေးက နွယ်နီတဲ့။ ကောင်မလေးက ဝဝ နေးနေး လေးလေးထဲက။ အဲဒီနေ့ကတော့ ဟိုပြောင်းဒီရွှေ့၊ ရယ်ကြမောကြနဲ့ တစ်တန်းလုံးကို ဆူညံနေတာပဲ။ ပျော်စရာကြီးကိုဖြစ်လို့၊ နေရာတွေ နေသားတကျဖြစ်တော့ ဆရာက ဘယ်ဆရာဝင်ဝင် ဒီအတိုင်းပဲ ထိုင်ရမယ်လို့ ပြောတယ်။

မြတ်မိုလ်ကတော့ ခင်သက်ကြူဆိုတဲ့ ကောင်မလေးနဲ့ တွဲရတယ်။ သူက ဖလပတ်မဖြေရလို့ အဆင့်သတ်မှတ်ချက် မရှိပေမယ့် ဆရာက တွဲပေးတာပါ။ မြမိုလ်တို့အတန်းမှာ ဘေးက ဇော်ဝင်း၊ ပြီး မြင့်မောင်။ အဲဒီနေ့က ဆရာက သီအိုရမ် ၂၀ကို သင်တယ်။

"ကဲ…မနက်ဖြန်ကို ဒီသီအိုရမ်ကို ကြိုက်တဲ့လူ ဘောမှာ ထွက်တွက်ခိုင်းမယ်…ငါထွက်ခိုင်းတဲ့လူက တပည့်ဖြစ်နေပြီး တွက်လို့မရရင် သူ့တွဲဖက်ဆရာပါ အရိုက်ခံရမယ်…တွဲဖက်ဆရာဆိုရင်တော့ သူတစ်ယောက်ပဲ အရိုက်ခံရမယ်"

www.foreverspace.com.mm

ဒုက္ခက အဲဒီတော့မှ စတာပါ။ ကိုယ့်ကိုယ်ကိုက ကိစ္စမရှိဘူး။ တွဲဖက်ကမရရင် ကိုယ်ကအချောင်အတီးခံရမှာ။ ကိုယ်က ကျေညက်အောင်အရင်လုပ်။ ပြီးရင် ကိုယ့်တွဲဖက်ကိုမေး။ သူ မရရင် ရအောင် ရှင်းပြ၊ သူ့ကို စိတ်မချလို့ အကြိမ်ကြိမ်လေ့ကျင့်ပေးရနဲ့ ဖတ်ဖတ်ကို မောရောဗျာ။

နောက်နေ့ကျတော့ ဆရာက ၄ယောက်ကို ထွက်တွက်ခိုင်းပါတယ်။ အားလုံး တွဲဖက်တွေချည်းပဲ။ တွဲဖက်တွေအားလုံး မှန်အောင် တွက်နိုင်တော့ ဆရာက တွဲဖက်ဆရာတွေကိုပါ ထည့်ချီးကျူးပါတယ်။ နောက် ၃ရက်ကြာတော့ အောင်ချိုဆိုတဲ့ကောင် ခရီးသွားပုစ္ဆာ ထွက်တွက်ခိုင်းတာ မှားလို့ သူ့တွဲဖက်ဆရာ ခင်အေးဟန်ပါ အတီးခံရတယ်။ အောင်ချိုက ၂ချက်၊ ခင်အေးဟန်က တစ်ချက်ပိုတယ် ၃ချက်။

ခင်အေးဟန်က သူရကြောင်း သူ့ကိုမရိုက်ဖို့ အကြောက်အကန် တောင်းဆိုပေမယ့် ဆရာက ခွင့်မပြုဘူး။ တပည့်မကောင်းတာ ဆရာညံ့လို့ပဲဆိုပြီး တီးတာပဲ။

"မင်းကို ဘာဖြစ်လို့တစ်ချက် ပိုရိုက်တာလဲ သိလား… မင်းဟာ အောင်ချိုကို နားလည်အောင် မသင်နိုင်တဲ့ တွဲဖက် ဆရာမို့ ဆရာတာဝန်မကျေလို့ပဲ"

ဆရာဟာ ကျွန်တော်တို့ကို တမင် ပညာပေးနေတာပါ။ ဆရာတွေကို ကန့်လန့်လုပ်နေတဲ့ ကျွန်တော်တို့ကို ဆရာ လုပ်ရတာ ဘယ်လောက် တာဝန်ယူရတယ်၊ ဘယ်လောက် ခက်တယ်၊ ဆရာ့ သိက္ခာဆိုတာ တပည့်မှာရှိတယ်ဆိုတာကို လှလှပပ ပညာပေးနေတာပါ။ ပြီးတော့ စာမလုပ်ချင်တဲ့ ကျွန်တော်တို့ကို စာလုပ်ဖြစ်အောင်

www.foreverspace.com.mm

အချင်းချင်း ပြန်ခိုင်းသွားတာပါ။ တော်တော်ကလေးလှတဲ့ Idea တစ်ခု အဖြစ် ကျွန်တော် အခုထိ မှတ်မိနေပါတယ်။

ကျွန်တော်တို့အုပ်စုဟာ ဆရာဦးကိုကိုရယ်၊ မြတ်မိုလ်ရယ်၊ ကိုယ့်တွဲဖက်တပည့်ရယ်ကြောင့် စာမလုပ်လို့ မရဖြစ်လာပါတယ်။ ပထမအစမ်းမှာ 1 to 30 ထဲပါဖို့ အားလုံးကြိုးစားရပါတယ်။ အဆင့် 30 နောက် ရောက်သွားရင် ကိုယ်က တွဲဖက်တပည့်ဖြစ်တော့မှာကိုး ....။

ဒါ ကျွန်တော်တို့အတန်းရဲ့ ရုပ်ပိုင်းဆရာ ပြောင်းလဲချက်ပါ။

စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲချက်ကတော့ ကျွန်တော်တို့ အားလုံးအတွက် မြတ်မိုလ်ပါပဲ။

ကျွန်တော့်စိတ်ထင်ကတော့ မြတ်မိုလ်ကို တစ်ကျောင်းလုံးက ဝိုင်းကြိုက်နေတယ် ထင်တာပဲ။ ကျွန်တော်လည်း ဒီတစ်ခါတော့ ကြိုက်ပါတယ်။ ကြိုက်တာမှ လူငယ်တစ်ယောက် ဘဝ အရူးအမူးကို ကြိုက်တယ်။ ပေါက်စီနဲ့ ပျားတုပ်လည်း ကြိုက်နေကြတာပါပဲ။ ဒါပေမယ့် ဒီကောင်တွေက ဒိုင်လျှိုသမားတွေ။

ကျွန်တော်ကတော့ မရဘူး။ ချစ်နေတာကြီးတစ်ခုကို ရင်ထဲမှာထားပြီး ဟန်ဆောင်နေရတယ်ဆိုတာ တော်တော် ပင်ပန်းတယ်ဗျာ။ ဒီတော့ ကျွန်တော် မြတ်မိုလ်ကို ခင်အောင် ပေါင်းတယ်။ သူနဲ့ စာအကြောင်း ပေအကြောင်းတွေ ဆွေးနွေးတယ်။ ကျွန်တော့် တွဲဖက်နှယ်နီ့ကို ဘယ်လိုသင်ပေးသင့်သလဲ စသည်ဖြင့် အကြံ ဉာဏ်တွေ ဘာတွေ တောင်းတယ်။ သူ့တွဲဖက် ခင်သက်ကြူနဲ့လည်း ရင်းနှီးအောင် ပေါင်းတယ်။ မြတ်မိုလ်ရဲ့တွဲဖက် ခင်သက်ကြူက ရုပ်အဆိုးကြီးတော့ မဟုတ်ပါဘူး။ အသားဖြူဖြူနဲ့ ကြည့်ကောင်းပါတယ်။

ဒါပေမယ့် မျက်လုံးက နည်းနည်းစောင်းနေတယ်။

"နွယ်နီ့အတွက် စိတ်ညစ်တယ် မြတ်မိုလ်ရာ... သူက မကြိုးစားတာ ဝီရိယမရှိတာ၊ မထက်မြက်တာ မဟုတ်ဘူး...ဉာဏ်ကို ထိုင်းတယ်...လက္ခဏာတူချင်း မြှောက်ရင်အပေါင်း၊ လက္ခဏာမတူတာမြှောက်ရင် အနုတ်ရတယ်ဆိုတာကို ခုထိ တွက်ရင် ဘယ်တော့မှ မမှန်ဘူး ... ကျွန်တော်ပြောတာ အကြိမ်တစ်သန်းလောက်ရှိတော့မယ်"

"ဥပမာလေးတွေနဲ့ ပြောပြပေါ့"

"ဘယ်လို ဥပမာပေးရမလဲ"

"ဒီလိုလေ ယောကျ်ားလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက်တွေ့ရင် သူငယ်ချင်း...မိန်းကလေးနဲ့ မိန်းကလေး တွေ့ရင် သူငယ်ချင်း... ယောကျ်ားလေးနဲ့ မိန်းကလေးတွေ့ရင် သမီး ရည်းစားဖြစ်ရော..အဲဒါ အနုတ် လက္ခဏာပဲလို့"

ကျွန်တော့်ကို သွယ်ဝိုက်သောနည်းနဲ့ သတိပေးတာလားဘာလားတော့ မသိဘူး။ ကျွန်တော်ကတော့ ဒီ ဥပမာကို တော်တော်လေးကို သဘောကျတယ်ဗျာ။ အဲဒီလို ဖြတ်ထိုးဉာဏ်ကောင်းတာကိုလည်း မြတ်ဗိုလ်ကို အမှတ်ပေးနေမိတယ်။

တစ်နေ့ အခန်းထဲမှာ English Eassay တစ်ပုဒ် ရေးတင်ရတယ်။

ခေါင်းစဉ်က "My Best Fruit" တဲ့။

ကျွန်တော်က အကြိုက်ဆုံးအသီးကို သရက်သီးအကြောင်းရေးတာပါ။

"ကျွန်တော့်အိမ်ရှေ့မှာ သရက်ပင် ၃ပင်ရှိပါသည်။ သရက်

www.foreverspace.com.mm

သီးသည့် ဈေးပေါသည်။ လူတိုင်းကြိုက်သည်။ ကျွန်တော် အရမ်းကြိုက်သည်…”

ဘာညာပေါ့ဗျာ။ အဲဒီမှာ သရက်သီးမှည့်တာကို ရေးခါနီးမှာ မှည့်တဲ့ စကားလုံးကို ကျွန်တော်မေ့နေတာ၊ ripe ပါ။ ကျွန်တော် စဉ်းစားတာ ဘယ်လိုမှ စဉ်းစားလို့မရဘူး။ ဒါနဲ့ပဲ ကျွန်တော်လည်း မထူးဘူးဆိုပြီး - The fall is comedown to the earth. The mangoes are green to yellow … ဆိုပြီး ရေးလိုက်တယ်။

နောက်နေ့ကျတော့ အင်္ဂလိပ်ဆရာကြီး ဦးသန်းဝေက ကျွန်တော့်တစ်ယောက်တည်းကို ချီးကျူးတယ်။ ဝေါဟာရ ကြွယ်ရမယ်၊ လွယ်လွယ်လေးနဲ့ လှအောင်ရေးတတ်ရမယ်၊ အက်ဆေးဆိုတာ ရေးတတ်ရင် လွယ်တယ် ဘာညာဗျာ စုံနေတာပဲ။ ကျွန်တော်လည်း နည်းနည်းတော့ စိတ်ထဲမှာ ရှက်တာပေါ့။ ကိုယ်ကမေ့နေလို့ ရအောင်ရေးတာပဲ ရှိတာကိုး။

မုန့်စားဆင်းတော့ ကျွန်တော့်ကို မြတ်မိုလ်က ကွန်ကရက်ကျူလေးရှင်း လာလုပ်တယ်။ တော်တယ်ပေါ့ဗျာ။ ကျွန်တော် သူ့ကိုတော့ အမှန်အတိုင်း ရှင်းပြပါတယ်။

“ဒီလိုရေးနိုင်တာပဲ လွယ်လို့လား”

“ငါက အမှန်အတိုင်း ပြောပြတာပါ”

“ဘာပဲဖြစ်ဖြစ် ငါကတော့ နင့်ကို သဘောကျတယ်။ နင်နဲ့ ငါနဲ့ အင်္ဂလိပ်စာ ဆွေးနွေးမယ်ဟာ။ ငါက အက်ဆေးနည်းနည်း ညံ့တယ်ဟ”

မြတ်မိုလ်နဲ့ ကျွန်တော်ဆက်ဆံရေးက နင်/ငါဖြစ်သွားပါပြီ။ မြတ်မိုလ်ပြောတာနဲ့ ကျွန်တော်လည်း အင်္ဂလိပ်စာကို အသေအလဲ

www.foreverspace.com.mm

လုပ်ရတာပေါ့။ He die in action while fighting a battle . . . အစရှိတဲ့ မဟာဗန္ဓုလ အကြောင်းတွေ ဘာတွေဆို အလွတ်ကို ကျက်ပစ်လိုက်တာ…။ Text Book ထဲက မဟာဗန္ဓုလအကြောင်း တစ်ပုဒ်လုံး အလွတ်ရတဲ့ ကျွန်တော့်ကို မြတ်မိုလ်က အထင်တွေ ဘာတွေကြီးလို့…။

အဲဒီမှာပဲ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်တယ်။ မြတ်မိုလ်ကို စာပေးတော့မယ်လို့…။

ဘော်ဒါတွေအားလုံးက ဝိုင်းကန့်ကွက်ကြပါတယ်။ မဖြစ်နိုင်ဘူးပေါ့လေ။ အခင်မင်ပျက်တာပဲ အဖတ်တင်မယ်ပေါ့။ ကျွန်တော်ကတော့ ကျွန်တော့်ကိုယ်ကျွန်တော် ယုံတယ်။ မိန်းကလေးဆိုတာက တစ်ခါတစ်လေ ရုပ်ရည်ထက် အရည်အချင်းဆိုတာထက် အထင်ကြီးတာကို ပိုသဘောကျတတ်တယ် မဟုတ်လား။ ဘယ်မိန်းကလေးမှ အထင်မကြီးတဲ့လူကို မချစ်ဘူး။

ဒီတော့ ကျွန်တော် ရည်းစားစာ ရေးတယ်။

ရည်းစားစာရေးရတာ ၁၀တန်းဖြေရတာထက်တောင် ခက်သေးတယ်ဗျာ။ တစ်ပတ်လောက်ကြာတယ်။ ပြင်ဆင်၊ ဖြုတ်၊ ဖြတ်၊ ထပ်ဖြည့်၊ ပြန်ဖြုတ်တွေနဲ့ စုံနေတာပဲ။ နောက်ဆုံး လျှောက်လွှာ စာရွက်လေးနဲ့ လေးရွက်ရတယ်။

"မင်းတို့လိုက်ခဲ့ကွာ ငါက ဒီလိုပဲ စကားပြောရင်း အသာကပ်ထည့်မှာပါ"

ကျွန်တော် တောင်းပန်ပြီးခေါ်ပေမယ့် ဘယ်ကောင်မှ မလိုက်ဘူး။ သူတို့ကလည်း ကြိုက်နေတာကိုး… သူတို့လဲ စာမပေးရဲဘူး။ စာပေးမယ့် ကျွန်တော့်ကိုလည်း အားမပေးဘူးပေါ့ဗျာ။

www.foreverspace.com.mm

နောက်ဆုံး ဘယ်သန်တစ်ယောက်ပဲရတယ်။ သူကတော့ မြင့်မြင့်ရီလေး ရှိနေတာကိုး။

ဒါနဲ့ ကျောင်းဆင်းတော့ ကျွန်တော်ရယ် ဘယ်သန်ရယ် မြမိုလ်နဲ့ ခင်သက်ကြူနောက်ကို လိုက်လာကြတယ်။ အရင်ကလည်း မြတ်မိုလ်နဲ့ ကျွန်တော် ကျောင်းဆင်းရင် ဒီလိုပဲ စကားပြောပြီး ဘီအိုစီ အထိတော့ ပြန်နေကျပါ။ ဒီနေ့တော့ ကျွန်တော် ရင်နည်းနည်း တုန်နေတာ အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော် ရင်နည်းနည်း တုန်နေတာ အမှန်ပဲ။ ဒါပေမဲ့ စကားကို ထိန်းပြီးပြောပါတယ်။

"ပထမအစမ်းပြီးရင် ဆရာက လူပြန်ခွဲဦးမှာလား ရဲဝင်း"

"အင်း…ခွဲမယ်တဲ့၊ ဒါပေမဲ့ ကိုယ့်တွဲဖက်နဲ့ကိုယ် အဆင်ပြေ လို့ မခွဲချင်လည်း ရတယ်တဲ့"

"ဟာ…မြတ်မိုလ်ကတော့ ခင်သက်ကြူနဲ့ အရမ်းရင်းနှီး နေပြီ၊ တွဲဖက်တွေဘာတွေလည်း မရှိတော့ပါဘူး။ တကယ်တော့ သူငယ်ချင်းလို ညီအစ်မလို ဖြစ်နေပြီ၊ နော် ကြူ နင်ရော…နွယ်နီနဲ့ အဆင်ပြေရဲ့လား"

"သူကတော့ ထုံးစံအတိုင်းပဲ ထုံဆဲ ညံ့ဆဲပဲ။ ဒါပေမဲ့ဟာ နောက်တစ်ယောက်ဆိုတာတော့ ငါလည်း မပြောင်းချင်တော့ဘူး"

"အဲဒါ သံယောဇဉ်ပေါ့ဟ"

"ဒါပေါ့…"

သံယောဇဉ်လို့ စကားပြောပြီး ပြန်အလှည့်မှာ ကျွန်တော် စာကို မြတ်မိုလ် လွယ်အိတ်ထဲ ထည့်လိုက်တယ်။ ဘယ်သန်လည်း မြင်တယ်။ ကျွန်တော် ရင်တွေတုန်လို့…လက်ဖျားတွေ ချွေးစေးတွေ ရွဲပြီး အေးစက်နေတာပဲ။

○ ○ ○

www.foreverspace.com.mm

နောက်နေ့ ကျောင်းရောက်တော့ ကျွန်တော် မြတ်မိုလ်ကို မကြည့်ရဲဘူး။

မနက်က လက်ဖက်ရည်ဆိုင်မှာ ကျွန်တော့် စွန့်စားခန်းကို ဘယ်သန်က ပြောပြလို့…ဟိုကောင်တွေ ကျွန်တော့်ကို ကျိတ်မနာလို့ဖြစ်နေကြတာ…။ ကျွန်တော်သိသားပဲ။ ဒါပေမယ့် မြတ်မိုလ်ကိုတော့ မကြည့်ရဲဘူးဗျာ။ မုန့်စားကျောင်းဆင်းတော့ မြတ်မိုလ်က ဂါဒီယမ်း (အင်္ဂလိပ်စာ လေ့ကျင့်ရေးစာစောင်)ကလေးကိုင်ပြီး မြတ်မိုလ်က ကျွန်တော့်ခုံကို ရောက်လာတယ်။

ရင်တွေ တုန်လိုက်တာဗျာ။ ဟိုကောင်တွေလည်း ကျွန်တော့်ကို တအံ့တသြကို ဖြစ်လို့။ မြတ်မိုလ်က ပြုံးလို့ရယ်လို့ ကိုးဗျ။

"ရဲဝင်းရေ Verb Form ကတော့ ငါအဆင်ပြေသွားပြီ။ Word Form တွေပြဟာ‥ငါဖြေကြည့်တာ သိပ်မရဘူးဟ…ဒီနံပါတ် (d) ရဲ့ အစက T တဲ့။ အဲဒါ Teacher လား Technique လား"

www.foreverspace.com.mm

ကျွန်တော် ရင်တုန်ပန်းတုန်နဲ့ ဖတ်ရတယ်။

"ကမ္ဘာကြီးကို ပြောင်းလဲပေးနိုင်တာဆိုတော့ ဆရာ ဘယ်ဟုတ်ပါ့မလဲ၊ Technique ပေါ့ဟ"

မုန့်စားကျောင်း ဘယ်လို တက်သွားမှန်းတောင် ကျွန်တော် မသိလိုက်ဘူး။

နောက်နေ့တွေမှာလည်း မြတ်မိုလ်က ဒီလိုပဲဗျာ။ အရင်နေ့တွေကအတိုင်းပဲ။ စိတ်ဆိုးတာ၊ ကျွန်တော့်ကို ခပ်တန်းတန်း ဖြစ်သွားတာမျိုး လုံးဝမရှိဘူး။ ပေါက်စီ၊ ပျားတုပ်နဲ့ သခေါတောင် ကျွန်တော့်ကို လန့်နေကြတယ်။ ကျွန်တော်က စာထဲမှာ တစ်ပတ်ပြည့်ရင် အဖြေပေးပါလို့ ရေးထားတာကိုး။

တစ်ပတ်ပြည့်တဲ့ မနက်ကျတော့ ကျွန်တော့်ဘော်ဒါတွေနဲ့ ကျောင်းထိပ်မှာ ရပ်နေကြတယ်။ ကျွန်တော် ရင်တွေတုန်ပုံများ မပြောပါနဲ့တော့။ ကျန်တဲ့ကောင်တွေလည်း ကျွန်တော်နဲ့ရောပြီး ရင်တွေတုန်နေကြတယ်။ ၇နာရီ ထိုးခါနီး ၁၀မိနစ်လောက်မှာ မြတ်မိုလ်နဲ့ ခင်သက်ကြူ ရောက်လာကြတယ်။ မြမိုလ်က ကျွန်တော့်ကို ပြုံးပြပြီး အဆောင်နောက်ကို လာခဲ့နော်လို့ ပြောသွားတယ်။

ပျော်လိုက်တာဗျာ။ ကျွန်တော့် တစ်ကိုယ်လုံးကို လေတွေ တဟူးဟူးတိုက်နေသလိုပဲ။ ကျွန်တော်နဲ့ ဘယ်သန် ရောက်သွားတော့ မြတ်မိုလ်တစ်ယောက်တည်း စာအိတ်ကလေးကိုင်လို့ စောင့်နေတာခင်ဗျာ။ အသက်ရှူမတတ် ဖြစ်နေတဲ့ ကျွန်တော့်ကို မြတ်မိုလ်က စာအိတ်လှမ်းပေးရင်း ပြုံးပြီး ပြောတယ်။

"သစ္စာရှိရှိ ချစ်ရမယ်နော်…ရဲဝင်း"

မတ်တတ်က ငြိမ်သက် အိပ်မက်ထဲ နစ်မြုပ်နေသူလို

www.foreverspace.com.mm



ကျွန်တော် ကျန်ခဲ့တယ်။ ဘယ်သန်ပြောတော့ ကျွန်တော် ၂ မိနစ် နီးပါးလောက် အဲဒီလို ဖြစ်နေတာတဲ့။ ဘယ်သန်ရဲ့ ဖတ်လေကွာ ဖတ်လေကွာဆိုတဲ့ အသံကိုသာ မကြားရင် ကျွန်တော် ဘယ်လောက် ဆက်ပြီး အဲဒီလိုကြီး နေဦးမလဲ မသိဘူး။ စာအိတ်ကို ဖောက်တော့ ကျွန်တော့်လက်တွေ အရမ်းတုန်နေတယ်။

ရဲဝင်း ...

နင့် စာချစ်ကို ငါလက်ခံပါတယ်။

စာချစ်စာတွက်ကြောင့် ပညာရေး မထိခိုက်စေချင်တာ အနှုတ်မှန်ပါ။

နင်လည်း စာကြိုးစားနော် ...။ ငါ့ကို သစ္စာရှိရှိချစ်ပါ။

ခင်သက်ကြူ

"ဟာ... မဟုတ်ဘူး။ မဟုတ်ဘူး ... ခင်သက်ကြူ မဟုတ်ဘူး"

ကျွန်တော် သွေးရူးသွေးတမ်းနဲ့ အော်ပေမယ့် မြတ်မိုလ်က မရှိတော့ပါဘူး။ ဘယ်သန်က စာကို အတင်းလုဖတ်ပြီး ဘယ်လိုဖြစ်တာလဲလို့မေးတယ်။ ကျွန်တော်လည်း ဘယ်သိမှာလဲ။ ဘာတွေဖြစ်ကုန်တယ်ဆိုတာ ကျွန်တော် လုံးဝမသိနိုင်တော့ဘူး။

အတန်းထဲရောက်တော့ မြတ်မိုလ်က ပုံမှန်ပါပဲ။ ခင်သက်ကြူကလည်း ပုံမှန်ပါပဲ။ ကျွန်တော်ချက်ချင်း သွားရှင်းချင်ပေမယ့် အတန်းသားတွေနဲ့မို့ မုန့်စားဆင်းတဲ့အထိ စောင့်ရတယ်။ မုန့်စားဆင်းတော့ ကျွန်တော်တောင် သွားစရာမလိုပါဘူး။ မြတ်မိုလ်က ဂါးဒီးယန်း သတင်းစာကလေးနဲ့ ရောက်လာတယ်။

www.foreverspace.com.mm

"မြတ်မိုလ်...နင်မှားနေပြီမြတ်မိုလ်"

"ငါမှားနေပြီ...ဘာလဲ...ဩော် သိပြီ ခင်သက်ကြူကိုပါ မခေါ်ခဲ့လို့လားဟ ခင်သက်..."

"မဟုတ်ဘူး...မဟုတ်ဘူး...ငါစာပေးတာ ခင်သက်ကြူကို မဟုတ်ဘူး"

"ဟင်..ဒါဆို စာက ဘယ်လိုလုပ်ပြီး ခင်သက်ကြူ လွယ်အိတ်ထဲရောက်နေတာလဲ..ခင်သက်ကြူက ပြီးခဲ့တဲ့ ၃ရက်လောက်ကမှ ငါ့ကို တိုင်ပင်လို့ ငါက သဘောတူတယ်ဆိုပြီး သူ့ကို တိုက်တွန်းပေးရတာ"

"ငါက သူ့ကိုပေးတာမဟုတ်ဘူးဆို..."

"သူ့ကို မပေးရင် စာက ဘယ်လိုလုပ် သူ့ လွယ်အိတ်ထဲရောက်နေလဲ"

ကျွန်တော်လည်း မရှင်းတတ်တော့ဘူး။ နင့်ကိုပေးတာ မြတ်မိုလ်လို့ ကျွန်တော် မပြောရဲတာလည်း အမှန်ပဲ။ ကျွန်တော့်အကြောင်းသိသွားတော့ ပျားတုပ်တို့ကတော့ တဟားဟားပေါ့ဗျာ။ ကျွန်တော် မြတ်မိုလ်လွယ်အိတ်ထဲကို သေသေချာချာ ထည့်တာပါ။ ဒါပေမယ့် အဲဒီတုန်းက ရင်ခုန်နေတော့ ကျွန်တော်ပဲ မှားထည့်မိသလား။ ဘာမှ တွေးလို့မရတော့ဘူး။ ဘယ်သန်ကတော့ ကျွန်တော်စာထည့်တာ မြတ်မိုလ်လွယ်အိတ်လို့ပဲ ပြောတယ်။

သေချာတာကတော့ ခင်သက်ကြူက အဖြေပေးနေပြီ။ ရတာမလို လိုတာမရဆိုတဲ့ စကားပုံက ကျွန်တော်နဲ့ကွက်တိကို မှန်နေတာပေါ့ဗျာ။ ကျွန်တော့်အမှားက မြတ်မိုလ်ကို ပေးတဲ့စာမှာ နာမည်ထည့်မရေးဘဲ မင်းနဲ့ကိုယ်နဲ့ ရေးထားတာပါပဲ။ နောက်ဆုံး Sign

www.foreverspace.com.mm

ထိုးတော့မှ ကျွန်တော့်နာမည်ကို ထိုးလိုက်တာကိုး။

ပျားတုပ်ကတော့…

"အလကားနေရင်း ရည်းစားတစ်ယောက် ရတာပဲကွာ… ယူလိုက်ပေါ့ကွာ"တဲ့။ ကျွန်တော်မှ ခင်သက်ကြူကို မကြိုက်တာ။ ဘယ်လိုလုပ်ရမလဲ။ ခင်သက်ကြူကို အမှန်အတိုင်း ဖွင့်ပြောမယ် လုပ်တော့ သူငယ်ချင်းတွေက "သူက မင်းကို အဖြေပေးထားတာ …မင်းက ဒီလိုသွားပြောရင် ခင်သက်ကြူ အရမ်းရှက်သွားမှာပေါ့" တဲ့။

ဒါလည်း ဟုတ်တာပဲ။ မိန်းကလေးတစ်ယောက်ကို မချစ်တာ မချစ်လို့ရတယ်။ သူ့ဂုဏ်သိက္ခာကိုတော့ စော်ကားခွင့်မရှိဘူးဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော့်မှာ ဘာလုပ်ရမှန်းကို မသိပါဘူးဗျာ။ တကယ့် အရှုံးမီးဝိုင်းပါပဲ။ မြတ်မိုလ်ကိုလည်း ရှက်။ ခင်သက်ကြူကို လည်း မျက်နှာပူနဲ့ နောက်ဆုံးတော့ မြတ်မိုလ်ကိုပဲ အကူအညီတောင်း ရတယ်။

"ဒါဆိုရင်လည်း ပြီးရောလေ…ငါ ခင်သက်ကြူကို နားလည် အောင် ပြောပေးပါ့မယ်"

"တကယ်ပါဟာ … ဒီစာကို ငါပေးတာမဟုတ်ပါဘူး … တစ်ယောက်ယောက်က နောက်ပြီးထည့်တာပဲ နေမှာပါ ဘယ်လို လုပ်မလဲ"

"ခင်သက်ကြူ အဖြေပေးတဲ့စာသာ ငါ့ကိုပြန်ပေးပါ ငါ မပေး ပေးဘူးလို့ ပြောလိုက်ရင် ပြီးရောပေါ့…ဒီအကြောင်း နင် ဘယ်သူ့ ကိုမှတော့ မပြောရဘူးနော်"

"စိတ်ချပါဟာ"

www.foreverspace.com.mm

မြတ်မိုလ် ဘာတွေလုပ်လိုက်သလဲတော့ မသိဘူး။ ကျွန်တော်ကသာ မျက်နှာပူနေတာ ခင်သက်ကြူတော့ အေးအေးဆေးဆေး ခေါ်ခေါ်ပြောပြောပါပဲ။ မြတ်မိုလ်ကို ထပ်လိုက်တဲ့လူတွေ ရှိပေမယ့် တစ်ယောက်မှ မရကြပါဘူး။ ဒီလိုနဲ့ စာမေးပွဲ ဖြေကြရတယ်။

ကျွန်တော် စာမေးပွဲအောင်ပါတယ်။

ခွာကောင်းပေမယ့် မြင်းလိပ်ပြီး D တွေဘာတွေတော့ မပါဘူး။ မြတ်မိုလ်ကတော့ D နှစ်လုံးပါပြီး စိုက်ပျိုးရေးတက္ကသိုလ် ရသွားတယ်။ အမှတ်စာရင်းတွေ သွားထုတ်ပြီး တက္ကသိုလ်ဝင်ခွင့်တွေတင်ပြီးတဲ့နောက် တက္ကသိုလ်ရောက်မှ ကျွန်တော်နဲ့ ဗိုလ်တထောင် တက္ကသိုလ်အတူတူတက်ခဲ့ရတဲ့ ခင်သက်ကြူက ပြောပြတယ်။

"အဲဒီတုန်းက နင်စာထည့်တာ သူ့လွယ်အိတ်ထဲကိုပါပဲ… သူက နင့်ကိုမကြိုက်ဘူးဟ…ခင်တာတော့ အရမ်းခင်တယ်…အဲဒါကြောင့်မို့ ငါနဲ့ပေါင်းပြီး ကြံတာ…နင်ဖြစ်နေပုံကိုကြည့်ပြီး ငါတို့မှာ ရယ်ရခက် ငိုရအခက် သိလား"

ကျွန်တော် အချိန်တော်တော်ကြာအောင် မကျေမနပ်ဖြစ်နေတဲ့ စိတ်ဒုက္ခက လွတ်သွားပါတယ်။ ကျွန်တော် ပျဉ်းမနား တက္ကသိုလ်မှာ တက်နေတဲ့ မြတ်မိုလ်ကိုလည်း စိတ်မဆိုးတော့ပါဘူး။

အခုအချိန်မှာ ကျွန်တော်ချစ်တာကလည်း မြတ်မိုလ် မဟုတ်တော့ဘူးလေ။ တစ်ခုတော့ သင်ခန်းစာ ရလိုက်ပါတယ်။ ရည်းစားစာပေးရင် ကိုယ်ကပေးမှန်းသိအောင် ပေးရတယ်ဆိုတာ လေးပါ။

○ ○ ○

www.foreverspace.com.mm

# ကျွန်ုပ်နှင့် စာမေးပွဲအောင်စာရင်း

www.foreverspace.com.mm



www.foreverspace.com.mm



www.foreverspace.com.mm

ဇူလိုင်လထဲ ဝင်လာပြီဆိုရင်ပဲ ၁၀တန်းစာမေးပွဲတွေဖြေထားတဲ့ ကျွန်တော်တို့ ကျောင်းသားတွေရဲ့ ရင်ထဲမှာ ပုရွက်အုံတစ်အုံစီနဲ့ ဘင်ခရာတပ်ဖွဲ့တစ်ဖွဲ့စီ ရောက်လာတော့တာပဲ။

ဟုတ်တယ်လေ။ စာမေးပွဲကို ကျွန်တော်တို့က ဖြေနိုင်တယ်ဆိုပေမယ့် ပြတ်ပြတ်သားသား လှည့်မကြည့်ဘဲနေလို့ ရလောက်အောင် သေချာတာတော့ မဟုတ်ပါဘူး။ တစ်နေ့တော့ ဘယ်သန်က ကျွန်တော့်အိမ်ကို မေးခွန်းစာရွက်နဲ့ ရောက်တာတယ်။ ဘာလုပ်မလို့တုံးဆိုတော့ သူဖြေထားတဲ့ အမှတ်တွေပြန်တွက်မလို့တဲ့။ ကျွန်တော်လည်း ဒီကောင်နှစ်ခွန်း မပြောရဘူး။ သူ့အစီအစဉ်ကို သဘောကျသွားတယ်။ ကျွန်တော့် ရင်ထဲမှာလည်း ပုရွက်အုံတစ်အုံနဲ့ ဘင်ခရာတပ်ဖွဲ့တစ်ဖွဲ့ ရှိနေတာကိုး။ နေမထိထိုင်မသာ ရိုးတိုးရွတဖြစ်နေရတာ ရင်ခုန်နေရတာထက်စာရင် ကိုယ့်အမှတ်ကိုယ်တွက်ပြီး ယုံကြည်မှုရသွားတာ တော်သေးတာပေါ့။

ဒါနဲ့ ကျွန်တော်တို့လည်း လက်ဖက်ရည်ဆိုင်ကို ရောက်လာကြတယ်။ အိမ်ကလူကြီးတွေရှေ့မှာတွက်ရင် ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ မယုံကြည်ဘူးဆိုတာကြီး ပေါ်သွားမှာစိုးလို့ပါ။

ကျွန်တော်တို့ အမှတ်တွက်တဲ့နည်းက အနည်းဆုံးကို တွက်တဲ့နည်းပါ။

ဥပမာ အမှတ် ၂၀ပေးထားတဲ့အပုဒ်ကို ကျွန်တော်တို့ အကုန်ဖြေလာရင်တောင် ၁၄မှတ် ၁၅မှတ်ပဲ ယူတဲ့နည်းနဲ့ တွက်ကြတာ။ တွက်ပြီးတော့ ကျွန်တော်တို့နှစ်ယောက်စလုံး အောင်တယ်။

"ကျိန်းသေပါပြီကွာ ဒါတောင် ငါတို့အများကြီး လျှော့ထားသေးတာပဲ"

"ဟုတ်တယ် ဒီထက်တော့ ငါတို့ လျှော့မရနိုင်တာ ကျိန်းသေတယ်။ ဒီနှစ်တော့ အောင်ပါပြီကွာ..."

ဘယ်သန်လည်း ပြုံးပြုံးရွှင်ရွှင်ဖြစ်လာပြီး ကျွန်တော်တို့ စိတ်ချလက်ချ လက်ဖက်ရည်သောက်ကြတယ်။ ပြန်ခါနီးတော့ ဘယ်သန်က မှာတယ်"

"စာကလေး...အောင်စာရင်းထွက်တဲ့နေ့ ကန်ပေါင်ကဆိုင်မှာ ဆုံမယ်နော်"

"စိတ်ချပါ ငါလာခဲ့မယ်။ ဟိုကောင်တွေရော လာကြမှာမဟုတ်လား"

"လာမှာပေါ့ကွ ဘယ်သူက အိမ်မှာနေမှာလဲ"

ဟုတ်တယ်...ကျွန်တော်တို့တန်းက ၁၀ တန်း အောင်စာရင်းထွက်တာ တော်တော်ပျော်ဖို့ကောင်းတယ်။ ကျောင်းသားတွေ အားလုံးဟာ ညခုနစ်နာရီလောက်ကတည်းက ၁၀ တန်းအောင်စာရင်းကပ်မယ့်

www.foreverspace.com.mm

ရင်းကပ်မယ့် မြို့နယ်ကောင်စီရုံးရှေ့မှာ စောင့်နေကြတယ်။ ကိုယ့်အုပ်စုနဲ့ကိုယ် ပျော်ကြ၊ အော်ကြ စကားပြောကြ၊ ရင်ခုန်ကြနဲ့။ အချို့ကောင်မလေးတွေလည်း အစ်ကို၊ အဖေ ဦးလေးစတဲ့ အိမ်ကလူတွေနဲ့လာကြတယ်။ လက်ဆည်ကန်ကြီးနားက လက်ဖက်ရည်ဆိုင်တွေမိုးအလင်း ဖွင့်ပေးထားကြပါတယ်။

ည ၃ နာရီလောက်ဆိုရင် မြို့နယ်ကောင်စီရုံး ရှေ့မှာ စုရုံးစုရုံးလုပ်ပြီး အော်ကြ ဟစ်ကြတယ်။ ကပ်ပါတော့မို့…၁၀တန်းအောင်မှ ဘကြီးက အမွေခွဲပေးမယ် ပြောလို့ပါ။ ဘာညာ သွားအော်ကြပါတယ်။ မနက် ၆ နာရီ အရဏ်ဦးရောက်မှ ရုံးထဲက စာရွက်တွေကပ်ထားတဲ့ ဘောချပ်ကြီးတွေထုတ်လာ…ကျွန်တော်တို့ အသံမျိုးစုံအော်ဟစ်ပြီး ပြေးကြည့်။ အောင်တဲ့ကောင်တွေ ပျော်ကြ၊ အော်ကြ။ ကျတဲ့ကောင်တွေကလည်း အော်ကြ၊ ကောင်မလေးတွေကတော့ ကျရင်ငိုပေါ့လေ။ စက်ဘီးတွေ၊ ဆိုက်ကားတွေ၊ ကားတွေ ရှုပ်ယှက်ကိုခတ်နေကြတာပဲ။

ဒါ…ကျွန်တော်တို့ သင်္ဃန်းကျွန်းက အောင်စာရင်းထွက်တဲ့ညပါ။

တောင်ဥက္ကလာ ကျတော့တစ်မျိုးခင်ဗျ။ သူတို့ ပညာရေးမှူးရုံးက ည ၁၂နာရီကတည်းက ရုံးထဲကနေပြီး အောင်စာရင်းကိုလော်စပီကာနဲ့ အော်ပေးပါတယ်။ ခုံနံပါတ်နဲ့ နာမည်ကို နှစ်ကြိမ်စီအော်ပေးပါတယ်။ ကိုယ့်နာမည်နဲ့ ခုံနံပါတ်ပါတဲ့ ကောင်ကပျော်…အော်‥မပါတဲ့ကောင်က ငါများ နားလျှမ်းသွားလေသလား၊ အော်တဲ့လူပဲ မျက်စိလျှမ်းပြီး ကျော်သွားတာလားဆိုပြီး ရင်တခုန်ခုန်နဲ့ နောက်တစ်ခါအော်တာကို ပြန်စောင့်ရတယ်။ သူတို့နည်းကလည်း ပျော်စရာ

www.foreverspace.com.mm

ကောင်းပါတယ်။

အောင်စာရင်းထွက်တဲ့ ဇူလိုင် ၂၀ရက်နေ့ ည ၈နာရီကျော်မှ ကျွန်တော် ကန်ပေါင်ပေါ်ကဆိုင်ကို ရောက်သွားပါတယ်။ နောက်ကျလို့ ကျွန်တော့်ကို အားလုံးက ဝိုင်းဆဲကြတယ်။ ကျွန်တော်က အဲဒီအချိန်မှာ ကျူရှင်တစ်ခုမှာ ဖယောင်းလက်ရေးရေးတဲ့လူ ဝင်လုပ်နေတာပါ။ ဖယောင်းတစ်ရွက်ကို ၅ိ/ရပါတယ်။ အညောင်းထိုင်ရတာကလွဲလို့ တော်တော်လေး အဆင်ပြေတဲ့အလုပ်ပါ။ အဲဒီနေ့က ဆရာက Notes တွေထုတ်ပြီး ကျွန်တော့်ကို သူလိုချင်တဲ့ပုံစံ မှာနေလို့ ကြာသွားတာ။

ကျွန်တော်တစ်ယောက်တည်း လွယ်အိတ်ကလေးနဲ့ပေါ့လေ။ ကျန်တဲ့လူတွေ အားလုံးကတော့ ပေါ့ပေါ့ပါးပါးပါပဲ။ ကျွန်တော်တို့ ဝိုင်းမှာ လူစုံပါတယ် မမြင့်ရီလေးရော၊ မူမူသန့်ရော စန္ဒာဝင်းရော ကျွန်တော်တို့အုပ်စုကတော့ လူစုံပေါ့။ ကိုးနာရီလောက်မှာ ကျောင်းသားတွေ တော်တော်ရောက်ပြီး ဟိုနားတစ်စု ဒီနားတစ်ဖွဲ့နဲ့ လက်ဖက်ရည်ဆိုင်တွေထဲကိုလည်း တဖွဲဖွဲဝင်လာနေတယ်။

မြတ်မိုလ်လည်း ဆိုက်ကားတစ်စင်းနဲ့ ရောက်လာတယ်။ သူ့အမေကြီးလည်းပါတယ်ခင်ဗျ။ အိမ်က ညလုံးပေါက်နေဖို့ ပြောလို့မရလို့ အိမ်ထဲမှာလည်း နေလို့မရတာနဲ့ ထွက်လာတာတဲ့။ ခဏနေပြီး ပြန်သွားတယ်။ မနက် ၅နာရီလောက်မှ လာခဲ့မယ်လို့ ပြောသွားတယ်။ ကျန်တဲ့ မိန်းကလေးတွေကတော့ အေးဆေးပဲ၊ မိုးလင်းအထိ နေကြမှာ။

၁၀ နာရီလောက်မှာ မိုးက ဝေါခနဲထိုးရွာပါတယ်။

ပြေးကြ လွှားကြ လက်ဖက်ရည်ဆိုင်ထဲ အတင်းတိုးဝင်ကြနဲ့

www.foreverspace.com.mm

ဆိုင်ထဲမှာ လူတွေကိုပြည့်သွားတာပဲ။ တချို့ ကျောင်းသားတွေက တော့ မဝင်ဘူး။ မိုးရေထဲမှာ အော်ကြပျော်ကြနဲ့။

"ဒါ… အတိတ်နိမိတ်ကောင်းတယ် … အေးချမ်းမယ့် သဘောပေါ့…ဒီနှစ် အောင်ချက်ကောင်းတယ်တဲ့ဟ"

"အေးဟာ..မြတ်မိုလ်က နေခဲ့ဖို့ကောင်းတယ်…ဒီလို ညမျိုးက အစားပြန်ရတာမဟုတ်ဘူး"

"ရပါတယ် မူမူသန့်ရာ…နင် ဒီနှစ်ကျရင် နောက်နှစ်ရတာ ပေါ့"

"ခွေးကောင် ပါးစပ်ပုပ်ကြီးနဲ့"

"ဟဲ့…မြတ်မိုလ်က သူ့အသိတစ်ယောက်နဲ့ လိုက်ပြီး ကြည့် ပြီးပြီ…သူ အောင်တယ် 2 D တဲ့"

"အလကားပါဟာ…ဒါမျိုးတွေက ရိုးနေပါပြီ… အောင်စာ ရင်းမထွက်ခင် အောင်တယ် ဘာညာ.. ပြီးတော့ ကျတာတွေ တစ်ပုံ ကြီး"

မိုးက ၁၅ မိနစ်လောက်ရွာပြီး တိတ်သွားတယ်။ ကောင်းကင် မှာ ကြယ်တွေဘာတွေထွက်လို့။ ကျွန်တော်တို့က ညဥ့်နက်လေ ပို ရင်ခုန်ရစေလေပဲ။ ကောင်းကင်ကြီးကိုငေးရင်း ၁၀တန်း အောင်ရင် ငါဘာလုပ်မလဲလို့ တွေးနေမိတယ်။ ကျွန်တော့် အနာဂတ်က မသေချာ ဘူး။ ဆယ်တန်းအောင်စာရင်းဆိုတာကလွဲပြီး ရှေ့ကို ဘာမှ တိုးကြည့် လို့ မရခဲ့ဘူး။ GTI ဖြေမလား။ နတ်မောက်ကျောင်းပဲ တက်ရမလား။ စာပေးစာယူတက်ရင်း စာရေး လုပ်ရမလား။ မေးခွန်းတွေကသာ များတယ် အဖြေကမရှိဘူး။ သေချာတာတစ်ခုက အဲဒါတွေအားလုံး ကျွန်တော် ဘာမှ မလုပ်ချင်ဘူးဆိုတာပါပဲ။

www.foreverspace.com.mm

ဘယ်သန်နဲ့ မမြင့်ရီလေးက လက်ကလေးတွေ ဆုပ်ကိုင်ထားရင်း သူတို့ရှေ့ရေးကို တွေးနေကြတယ်။ ဘယ်သန်က တက္ကသိုလ်ဆက်တက်ချင်တယ်။ မမြင့်ရီလေးက လုပ်သားများကောလိပ်တက်ရင်း သူ့အစ်မရဲ့ စက်ရုံမှာ ဝင်အလုပ်လုပ်ချင်တယ်။ ပျားတုပ်က ဝက်ခြံညစ်နေတယ်။ ပေါက်စီနဲ့ သခေါက ကျားခုံတစ်ခုံယူပြီး ကျားရွှေ့နေကြတယ်။ စန္ဒာဝင်းနဲ့ မူမူသန့်က တစ်ယောက်နဲ့တစ်ယောက် မှီပြီး ငိုက်နေကြတယ်။

ကျွန်တော် မူမူသန့် ငိုက်နေတာကိုကြည့်ပြီး သူ့ကို ချစ်ချင်လာတယ်။ လူ့စိတ်ဆိုတာ တော်တော်လေး ဆန်းကြယ်ပါတယ်။ မူမူသန့်နဲ့ ကျွန်တော်သိတာ ၂ နှစ်ကျော်ပြီ။ သူ့ကိုချစ်ဖို့ ကျွန်တော် တစ်ခါမှ မစဉ်းစားခဲ့ဖူးဘူး။ အခု ဘာဖြစ်လို့ ဒါကို သွားတွေးမိမှန်းလည်း ကျွန်တော်မသိဘူး။ မူမူသန့်ကို ငါလိုက်ရင်ရမှာပဲလို့ ကျွန်တော် တွေးနေမိတယ်။

အဲဒီအချိန်မှာ ကျောင်းသားတွေ ဟေးခနဲ အော်တဲ့ အသံကြောင့် အားလုံးလန့်ဖြန့်ပြီး ထကြည့်ကြတယ်။ အလကား…ဘာမှ မဟုတ်ပါဘူး။ ည ၃နာရီဆိုတော့ ငိုက်နေ ငြိမ်နေတဲ့ ကျောင်းသားတွေကို တမင်လန့်အောင် လုပ်နေတာ။

“ဟေ့ကောင်တွေ…ငါတို့ ရုံးရှေ့သွားရပ်ရအောင်ကွာ…တစ်နာရီလောက်ပဲလိုတော့တာကွ”

ကျွန်တော်တို့ ရုံးရှေ့ရောက်တော့ နည်းနည်းလန်းဆန်းသွားတယ်။ ကိုယ့်သူငယ်ချင်း အတန်းဖော်တွေကို တွေ့ပြီး နှုတ်ဆက်ကြ စကားပြောကြပေါ့။ တချို့ကျောင်းသားတွေက ကျွန်တော်တို့ ကျောင်းက မဟုတ်ပါဘူး။ တခြားကျောင်းကပါ။ ကျူရှင်မှာသိကြတာ။

www.foreverspace.com.mm

မနက် ရောင်နီမပျို့ခင် ကောင်းကင်က ပြာလာတယ်။ ကျွန်တော်တို့တစ်တွေ အော်ဟစ်နေလို့ ရုံးထဲကဝန်ထမ်း တစ်ယောက်က ပညာရေးမှူးရုံးက စာရွက်မလာသေးကြောင်း ထွက်ပြောတယ်။ ဒါလည်း မရပါဘူး။ အော်ကြတာပါပဲ။

မနက်လေးနာရီခွဲလောက်မှာ ခုံနံပါတ်ကပ်ထားတဲ့ သင်ပုန်းတွေကို သံဆန်ခါနောက်မှာ လာထောင်ချပေးတယ်။ ဘာပြောကောင်းမလဲ။ တိုးလိုက်ကြတာ ကျွန်တော်လည်း ဇောနဲ့ဝင်တိုးတယ်။ စာရွက်တွေနား မရောက်ခင် လူညှပ်တဲ့ဒဏ် မခံနိုင်တာနဲ့ ပြန်ထွက်လာခဲ့တယ်။

အောင်တဲ့ကျောင်းသားတွေ လူအုပ်ထဲကနေ အော်ဟစ်ပြီး ထွက်လာကြတယ်။ တစ်ယောက်များဆို အင်္ကျီ ချွတ်လွှင့်ပစ်ပြီး တစ်ပတ်ကျွမ်းထိုး…ပြီးတော့ လက်နှစ်ဖက်မြှောက်ပြီး ကွင်းထဲမှာ လျှောက်ပြေးနေတာပဲ။ အင်းပေါ့လေ… ဝဋ်ကျွတ်သွားရှာပြီကိုး။ အဲဒီလူတွေမြင်ရလေ ကိုယ့်အတွက် ရင်ခုန်လေပါပဲ။ ကျွန်တော် ဒုတိယအကြိမ် ထပ်တိုးတယ်။ မရဘူး။ ပြန်ထွက်လာတာပါပဲ။ သူငယ်ချင်းတွေလည်း ကွဲကုန်ပြီ။ ကျွန်တော်လည်း စိတ်ပျက်လာတာနဲ့ သရက်ပင်အောက်မှာရပ်ပြီး ဆေးပေါ့လိပ် သောက်နေလိုက်တယ်။

"စာကလေး…စာကလေး ငါ့နာမည် ကြည့်ပေးပါဟာ"

မူမူသန့်က မျက်စိမျက်နှာပျက်နဲ့ ရောက်လာတယ်။

"လူတွေအရမ်းတိုးနေလို့ဟ…ခဏနေရင် စဲသွားမှာ ပါဟာ"

"ဒုက္ခပါပဲဟယ်…ငါ အောင်ပါ့မလားမသိဘူး ဒုက္ခပါပဲ"

မူမူသန့်က သူ့လက်ချောင်းတွေကို သူ့ဘာသာ ဆုပ်ကိုင်ထားရင်း ကျွန်တော့်နားမှာ မျက်စိပျက် မျက်နှာပျက်နဲ့ ရပ်နေတယ်။

www.foreverspace.com.mm

သူ့ပုံစံက ငိုတော့မယ့်ပုံစံပဲ။ အခု သေသေချာချာကြည့်တော့ ကျွန်တော် သူ့ကို မကြိုက်ချင်တော့ဘူး။ ဘာဖြစ်လို့လဲတော့ မသိဘူး။

"ပျားတုပ်တို့ ပေါက်စီတို့ ဘယ်ရောက်ကုန်ပြီလဲ"

"တိုးနေကြမှာပေါ့…ဒီကောင်တွေက ဗလကောင်းတာပဲ"

"ဒုက္ခပါပဲဟယ်‥ဒီကောင်တွေကလဲ နင် ထပ်တိုးပါလား ငါ့ ခုံနံပါတ်က ၉၁၈ နော်"

"မရသေးဘူးဟ…ခဏနေမှ"

ခဏနေတော့ ပျားတုပ်နဲ့ ပေါက်စီထွက်လာတယ်။ အော်လို့ ပျော်လို့…။

"အောင်တယ်…အောင်တယ်…ငါတို့အားလုံး အောင်တယ် …စာကလေး မင်းလည်းအောင်တယ်"

"ဟယ်…ငါရော…ငါရောဟင်…ပေါက်စီ"

"နင်လည်းအောင်တယ်…"

"ဟုတ်လို့လားဟာ…ငါ့ ခုံနံပါတ်က ၉၁၈နော်…နင် မနောက်နဲ့ဟာ"

"ဟာ…အောင်ပါတယ်ဆိုမှပဲ စန္ဒဝင်းရော… မမြင့်ရီရော… မြတ်မိုလ်လည်း အောင်တယ်… Dတော့ တစ်ယောက်မှ မပါဘူး"

လူခဏစဲလို့ ဝင်တိုးကြတော့ ပေါက်စီပြောတာ ဟုတ်ပါ တယ်။ ကျွန်တော်တို့အဖွဲ့ အကုန်အောင်တယ်။ ကျွန်တော့် တစ်ကိုယ် လုံးဟာ ပေါ့ပါးလွတ်လပ်သွားတယ်။ တစ်ခုခု တစ်နေရာရာက လွတ် မြောက်သွားသလိုလည်း ခံစားရတယ်။ အဲဒီခံစားမှုဟာ ကျွန်တော် တို့အားလုံးရင်မှာ ရှိနေတယ်။ မြတ်မိုလ် ရောက်လာတော့ အောင်

www.foreverspace.com.mm

တယ်လို့ သတင်းပေးကြတယ်။ မြတ်မိုလ်က ကိုယ်တိုင်သွားကြည့်ပြီး D ဓါလို့ မျက်ရည်ဝဲတော်မူသေးတယ်။ ကျွန်တော် မြတ်မိုလ်ကို ကြိုက်မိတာ တော်တော် နောင်တရသွားတယ်။ ကျွန်တော်က အဲဒီလို ဟန်ဆောင် အပိုလုပ်တဲ့ လူဆို အလွန်မုန်းပဲ။

ကျွန်တော်တို့အားလုံး မုန့်ဟင်းခါးစားပြီးတော့ မနက် ၈ နာရီ လောက်ရှိနေပြီ။

ဒီနှစ်…အောင်ချက်ကောင်းပါတယ်။ ကျွန်တော်တို့ နှစ်ကျ တန်းထဲက တော်တော်လေးအောင်ကြတယ်။ မုန့်ဟင်းခါးစားပြီးတော့ ပေါက်စီ၊ ပျားတုပ်၊ သခေါနဲ့ ဘယ်သန်တို့က ဒီနေ့ လျှောက်သွား မယ်လို့ အစီအစဉ်ဆွဲကြတယ်။ အိမ်မပြန်ကြတော့ဘူးပေါ့လေ။ တစ်ညလုံး မအိပ်ရသေးပေမယ့် ကျွန်တော်တို့အားလုံး လန်းနေတာပဲ။

"ငါတို့ အိမ်ပြန်ပြောရင်းနဲ့ ပိုက်ဆံပြန်တောင်းဦးမယ် ဘယ်မှာ ပြန်ဆုံကြမလဲ"

"ဟာ…ငါတို့ အိမ်မပြန်တော့ဘူးဟာ…အိမ်ရောက်ရင် ပြန်ထွက်ဖို့က မလွယ်တော့ဘူး…ပိုက်ဆံပါသင့်သလောက်တော့ ပါပါ တယ်"

"အေးဟ…ငါတို့လည်း အိမ်ပြန်မပြောတော့ဘူး…အမှတ် တရပဲဟာ သွားကြမယ်"

နောက်ဆုံးတော့ အုပ်စုနှစ်စုကွဲပြီး ကျွန်တော်၊ သခေါနဲ့ မိန်းကလေးလေးယောက်က လက်ဖက်ရည်ဆိုင်က စောင့်မယ်၊ ဟိုကောင်တွေက အိမ်ပြန် ပိုက်ဆံယူကြတယ်။

"ငါတို့ သူငယ်ချင်းတွေ နောက်ဆိုရင် အခုလို ဆုံနိုင်ကြ တော့မှာ မဟုတ်ဘူး"

www.foreverspace.com.mm

"အေးပေါ့ဟာ … ၁၀တန်းအောင်ရင် သွားစရာလမ်းတွေက အများကြီးပဲဟာ … တစ်ယောက်နဲ့တစ်ယောက် ဘယ်တူနိုင်တော့မှာလဲ"

"ဟုတ်တယ် … တို့တစ်တွေ လူ့ဘဝကြီးထဲကို တိုးဝင်ရတော့မှာ"

အဲဒီစကားတွေကို ဆရာကြီးလေသံနဲ့ ကျွန်တော်တို့ ခပ်တည်တည် ဟန်လုပ်ပြီး ပြောနေကြတာပါ။ တကယ် အဲဒီလို ယုံကြည်ခံစားနေရလို့ မဟုတ်ပါဘူး။ ၁၀ တန်းအောင်တာနဲ့ ကျွန်တော်တို့ဟာ ချက်ချင်း ရင့်ကျက်သွားပြီဆိုတဲ့ Style ကို ဖမ်းကြတာပါ။

"ဟိုကောင်တွေ ပြန်လာရင် BOC မှာ ဓာတ်ပုံဝင်ရိုက်ကြမယ်ဟာ… ပြီးတော့ တစ်ယောက်တစ်ပုံစီကူးထား… တို့ သူငယ်ချင်းတွေအားလုံး တစ်သက်လုံးအတွက် အမှတ်တရပေါ့ဟာ"

"ဟုတ်တယ်…အမှတ်တရပေါ့… ဓာတ်ပုံနောက်ကျောမှာလည်း Sign တစ်ယောက်စီ ထိုးကြမယ်"

"အေး… ကောင်းတယ် ဒီဓာတ်ပုံဟာ နောက်ဆယ်နှစ်လောက်ကြာရင် ငါတို့အားလုံးအတွက် အမှတ်တရပဲ"

ဒီနေ့အတွက် ပြောလို့အကောင်းဆုံး စကားလုံးဟာ 'အမှတ်တရ' ဆိုတာပါပဲ။ တရုတ်သိုင်းကားတွေထဲမှာ ညီအစ်ကို ဖွဲ့ကြသလို ကျွန်တော်တို့အားလုံးဟာ ထာဝရအမှတ်တရ သူငယ်ချင်းဖြစ်သွားကြတယ်။ ကျန်တဲ့လူတွေကထားပါ။ မြတ်မိုလ်ဆို ဒီနှစ်မှစတွေ့ကြတာ။ ဒါပေမယ့် သူလည်း ငယ်ပေါင်းပုံစံပဲ။ မူမူသန့်ဆိုလည်း မနှစ်က အတန်းမတူဘဲ တစ်ကျောင်းတည်းတက်ခဲ့တယ်။ ဒီနှစ်

www.foreverbooks.com.mm

အတန်းတူပေမယ့်လည်း တစ်နှစ်လုံး ကျွန်တော်တို့နဲ့ အတွဲတော့ မဟုတ်ဘူး။ ဒါပေမယ့် သူလည်း အမှတ်တရ ထာဝရပဲ။

"တို့တစ်တွေ ဘာလုပ်လုပ် ဘယ်ရောက်ရောက် တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်မပြတ်ကြေးနော် ... အမြဲတမ်း သတိပေးရမယ်"

မူမူသန့်က ကတိတွေဘာတွေတောင်းတယ်။ မိန်းကလေးဆိုတာ ဒီလိုပါပဲ။ Auto ရေးတာတို့ သိပ်လုပ်တာ။ ပြီးတော့ ဘာမှလည်း မဟုတ်ပါဘူး။ ဒါပေမယ့် ဒီနေ့တော့ ကျွန်တော်လည်း သူတို့ပြောတာတွေကို မဆန့်ကျင်ချင်ဘူး။ ဘာပဲဖြစ်ဖြစ် သဘောတူနေမိတယ်။

"၁၀ နာရီတောင် ထိုးတော့မယ်ဟာ... ဟိုကောင်တွေလည်း ကြာလိုက်တာ"

မမြင့်ရီက သည်းမခံနိုင်သလို ပြောတယ်။ ဟုတ်တယ်။ အောင်စာရင်းလာကြည့်တဲ့လူတွေတောင် တော်တော်ပါးသွားပြီ။ ခုနက တိုးကြိတ်နေတဲ့ စာရွက်တွေရှေ့မှာ လူတစ်ယောက် နှစ်ယောက်ပဲ ရှိတော့တယ်။

"ဟဲ့...ရဲဝင်း ဒီလိုလုပ်ပါလား... ငါတို့အားလုံး အမှတ်တရ ဖြစ်သွားအောင် ငါတို့ အောင်စာရင်းပါတဲ့ စာရွက်တွေကို သွားဖြုတ်ရအောင်ဟာ... အမှတ်တရ သိမ်းထားလို့ ရတာပေါ့"

မူမူသန့်စကားကြောင့် ကျွန်တော် နည်းနည်းတွေဝေသွားတယ်။ သူပြောတာ အမှတ်တရဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် အောင်စာရင်းတွေဖြုတ်ဖို့ဆိုတာက တော်တော်မလွယ်တဲ့ ကိစ္စဆိုတာ ကျွန်တော် နားလည်တယ်။ ပြီးတော့ အောင်စာရင်းထွက်တဲ့ ခုံနံပါတ်က

www.foreverpage.com.mm

အက္ခရာနဲ့ဖြတ်ထားတာ။ ကျွန်တော်က 'ရဲဝင်း' ဆိုရင် နောက်ဆုံး အက္ခရာ 'ဝ' ကိုယူပြီး စီတာ။

"မလွယ်ဘူးဟ… အားလုံးပါအောင်ဆို စာရွက်တွေ အများကြီးဖြတ်ရမှာ"

"နင်ကလည်း ဘာဖြစ်လဲဟာ…အမှတ်တရပဲဟာ…နော်"

မူမူသန့်ရဲ့စကားကို အားလုံးက ထောက်ခံနေကြတယ်။ ဒီနေ့တော့ အမှတ်တရဆိုတဲ့ စကားသာပါ အားလုံးက ထောက်ခံကြတော့မှာ သေချာတယ်။

"ဟုတ်တယ်ကွာ… ဒါမှ အမှတ်တရကွ"

သခေါကလည်း ထောက်ခံတယ်။ နောက်ဆုံးတော့ ကျွန်တော်လည်း မလွန်ဆန်နိုင်တော့ဘဲ အောင်စာရင်းတွေ ကပ်ထားတဲ့နားကို သွားပြီး လူရှင်းတာနဲ့ သခေါနဲ့ ကျွန်တော် စာရွက်တွေဖြတ်လာကြတယ်။ အားလုံးလေးရွက်။

ပြီးတော့ ကျွန်တော်တို့ အူတွေဘာတွေမြူးပြီး ကျေနပ်နေကြတယ်။ ခက်တာက ဟိုကောင်တွေ ခုထိမလာကြသေးဘူး။ စာရွက်တွေကို ကျွန်တော်က လွယ်အိတ်ပါတဲ့လူဆိုတော့ ကျွန်တော့် လွယ်အိတ်ထဲ ခေါက်ပြီးထည့်ထားရတယ်။ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်ပြန်လာပြီး ၁၀ မိနစ်လောက်လည်း ကြာရော၊ အောင်စာရင်းထွက်တဲ့ ရှေ့မှာ လူတွေ စုရုံးစုရုံးနဲ့ ရပ်နေကြတာ တွေ့ပါတယ်။ အောင်စာရင်းကြည့်တာ လူရှင်းသွားပြီဆိုပေမယ့် လာတော့ ကြည့်ကြတုန်းပါ။။

တချို့ ကောင်မလေးတွေလည်း အစ်ကိုတွေ မောင်တွေ အဖေတွေ ကြည့်ပေးပြီး အောင်တယ်ဆိုမှ လာကြည့်ကြတာတွေ ရှိတယ်။

www.foreverspace.com.mm

"အောင်စာရင်းစာရွက်တွေ ဘယ်ကောင်ဖြုတ်သွားတာလဲကွ"ဆိုတဲ့အသံနဲ့ ဘောနားမှာ စုရုံးစုရုံး လူပိုများလာတော့ ကျွန်တော်တို့အုပ်စု လန့်သွားကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီး ငြိမ်သွားကြတယ်။ အမှန်ဆို ကျွန်တော်တို့ မလုပ်သင့်တဲ့ကိစ္စဆိုတာလည်း အားလုံးသိပါတယ်။ ကျောင်းသားဆိုတာက အောင်တယ်လို့ပြောပေမယ့် ကိုယ့်နာမည်တော့ ကိုယ်ကြည့်ချင်ကြတဲ့ လူချည်းပါပဲ။ ကျွန်တော်တို့လည်း အဲဒီနာမည်ကို ကြည့်ဖို့အတွက် တစ်ညလုံး ဒီကို လာစောင့်ကြတာမဟုတ်ဘူး။ သိပြီးတဲ့ကျောင်းသားဆို ကိစ္စသိပ်မရှိပေမယ့် အခြေအနေ အကြောင်းကြောင်းအရ အခုမှ ကြည့်မယ့်ကျောင်းသားဆို တော်တော်ဒုက္ခရောက်တော့မှာ အမှန်။

"ပြဿနာတော့ တက်ကုန်ပြီ… ငါတို့ ဘယ်လိုလုပ်ကြမလဲ"

ဘယ်သူမှ ဘာမှပြန်မပြောကြဘူး။ အဲဒီအချိန်မှာ ကျောင်းသားသုံးလေးယောက်က ဒေါတွေဘာတွေကန်နေကြပြီ။ ရုံးထဲက တာဝန်ရှိသူတွေလည်း ထွက်လာကြပြီး တော်တော်အကျပ်ရိုက်နေကြတယ်။ တာဝန်ရှိတဲ့ ရဲသားနှစ်ယောက်ကလည်း စာရွက်တွေကို ကြည့်နေကြတယ်။ ရဲတွေဘာတွေ ရောက်လာပြီဆိုတော့ ပြဿနာကကြီးပြီဆိုတာ သေချာသွားပါတယ်။

"အဲဒါဆို ငါတို့လစ်ကြမလား…ဟိုကောင်တွေကို တစ်နေရာက စောင့်မယ်"

"မဟုတ်သေးဘူး သခေါ… အောင်စာရင်းမကြည့်ရသေးတဲ့ကျောင်းသားပါရင် ဘယ်လိုလုပ်မလဲ… ငါတို့မှားတာကွ… မလုပ်သင့်တာကို သွားလုပ်မိတာ… မူမူသန့် အဲဒါ နင်စတာ"

www.foreverspace.com.mm

"အေးပါဟယ်…ငါလည်း လူရှင်းပြီဆိုပြီး စဉ်းစားမိတာပါ"

ကျွန်တော်တို့ ဘာဆုံးဖြတ်ရမှန်းမသိချိန်မှာ ရဲသားတစ်ယောက်က ကျွန်တော်တို့ဆိုင်ထဲကို ဝင်လာပါတယ်။ ကျွန်တော်တို့အားလုံး လန့်ပြီး တိတ်သွားကြတယ်။ ကောင်မလေးတွေ မျက်နှာမှာလည်း သွေးမရှိတော့ဘူး။ သခေါကတော့ သူမကြောက်ဘူးဆိုတဲ့ Style နဲ့ သီချင်းကို လိုက်ညည်းနေတယ်။ ကျွန်တော်က အကြောက်ဆုံးလူဆိုတာ ဝန်ခံပါတယ်။ စာရွက်တွေက ကျွန်တော့လွယ်အိတ်ထဲမှာ ရှိနေတာကိုး။

ရဲသားကြီးက ဟိုကြည့် ဒီကြည့်နဲ့ ဒါမျိုးကိစ္စဆိုတာ အဖမ်းခံရတတ်သလား ဘာလားမသိပေမယ့် ရဲသားကို ကြောက်နေမိတာတော့ အမှန်ပဲ။ ကြောက်ပါတယ်ဆိုမှ ကိုရွှေရဲသားက ကျွန်တော့်တို့ခုံကို လျှောက်လာပြီး မေးပါတယ်။

"မင်းတို့ ဒီမှာထိုင်နေတာ ကြာပြီလား"

"ဟုတ်ကဲ့… သမီးတို့ ထိုင်နေတာ ကြာပါပြီ"

ဘယ်သူမှ ရုတ်တရက်ပြန်မဖြေနိုင်ကြဘူး။ ကျွန်တော် ဆိုဖျပ်ခနဲ အေးစက်သွားပြီး ပါးစပ်ထဲမှာလည်း ဘာအရသာကြီး ဖြတ်ပြေးသွားမှန်းကို မသိဘူး။

မြတ်မိုလ်က ဖြေလိုက်တာ…။ မိန်းကလေးတွေဟာ အားနွဲ့တယ် ဘာတယ်နဲ့ တခါတလေမှာ ယောကျာ်းလေးတွေထက် အသည်းကောင်းတယ်ဆိုတာ အမှန်ပါပဲ။

"မင်းတို့ ၁၀တန်းအောင်စာရင်း လာကြည့်တာမဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းတို့ကြည့်တုန်းက စာရွက်တွေစုံလား"

www.foreverspace.com.mm

"ဘာပြောတာလဲရှင့်… သမီး နားမလည်ဘူး"

"အေးကွာ… အောင်စာရင်း စာရွက်တွေကပ်ထားတာ ဘယ်ကျောင်းသားကများ ဖြုတ်သွားလဲမသိဘူး…အလကား နေရင်းကွာ ကိုယ်မအောင်လည်း အေးဆေးပြန်ပေါ့… စာရွက် ဖြုတ်တာတွေ ဘာတွေ မင်းတို့တွေ့သေးလား"

"သတိမထားမိဘူးရှင့်…သမီးတို့လည်း အားလုံး အောင်တာနဲ့ ဒီမှာ သူငယ်ချင်းတွေကို စောင့်နေတာ… တစ်နေရာ သွားကြမလို့"

ရဲသားကြီးက မကျေမနပ် မြည်တွန်တောက်တီးရင်း ထွက်သွားပါတယ်။ ကျွန်တော်ကတော့ စကားကို တစ်ခွန်းမှ မဟရဲတာ ခင်ဗျ။ မြတ်မိုလ်က အေးဆေးဖြေတာကိုကြည့်ပြီး ကျွန်တော် မြတ်မိုလ်ကို အရမ်းချစ်သွားတယ်။ အားလုံးကလည်း မြတ်မိုလ်ကို ဝိုင်းချီးကျူးနေကြတုန်း ဟိုကောင်တွေ ရောက်လာတယ်။

ကျွန်တော်တို့ဖြစ်တာတွေကို ရှင်းပြတော့ ဒီကောင်တွေ ဒေါကန်ကြတယ်။ မလုပ်သင့်ကြောင်း၊ အဓိပ္ပာယ်မရှိကြောင်း ပြောကြတယ်။

"ငါတို့က လူကြီးတွေဖြစ်နေပြီ… ဒီလို ကလေးကလား လုပ်တာ ဘယ်ကောင်းမလဲ…ကျန်တဲ့ကျောင်းသား ဒုက္ခရောက်ပြီပေါ့… မင်းတို့ကွာ…"

"အဲဒါဆိုရင် ဘယ်လိုလုပ်မလဲ… ပြန်သွားပေးမလား"

"သွားပြန်ပေးရင် ပြဿနာတက်မှာပေါ့ဟ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ…စိတ်ညစ်တာပဲဟယ် ငါတော့ ပျော်စရာတွေတောင် ဘယ်ရောက်သွားလဲမသိဘူး"

www.foreverspace.com.mm

ကျွန်တော်တို့အားလုံး အဓိပ္ပာယ်မရှိ အောင်စာရင်းတွေကို ယူမသွားသင့်ဘူး။ ဒီလုပ်ရပ်ဟာ မှားတယ်ဆိုတာကိုတော့ လက်ခံကြပါတယ်။ ဒါပေမယ့် ခက်နေတာက ဘယ်လို ပြန်ပေးရမှန်းမသိဘူး။

"ကဲ…ဒါဆိုရင် နင့်အိတ်ထဲက စာရွက်တွေပေး… ငါ သွားပြန်ပေးမယ်"

ခုနက Hero လုပ်ထားတဲ့ မြတ်မိုလ်ကပဲ ပြောတာပါ။ သူ့မျက်နှာက ဘာကိုမှ မကြောက်ဘူးဆိုတဲ့ ပုံစံကို ဖမ်းထားတယ်။ ခုနက ကျွန်တော်တို့ ချီးမွမ်းတာကို ဆက်ပြီးသတ္တိပြနေတာပါ။

"ဟာ…နင်သွားပေးရင်…နင်ပြဿနာတက်မှာပေါ့"

"ဘာလို့တက်ရမှာလဲ… ဒီစာရွက်တွေ ဟိုနားက မြောင်းထဲ ချထားတာတွေ့လို့ လာပြန်ပေးတာပေါ့…ခုနက ရဲကြီးပြောလို့ သိထားတာနဲ့ သတိရပြီး လာပေးတာပေါ့"

ဒီလိုနေရာမျိုးမှာတော့ မိန်းကလေးတွေရဲ့ သဓ်ိနုပတ္တိ ဉာဏ်ကို ဘယ်သူမှ မမီဘူးဗျို့။ မြတ်မိုလ်ပြောတဲ့အတိုင်းလုပ်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်ပြီး အားလုံးသွားပေးဖို့ သဘောတူကြတယ်။ ပထမ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်ကနေ အရင်ထကြတယ်။ တော်တော်ဝေးဝေး ကိုရောက်မှ ကျွန်တော်က မြွေတစ်ကောင်ကို ထုတ်သလို အောင်စာရင်း စာရွက်တွေကို မြတ်မိုလ်ဆီ ထုတ်ပေးလိုက်တယ်။ မြတ်မိုလ်က လုံးဝဂရုမစိုက်ဘဲ အောင်စာရင်းကပ်ထားတဲ့ ဘလက်ဘုတ်ဆီကို ရှေ့ကနေ လျှောက်သွားတယ်။ ဒီနေ့အတွက်တော့ မြတ်မိုလ်ဟာ ချစ်စရာ အကောင်းဆုံး Hero ပါပဲ။

"ဒီမှာ… ဒီက ပျောက်သွားတဲ့ အောင်စာရင်းတွေ ဟို ဘက်နားမှာ ပစ်ထားတာတွေ့လို့ လာပြန်ပေးတာရော့"

www.foreverspace.com.mm

အောင်စာရင်းရှေ့မှာ စုရုံးစုရုံးဖြစ်နေကြတဲ့ လူတွေ အားလုံး ဝုန်းဆို ကျွန်တော်တို့ကို လှည့်ကြည့်ကြတယ်။ မြတ်မိုလ်က စာရွက်ကို ထိုးပေးပေမယ့် ဘယ်သူမှ လှမ်းမယူပါဘူး။ ကျွန်တော်လည်း မြတ်မိုလ် လက်ထဲက စာရွက်တွေကိုကြည့်ပြီး ပျာသွားတယ်။

ပျာမှာပေါ့။ ကျွန်တော်ပေးလိုက်တာ အောင်စာရင်း စာရွက် တွေမှ မဟုတ်ပဲ။ ကျူရှင်ဆရာကပေးလိုက်တဲ့ ဖယောင်းစာရွက်တွေ။

"ဟာ…မဟုတ်ဘူး…အောင်စာရင်းစာရွက်တွေက ဒီမှာ ဒီမှာ"

ကျွန်တော်လွယ်အိတ်ထဲမှ ထပ်ထုတ်ပေးတော့မှ ကျောင်းသား တွေ ဝုန်းဆို အလုအယက်ယူပြီး ကြည့်ကြတယ်။ ရဲကြီးကလည်း ကျွန်တော်တို့ကို ဘာမှမပြော၊ ဘာမှမလုပ်ပါဘူး။ ကျောင်းသားတွေ ကတော့ အောင်စာရင်းကလွဲပြီး ဘာမှကို ဂရုမစိုက်တော့ဘူး။

အဲဒီနေ့က ကျွန်တော်တို့ ဓာတ်ပုံရိုက်၊ ဘုရားသွား၊ ကန်တော် ကြီးကိုဝင် လုပ်ကြပါတယ်။ အဲဒီနေ့အတွက် မြတ်မိုလ်က Hero ဖြစ်ပြီး အပြောအဆိုခံရဆုံးက ကျွန်တော် စာကလေးပါ။

မြတ်မိုလ်ကတော့ သူ့ကိုဒုက္ခရောက်အောင် လုပ်တာပါဆိုပြီး ကျွန်တော့်ကို စကားမပြောလို့ ချော့လိုက်ရတာဗျာ။ ချော့တာကလည်း စိတ်ကောက်မပြေ၊ ခွင့်မလွှတ်ဘဲ "သွားစမ်းပါ" လို့ချည်း ကောလွှတ် တဲ့ မြတ်မိုလ်ကို ကျွန်တော် မုန်းသွားပါတယ်။ ကျွန်တော်က သူ့ကို ချစ်ဖို့ကြိုးစားခဲ့ဖူးတဲ့ကောင်ပဲ။ သူ ဒုက္ခရောက်အောင်လုပ်ပါ့မလား… ဆိုတာ အားလုံးသိပါတယ်။ ဒါပေမယ့် မြတ်မိုလ်ကတော့ တောင်းပန် လေ ခွင့်မလွှတ်လေပါပဲ။ ဒီတော့ ကျွန်တော်လည်း သူ့ကို မုန်းတာပေါ့။

၁၀တန်းအောင်တဲ့နေ့ကို အမှတ်တရတွေ ထာဝရတွေ လုပ်ချင်တာနဲ့ အမိပွှာယ်မဲ့တာတွေ လျှောက်လုပ်ရင်း ဒုက္ခရောက်ရတဲ့ အဖြစ်အပျက်ကလေးပါ။ မြတ်မိုလ်က 'ဒီ' မထွက်ပေမယ့် အမှတ်ကောင်းလို့ ရေဆင်းတက္ကသိုလ်ကို သွားတက်ရပါတယ်။ မူမူသန့်ပြောသလို ကျွန်တော်တို့ ပြန်မဆုံကြတော့တာလည်း အမှန်ပါ။

အားလုံးအတွက် အမှတ်တရ ကျွန်တော် ဒီစာကို ရေးပါတယ် ခင်ဗျာ။

○ ○ ○

www.foreverspace.com.mm

# ကျွန်ုပ်နှင့် တက္ကသိုလ်ဝင်ခွင့်

www.foreverspace.com.mm



www.foreverspace.com.mm



www.foreverspace.com.mm

အခုအချိန်ကတော့ ကျွန်တော့်အတွက် အဲဒီတုန်းက စကားနဲ့ ပြောရရင် ပတ်ဝန်းကျင်မှာရော အိမ်နီးနားချင်းတွေအတွက်ရော ဟော့ ရှော့ဖြစ်နေတဲ့အချိန်ပါ။

ဖြစ်ဆို ကျွန်တော်က ၁၀တန်းအောင်ထားတဲ့ ကောင်ကိုး။

ကျွန်တော်တို့ခေတ်တုန်းက ၁၀ တန်းအောင်ဖို့ ဆိုတာ လှူပြည်က ဒုတိယအပ်တစ်စင်းနဲ့ ဗြဟ္မာပြည်က ဒုတိယအပ်တစ်စင်း ထိတွေ့ခြင်းပါ။ အဲဒီလောက်အထိကို ခက်ခဲပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်နဲ့ အမျိုးတွေထဲမှာ ကျွန်တော်တစ်ယောက်ပဲအောင်ပါ တယ်။ ကျွန်တော်တို့ ရပ်ကွက်အတွင်းပိုင်းက ခင်ဋ္ဌေးဝင်း အောင် တယ်။ ဒါပဲ။

ခင်ဋ္ဌေးဝင်းကတော့ ၁၀တန်းအောင်တဲ့အတွက်ဆိုပြီး အုန်းနို့ ခေါက်ဆွဲတွေ ဘာတွေကျွေးတယ်။ သူ့ သူငယ်ချင်းတွေထဲက အောင်တဲ့သူတွေလာတယ်။ အိမ်နီးနားချင်းထဲက ၁၀ တန်းကျောင်း

www.foreverspace.com.mm

သားမရှိတဲ့ အိမ်တွေကလာတယ်။ ခင်ဌေးဝင်းခမျာ အဲဒီနေ့က ကံဆိုးချင်တော့ အုန်းနို့ခေါက်ဆွဲ ကျွေးတဲ့နေ့မှာ လာတဲ့လူတွေကို အပြေးအလွှားဧည့်ခံရင်းက သုံးထစ်ပဲရှိတဲ့ သူ့အိမ် ရှေ့လှေကားနဲ့ ဒေါက်ဖိနပ်ငြိပြီး မှောက်လျက်ချော်လဲလို့ နဖူးကွဲသွားတယ်။ ကျွန်တော်လည်း အောင်တဲ့လူချင်းဆိုတော့ ရောက်သွားတယ်။ သူနဲ့ ကျွန်တော်က တစ်ကျောင်းတည်းမဟုတ်ပေမယ့် တစ်နှစ်တည်းအောင်တာမဟုတ်လား။ သူက အထက (၁) သဃ်န်းကျွန်းကပါ။

သမီးကလေး တစ်ယောက်တည်းမို့ ဖူးဖူးမှုတ်ပြီး မိဘတွေကနေရာတကာ အကဲပိုလွန်းတာရယ် ၁၀ တန်းအောင်တာကို ကြွားလုံးအရမ်းထုတ်ပြီး အုန်းနို့ခေါက်ဆွဲကျွေးတာတွေရယ်ကို အမြင်ကတ်နေကြတဲ့ ပတ်ဝန်းကျင်က ၁၀တန်းကျတဲ့ ကျောင်းသားတွေက ဒီလိုစာချိုးကြပါတယ်။

ကြွားလုံးဆင်တဲ့
အုန်း●နို့ခေါက်ဆွဲ
ပဲများများနဲ့
အသားနည်းနည်း
လှေကားရင်း
●နပ်●ျတ်လဲ
ခင်ဌေး●င်း
ငယ်ထိ●ပ်ကွဲ
ဟဲဟဲဟဲ . . . ဟဲဟဲဟဲ။

www.foreverspace.com.mm

အဲဒီစာချိုးကို ညဘက်ခင်ဌေးဝင်းအိမ်ရှေ့မှာ သွားအော်ကြလို့ ခင်ဌေးဝင်းမိဘတွေက သူတို့ကို အရက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ပါတယ်ဆိုပြီး ရပ်ကွက်ကောင်စီနဲ့ ရဲစခန်းကိုတိုင်လို့ တော်တော်ကြီးကို ပြဿနာ ရှုပ်ထွေးသွားကြပါသေးတယ်။ အော်တဲ့ကောင်တွေ ၃နာရီလောက် အချုပ်ခံလိုက်ရတယ်။

အဲဒီပြဿနာကြောင့်လားတော့ မသိဘူး။ ၁၀တန်းအောင်တဲ့ သူတွေဟာ ကျွန်တော်တို့ရပ်ကွက်ထဲမှာ လူအမြင်ကတ်စရာ ဖြစ်သွားတယ်။ တစ်ရပ်ကွက်လုံးမှာကလည်း သူနဲ့ကျွန်တော် နှစ်ယောက်တည်းဆိုတော့ ကျွန်တော်က ကြားကအချောင်ခံရပါတယ်။ လူတွေက ကျွန်တော့်ကိုတွေ့ရင် “မင်းရော အုန်းနို့ခေါက်ဆွဲ မကျွေးဘူးလားကွ” လို့ ခပ်လှောင်လှောင်မျက်နှာမျိုးနဲ့ မေးကြပါတယ်။ ကျွန်တော်လည်း ဘာမှပြန်မပြောပါဘူး။ “၁၀တန်းအောင်တာလေးများဗျာ ဘာလုပ်ရမှာလဲ” “အလကားဗျာ ဒါမျိုးတွေ ကျွန်တော် ဝါသနာမပါဘူး” စသဖြင့် ခပ်ဖော့ဖော့ပဲ ဖြေရတယ်။

ဒီအရင်နှစ်တွေကဆို ၁၀တန်းအောင်တဲ့ကောင်ဆိုတာ ရင်ကော့ခေါင်းမော့နဲ့နေရတာပါ။ ၁၀တန်းကျတဲ့ ကောင်ကသာ မျက်နှာငယ်ကလေးနဲ့နေရတာ ကျွန်တော်အသိပဲ။ ကျွန်တော်လည်း ခံစားခဲ့ဖူးတာကိုး။ ဟော…ကျွန်တော်အောင်တဲ့ နှစ်လည်းကျရော ၁၀တန်းအောင်တာကပဲ ရှက်စရာကောင်းသလိုလို ဘာလိုလိုနဲ့။ ၁၀တန်းကျတဲ့ လူတွေဘက် အားသာနေပြန်ရော…။

ပတ်ဝန်းကျင်က ၁၀တန်း ကျောင်းသားအပေါင်းအသင်းတွေက ကျွန်တော် လက်ဖက်ရည်ဆိုင်ထိုင်ရင် ခပ်ထေ့ထေ့ပြုံးတဲ့ကောင်က ပြုံးကြတယ်။ တချို့ကလည်း “၁၀တန်း အောင်တဲ့

ကျောင်းသားကွနော်၊ ကောင်းကောင်းဖျော်ပေး ဘာမှတ်လဲ" လို့ အသံနဲ့ ရှိသမျှသူ ပြောကြတယ်။ တကယ်ဆို ခင်ဌေးဝင်းနဲ့ ကျွန်တော် ဘာဆိုင်လို့လဲဗျာ။ လူတွေဟာ တော်တော်စဉ်းစားရကျပ်တဲ့ သတ္တဝါမျိုးဆိုတာ ကျွန်တော်စပြီး သတိထားမိလာတယ်။

ကျွန်တော့်မှာ ၁၀တန်းအောင်လို့ ရင်ကော့ချင်စိတ်ကလေး မရှိဘူးလို့ ကျွန်တော်ပြောတာမဟုတ်ပါဘူး။ ပုထုဇဉ်ပဲဗျာ။ တစ်နှစ်လုံးအပင်ပန်းခံထားရတဲ့ အောင်မြင်မှုကိုတော့ အရသာခံချင်တာပေါ့။ ဒါပေမဲ့ ခင်ဌေးဝင်းလို ပတ်ဝန်းကျင်က အမြင်ကတ်လောက်အောင် ကြွားဝါတာမျိုး၊ ဝကလေးရှိရုံနဲ့ တစ်ဝိတည်း ဝိနေတာမျိုး မဟုတ်တာတော့ အမှန်ပါပဲ။

"ဒီနှစ် ကျွန်တော် ၁၀ တန်းအောင်တယ်ဗျာ"

အဲဒီလောက်ပဲ ပြောချင်တာပါ။ ကျွန်တော်ကျတဲ့ နှစ်တုန်းကလို ကြိုးစားကွာ။ မိဘတွေလည်း သနားဦး၊ ၁၀တန်းတော့ အောင်ထားမှကွ၊ နို့မို့ဆို လူတောထဲမှာ မင်း အမြဲအောက်ကျနေမှာ… စသည်ဖြင့် စကားတွေကိုပြောဖို့ စိတ်ကူးမရှိတာအမှန်ပါပဲ။ ဒါပေမယ့် …ဒီနှစ်ကျမှ ရိုးရိုးစကားလေးတစ်ခွန်းကိုတောင် ကျွန်တော့်ကို လူတွေက ပြောခွင့်မပေးကြဘူး။ ကျွန်တော့် အလှည့်ရောက်မှ လွဲရတယ်လို့။ ဒီ… နှစ်သုံးလုံးလုံးနဲ့များအောင်ရင် ဝိုင်းတောင် ရိုက်ကြမလား မပြောတတ်ဘူး။

ကျွန်တော့်မှာ အားလုံးကို သည်းခံနေရတာပါပဲ။ ၁၀ တန်းအောင်ရင် မင်းတို့လူကြီးဖြစ်ပြီဆိုတာ ဟုတ်များ ဟုတ်သလား မဆိုနိုင်ဘူး။

ဒီကြားထဲ ခင်ဌေးဝင်းကတစ်မျိုး။ ကျွန်တော့်ကိုတွေ့တာနဲ့

www.foreverspace.com.mm

လက်ဖက်ရည်ဆိုင်ထဲ အတင်းဝင်ထိုက်၊ စကားတွေပြော။ ရယ်မော··· လက်ဖက်ရည်တွေတိုက်၊ ဘေးကကောင်တွေက မျက်စောင်းတခဲခဲ··· ကျွန်တော့်မှာ ပဲလှော်ကြား ဆားညှပ်တော့တာပဲ။

သူပြောတဲ့စကားတွေကလည်း အထူးအဆန်းတော့ မဟုတ်ပါဘူး။ အမှတ်စာရင်းထုတ်ဖို့၊ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာယူဖို့၊ ဒေသန္တရမှာ ဆေးသွားစစ်ဖို့····စသည်ဖြင့် ၁၀တန်းအောင်သူတွေ လုပ်လေ့လုပ်ထရှိတဲ့ ကိစ္စတွေပါပဲ။ ဒါပေမဲ့ ပတ်ဝန်းကျင်က သူ့ကို အမြင်ကတ်နေမှန်း သိလေတော့ သူကလည်း ဘာမဟုတ်တဲ့ စကားတွေကိုပဲ အသံကျယ်လိုက်၊ ဆံပင်ကိုခါလိုက်··· ရယ်လိုက်မောလိုက်၊ မဲ့မဲ့ရွဲ့ရွဲ့ပြောလိုက်နဲ့ စတဲ့ မိန်းမမာယာတွေ ထည့်လိုက်တော့ ကျွန်တော့်မှာ ပဲလှော်ကြားက ဆားစစ်စစ်ကို ဖြစ်တာပေါ့ဗျာ။

ဒီတော့ ခင်ဌေးဝင်းကိုတွေ့ရင် ကျွန်တော် ရှောင်တန်ရှောင် ပုန်းတန်ပုန်း ရှောင်လို့ပုန်းလို့မရရင်တော့ ဝဋ်ခံရတော့တာပါပဲ။

ကျဆုံးခြင်းမှာသာ ဒုက္ခရှိတာမဟုတ်ဘဲ အောင်မြင်ခြင်းမှာလည်း ဒုက္ခရှိတယ်ဆိုတာ ကျွန်တော် ရေရေလည်လည် သိသွားခဲ့တယ်။

အဲ··· ၁၀တန်းအောင်တယ်ဆိုတာကလည်း တော်တော်လေးကို အလုပ်ရှုပ်တာခင်ဗျာ။ အထက်မှ ပြောပြီးခဲ့တဲ့ တက္ကသိုလ်ဝင်ခွင့်ရဖို့ ကိစ္စတွေအပြင် ၁၀တန်းအောင်ကြောင်း ကျောင်းက ထောက်ခံစာယူပြီး GTI ဖြေတာတို့၊ နတ်မောက်ဝင်ခွင့်ဖြေတာတို့ စာရင်းပညာဖြေတာတို့ စသည်ဖြင့်လုပ်ရပါသေးတယ်။ ဒါတောင်မှ ··· အခုခတ်လို ဂျပန်၊ အင်္ဂလိပ်စာသင်တန်းတွေ မရှိတာ တော်သေးတယ်။ ဗိုလ်လောင်းကတော့ ကျွန်တော်နဲ့ မဖြစ်ဘူးလေ။ အရပ်က

www.foreverspace.com.mm

၅ပေ မပြည့်တပြည့်၊ ကိုယ်အလေးချိန်က ပေါင် ၆၀ကျော်ဆိုတော့ တစ်ခုသက်သာသွားတာပေါ့။

ဒီပြဿနာတွေက ၁၀တန်းအောင်ပြီး ခင်ဗျေးဝင်းကြောင့် ကျွန်တော်ရတဲ့ ပြဿနာပါ။ ဒုတိယပြဿနာ ရှိသေးတယ်ဗျို့။

ဒုတိယကောင်မလေးက "မူယာကြည်"ဆိုတဲ့ ကောင်မလေးပါ။

မူယာကြည်က လှတယ်လို့ပြောရင်လည်း ရပါတယ်။ မလှဘူးဆိုတဲ့ဘက်က ငြင်းမယ်ဆိုရင်လည်း စကားလုံး ကောင်းကောင်းနဲ့ ငြင်းတတ်ရင် ကိုယ့်လူနိုင်မှာပါ။ သူကတော့ သူ့ကိုယ်သူ လှတယ်လို့ပဲ ထင်မှာပေါ့ဗျာ။ ကိုယ့်ကိုယ်ကို မလှဘူးလို့ထင်တဲ့ မိန်းကလေးက လည်း အရှားသားဆို ရှိမှမရှိဘဲ မဟုတ်လား။

သူနဲ့ ကျွန်တော်နဲ့က မနှစ်က ကျောင်းအတူသွားဖက်ပါ။ ကျောင်းအတူသွားဖက်ဆိုလို့ တစ်ကျောင်းတည်းလို့ မထင်ပါနဲ့။ သူက အထက (၁)ကပါပဲ။ ကျွန်တော်ကလည်း အထက (၃)ဆိုတော့ ပြည်သာယာလမ်းမကြီးမှာ လမ်းလျှောက်ကြတဲ့အခါ ဇဝနထိပ်အထိ အတူလျှောက်ရတတ်ပါတယ်။ ဇဝနလမ်းဆုံမှာ သူ့အဖော်တွေတွေ့ ရင် သူက အဖော်တွေနဲ့အတူ အထက (၁)ကို ဇဝနရပ်ကွက်ထဲကနေ ဖြတ်လျှောက်သွားတတ်တယ်။ အဖော်တွေ ဘာတွေမတွေ့တဲ့နေ့၊ ဒါမှမဟုတ် စကားမပြတ်တဲ့နေ့တွေဆိုရင်တော့ ဇဝနမှတ်တိုင်ကနေ ဘုရားလမ်းအထိ ကားအတူစီးရတတ်ပါတယ်။

သူ့အဖော်တွေနဲ့တွေ့ရင် ဒါမှမဟုတ် သူဆင်းရမယ့် မှတ်တိုင် ရောက်ရင် သူက ကျွန်တော့်ကို နှုတ်မဆက်ဘူးခင်ဗျ။ တစ်ချက်ပြုံးပြ ပြီး ထွက်သွားတာပဲ။ သိတဲ့အတိုင်း သူက ၉ တန်းအောင်၊ နှစ်တက်။

www.foreverspace.com.mm

ကျွန်တော်က ၁၀တန်းကျဆိုတော့ သူပြောတဲ့စကားထဲမှာ ကျွန်တော့်ကို ခပ်နှိမ်နှိမ် ပြောတာတွေတောင် ပါပါတယ်။ ကျွန်တော်က သူ့ကို စိတ်လည်းမဆိုးပါဘူး။ စိတ်လည်းမဝင်စားပါဘူး။ ကျွန်တော်က အဲဒီအချိန်မှာ အတန်းထဲက မြတ်မိုလ်က ကြိုက်နေတာကိုး…။

သူနဲ့ကျွန်တော် ကျောင်းသွားဖော် ဖြစ်နေတာကလည်း ကျွန်တော်ကသူ့ကို စောင့်နေလို့၊ သူကကျွန်တော့်ကို စောင့်နေလို့ အဲဒီလိုမဟုတ်ပါဘူး။ ဒီလမ်းကို ဒီအချိန်လျှောက်ရမယ့် လူချင်းတွေ့ကြတဲ့သဘောပဲရှိတာပါ။ တစ်ခါတလေ သူရှေ့က လျှောက်နေတာတွေ့ပေမယ့် ကျွန်တော်က လှမ်းမခေါ်ဘဲ လျှောက်တာပါပဲ။ သူက တွေ့သွားရင်တော့ ကျွန်တော်မီလာအောင် ရပ်စောင့်တတ်ပါတယ်။ မတွေ့ရင်လည်း သူ့လမ်းသူ သွားတာပါပဲ။ ကျွန်တော်က ရှေ့ရောက်နေရင်လည်း တစ်ခါတလေ သူကလှမ်းခေါ်တတ်ပါတယ်။ တစ်ခါတလေလည်း သူက ဇောတိကလမ်းကအထွက်၊ ကျွန်တော်က ပြည်သာယာလမ်းပေါ်အတွက် ဆုံတတ်ပါတယ်။ အတူလမ်းလျှောက်ရင်း မနက်ခင်း စံပယ်ပန်းတစ်ထွေးကြီးနဲ့ ဈေးသည်ကိုတွေ့လို့ သူလှမ်းခေါ်ပြီးဝယ်တဲ့အခါမျိုးမှာတော့ ကျွန်တော်က လူမှုရေးအရ စောင့်ပေးရတာတွေ ဘာတွေ ရှိတာပေါ့ကိုယ့်လူရာ…။

ဒါပေမဲ့… ကျွန်တော် အဲဒီကောင်မလေးကို လုံးဝမကြိုက်ဘူးဆိုတာတော့ ကျိန်ပြီးပြောပါရစေရဲ့ဗျာ။ ကျိန်တယ်ဆိုလို့ ကျွန်တော့်သူငယ်ချင်း သခေါကျိန်သလိုတော့ မဟုတ်ဘူးနော်။ ကျွန်တော်တို့က သခေါကို ကောင်မလေးတစ်ယောက်နဲ့ ဝိုင်းစတော့ သခေါက ကျိန်တယ်။

"ငါ အဲဒီကောင်မလေးကို မကြိုက်တာတကယ်ပါ။ ငါ့

www.foreverspace.com.mm

စကားမှန်ရင် အဲဒီကောင်မလေးက ငါ့ကို ပြန်ကြိုက်ရပါစေရဲ့”တဲ့။

ကျွန်တော်က မူယာကြည်ကို တကယ်မကြိုက်တာပါ။

ဘုရားစူး။ ၁၀တန်းကျ။ စာရေးဆရာ မဖြစ်ရပါစေနဲ့။

အဲဒီလိုနဲ့ မူယာကြည်နဲ့ကျွန်တော် ၁၀ ရက်လောက် မတွေ့ကြဘူးခင်ဗျ။ ကျွန်တော်လည်း ဒီလိုပါပဲ။ ကျွန်တော့်လမ်း ကျွန်တော်သွားတာပေါ့။ ဘာမှသတိမထားမိပါဘူး။ ရင်ထဲမှာမှ မရှိပဲ။

တစ်နေ့တော့ မူယာကြည်က နောက်ကနေလှမ်းခေါ်တယ်။ ဒီတော့လည်း ကျွန်တော်စောင့်နေလိုက်တာပါပဲ။ သူက ကျွန်တော်နဲ့အတူ လမ်းလျှောက်ရင်း ကျွန်တော့်ကိုပြောတယ်။

“ငါ…တမင် ဒီဘက်လမ်းက မလာတာသိလား”

သူက ကျွန်တော့်ထက် ၂နှစ်လောက်ငယ်ပေမယ့် ၁၀တန်းအချင်းချင်းဆိုတဲ့သဘောနဲ့လားမသိဘူး။ ကျွန်တော့်ကို နင်နဲ့ငါနဲ့ ပြောတတ်တယ်။ အသက်ကွာပေမယ့် ဝါတူတယ် ဆိုတဲ့သဘောပဲ။

“ဟုတ်လား”

“ဟုတ်တယ် အဲဒါ နင့်ကြောင့်ပဲ”

ကျွန်တော် နည်းနည်းအံ့သြသွားတယ်။ သူ့စကားက အဆက်အစပ်မှ မရှိတာကိုး။

“ဘာဖြစ်လို့လဲဟ”

“လူတွေကပြောတယ်။ နင်နဲ့ငါ ဖြစ်နေတယ်တဲ့။ အမေက အဲဒီစကားကြားပြီး ငါ့ကိုဆူလို့ ငါ့မှာရှင်းလိုက်ရတာအမောပဲ”

ကျွန်တော် တော်တော်စိတ်ညစ်သွားပါတယ်။ သူ့ကို ငဲ့ကြည့်တော့ ကျွန်တော့်ကို မျက်လုံးထောင့်ကပ်ပြီး ခိုးကြည့်တာတွေ့တယ်။ ဒါရေလာမြောင်းပေး စကားမဟုတ်ပါဘူး။ ကျွန်တော့်ပုံက မိန်းကလေးက

www.foreverspace.com.mm

စရလောက်အောင် အမိစားထဲကမှမဟုတ်ဘာ။ ဒါ အသားလိုလို့ အရိုး တောင်းတဲ့စကားပါ။ ကျွန်တော်ကသာ ချစ်တယ်ပြောကြည့်ပါလား။ စိတ်ကစားနေတဲ့ သူ့မာနနဲ့ ကျွန်တော့်ကို လုလုပပ အပြစ်ပေးမှာ။ ပြီးတော့ ပတ်ဝန်းကျင်မှာ သူ့မာနအတွက် ကျွနတော်က သားကောင် ဖြစ်ရဦးမှာ…။

"အေးလေ … ငါက မိန်းကလေးဆိုတော့ ငါပဲခံရတာ ပေါ့"

"ဒါဆိုလည်း ဟိုဘက်လမ်းကပဲ သွားပေါ့ဟာ‥ မဟုတ်ဘဲနဲ့ ငါလည်း အပြောမခံချင်ပါဘူး"

"သွားမှာပါ… အဲဒါကို နင်သိအောင် လာပြောတာ"

ကျွန်တော်တို့ ဇဝနလမ်းဆုံရောက်တဲ့အထိ ဘာစကားမှ မပြောဖြစ်တော့ပါဘူး။ မူယာကြည်ကလည်း အဖော်တွေ မတွေ့ဘဲနဲ့ ကျွန်တော်နဲ့ လမ်းခွဲသွားပါတယ်။ နောက်နေ့ကျတော့ ကျွန်တော် ကလည်း သူနဲ့မဆုံရအောင် အားထုတ်တာ မရှိပါဘူး။ ပုံမှန်ထနေ ကျအချိန်ထပြီး သွားနေကျလမ်ကို သွားတာပါပဲ။ သူနဲ့ ဆုံချင်လည်း ဆုံတတ်ပါတယ်။ ဆုံလည်း အေးဆေးပါပဲ။ သူကလည်း အဲဒီ အကြောင်းနောက်ထပ် ဘာမှမပြောတော့ဘူးကိုး…။

ကျွန်တော် ၁၀တန်းအောင်တော့ သူ့ကို မေ့နေခဲ့တယ်။

နောက်မှသိရတော့ မူယာကြည် ၁၀ တန်းကျတယ်တဲ့။ သတင်းတစ်ခုအပြင် ကျွန်တော်ဘယ်လိုမှ မခံစားရပါဘူး။ ဒီလိုနဲ့ ကျွန်တော် တစ်နေ့ GTIဖြေဖို့ ကျူရှင်စတက်ရတော့ အရင် အထက ကျောင်းတက်ရတဲ့ အချိန်ပဲ အိမ်ကထွက်ရတယ်။ မူယာကြည်နဲ့ ကျွန်တော် ပြည်သာယာလမ်းပေါ်မှာ ဘွားခနဲ သွားဆုံကြပါတယ်။

www.foreverspace.com.mm

ကျွန်တော်လည်း မတွေ့တာကြာတာနဲ့ ပြုံးပြပြီး နှုတ်ဆက်လိုက်တယ်။

"ကျောင်းသွားမလို့လား"

မူယာကြည်က ဖျပ်ဆိုတစ်ဖက်လှည့်သွားတယ်။

"ကျောင်းမသွားလို့ ဘယ်ကိုသွားရမှာလဲ"

ရုတ်တရက် တုံ့ပြန်မှုကြောင့် ကျွန်တော်လည်း ဘာပြန်ပြော ရမှန်းမသိဘူး။ မူယာကြည်က မျက်စောင်းထိုးပြီး ရှေ့က ခပ်သွက် သွက်ထွက်သွားတယ်။ ကျွန်တော်လည်း လှမ်းမခေါ်မိပါဘူး။ ဘာပြော ရမှန်းမှမသိဘာ....။ ဇဝနကွေ့ကို သူကွေ့သွားပြီးမှ ကျွန်တော့် အတွေးထဲ ရှင်းသွားတယ်။ သူ့ကို ရိတယ် ထင်သွားတာကိုး....။

နောက်တစ်ကြိမ် ထပ်ဆုံတာက အထက (၁)နံဘေးက 'စိန်' ကဖေးမှာပါ။ ကျွန်တော် ပျားတုပ်၊ သခေါနဲ့ ဘယ်သန်တို့ 'ပန်စရာ' ဓာတ်ပုံတိုက်မှာ ဓာတ်ပုံတွေရွေး၊ GTI ဖောင်မှာကပ်ရင်း ဘယ်အမှတ် နဲ့ ဘယ်မေဂျာ ရနိုင်တယ်ဆိုတာတွေ ဆွေးနွေးနေတာပါ။ ကိုယ့် အမှတ်နဲ့ အမြင့်ဆုံးဘယ်မေဂျာ ရနိုင်မလဲပေါ့လေ။ အမှတ်မီပြီး မလျှောက်မိရင် ခံရမှာကိုး။

"ငါကတော့ ဘူမိဗေဒကစပြီး အကုန်ဖြည့်မှာပဲ"

သခေါရဲ့ စကားကို ပျားတုပ်ကလည်း ထောက်ခံတယ်။ ကျွန်တော်ကတော့ ဒီလိုမဟုတ်ဘူး။ ကျွန်တော့် အမှတ် ၃၅၈ မှတ် ဟာ ဘူမိဗေဒကို မမီဘူးဆိုတာ ကျွန်တော်သိတယ်။ ရူပဗေဒ၊ ဓာတု ဗေဒ၊ သင်္ချာတစ်ခုခုတော့ဝင်မယ်။ ဒါပေမဲ့ ကျွန်တော်က အဲဒီ ဘာသာရပ်တွေကို ၁၀တန်းမှာ သင်ပြီးသား၊ အနည်းအကျဉ်း သိပြီး သား၊ ကျွန်တော့်အမှတ်လည်း မီ၊ သင်လည်း မသင်ဖူးတဲ့ ဘာသာရပ်

www.foreverspace.com.mm

တွေက ရုက္ခဗေဒနဲ့ သတ္တဗေဒပါ။

ကျွန်တော်တို့ ၈၃-၈၄ ခုနှစ်တုန်းက ၁၀ တန်းမှာ ရုက္ခနဲ့ သတ္တမပြဋ္ဌာန်းသေးပါဘူး။ အဲဒါဘာတွေလဲ… ဘယ်လိုလဲဆိုတာကို ကျွန်တော် စိတ်ဝင်စားနေတယ်။

"ငါကတော့ သိပြီးသား သင်ပြီးသား ဘာသာတွေ သိပ် စိတ်မဝင်စားဘူးကွာ၊ ငါမသင်ဖူးသေးတဲ့ ရုက္ခနဲ့ သတ္တပဲ သင်ကြည့် ချင်တယ်။ သင်ပြီး သိပြီးသားတွေ ဘာလုပ်မှာလဲ။ ဒါပဲလျှောက်မယ်"

'အမလေး သိပ်သိသိပ်တတ်နေပါလား။ သိပ်သိ သိပ်တတ် နေရင် Dတွေဘာတွေ ထွက်ပါလား။ ရတော့ဖြင့် အမှတ်ကလေးရာ မကျော်ဘဲနဲ့များ…. ဒီမှာ ၁၀တန်းကို အမှတ်ဖွတ်ချီးနဲ့ အောင်တာ ထက်စာရင် မအောင်တာက ပိုအခွင့်အရေးရှိတယ် မှတ်ထား"

လှည့်ကြည့်တော့ မူယာကြည်။ ဘယ်တုန်းက ကျွန်တော်တို့ ဘေးချင်းကပ်ခုံမှာ ထိုင်နေတာလဲ ကျွန်တော်မသိပါဘူး။ သူနဲ့အတူ ထိုင်နေတဲ့ သူငယ်ချင်းတွေကလည်း ကျွန်တော့်ကို ကြောင်စီစီနဲ့ ဝိုင်းကြည့်နေကြတယ်။

"၁၀ တန်းအောင်တာလောက်တော့ လုံးဝအထင်မကြီးဘူး လာလုပ်မနေနဲ့"

"ဟေ့ မင်း ဘာစကားပြောတာလဲ၊ ဘယ်သူ့ကိုပြောတာလဲ၊ မင်း ၁၀တန်းကို အောင်အောင်ပဲ ဖြေကြည့်စမ်းပါဦး"

"ဟေ့ကောင် သခေါ် နေစမ်းကွာ…"

၁၀ တန်းအောင်တာကို Professor လောက် ထင်နေတဲ့ သခေါ်ရဲ့ တုံ့ပြန်မှုကို ကျွန်တော် ကမန်းကတန်း ဝင်တားရတယ်။

"စောင့်ကြည့်လိုက်ပေါ့။ ငါတို့က Professional မဝင်တဲ့

www.foreverspace.com.mm

အမှတ်ကလေးလောက်နဲ့ ဘဝကို ဘယ်တော့မှ မစဘူးမှတ်ထား"

ကျွန်တော် သခေါကို ထပ်မပြောဖို့ လှမ်းတားရင်း ဆိုင်ထဲက ထွက်လာရတယ်။ ဆိုင်အပြင်ရောက်မှ မူယာကြည့်အကြောင်း သခေါကို ရှင်းပြရတယ်။

"ဒါ… တမင်သက်သက် မိန်းမဆန်တာပဲကွ"

"အေးလေ… သူက မိန်းကလေးပဲဟာ"

"ဟေ့ကောင်… စာကလေး စကားကို မကတ်နဲ့ ငါက အတည်ပြောတာ။ မင်းနဲ့နှစ်ယောက်တည်းက ကိစ္စမရှိဘူးကွ။ အခု ဟာက ငါတို့ပါတယ်။ ငါတို့က ၁၀တန်းအောင်ပြီးသား စော်ကား ခွင့်မရှိဘူး"

"ကဲပါ သူငယ်ချင်းရယ်။ အောင်ပြီးသားလူက မအောင်သေး တဲ့လူကို သွားပြိုင်လို့ ဘာအကျိုးထူးမှာလဲ"

ဒီတော့မှ သခေါလည်း နည်းနည်းကျေနပ်သွားတယ်။

နောက်တစ်လလောက်အကြာမှာ ထပ်တွေ့တာက မူယာကြည် နဲ့ မဟုတ်ပါဘူး။ မူယာကြည်ရဲ့ အမေကြီးနဲ့ပါ။ ကျွန်တော်က GTI ဝင်ခွင့် စာမေးပွဲဖြေဖို့အတွက် သူက သဃ်န်းကျွန်းဈေးက ပြန် အလာပါ။ အဘွားကြီးကတွေ့တာနဲ့ ကျွန်တော့်လက်ကို လှမ်းဆွဲ တယ်။

"အမလေး… မောင်ရဲဝင်းရေ။ မင်းကို တွေ့ချင်နေတာနဲ့ အတော်ပဲကွဲ့"

ကျွန်တော်လည်း တော်တော်လန့်သွားတယ်။ အဘွားကြီး ပုံစံက ပြုံးပြုံးရွှင်ရွှင်နဲ့မို့သာ တော်ရော့တယ်။ အဘွားကြီးက လက်က ဆွဲလာတဲ့ ဈေးခြင်းတောင်းကြီးကိုချပြီး ကျွန်တော့် လက်မောင်းကို

www.foreverspace.com.mm

ဖျစ်ညှစ်သွားတယ်။

"ကျေးဇူးတင်လိုက်တာ မောင်ရဲဝင်းရယ်။ လူဆိုတာ မခံချင်စိတ်ရှိမှ ကြိုးစားတာမဟုတ်လား။ မင်းပြောလိုက်တာ လုပ်လိုက်တာတွေက သိပ်ကောင်းတယ်ကွဲ့။ အန်တီတို့ ပြောဆို ဆုံးမနေရင်တောင် မူယာက ဒီလောက်စာကို ကြိုးစားမှာ မဟုတ်ဘူး။ ကျေးဇူးပါပဲကွယ်"

"ခင်ဗျာ..."

"အခုဆို အန်တီ့ သမီးကလေး မနက်ဆို လေးနာရီထ၊ ကျောင်းက ပြန်တာနဲ့ ထမင်းစားပြီး စာအုပ်တန်းကိုင်တာပဲ။ ပြောစရာမလိုဘူး။ စာမှစာပဲ"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်းနဲ့ ဆုံတာတွေ မင်းပြောလွှတ်လိုက်တာတွေ၊ အန်တီတို့ကို ငိုကြီးချက်မနဲ့ ပြောပြတယ်။ သူ့အစ်ကိုတွေကတော့ မင်းကို စိတ်ဆိုးပြီး ထိုးမယ်ကြိတ်မယ်တောင် ဖြစ်ကြသေးတာ။ အန်တီက တားရတာပေါ့ကွယ်"

"ခင်ဗျာ..."

"သူတို့က သားရဲ့ စေတနာကို နားမလည်ကြလို့ပါ။ အန်တီက သမီးမသိအောင် သားရဲ့စေတနာကို ရှင်းပြရတယ်။ အခုမှ သူတို့နမလေးကိုကြည့်ပြီး သူတို့လည်း သဘောပေါက်သွားပါတယ်။ သမီးက သူ့စာကြည့်စားပွဲရှေ့မှာ စာကိုရေးထားတာ... ဘာတဲ့..."

အဘွားကြီးက ကျေနပ်ကြည်နူးနေတဲ့မျက်နှာ၊ အပြုံးနုတ်ခမ်းနဲ့ အဝေးကိုငေးကြည့်ရင်း စဉ်းစားနေတယ်။ ကျွန်တော်က 'သူ့အစ်ကိုတွေက စိတ်ဆိုးပြီး ထိုးမယ်ကြိတ်မယ်' ဆိုတဲ့ အသံကိုပဲ ကြားနေ

www.foreverspace.com.mm

တယ်။ ဘာဖြစ်နေမှန်းကို မသိဘူး။

"ဩော်…သိပြီ။ လူတစ်ယောက်ကို လက်စား ချေရန်တဲ့ … ခေါင်းစဉ်က"

"ဘုရား… ဘုရား…"

"အောက်မှာ ရေးထားတာက လူငယ်တစ်ယောက်၏ ဘဝတွင် သစ်လွင်တောက်ပသော အနာဂတ်တစ်ခုရှိကို ရှိရမည်။

ပုံ… မူယာကြည်တဲ့"

"ဟုတ်…ဟုတ်ကဲ့ ကောင်းပါတယ်"

"အေးကွယ် သားရယ်…သားရဲ့ ကျေးဇူးပါပဲ…အခုဆိုသူက ဆရာဝန်မှ ဆရာဝန်တဲ့…နောင်တွေ့လည်း ဆုံးမပါဦးကွယ်"

အဘွားကြီးက တော်တော်လေးတဲ့ ဈေးခြင်းတောင်းကြီးကို ပေါ့ပေါ့ကလေးကောက်မပြီး ထွက်သွားတော့ ကျွန်တော် ထူပူပြီး ကျန်ခဲ့တယ်။ အဲဒီနေ့က GTI စာမေးပွဲကို ဘယ်လို ဖြေမိမှန်းတောင် မသိဘူး။ ကျွန်တော့်စိတ်က "သူ့အစ်ကိုတွေက မင်းကို စိတ်ဆိုးပြီး ထိုးမယ်၊ ကြိတ်မယ်ဖြစ်ကြတာ"ဆိုတဲ့ စကားဆီကိုပဲ ရောက်နေတယ်။

ကျွန်တော် နောက်ကို မူယာကြည်တို့ လမ်းဘက် မသွားဖို့ ဆုံးဖြတ်လိုက်တယ်။

ဟုတ်တယ်လေ သူ့မှာ အစ်ကိုကလေးယောက်တောင်။ ဗလတွေကလည်း တောင့်သလား မမေးနဲ့။ ကျွန်တော်လိုကောင်ဆို တစ်ချက်ပဲ။

○○

www.foreverspace.com.mm

ကျွန်တော့် ''တက္ကသိုလ်ဝင်ခွင့်''ဆိုတဲ့ စာရွက်အညိုကြီး ပေါ်မှာ စာလုံးမည်းကြီးနဲ့ ရိုက်ထားတဲ့ စာအိတ်ကြီးကို လွယ်အိတ်ထဲ ထည့်ပြီး ထွက်လာခဲ့တယ်။

ကျွန်တော့်အစီအစဉ်က တာမွေဈေးမှာဆင်းပြီး ကော်လံ လည်ကတုံး ၃-ထည်နဲ့ ပုဆိုး ၃-ထည်လောက်ဝယ်မယ်။ ကုန်တိုက် (၂)မှာ သွားဝယ်ရင်၂၅-ကျပ်လောက် သက်သာပေမယ့် လမ်းက မကြုံတော့ဘူး။ အဲဒီက တစ်ဆင့် ဆေး(၁) လိပ်ခုံးမှာ ကျွန်တော့် Form ကိုတင်မယ်ပေါ့။ ဟိုကောင်တွေနဲ့လည်း အဲဒီမှာပဲဆုံဖို့ ချိန်း ထားတာပါ။

တာမွေးဈေးရောက်တော့ လည်ကတုံးအင်္ကျီက ကျွန်တော် ထင်ထားတာထက် ၂၀လောက်များနေလို့ ဆစ်လိုက်ရတာ။ ပုဆိုးက တော့ မဆိုးပါဘူး။ ဒါ ကျွန်တော် ပထမနှစ်အတွက် ကြိုတင်ပြင်ဆင် တာလေ။

www.foreverspace.com.mm

အင်္ကျီ ၃ထည်နဲ့ ပုဆိုး ၃ထည်ကို လွယ်အိတ်ထဲ ထည့်လိုက်တော့ ကျွန်တော့်တက္ကသိုလ်ဝင်ခွင့် စာအိတ်ကြီးက မဆန့်တော့ဘူး။ အတင်းထိုးကြိတ်ထည့်ရင်တော့ ရပါတယ်။ ဒါပေမဲ့ ကျွန်တော်က တက္ကသိုလ်ဝင်ခွင့်စာအိတ်ကိုလည်း မကြေစေချင်ဘူး။ အခုမှ ဝယ်လယတဲ့ အင်္ကျီနဲ့ ပုဆိုးအသစ်ကိုလည်း မကြေစေချင်ဘူး။ ဒါနဲ့ပဲ ဝင်ခွင့်စာအိတ်ကို ကိုင်ထားလိုက်တယ်။

လာတဲ့ကားလေးတွေက ကျပ်လိုက်တာဗျာ။ သုံး လေးစီး လွတ်သွားတော့ ကျွန်တော် ချိန်းထားတာ လွဲသွားမှာ စိုးရိမ်လာတယ်။ ဒါနဲ့ နောက်ရောက်လာတဲ့ ကားတစ်စင်းကို အတင်းတိုးတော့ အတွယ်အတာပဲရတယ်။

တစ်ဖက်က တွယ်…တစ်ဖက်က စာအိတ်ကြီး ကိုင်လို့ ခြေတစ်ဖက်ပဲမိတဲ့ဘဝ၊ ကျလိုက်ရင် တက္ကသိုလ်နဲ့ ဝေးရောပဲ။ ဒါနဲ့ ကျွန်တော်လည်း ချိုင်းတွေကြားက အတင်းတိုးပြီး ဦးခေါင်းကို ကားလေးထဲထည့်ရတယ်။ မရဘူးခင်ဗျ။ ကျပ်နေတဲ့ လူတွေရဲ့ ဘယ်ညာယိမ်းနေတဲ့ လူတွေရဲ့ ဘယ်ညာယိမ်းနေတဲ့ ချိုင်းတွေရဲ့ ညပ်သိပ်မှုကို ကျွန်တော့်ခေါင်းက မတိုးနိုင်ဘူး။

လက်သေးသေးကလေးကလည်း လက်အံသေလှပြီ။ အဲဒါနဲ့ ကျွန်တော့်ဘယ်ဘက်လက်က စာအိတ်ကို အတင်း ထိုးထည့်ရင်း "ခဏကိုင်ပေးပါဗျာ… ခဏကိုင်ပေးကြပါဗျာ" လို့ပြောရတယ်။ အော်ရတယ်၊ ကျွန်တော့် စာအိတ်ကို ယူသွားတာ ခံစားလိုက်ရတော့မှ ကျွန်တော် ဝမ်းသာအားရ လက်တစ်ဖက်က ထိန်းစရာရှာရတယ်။ နို့မဟုတ်ရင် မလွယ်ဘူး။

တာမွေကနေ ကျောင်းမြောင်းဈေးမှတ်တိုင်ကို ရပ်တော့

www.foreverspace.com.mm

လူတော်တော်များများ ဆင်းကြပါတယ်။ ကျွန်တော်လည်း လက်က လေးနှစ်ဖက်ကို ဆန့်ပြီး တဖျောက်ဖျောက်နဲ့ အညောင်းဖြေတုန်း … ကားလေးထဲက ဆင်းလာတဲ့ မူယာကြည့်ကို တွေ့ရတယ်။ လက်ထဲမှာ ကျွန်တော့် စာအိတ်ကြီးကိုကိုင်လို့။

“ဒီမှာ… နင်ငါ့ကို စော်ကားနေတာ သိပ်များပြီ ရဲဝင်း သိလား… အေး နင့်ကိုနင် သိပ်ပြီး အထင်ကြီး မနေနဲ့၊ ငါ့ အပေါင်း အသင်းတွေရှေ့မှာ ငါ့ကို တမင်ရွေးပြီး ဒါလာပေးတာမဟုတ်လား”

“ဟာ…မဟုတ်ဘူး မူယာကြည်… ငါ နင်မှန်း မသိ”

“လုပ်မနေနဲ့ ရိုးရိုးတက္ကသိုလ်ဝင်ခွင့်လောက်ကို လုံးဝ အထင် မကြီးဘူးသိလား။ ဘယ်သွားမလို့လဲ မေးဦးမလား။ နင်လို ဘာမဟုတ် တာလေးကို သိပ်အထင်ကြီးနေတဲ့ လူမျိုးတွေကို ပညာပေးဖို့ ကျူရှင် လာတာ သိပြီလား… ရော့…ရော့”

မူယာကြည်က ဝင်ခွင့်စာအိတ်ကြီးနဲ့ ကျွန်တော့် ရင်ဘတ်ကို နှစ်ချက်ရိုက်၊ စာအိတ်ကြီးကို ပစ်ချပြီး လှည့်ထွက်သွားပါတယ်။ သူ့ နောက်ကလိုက်သွားတဲ့ ကောင်မလေး ၃ယောက်ကလည်း ကျွန်တော့်ကို မျက်စောင်းထိုးသွားကြတယ်။

ကားကမထွက်ပဲ ကျွန်တော်တို့ရန်ပွဲကို ရပ်ပြီးငေးနေကြ တယ်။ ကျွန်တော်လည်း ပူထူပြီး ကားပေါ်တက်ထိုင်၊ လွယ်အိတ်ကို ပေါင်ပေါ်တင်…စာအိတ်ကြီးကို ရင်ဘတ်မှာကပ်ထားရတယ်။ ကား ပေါ်ကလူတွေက ကျွန်တော့်ကို နားမလည်တော့ စာအိတ်အညိုကြီးကို ကြည့်ကြတယ်။ သိချင်စိတ်တော်တော်ကြီးတဲ့လူကြီးတစ်ယောက်က…

“တက္ကသိုလ်ဝင်ခွင့် ဆိုပါလား…ဘာလဲ…မင်းက ဒီစာ အိတ်နဲ့ ရည်းစားစာပေးတာလား”

www.foreverspace.com.mm

"ဟာ…မဟုတ်ပါဘူးဗျာ"

"ကျွန်တော်လည်း မသိဘူးခင်ဗျ"

ကျွန်တော့် အဖြေကြောင့် ကားတစ်စင်းလုံးက ကျွန်တော့်ကို အူကြောင်ကြောင်နဲ့ ဝိုင်းကြည့်ကြတယ်။ အနေရ ကျပ်လိုက်တာ မပြောပါနဲ့တော့။ ဒီလိုမှန်းသိရင် ဒီစာအိတ်ကို လွယ်အိတ်ထဲထည့်ပြီး အင်္ကျီတွေကို ကိုင်ပါတယ်။

ကျွန်တော်လည်း မွန်ထူပြီး စိတ်ကဘာမှ သတိမရှိတော့တာနဲ့ လွယ်အိတ်ထဲက အင်္ကျီတွေကိုထုတ်။ စာအိတ်ကြီးကိုထည့်။ အင်္ကျီတွေကို ရင်မှာပိုက်မိတယ်။ လူတွေက ကျွန်တော် လုပ်သမျှ လိုက်ကြည့်နေကြပြန်ရော။ ကျွန်တော် ဘယ်သူ့ကိုမှ မျက်ဝန်းချင်း မဆုံမိအောင် သတိထားပြီး စိတ်ကျပ်ကိုယ်ကျပ်နဲ့ ကားကိုစီးခဲ့ရတယ်။ ဒုက္ခရောက်လိုက်တာဗျာ။ လူကို မောရောပဲ။

ကျွန်တော်က မူယာကြည်တို့ အိမ်ဘက်ကို လုံးဝခြေဦး မလှည့်တော့ပါဘူး။ ကျွန်တော် ပထမနှစ်စတက်တော့မှ သတင်းတစ်ခုကြားတယ်။ မူယာကြည် ယောကျ်ားနောက် လိုက်သွားပြီတဲ့။ ရင်ထဲကို ပေါ့သွားတာပဲ။

အဲဒီသတင်းအမှန်ပဲလို့ သိလိုက်ရတဲ့နေ့မှာ ကျွန်တော် မူယာကြည်တို့အိမ်ရှိတဲ့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ စထိုင်ပါတယ်။


ဟုတ်တယ်လေ…အဲဒီဆိုင်က အကျရည်ကောင်းတယ်။ ပဲပလာတာ ကောင်းတယ်၊ ကျွန်တော်သိပ်ကြိုက်တဲ့ စိုင်းထီးဆိုင် သီချင်းတွေကိုလည်း ဆောင်းဘောက်(စ်) အကောင်းစားနဲ့ အမြဲဖွင့်ပေးတတ်တာကိုး။

○ ○ ○

www.foreverspace.com.mm

# ကျွန်ုပ်နှင့် တက္ကသိုလ်ပထမနှစ်

www.foreverspace.com.mm






www.foreverspace.com.mm

www.foreverspace.com.mm

သိပ်သိပ်သည်းသည်းကျနေတဲ့ နှင်းတောကြီးထဲမှာ ဖျပ်ခနဲ ဖျပ်ခနဲ တိုးထွက်လာတဲ့ ရောင်စုံအရောင်တွေ လှုပ်ရှားနေကြတာကို ကြည့်ရတာ သိပ်လှတာပဲဗျာ။ အဲဒီ ရောင်စုံအရောင်တွေထဲမှာ ငါလည်း ပါတယ်လို့တွေးမိတော့ ရင်က ငြိမ့်ခနဲ တစ်ချက်ခုန်တယ်။ ခုတ်လှေကား စတက်တက်ချင်း ခံစားရတဲ့ ခံစားမှုနဲ့ နည်းနည်း ဆင်ပေမယ့် ခံစားရတာကတော့ တော်တော်ကွာတယ်ဗျာ။

ဒီဇင်ဘာ ၅ရက်နေ့ဆိုတော့ နှုတ်ဆက်ခါနီး ဆောင်းက သူ့အကြောင်းကို ကောင်းကောင်းပြလိုက်မဟဲ့ဆိုတဲ့ ပုံစံနဲ့ ကောင်းကင်က ခုန်ဆင်းလာလိုက်တာ မနည်းပါဘူး။ အေးလိုက်တာဗျာ။ သစ်ပင်တွေတောင် မလှုပ်မယှက်ကြီး ဖြူဖွေးနေတဲ့ နှင်းစက်ကလေးတွေထဲ နစ်လို့။ ဆေးပေါ့လိပ်ဖွာပြီး မီးခိုးမှုတ်ထုတ်ရင် တော်တော်နဲ့ မကုန်ဘူး။ ဘယ်ကုန်ပါ့မလဲ မီးခိုးငွေ့က ကုန်သွားပေမယ့် ပါးစပ်ထဲက အပူငွေ့တွေက မီးခိုးငွေ့တွေလို ထွက်ထွက်လာနေတာကိုး။

www.foreverspace.com.mm

ဒီလိုဆေးပြီဆိုရင် နိုင်ငံခြားမှာတော့ 'စုန်းမရဲ့ နို့သီးခေါင်း ကျနေတာပဲ'လို့ တင်စားတယ်တဲ့။ ကျွန်တော်က အဲဒီထက် ပိုလိုက်ဦးမယ်။ ရေခဲသေတ္တာထဲ ထည့်ထားတဲ့ စုန်းမရဲ့ နို့သီးခေါင်းဗျာ၊ မှတ်ရော…။

ဒါပေမယ့် လူက ပီတိဖြစ်နေတော့ အေးလို့အေးရကောင်းမှန်း သိပ်မသိပါဘူး။ ဆေးပေါ့လိပ် တစ်ဖွာ ဖွာလိုက်၊ မဆုံးနိုင်တဲ့ မီးခိုးတွေ ပါးစပ်ထဲက မှုတ်ထုတ်လိုက်နဲ့ ပျော်နေတာပါပဲ။ ပျော်ဆို ၁၉၈၆ ခုနှစ် တက္ကသိုလ်ဝင်ခွင့်ရလို့ တက္ကသိုလ်ကို ပထမဦးဆုံးအကြိမ် လာရတဲ့ခရီးကိုး။

ဇဝနမှတ်တိုင်ကနေ ၁၃ ဘတ်စ်ကားစီး၊ ကြယ်ငါးပွင့် မှတ်တိုင်မှာဆင်းပြီး ကြယ်ငါးပွင့်ရုံးကြီးဘေးနားလမ်းကနေ ဗိုလ်တထောင် တက္ကသိုလ်ကို ကျွန်တော်လမ်းလျှောက်လာနေတာ။ ခါးတို ဂျင်း အနွေးထည် အင်္ကျီလေးတွေ ဝတ်ထားတဲ့ ကောင်မလေး (၃)ယောက်က ရယ်မောရင်း စကားပြောရင်း ကျွန်တော့်ကို ကျော်တက်သွားကြတယ်။ ချမ်းရာလွန်းလို့ ထင်ပါရဲ့ဗျာ။ အချင်းချင်း လက်ကလေးတွေ ဆုပ်လို့ ဟန်ပါပါ လမ်းလျှောက်သွားပုံက ကြည့်လို့တောင် ကောင်းသေး။

ကျွန်တော် ငေးနေတုန်း ကျွန်တော့်ဘေးနားက စလွန်းကား တစ်စင်း ဖြတ်သွားတယ်။

ကျွန်တော် ခပ်တိုးတိုး ကြိတ်ဆဲလိုက်တယ်။ ဆဲမှာပေါ့။ ကား အနောက်မှာရှိတဲ့ အအေးထုကြီးက လည်ကတုံးလက်ရှည် ကလေးပဲ ဝတ်ထားတဲ့ ကျွန်တော့်ကို လွှမ်းသွားတာကိုး။ အေးလိုက်တာဗျာ။ လက်ဖျားထိပ်ကလေးတွေကို ထုံသွားတာပဲ။ အဲဒီလိုနဲ့ လျှောက် လာရင်း ဖွေးနေအောင်ကျထားတဲ့ နှင်းထုတွေကြားမှာ ငြိမ်ငြိမ်ကြီး

www.foreverspace.com.mm

ရပ်နေတဲ့ ကျွန်တော့်ရဲ့ ဗိုလ်တထောင် တက္ကသိုလ်ကြီးကို သွားတွေ့တာပဲ။

ကျွန်တော် ရပ်ပြီးငေးနေမိတယ်။ ရင်ထဲမှာ တဒိတ်ဒိတ်နဲ့။

○ ○ ○

www.foreverspace.com.mm



မရဲတရဲခြေလှမ်းနဲ့ ဗိုလ်တထောင်တက္ကသိုလ်ထဲကို ဝင်လိုက်တော့ ကျွန်တော့်ရင်ထဲမှာ အရသာတစ်ခု ဖြတ်ပြေးသွားတယ်။ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ နှစ်သက်ခြင်း၊ ရင်ခုန်ခြင်း၊ အလကား ပါဗျာ။ အဲဒီစကားလုံးတွေအားလုံးက အဲဒီ အရသာကို ဖော်မပေးနိုင်ဘူး။ ရင်ထဲမှာ စိမ့်ခနဲဖြစ်သွားတယ်လို့ ပြောရမလား။ အဲဒါလည်း မဟုတ်သေးဘူး။ ထားပါတော့။

ပေါ်တီကိုထဲကနေ ကျောင်းထဲ လှမ်းဝင်လိုက်တော့ အရောင်စုံ၊ ဒီဇိုင်းစုံ၊ နှုတ်ခမ်းနီ မိတ်ကပ်မျိုးစုံ အသံမျိုးစုံနဲ့ ရပ်နေကြ၊ ရယ်နေကြ၊ စကားပြောနေကြတဲ့ ကျောင်းသူတွေကို တွေ့ရတော့ ကျွန်တော့်ရင်ဟာ တုန်လှုပ်သွားတယ်။ ပြီးခဲ့တဲ့အပတ်ကမှ ဝယ်ထားတဲ့ ကော်လံကတုံးအသစ်ကလေးနဲ့ အခါ (၂၀)လောက် ဝတ်ပြီးသား ချည်ပုဆိုးအနွမ်းကလေးကို ဝတ်ထားတဲ့ 'ရဲဝင်း' ဟာရှိပြီးသား ထက်ပိုသေးသွားတယ်။ ချက်ချင်း ကျွန်တော်ဟာ မာန်နတ်က ရှင်အာနန္ဒာ

www.foreverspace.com.mm

ရဲ့ နှလုံးသားကို ညှစ်ထားသလို အညှစ်ခံလိုက်ရတယ်။

ကျွန်တော် ချက်ချင်းအားတင်းရတယ်။ “ငါ ရဲဝင်းကွ”လို့။ ကျွန်တော့်အသိစိတ်က ကျွန်တော့်နှလုံးသားကိုကြားအောင် လှမ်းအော်တဲ့အသံပါ။ သတ္တိနည်းနည်းတော့ ရှိသွားပါတယ်။ သိပ်တော့ မအောင်မြင်ပါဘူး။ ကျွန်တော် ခေါင်းငုံ့သွားမိတာကိုး။

အထက (၃)မှာတုန်းကဆိုရင် ပေါက်စီရှိမယ်။ ဒါမှမဟုတ် ဘယ်သန်၊ သခေါ၊ ပျားတုပ်၊ မြင့်မြင့်ရီ၊ မြတ်မိုလ်…။ ဘယ်သူမှ မရှိလည်း ကျွန်တော် ကျောင်းထဲကို ကျွန်တော် ရင်ကော့ပြီး ဝင်လို့ရပါတယ်။ တစ်ကျောင်းလုံးကို ကျွန်တော် သိနေတာကိုး။ အခုတော့ ကျွန်တော့်တစ်ယောက်တည်း။ ရင်ထဲက ငါ တက္ကသိုလ်ကျောင်းသားကွဆိုတာလေးက ယိုင်ချင် လွင့်ချင် နဲ့ချင်လာတယ်။

ဆယ်တန်းအတူတူ အောင်ပေမယ့် ပေါက်စီက ကလော GTI ကိုရောက်သွားတယ်။ ဘယ်သန်က မြင့်မြင့်ရီလေး ဆန္ဒအတိုင်း လုပ်သားကောလိပ်ကို အတူတက်ကြတယ်။ မြတ်မိုလ်က ရေဆင်းမှာရှိတဲ့ ပျဉ်းမနားတက္ကသိုလ်မှာ။ သခေါက စာပေးစာယူ ယူတယ်။ ပျားတုပ်က E မေဂျာရလို့ လှိုင်တက္ကသိုလ်မှာ။ ဗိုလ်တထောင်မှာ ကျွန်တော် တစ်ယောက်တည်း။

အားငယ်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် လူတိုင်း လူတိုင်း သူ့အဖွဲ့ကလေး အုပ်စုကလေးတွေနဲ့ ပျော်နေကြတဲ့အချိန်မှာ ကျွန်တော်က တစ်ယောက်တည်းဆိုတော့ သူတို့လိုပျော်လို့ မရဘူးဖြစ်နေတာကိုပဲ မကျေနပ်တာပါ။ အဖြူနဲ့ အစိမ်းတွေ သူငယ်ချင်းတွေကြားထဲမှာပဲ ကြီးပြင်းခဲ့ရတဲ့ ကျွန်တော်ဟာ ရောင်စုံပန်းခင်းကြီးထဲမှာ အခုမှ ပိုးတုံးလုံးဘဝက လွတ်လာတဲ့ လိပ်ပြာတစ်ကောင်

www.foreverbooks.com.mm

လိုပဲ။ ဟိုပျံ ဒီဝဲနဲ့ ဘာတစ်ခုမှ သဲသဲ ကွဲကွဲ မလုပ်တတ်ဘူး ဖြစ်နေခဲ့တယ်။

ကျွန်တော့်အနားက ကျောင်းသူကလေးတစ်အုပ် ဆူညံပြီး ဖြတ်သွားကြတယ်။ တချို့ကောင်မလေးတွေက ဦးစံ ရွှေရုပ်တုကြီး နံဘေးက မိန်းလှေကားပေါ်ကို တက်ကြတယ်။ တချို့ ဆင်းလာကြတယ်။ ဆရာမကလေးတွေကလည်း လှလိုက်တာဗျာ။ ကျောင်းသူတွေနဲ့ အလှပြင်တာ သိပ်မကွာခြားလှဘူး။ ဒါပေမယ့် သူတို့ကို ဆရာမမှန်းသိအောင် အင်္ကျီရင်ဖုံး လက်ရှည်ကလေးတွေဝတ်၊ ပါတိတ်ကလေးတွေဝတ်ပြီး ရင်ဘတ်မှာ ဆရာကဒ်ကလေးတွေတော့ ချိတ်ထားကြတယ်။ နှုတ်ခမ်းမှာ အပြုံးလက်လက်ကလေး ချိတ်ပြီး မျက်ဝန်းတွေက ငြိမ်တယ်။ State ကျောင်းတုန်းက ဆရာမ ဒေါ်ငွေးအောင်တို့၊ ဒေါ်စိန်စိန်ဝင်းတို့နဲ့တော့ ကွာပ။ ဒါကြောင့်လည်း တက္ကသိုလ်ကို လူတိုင်း သွားချင်ကြတာကိုး။

ကိုယ့်ဆရာရေ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတာနဲ့ ယောင်ယောင်လုပ်ပြီး လှေကားကြီးပေါ် ခပ်တည်တည်နဲ့ တက်လိုက်တယ်။ ရင်ထဲမှာ ဘာကိုမှန်းတော့မသိဘူး။ ကျေနပ်နေတာ အမှန်ပဲ။ တွေ့တဲ့ ကော်ရစ်တာကို လျှောက်သွားရင်းနဲ့ ကျောင်းသားတွေ အုံကြည့်နေတာတွေ့တော့ ဘာရမလဲ ဝင်ကြည့်တာပေါ့။ ရှေ့က ကောင်မလေးတစ်အုပ် ဆူညံပြီး မှတ်နေကြည့်နေတာတွေ့တော့မှ ဒါ ကျောင်းဝင်ခွင့်စာရင်းဆိုတာ သိရတယ်။ ကျွန်တော်လည်း ကြက်ကန်းဆန်အိုးတိုးပြီမို့ ခပ်တည်တည်နဲ့ ကျွန်တော့် ရက္ခဗေဒမေဂျာမှာ ကြည့်လိုက်တော့ ကျွန်တော့်နာမည်ကို သွားတွေ့တယ်။ မောင်ရဲဝင်း ၁၇၈ ရက္ခဗေဒ (203) တဲ့။

www.foreverspace.com.mm

ရှဝင်းရယ်၊ ၁၇၈ ရယ်၊ ရက္ခဇေဒရယ်ကို ကျွန်တော် သိပေမယ့် နောက်ဆုံး 203 ကို ကျွန်တော်မသိဘူး။

"203 ဆိုတာ ဘာလဲဟင်"

"အဲဒါ အခန်း..."

ကျွန်တော့်ရှေ့က ကောင်မလေးကိုမေးတော့ သူ ပြန်ဖြေတာက ပြတ်တာရယ်။ ကျွန်တော့်ကို ကြည့်ပုံက ခပ်နှိမ်နှိမ်ဖြစ်နေတာရယ်ကြောင့် ကျွန်တော်လည်း ဆက်မမေးတော့ဘူး။ ရှေ့က စာရွက်တွေကို အီး...အဲနဲ့ လျှောက်ကြည့်ရင်း လှည့်ထွက်တော့မှ...

"မင်းက Fresher လား"

ကျွန်တော့်ကိုပြုံးပြီးမေးတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့တယ်။ အရပ်က ကျွန်တော့်နီးပါးပဲ။ အပြင်အဆင်က ခပ်ရိုးရိုးပါ။ သူ့နှုတ်ခမ်းက အပြုံးက မိတ်ဖွဲ့တဲ့အပြုံးမျိုးဆိုတာ သိသာတယ်။

"ဟုတ်တယ် ဒီနှစ်မှ..."

" 203 ဆိုတာ မင်း တက်ရမယ့်အခန်းလေ...ပထမထပ်ဆိုရင် ဝမ်းဇီးရိုးနဲ့စတယ်...ဒုတိယထပ်ဆိုတော့ တူးဇီးရိုး၊ 203 က ဒုတိယထပ် ဒီလှေကားကတက်သွားရင် ဘယ်ဘက်ကအခန်း"

"ကျေးဇူးပဲဗျာ...သူကရော ဒီနှစ်မှပဲလား"

"တို့က Second Year"

"သြော်...အေးဗျာ ကျွန်တော် အတန်းသွားတက်လိုက်ဦးမယ်"

ကျွန်တော် စကားဆုံးတော့ လှည့်မထွက်ဖြစ်ဘူး။ သူက ခစ်ခနဲ ရယ်တာကိုး။ သူရယ်တာက လှောင်ပြုံးတော့မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော် တစ်ခုခုမှားနေတယ်လို့ ပြောချင်တဲ့ အပြုံးမျိုးပါ။

www.foreverspace.com.mm

“ဘာဖြစ်လို့လဲဟင်”

“မင်း ဒီနေ့ အတန်းတက်လည်း စာသင်မှာမှ မဟုတ်တာ… မင်း ငွေသွင်းဖို့၊ စာအုပ်ထုတ်ဖို့၊ Practical ကြေးတွေသွင်းဖို့ ရှိသေးတယ်… ဒါတွေ မင်း လုပ်ပြီးပြီလား”

“ဟုတ်လား…ဘာမှ မလုပ်ရသေးဘူး”

“ကက်ရှ်ကိုရော မင်း သိလား…မေးမနေတော့ပါဘူး လေပြောလက်စနဲ့ ဆက်ကူညီပါ့မယ်… မင်းမှာ ငွေသွင်းဖို့ ပိုက်ဆံပါတယ်နော်…ပါရင် လိုက်ခဲ့…လာ…တို့လည်း ငွေသွင်းမှာ”

ငွေသွင်းကောင်တာကို ရောက်လို့ ငွေသွင်းကြတော့ ငွေသွင်းကောင်တာက မြင့်နေလို့ သူနဲ့ကျွန်တော် ခြေဖျားထောက်ပြီး ပိုက်ဆံပေးရတယ်။ သူက တခွီးခွီးနဲ့ရယ်တယ်။ ကျွန်တော်လည်း ရယ်တာပဲ။ ကျွန်တော်တို့နှစ်ယောက် အားရပါးရ ဘာမဟုတ်တဲ့ ကိစ္စလေးကို ရယ်နေကြတာကို ကျောင်းသားတွေက ငေးနေကြတယ်။ ငွေလည်း သွင်းပြီးရော သူနဲ့ ကျွန်တော် ခင်သွားပြီ။ ကင်တင်းမှာ အတူထိုင်ပြီး ကော်ဖီတွေဘာတွေတောင် သောက်လို့။

တက္ကသိုလ်ဟာ လွတ်လပ်တယ်ဆိုတာတော့ ကျွန်တော် သိပါတယ်။ ဒါပေမယ့် မိနစ်ပိုင်းအတွင်း မိန်းကလေး သူငယ်ချင်း တစ်ယောက်ကို ရတဲ့အထိ လွတ်လပ်တယ်လို့ ကျွန်တော် တစ်ခါမှ မတွေ့ခဲ့ဖူးတာ အမှန်ပဲ။ သူက မလှပါဘူး။ သာမန်တွေ့နေကျ မိန်းကလေးမျိုးပါပဲ။ ဒါပေမယ့် သူ့ အပြုံးကတော့ လှတယ်ခင်ဗျ။ သူ ပြုံးလိုက်ရင် သူ့အပြုံးက ဘာနဲ့မှမထိဘဲ ပေါ်လာတဲ့ အပြုံးမျိုး။

ကျွန်တော်ပြောချင်တာကို ကိုယ့်ဆရာ နားလည်ပါ့မလား တော့ မသိဘူး။ ဒီလိုဗျာ…သူပြုံးတာက မာနကြောင့် ပြုံးတာလည်း

www.foreverspace.com.mm

မဟုတ်ဘူး။ အလှကြောင့် ပြုံးတာလည်းမဟုတ်ဘူး။ အပြုံးခံရတဲ့လူကို သနားလို့…ခင်လို့…ဝမ်းသာလို့ စိတ်မကောင်းဖြစ်လို့ စတဲ့ ဘာအကြောင်းကြောင့်မှ ပြုံးတာမဟုတ်တဲ့ အပြုံးမျိုး အပြုံး သက်သက် ဗျာ။ တခြား ဘာအကြောင်းမှ မပါတဲ့ အပြုံး…။

သူ့နာမည်က ယင်းမာမောင်တဲ့…။ သူ့မှာ ညီမလေး တစ်ယောက်ရှိတယ်။ ယင်းမာအောင်တဲ့…။ သူက စကားပြောရင် ကျွန်တော် ၁၀တန်း တစ်နှစ်ကျမှန်းသိသွားတော့ 'မင်း'နဲ့ 'တို့'ကို ဖြုတ်ပြီး နာမည်ပဲခေါ်တော့တယ်။ သူ့ကိုယ်သူ ပြောရင်တော့ "မောင်ကလေ…မောင်က…"လို့ သုံးတယ်။ မိန်းကလေးတစ်ယောက်က "မောင်…"လို့ သုံးတာတော့ ရယ်စရာကြီးပေါ့။ ဒါပေမယ့် ကျွန်တော် မရယ်ပါဘူး။ သူ အကျင့်ဖြစ်နေတယ်ဆိုတာ 'မောင်ကလေ…'ဆိုတဲ့ လေသံကို ခပ်ပေါ့ပေါ့ ပြောနိုင်ကတည်းက သိသာနေတာပဲဟာ။

ကျွန်တော်ကတော့ သူ့ကို တော်တော်လေး သဘောကျ တယ်ဗျာ။

တလွဲတွေ မတွေးနဲ့ဦး ကိုယ့်ဆရာရေ..။ ယောင်တောင်တောင် ဖြစ်နေတဲ့ ကျွန်တော့်အတွက် အဖော်တစ်ယောက်ရသွားတာရယ်… တက္ကသိုလ်ထုံးစံ ဘာမှမသိသေးတဲ့ ကျွန်တော့်ကို အားလုံးနဲ့ နေသား တကျဖြစ်အောင် ကူညီပေးတာရယ်။ သူက တစ်တန်းကြီးပေမယ့် ကျွန်တော့်ကို မနိမ့်ဘဲ တန်းတူဆက်ဆံတာတွေရယ်ကြောင့်လည်း ပါတယ်ပေါ့။

အဲဒီလိုနဲ့ ကျွန်တော့်ရဲ့ တက္ကသိုလ်ပထမနေ့ဟာ ထူးထူး ဆန်းဆန်း အဆင်ပြေစွာနဲ့ ပြီးဆုံးသွားခဲ့တယ်။

❍ ❍ ❍

www.foreverspace.com.mm

တက္ကသိုလ်ဆိုတာ တော်တော်လွတ်လပ်တဲ့ နေရာဗျာ။

တစ်စုံတစ်ရာ အတိုင်းအတာအထိ ယုံကြည်ရတဲ့ လူကြီးဖြစ်ပြီဆိုတာကို နေရာတိုင်းမှာ တွေ့ရတယ်။ State ကျောင်းတုန်းကလို ဆရာ၊ ဆရာမတွေက နေရာတကာ သွန်သင်ဆုံးမ ညွှန်ပြမနေတော့ဘူး။ ကိုယ့်ဘာသာလုပ်ရတယ်ခင်ဗျာ။ ကျောင်းလခ သွင်းတာ။ စာအုပ်ထုတ်တာ။ ကိုယ့်ခုံနံပါတ် ဘယ်နေ့ လက်တွေ့ရက်ကျတယ်ဆိုတာ အားလုံးကို Note board မှာ ကိုယ့်ဘာသာကြည့်ရတယ်။ ဆရာ၊ ဆရာမတွေက ညွှန်ပြရုံပဲ။ ဘာမှ လိုက်လုပ်ပေးတာ မဟုတ်ဘူး။

ယင်းမာမောင် ရှိပေလို့သာပေါ့။ အကြောင်းမသိကြတဲ့ Fresher လေးတွေဆို ဟိုပြေး ဒီပြေးနဲ့ ဒုက္ခရောက်လိုက်ကြတာ။ ကြည့်ပြီး စိတ်တောင်မောတယ်။

စာသင်လို့ ထိုင်ခုံထိုင်တာကအစ ကြည့်ဗျာ။ State ကျောင်း

www.foreverspace.com.mm

မှာလို ပေါက်ပြားလေး မိန်းကလေးသပ်သပ် မဟုတ်ဘူးခင်ဗျ။ ထိုင်ချင်သလို ထိုင်ခွင့်ရှိတယ်။ တစ်ခါတလေ ကျွန်တော်ထိုင်နေတဲ့ ထိုင်ခုံမှာ မိန်းကလေးသုံးလေးယောက် ဝင်ထိုင်တတ်တာပဲ။ ကျွန်တော်က မိန်းကလေးတွေခုံမှာ နေရာလွတ်လို့ ဝင်ထိုင်လည်းရတယ်။ တချို့ဆိုဗျာ ဆရာမက ရှေ့မှာစာသင်၊ ဘေးမှာ အတွဲတစ်တွဲက Fancy စကားတွေပြောလို့။ အနှောင့်အယှက်သာမရှိဘူးဆိုရင် မဖြစ်ဘူးဆိုရင် အားလုံး အေးအေးဆေးဆေးပဲ။

ကျွန်တော်က ကျောင်းရောက်တာနဲ့ ယင်းမာမောင်ကို လိုက်ရှာ၊ ကင်တင်းထိုင်၊ စကားပြော။ အတန်းရှိရင် အတန်းတက်၊ အားရင် ပန်းခြံထိုင်··· ဟုတ်နေတာပဲ။ ဆယ်ရက်လောက်ကြာတော့ ကျွန်တော့်မှာ အပေါင်းအသင်းတွေလည်း ရလာတယ်။ တစ်ဖွဲ့က ကျွန်တော်နဲ့ လက်တွေ့တစ်အုပ်စုတည်းကျတဲ့ ကောင်မလေး ၃ယောက်နဲ့ ကောင်လေးတစ်ယောက်ပါ။ နောက်တစ်ဖွဲ့က မေဂျာလည်း မတူဘူးခင်ဗျ။ ဘယ်လို ခင်သွားတာလဲ ကျွန်တော်လည်း မမှတ်မိတော့ဘူး။

ကျွန်တော်ဟာ ပလက်ဖောင်းပေါ်က လူအုပ်ထဲမှာ ချက်ချင်းရောသွားတဲ့ လူတစ်ယောက်လိုပဲ တက္ကသိုလ်ထဲမှာ ပျော်သံ အော်သံတွေနဲ့ ရောပါ မျောပါသွားခဲ့တယ်။ တစ်ခါတလေဆို အတန်းချိန်က ၁၂ နာရီပြီးပေမယ့် အိမ်ကို ၅နာရီမှ ရောက်တဲ့နေ့တွေတောင်မှ ရှိတယ်။

"ဒုတိယနှစ်က ကောင်လေးတွေက ပထမနှစ် စတက်တဲ့ ကောင်မလေးတွေနဲ့ ရည်းစားဖြစ်လေ့ရှိပြီး ဒုတိယနှစ်က မမတွေကတော့ ပထမနှစ်က ကောင်လေးတွေနဲ့ အတွဲ ဖြစ်တာများတယ် ရဲဝင်း"

"ဟုတ်လား···ဘာဖြစ်လို့လဲ···သေချာလို့လား"

www.foreverspace.com.mm

"မောင်က မဟုတ်ဘဲပြောပါ့မလား… ပထမနှစ်တက်စ ကောင်မလေးတွေကို အကူအညီပေးရင်း အကူအညီပေးရင်း ကလေး မလေးတွေကလည်း အားကိုး…ဒုတိယနှစ် ကိုကိုတွေကလည်း စေတနာပိုရင်း ငြိကြတာပေါ့…အဲဒါ အလွယ်ဆုံးနည်းပဲ"

"သြော်…ကောင်မလေးတွေလည်း ဒီလိုပဲပေါ့ ဟုတ်လား"

"မဟုတ်ဘူး…နင်က နည်းနည်းဒုံးဝေးတယ် ရဲဝင်း"

ယင်းမာမောင်က မပြောချင်သလိုလုပ်ပြီး တခြားတစ်ဖက် လှည့် တယ်။ သူ မပြောချင်တာကို ကျွန်တော်ကလည်း မေးဖို့စိတ်ကူးမရှိ ပါဘူး။ ဒုံးဝေးတာကတော့ ဟုတ်မှာပေါ့။ ကျွန်တော်မှ မသိတဲ့ဟာကို။

ကျွန်တော် ဆက်မမေးတာ တော်တော်ကြာသွားတော့မှ ယင်းမာမောင်က ရေနွေးကြမ်းတစ်ခွက်ကိုငုံ့ပြီး ကောက်သောက်ရင်း နဲ့ပြောတယ်။

"မောင့်အတွေ့အကြုံအရ ပြောရရင် မိန်းကလေးတွေကျ တော့ မတူဘူး…ဒီလို…ဒီလို"

သူ့လက်တွေကို ရှုပ်ယှက်ခတ်နေအောင်ခါပြရင်း ခဏစဉ်းစား တယ်။ ပြီးတော့ တစ်ချက်ပြုံးပြီး ဆက်ပြောတယ်။ သူ့အပြုံးက ကျွန်တော်ပြောတဲ့ အပြုံးမျိုးပဲ။

"ဒုတိယနှစ်မှာ ရည်းစားမရှိတဲ့ မမတွေက နှစ်မျိုးရှိတယ်… ပထမတစ်မျိုးက Fresher ဘဝမှာ ဟိုလူလိုလို ဒီလူလိုလိုနဲ့ အိုက်တင် တွေခံပြီး အားလုံးထွက်ပြေးသွားလို့ ကျန်ခဲ့တာ…ဒုတိယတစ်မျိုး ကတော့ တက္ကသိုလ်နဲ့ State ကျောင်း မကွဲဘဲ တက္ကသိုလ်မှာ ရည်းစား မထားဘူး…စာပဲ ကြိုးစားမယ်ဆိုပြီး မာနထားရာက ကျန်ခဲ့တာ… အဲဒါမျိုးတွေလေ"

www.foreverspace.com.mm

ကိုယ့်ဆရာသာဆိုရင်တော့ "ယင်းမာကရော ဘယ်အမျိုးအစားနဲ့ ကျန်ခဲ့တာလဲ"လို့ မေးကောင်းမေးမိမှာပဲ။ ကိုယ့် ဆရာရေ ကျွန်တော်ကတော့ မမေးဖြစ်ဘူးခင်ဗျ။ တက္ကသိုလ်နဲ့ ပတ်သက်လို့ သူဟာ ကျွန်တော့်ရဲ့ ပထမဆုံး မိတ်ဆွေလို့ သဘောထားတာရယ်၊ သူ့ကို ကျွန်တော် မကြိုက်တာ မချစ်ချင်တာရယ် ဒီစကားဟာ ရေလာမြောင်းပေးစကားမဟုတ်ဘဲ သိသင့် သိထိုက်တာကို ထုံးစံအတိုင်း ရှင်းပြတာပဲလို့ သဘောထားတာရယ်။

ကျွန်တော် ဒီစကားကို မမေးလို့ သူကလည်း ဘာမှမဖြစ်ပါဘူး။ ခါတိုင်းလို အေးအေးဆေးဆေးပါပဲ။ ဟိုစကား ဒီစကားတွေ ပြောပြီးတော့မှ သူက ဆက်ပြောတယ်။

"တက္ကသိုလ်ဆိုတာ ရည်းစားတစ်ယောက်ရှိမှ ပျော်ဖို့ကောင်းတာ ရဲဝင်းရ…ရည်းစားရှိရင် အဖွဲ့ရှိသွားရော…အဖွဲ့ရှိရင် ပျော်စရာကြီး…မရှိရင်တော့ လွတ်ပြီးတော့ လပ်နေတာပေါ့"

"ပထမနှစ်ချင်း ရည်းစားဖြစ်တာရောမရှိဘူးလား"

တရားခွင်မှာဆိုရင်တော့ မမေးသင့်တဲ့ မေးခွန်းပါ။ ဒါပေမယ့် ဒါက တရားခွင်မှမဟုတ်ပဲ။ ယင်းမာမောင်က ကျွန်တော့်စကားကို မပြုံးဘဲနဲ့ ခဏစဉ်းစားပြီးဖြေတယ်။

"ရှိတယ်..ရှိတယ်ပေါ့…ဒါပေမယ့် နည်းတယ်လို့ပြောတာ"

ကျွန်တော် ဘာကြောင့် ဒီစကားမေးတယ်ဆိုတာ သူ သိမှာပါ။ ကျွန်တော်နဲ့ခင်နေတဲ့ မေဂျာမတူတဲ့အုပ်စုက ကောင်မလေးတစ်ယောက်ကို ကျွန်တော်က စိတ်ဝင်စားနေတာကိုး။ အဲဒီကောင်မလေး နာမည်က ယဉ်မြသွယ်တဲ့။ ကျွန်တော့်လိုပဲ ပိန်ပိန်ဖြူဖြူ သွယ်သွယ်ကလေး။ စိတ်ကတော့ ဘာကောက်သလဲ မမေးနဲ့။

www.foreverspace.com.mm

ကိုယ့်ဆရာရေ…မနက်မိုးလင်းတာနဲ့ ယဉ်မြသွယ် နှုတ်ခမ်းက စူနေပြီးသားပဲ။ သူတို့အဖွဲ့ ငါးယောက်ထဲမှာ ဘယ်သူနဲ့မှ မတည့်ဘူး။ ကျွန်တော်နဲ့ တည့်သလားဆိုတော့လည်း မတည့်ပါဘူး။ ရန်ဖြစ်စရာမရှိရင် သူ စားနေတဲ့ နေကြာစေ့နဲ့ ရန်ဖြစ်နေတဲ့ မိန်းကလေးမျိုး။ စိတ်ပျက်စရာကလေးပါဗျာ။ ဒါပေမယ့် ကျွန်တော်က သူ့ကို ချစ်ချင်နေတယ်။

ရုပ်လှလို့လားဆိုတော့လည်း သိပ်အလှကြီးမဟုတ်ပါဘူး။ ငယ်ဂုဏ်ကလေးလည်းရှိ၊ ပြင်ပြင်ဆင်ဆင်ကလေးလည်း နေတတ်၊ တက္ကသိုလ်ရဲ့ တခြားသောအရောင်တွေနဲ့လည်း ရောနေဆိုတော့ မဆိုးဘူးပြောရမှာပေါ့။ ဒါပေမယ့် ယဉ်မြသွယ်ရဲ့ မျက်နှာမှာ ဝက်ခြံတွေရှိတယ်ဗျာ။ သူ့မျက်နှာအသားက နည်းနည်းကြမ်းတယ်။ ပါးနှစ်ဖက်ပေါ်မှာ ဝက်ခြံတွေက တစ်လုံးနဲ့တစ်လုံး အလုအယက်ပဲ။ သူ့ဝက်ခြံတွေနဲ့လည်း သူ ရန်ဖြစ်တာပါပဲ။ သူ့ထက်စာရင် ယင်းမာမောင်ကမှ မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်းပိုလှသေးတယ်။

ဒါပေမယ့် ကျွန်တော်ကတော့ သူ့ကိုပဲချစ်တယ်။ အချစ်မှာ မျက်စိမှမရှိတာ။ ဝက်ခြံတွေရှိတော့ရော ဘာဖြစ်သေးလဲ။ သူ့ကို ကျွန်တော် ဘာဖြစ်လို့ချစ်မိသွားလဲဆိုတာ ကျွန်တော် မမှတ်မိတော့ဘူး။ အုပ်စုထဲမှာ သူနဲ့ကျွန်တော်က ဆိုက်တူ ဂိုက်တူမို့ ဘော်ဒါတွေက ဝိုင်းစကြလို့လား။ သူ ခဏခဏ စိတ်ကောက်တတ်လို့လား။ ဘာကြောင့်လဲဆိုတာတော့ ကျွန်တော်မသိတော့ဘူး။ ကျွန်တော်သိတော့ ကျွန်တော် သူ့ကို ကြိုက်ချင်နေပြီဆိုတာပဲ သိတယ်။

တရားမှတ်တဲ့လူလိုပဲလေ…မှတ်နေတဲ့ကြားက တခြားအတွေးတွေ ဝင်လာသလိုမျိုးပေါ့။ ဘယ်အချိန် ဘယ်လို ဝင်လာသလဲ

www.foreverspace.com.mm

ဆိုတာ ကျွန်တော် မသိတော့ဘူး။ ခင်တယ်လို့ သိနေတုန်း အချစ် စိတ်ကဝင်လာတာ။ ပြီးခဲ့တဲ့အပတ်ကပဲ "နင်က ဝက်ခြံနဲ့လည်း ရန်ဖြစ် တာပဲနော်" လို့ ပြောမိလို့ ၃ရက်လောက် စိတ်ကောက်တာ ခံလိုက်ရ သေးတယ်။

ယဉ်မြသွယ်တို့ စိတ်ကောက်ပြီဆိုရင်တော့ ကြိုက်တဲ့နည်းနဲ့ သာချော့ ကိုယ့်ဆရာရေ··ရကိုမရဘူး။ ရာမမင်းသားလို ရွှေသမင် ဖမ်းပေးလည်း Sorry ပဲ။ သူ စိတ်ကောက်ပြေရင်တော့ ပျော်စရာ ကြီးပဲဗျ။ စိတ်ကောက်ပြေရင် သူက ပေါင်ကို ဆိတ်တတ်တယ်။ သူ ပေါင်ဆိတ်မယ့်ရက်ကို စောင့်ရတာ သုံးကမ္ဘာလောက်ကြာတယ်လို့ ကျွန်တော်ထင်တယ်။

အဲဒီအကြောင်းတွေ ကျွန်တော်ပြောပြထားလို့ ယင်းမာမောင် လည်း သိနေပါတယ်။ ကျွန်တော်က ယဉ်မြသွယ်ကို ကြိုက်နေတယ် လို့ တရားဝင်မပြောပေမယ့် မိန်းကလေးဆိုတာ ဒါမျိုးဆို ပြောစရာ မလိုဘဲ သိနေတတ်တယ် မဟုတ်လား။

○○○

www.foreverspace.com.mm

တက္ကသိုလ်မှာ ကျွန်တော် ငွေကြေးချို့တဲ့ပြီး တခြား ကျောင်းသားတွေလို မသုံးနိုင် မဖြုန်းနိုင်ပေမယ့် ပျော်ပျော်နေတတ်၊ ရယ်စရာလေးတွေ ပြောတတ်၊ ဖြစ်တတ်တဲ့ ကျွန်တော့် ကံအကျိုးပေးကို သူငယ်ချင်းတွေက သဘောကျလို့ ကျွန်တော့်ရဲ့ တက္ကသိုလ် ပထမနှစ်ဟာ လူတန်းစေ့ ပျော်စရာဖြစ်ခဲ့ပါတယ်။

အခုတလော ကျွန်တော် ယင်းမာမောင်နဲ့ မတွေ့ဖြစ်တာ တော်တော်ကြာပြီ။

စာမေးပွဲဖြေဖို့ ၁လလောက်ပဲ လိုတော့တာဆိုတော့ သူလည်း စာတွေကြိုးစားလုပ်၊ လက်တွေ့တွေမှန်အောင် ကြိုးစားနေရာတော့ အရင်လို တွေ့ချိန်နည်းသွားတာလည်းပါတယ်။ သူက ဒုတိယနှစ်ဆိုတော့ အရေးကြီးတယ်လေ။ မေဂျာနှစ်ဘာသာစလုံး ဂုဏ်ထူးထွက်ရင် ဂုဏ်ထူးတန်းတက်ရမှာကိုး။ ကျွန်တော်တို့ကတော့ အေးဆေးပဲ။ အဲဒီရက်တွေကတော့ ယဉ်မြသွယ်ရဲ့ နေ့တွေချည်းပဲ။

www.foreverspace.com.mm

ကျွန်တော်က ယဉ်မြသွယ်ကို ကြိုက်နေတယ်ဆိုတာ သိသာသွားလို့။ ပိုပိုတို့ မိစိုးတို့က ဖြောင်တစ်မျိုး၊ အကွက်ရရင် တစ်မျိုးနဲ့ သွယ်ဝိုက်ပြီးတော့တစ်မျိုးနဲ့ စနေကြတဲ့ အချိန်ကောင်းပေါ့။ ဘယ်သူက ဘာစစ သူက စိတ်ကောက်…ကျွန်တော်က နည်းမျိုးစုံသုံးပြီး ချော့၊ အရသာကို ရှိလို့ပေါ့ဗျာ။ ယင်းမာမောင်ကို မေ့နေတာ တကယ်ပဲ။

“နင်ဘာစားမလဲ ယဉ်မြသွယ်…မုန့်ဟင်းခါးလား”

“မစားဘူး…မုန့်ဟင်းခါးအကြောင်း လာမပြောနဲ့”

“ဒါဆို ထမင်းဆီဆမ်းနဲ့ ကြက်ဥဟက်ဖရိုက်ကြော်”

“မစားဘူးဆို”

“ကော်ဖီနဲ့ ပါမုန့်မီး…”

“တော်ပြီ…ဘာမှမစားဘူး…ဘာစကားမှ လာမပြောနဲ့…တော်ပြီ”

“ဟ”

ပိုပိုနဲ့ မိစိုးက ဝိုင်းရယ်ကြတယ်။ အကြောင်းမရှိဘဲ စိတ်ကောက်နေတဲ့ ယဉ်မြသွယ်ကို ကျွန်တော် ဘာပြောရမှန်းမသိဘူး။ သေသေချာချာကြည့်တော့ နှုတ်ခမ်ထော်နေတဲ့ သူ့ မျက်နှာမှာ ဝက်ခြံအသစ်ကလေးနှစ်လုံး ထွက်နေတယ်။ ဒီ ဝက်ခြံတွေကြောင့်များ ….

“မနက်က နင်က မလှရီတို့ မုန့်ဟင်းခါးဆိုင်မှာ သူ့ကို နေရာက ထမပေးဘူးဆို…ဟုတ်လား ရဲဝင်း”

မိစိုးစကားကြောင့် ကျွန်တော် ကြောင်သွားတယ်။ ဟုတ်တယ်…။ မနက်တုန်းကရောင်းတဲ့ မလှရီ မုန်းဟင်းခါးဆိုင်မှာ

www.foreverspace.com.mm

ကျွန်တော် မုန့်ဟင်းခါးစားတယ်။ မလှရီမုန့်ဟင်းခါးက သိပ်ကောင်းတာ။ ရှေ့ကဖြတ်သွားရင် သူ့ဟင်းရည်နံ့ကို ဘယ်မြန်မာမှ မကျော်သွားနိုင်ဘူး။ ဘူးသီးကြော်ဆိုလည်း ကြွပ်ကြွက်ရွရွကြီးတွေ။ အုန်းမှုတ်ခွက်ဇွန်းကြီးနဲ့ သူ့ဟင်းအိုးကို တစ်ချက်မွှေလိုက်လို့ကတော့ ရှေ့ကဖြတ်တဲ့ကောင် လှည့်မကြည့်ဘဲကို မနေနိုင်ဘူး။ မနက် ၇နာရီ ဗိုက်ဆာချိန်ဆိုတော့ သွားပြီပေါ့ဗျ။ ကျောင်းသားကျောင်းသူတွေ တရုန်းရုန်းပေါ့။ နေရာရဖို့ထက် သူ့ မုန့်ဟင်းခါးကို မှာတာရဖို့ တစာစာတောင်းရတာ ဆယ့်ငါးမိနစ်လောက်ကို ကြာတာ။

ကံကောင်းလို့ ကျွန်တော် မနက်ကနေရာရတယ်။ ဒါပေမယ့် ယဥ်မြသွယ် ဝင်လာတာကို ကျွန်တော် တကယ်မသိဘူး။ မနက်မိုးလင်း ပူပူနွေးနွေး မုန့်ဟင်းခါးက အချစ်ကို မေ့လျော့စေတယ်ပေါ့လေ။ ဒီအတိုင်း သွားပြောရင်တော့ ဘယ်ရပါ့မလဲ။

"ဟာ…မဟုတ်ဘူးဟ…ဒီလို မိစို…ဒီလို…ဒီလိုဟာ…ငါက ထပြီး နေရာပေးမလို့ဟ…ဒါပေမယ့် သူလာနေတုန်း…ငါ…ဟိုလေ…ငှက်ပျောပင်ဖတ်စားမိတာ သွားကြားညှပ်နေလို့ အဲဒါကို ထုတ်နေတုန်း…"

"အပိုတွေပြောမနေနဲ့…ငါ ရောက်နေတာ နင့် နောက်မှာ အကြာကြီးပဲ…ဘာသွားကြားမှ မညပ်ဘူး…အပိုတွေ လာမပြောနဲ့"

"ဟာ…တကယ်ပါ ယဥ်မြသွယ်ရာ…ငှက်ပျောပင် သွားကြားညပ်တာ ဘယ်လောက် ဆိုးတယ်မှတ်သလဲ…အဲဒါကို ထုတ်နေတုန်း…"

"တော်ပြီ ရဲဝင်း…နင်ဟာ အစားနဲ့တွေ့ရင် ဘာကိုမှ သတိမရတော့ဘူးဆိုတာ ငါသိတယ်… နင် ငါ့ကို အပိုတွေ ပြောမနေနဲ့

www.foreverspace.com.mm

တော့…ဒါ နင့်ကို လုံးဝစကားမပြောတော့ဘူး"

ဗိုက်ဆာနေတဲ့ မနက်ခင်းနဲ့ မုန့်ဟင်းခါးကောင်းကောင်း တစ်ပွဲကြောင့် ချစ်သူကို အလဲခံရမှာတော့ ကျွန်တော် ကြောက်တာ အမှန်ပါပဲ။ ကျွန်တော် နေရာမပေးလို့ သူ မစားတော့ဘဲ စိတ်ကောက် ထွက်သွားတာ သေချာပြီ။

"နင်ကလည်းဟာ…နင် စားချင်လား…ငါ အခု သွား ဝယ်…"

"အပိုတွေပြောမနေနဲ့… ၁၀နာရီ ထိုးနေပြီ"

သူပြောတာ ဟုတ်တယ်။ မလှရီမုန့်ဟင်းခါးက ၈ နာရီခွဲရင် အိုးစောင်းနေပြီ။

"နောက်နေ့ကျရင် ငါနေရာဦးပေးထားမယ်လေ"

"နင့်ကို စကားမပြောဘူးလို့ ငါပြောထားတယ်"

"ဘယ်နှစ်ရက်လဲ"

"ဘဝနှစ်ဆယ်"

ယဉ်မြသွယ်ဟာ နှုတ်ခမ်းကို ချွန်နေတာပဲ။ ထိပ်ဖျားမှာ ပြီ တည်စပြုနေတဲ့ သူ့ဝက်ခြံအသစ်ကလေး နှစ်လုံးကို ကျွန်တော်ငေး နေမိတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်တို့ ဝိုင်းထဲကို လူတစ်ယောက် ဝင်ထိုင်တယ်။ အရပ်က ကလန်ကလား။ အသားက ခပ်ညိုညို၊ အညာ သားတွေ မည်းသလို မည်းတာ။ လူက တော်တော်ပိန်တယ်။ သူ့လက် ကို စားပွဲပေါ်လှမ်းတင်တော့ တံတောင်ဆစ်ရိုးနဲ့ စားပွဲထိတာ 'ဂေါက်ခနဲ' နေတာပဲ။ ပြီးတော့ ယဉ်မြသွယ်လိုပဲ သူ့မျက်နှာမှာလည်း ဝက်ခြံတွေနဲ့။ ဝက်ခြံတွေမှ ယဉ်မြသွယ်လို ဝက်ခြံအဆံသေးကလေး တွေမဟုတ်ဘူး။ ဆင်ဝက်ခြံလို့ခေါ်တဲ့ အဖုကြီးကြီးတွေ။ ညှစ်ပြီး

www.foreverpage.com.mm

ပျောက်သွားတဲ့နေရာမှာ အသားကဟောက်ပက်ကြီးဖြစ်လို့။ သူ့မျက်နှာကို ပုံကြီးချဲ့ရင် အင်္ဂါဂြိုလ်နဲ့ မှားမှာသေချာတယ်။

"မိသွယ်…ကျွန်တော် မနေ့ကငှားလိုက်တဲ့ ခဲဆံ ဘောလ်ပင်မှာ ခဲဆံကုန်နေတာ ကျွန်တော် တကယ်မသိတာပါ တမင်လုပ်တာမဟုတ်ပါဘူး…ကျွန်တော့်ကို ခွင့်လွှတ်…"

ဒီလူက လေးလေးစားစား ကျိုးကျိုးနွံနွံ တောင်းပန်တာကို ယဥ်မြသွယ်က ဆံပင်တွေ ဝဲနေအောင်ခါရင်း အတင်းငြင်းတယ်။ လုံးဝ ဂရုကိုမစိုက်တဲ့ ပုံစံမျိုးနဲ့ ငြင်းတာ။ လေသံက မာမာထန်ထန်ကြီး။ ကျွန်တော့်ထက်တောင် ဆိုးသေးတယ်။ အဲဒီ အငြင်းစကားကိုလည်းကြားရော ကိုရွှေချောက မည်းနေတဲ့ သူ့နှုတ်ခမ်းဘတ်လပ်ကြီးကို တစ်မိနစ်လောက်ဟထားပြီးမှ ဘာစကားပြောရမလဲဆိုတာ စဥ်းစားရင်း နှုတ်ခမ်းနှစ်ခု ဘလပ်ဘလပ်နဲ့ ပွတ်တာ ကိုယ့်ဆရာ မြင်စေချင်တယ်ဗျာ။

ဘာမှန်းမသိတော့ ကျွန်တော်လည်း အသာပဲ ငြိမ်နေရတာပေါ့။ ပိုပိုနဲ့ မိစိုးကတော့ အချင်းချင်းမျက်စပစ်ပြီး တခွီးခွီး ရယ်နေတယ်။

"တကယ်ပါ မိသွယ်ရယ်… အဲဒီ ခဲဆံဘောလ်ပင်က"

"အို…ဘာမှ မကြားချင်ဘူးလို့ ပြောနေတယ်နော်"

ယဥ်မြသွယ်စကားလည်း ကြားရရော အဲဒီလူ ခေါင်းကြီး ငုံ့သွားတာ အကြားကြီးပဲ။ ခေါင်းငုံ့တာပဲ ကောင်းပါတယ်။ ပိန္နဲသီးကို စက်သေနတ်နဲ့ပစ်ထားသလို သူ့မျက်နှာကြီးကို ကြည့်ရတာ တော်တော်ကို စိတ်မချမ်းသာစရာကောင်းတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်တို့ ကင်ထင်းထဲကို ယင်းမာမောင် ဝင်လာတယ်။ သူ့အဖော်

www.foreverspace.com.mm

ကောင်လေးတစ်ယောက်နဲ့။ အဲဒီ ကောင်လေးကို ကျွန်တော် မမြင်ဖူးတာအမှန်ပဲ။ ကျွန်တော် လက်လှမ်းပြတော့ သူက ထုံးစံအတိုင်းပြုံးပြီး လက်ပြန်ပြတယ်။

တိတ်ဆိတ်သွားတဲ့ ကျွန်တော်တို့ဝိုင်းမှာ ဘာစကားမှ ပြောစရာမရှိတော့ဘူး။ ယဉ်မြသွယ် နှာခေါင်းကလေး ပွစိပွစိ လှုပ်နေတာကလွဲလို့ ဘာလှုပ်ရှားမှုမှ မရှိဘူးထင်နေတုန်း ဗြုန်းဆို ယဉ်မြသွယ် ထသွားတယ်။ ဒီတော့မှ ကိုရွှေချောက ကြက်ခေါင်းကို ရေနွေးဖြောထားတဲ့ပုံစံမျိုးနဲ့ ပိုပိုတို့ဘက်ကို လှည့်ပြီးပြောတယ်။

"တကယ်ပါဗျာ…ကျွန်တော် လုံးလုံးကို မသိလိုက်တာပါ… သူက ကမန်းကတန်းငှားတော့ ထုတ်ပေးလိုက်မိတာ…ခဲဆံထည့်ပေးဖို့ မေ့သွားတာ ရအောင်ပြောပေးပါ"

"စိတ်ချ ကိုငွေးဝင်း…ပြောပြပေးမယ်…အခုတော့ တောင်းပန်မနေနဲ့တော့ ရမှာမဟုတ်ဘူး"

"သူ့အကြောင်းလည်း သိလျက်သားနဲ့…တောင်းပန်လေ စိတ်ကောက်လေပဲ"

"စိတ်ပြေသွားရင် ပြောပေးပါဗျာ…ကျွန်တော် သူ့ အပေါ် စေတနာရှိပြီးသားပါ"

"စိတ်ချ"

မိစိုးရော ပိုပိုရောက စိတ်ချပါလို့ အကြိမ်တစ်သန်းလောက် ပြောနေတာကိုတောင် ကိုရွှေချောက သူ့ခဲဆံကိစ္စကို အကြိမ် ၂ သန်းလောက် ထပ်ရှင်းပြသေးတယ်။ ဒီလိုလူမျိုး ရှားရောဗျာ။ ပြီးတော့ သူ မမှားကြောင်း တောင်းပန်ရင်းခေါက်ဆွဲ သုပ်တစ်ပွဲကိုလည်း စားသွားသေးတယ်။ စားတာကလည်းဗျာ သူ့နှုတ်ခမ်းထူထူကြီး တစ်ခုလုံး

www.foreverspace.com.mm

ဆီတွေပေးလို့။ သူ့နှုတ်ခမ်းကိုလည်း အကြိမ်တစ်သောင်းလောက် လျှာနဲ့သပ်သေးတယ်။ ပြီးတော့ ပိုက်ဆံလည်း ရှင်းမသွားဘူး ခင်ဗျ။ ထွက်သွားတော့လည်း မြက်ပင် လေကြမ်းတိုးသလိုပဲ။ ကိုင်းကိုင်····ကိုင်းကိုင်းနဲ့။

"နင်တော့ ပြိုင်ဘက်ရပြီ ရဲဝင်း"

"ဘာပြိုင်ဘက်လဲဟ···ပိုပို့ရ"

"ယဉ်မြသွယ်ကိုလေ···သူကလည်း လိုက်နေတာ"

○○○

www.foreverspace.com.mm

ပြိုင်ဘက်ရှိတော့ ကောင်းတာပေါ့ . . . ဒါမှ အဖြေမှန်ကို သိရတာ"

ယင်းမာမောင် ပြောတာမှန်တယ်။ အခုဆို ယဉ်မြသွယ်က ကျွန်တော့်ကို တော်တော့်ကို ပစားပေးတယ်။ ဟို မြက်ပင်ရှည်နဲ့ တွေ့ပြီးတဲ့နောက်မှာပဲ ကျွန်တော့်ကို စိတ်ဆိုးပြေပြီး ဒီလူ့ကိုတော့ တစ်ပတ်လောက်ကြာမှ နည်းနည်း စခွင့်လွှတ်တယ်။ မြက်ပင်ရှည်ကိုတွေ့တာနဲ့ မိသွယ်မျက်နှာက မှုန်ကုတ်သွားတာပဲ။ ပြီးတော့ မိသွယ် အမြဲပြောတဲ့စကားတစ်ခွန်း ရှိသေးတယ်။ ဝက်ခြံမှန့်ကြာစေ့လောက်ကြီးတွေနဲ့ သူ့ကိုယ်သူ မရှက်ဘူးလားမသိဘူးတဲ့။

ယင်းမာကလည်း သူနဲ့ အခုအတူတူရှိနေတဲ့ လူအကြောင်းကို ပြောပြပါတယ်။ နာမည်က ကိုစိုင်းတဲ့။ ရှမ်းပြည်နယ်၊ ကျောက်မဲက ကျောင်းပြောင်းလာတာ။ စာမေးပွဲနီးတော့ ရှေ့ ၂လ လွတ်သွားတဲ့ စာတွေကို ယင်းမာက ပြန်ရှင်းပြနေတာတဲ့ . . .။

www.foreverspace.com.mm

ကျွန်တော်ဆိုတဲ့ကောင်ကလည်း တော်တော် လူဆန်ပြီး တော်တော်ခံစားမှုလွယ်တဲ့ကောင်ပါဗျာ။ အဲဒီလူအကြောင်းကို ပျော်ပျော်ရွှင်ရွှင်ကြီး ယင်းမာက ရှင်းပြနေတော့ ကျွန်တော် ယင်းမာကို ကြိုက်ချင်စိတ်ပေါ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် မသိတာအမှန်ပဲ။ ယင်းမာကို စိတ်ထဲမှာ (အဲဒီအချိန်) ကြိုက်မိမလို ဖြစ်တာလည်း တကယ်ပဲ။

ကျွန်တော် ကြည့်ခဲ့ဖူးတဲ့ ရုံတင်ရုပ်ရှင်တွေထဲက ဇာတ်လိုက်တွေ (ဝင်းဦး၊ မြတ်လေး၊ ညွန့်ဝင်း၊ ကျော်ဟိန်း)တို့လို စိတ်မထားနိုင်ခဲ့တာလည်း အမှန်ပဲ။ ကျွန်တော် လူဆန်တာကို လူတွေ နားလည်အောင် ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ဘူး။ အဲဒီနေ့တစ်နေ့လုံး ကျွန်တော့်ကို ယင်းမာကချစ်နေပြီး ကျွန်တော်ကလည်း သူ့ကိုချစ်နေတယ်လို့ချည်းပဲ တွေးနေမိတယ်။

နောက်တစ်နေ့ မိသွယ်နဲ့တွေ့တော့ ကျွန်တော့်ကို ဟိုမြက်ပင်ရှည်ထက် အခွင့်အရေးတွေ ပေးပြန်တော့လည်း ယင်းမာကို မေ့သွားပြန်ရော။

"နင် တစ်ခုခု စွန့်စားတော့ ရဲဝင်း"

"ငါက ဘာကိုစွန့်စားရမှာလဲ ပိုပိုရာ"

"တစ်ခုခုပေါ့…အဲဒါမှ မတတ်ရင်လည်း ငတ်ပေါ့"

"ဟုတ်တယ်နော်…ဟိုလူက အပျော့ဆွဲသိလား"

"ငါကရော ဘာဆွဲလဲ"

မိစိုးနဲ့ ပိုပို တော်တော်ကြီး ရယ်ကြတယ်။ ရယ်လို့ အားရမှ စိတ်ပျက်စပြုနေတဲ့ ကျွန်တော့်ကို စကားပြောတယ်။

"ဒါတော့ ဘယ်သိမလဲ…နင့်ဘာသာ သိမှာပေါ့"

www.foreverspace.com.mm

"ငါ ဘာလုပ်ရမလဲဆို"

"တစ်ခုခုပေါ့ဟ…ဘယ်သိမလဲ"

"အဲဒီတစ်ခုခုကို နင်တို့ ကူညီအုံးဟာ…တစ်ခုခုပေါ့"

နောက်ရက်တွေမှာ မြက်ပင်ရှည်နဲ့ ကျွန်တော် မိသွယ်၊ မိစိုး၊ ပိုပိုတို့ နေ့တိုင်းဆုံကြပါတယ်။ ဆုံကြတိုင်း သူ ကျွန်တော့်ကို ကြည့်တဲ့ အကြည့်ကို ရင်မဆိုင်ရဲတာ အမှန်ပါပဲ။ မိသွယ်က သူ့ရှေ့မှာ ကျွန်တော့်ကို နင်းကန်ပြီး အခွင့်အရေးတွေပေးနေတာကိုး။ မိန်းကလေး တွေကလည်း တော်တော်ဆိုးပါတယ်ဗျာ။ အားနာချင်ရင်လည်း ကမ္ဘာ ပေါ်မှာ သူတို့လောက် အားနာတတ်တဲ့ သတ္တဝါမရှိတော့ဘူး။ ရက်စက် ချင်ရင်လည်း စကြဝဠာထဲမှာ သူတို့လောက် ရက်စက်တဲ့သတ္တဝါ မရှိတော့ဘူး။ ဟစ်တလာဟာ မိန်းကလေးမဖြစ်တာ တော်တော် ကံကောင်းတယ်။ နို့မို့ဆို မလွယ်ဘူး။

ဟိုလူကလည်း ကံကိုဆိုးတယ်။

မိသွယ်ကို မျက်နှာလုပ်ရင်း ကျွန်တော့်ကိုလည်း ကျော်ဖြတ် ရင်းဆိုတဲ့သဘောနဲ့ မိသွယ်ကို ဝက်ခြံပျောက်ဆေးဆိုတာပေးတယ်။ မိသွယ်ကလည်း အားရဝမ်းသာပေါ့။ အဲဒီဆေးတွေ လိမ်းပြီး သုံးရက် လဲကြာရော မြက်ပင်ရှည်ပါးမှာ မှည့်ပြီး ရောင်ကိုင်းနေတဲ့ ဝက်ခြံကြီး မျိုးနှစ်လုံး မိသွယ်ပါးမှာ ထွက်လာလို့ ကမ္ဘာပျက်ပါရောလား။

ကြွက်သေတစ်ခု အရင်းပြုတာမဟုတ်ဘဲ ဝက်ခြံဆေး တစ် ပုလင်း တခြားလူပေးရင်းနဲ့ မိသွယ်ဟာ ကျွန်တော့်ဘက်ကို ဘတ်စ်ကား ဘရိတ်အုပ်လို့ ယိုင်သလို ယိုင်လာတာ။ နောက်ဆုံး မိသွယ်ကို ကျွန်တော် ဘာပြောပြော ယုံလာတဲ့အထိပဲ။ အဲဒီနောက်ဆုံးမှာ ကျွန်တော် လုပ်စရာတစ်ခုပဲရှိတော့တာလေ။

www.foreverspace.com.mm

မိသွယ်ကို ယင်းမာပေးထားတဲ့ အကြံအတိုင်း မိုလ်တထောင် ဘုရားကိုခေါ်တယ်။ ငြင်းလိုက်တာ ခါးခါးသီးသီးပဲ။ ဘာလုပ်ဖို့လဲ…။ နင်က ဘုရားသွားပြီး ဘာလုပ်မှာလဲတဲ့။ မြတ်စွာဘုရားဟာ လေး သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်… ဒုက္ခရစရိယာခြောက်နှစ်ကျင့် ခဲ့တာ ကျွန်တော် ကောင်းကောင်းသိတယ်။ ဘာမှ ပြန်မပြောနိုင်ဘူး။ ဒုတိယ ပန်းခြံသွားဖို့ပြောတယ်။ စိတ်ကောက်သွားရော။ နောက်ဆုံး ပါးစပ်ထဲရှိတဲ့ ရုပ်ရှင်သွားကြမယ်ဆိုတော့ သဘောတူတယ်ခင်ဗျ။

မိန်းမတွေဟာ ထီထိုးရတာနဲ့တူတယ်။ ကိုယ်က ယုံယုံကြည် ကြည်နဲ့ထိုးရင် ရှေ့အက္ခရာတောင်မတိုက်ဘူး။ အမှတ်တမဲ့ကျမှ ဟုတ် ချင်ရင်ဟုတ်သွားတာ။ မိစိုးနဲ့ ပိုပိုကတော့ အံ့သြလို့ပေါ့လေ။ မြက်ပင် ရှည်ကတော့ ဒီအကြောင်းကြားတော့ ခါးပိုကိုင်းသွားဆိုပဲ…ကိုယ့် ဆရာရေ။

အခု Trader Hotel ကြီးနေရာမှာရှိတဲ့ ပပဝင်းရုံထဲ ရောက် တော့ မိသွယ်က နေကြာစေ့ထုပ်နဲ့ စရန်ဖြစ်ပါတယ်။ ကြက်သွန် ကြော်တစ်ခုပဲပါလို့တဲ့။ ရုရှားတွေဂြိုလ်တု လွှတ်တဲ့ဗဟိုသတင်းစဉ် စပြတုန်း သူက ကြက်သွန်ဖြူနဲ့ ရန်ဖြစ်နေတော့ တော်တော်ခွကျ တာပဲ။ အပေါ်ထပ်လည်းဖြစ်၊ လူကလည်းရှင်းတဲ့ နေ့လည် ၁နာရီခွဲ ပွဲမို့သာ တော်ရော့တယ်။ ကျွန်တော်လည်း ရုရှားကလွှတ်တဲ့ ဂြိုလ်တု ကြီးပြပြီး သူ့ကို ချော့ရတော့တာပဲ။ ဘာမှမဆိုင်ပေမယ့် ခဏကြာ တော့ စိတ်ကောက်ပြေသွားတယ်။

ကျွန်တော်တို့ ဝင်ကြည့်တဲ့ကားက အပါချီဝီးမန်းတဲ့။ ကားက တော်တော်လေးကို ကောင်းတဲ့ကားပါဗျာ။ အပါချီ ရွာကလေးကို

www.foreverspace.com.mm

အမေရိကန်စစ်တပ်ကဝင်သိမ်းပြီး ကျန်ခဲ့တဲ့ ဗိုလ်ကလေးတစ်ယောက်ရယ်၊ အသက်မသေဘဲလွတ်လာတဲ့ အပါချီလူမျိုး လူရိုင်းမကလေးရယ်ရဲ့ မေတ္တာဇာတ်လမ်း။ Action ရော၊ Drama ပါ ပါတော့ ကျွန်တော်လည်း ကားထဲပါသွားတယ်။

မူလလာတဲ့ ရည်ရွယ်ချက်ကတော့ မီးမှောင်ရင် ယောင်တောင်တောင်လုပ်ပြီး မိသွယ်ကို လက်ကလေးမရဲတရဲ ကိုင်ပြီး အဖြေတောင်းဖို့ပါ။ ကားကကောင်းနေတာရယ်၊ ကားမစခင် မီးတွေ မမှိတ်ခင်ကတည်းက မိသွယ်က သူနဲ့ ကျွန်တော် ခုံနှစ်ခုကြားက လက်တန်းမှာ သူ့လွယ်အိတ်ကိုတင်ထားပြီး ကျွန်တော့် လွယ်အိတ်ကိုပါ အပေါ်ကထပ်ခိုင်းတာရယ်ကြောင့်၊ ရှေ့အဆက်ရဲတာရယ်ကြောင့် ဘာမှမပြောရဲဘဲ ကားပဲဆက်ကြည့်နေရတာရယ်ကြောင့်ပါ။ ဒီကြားထဲ ကြက်သွန်ဖြူကြော်ကလည်း တစ်မှောင့်ကိုး။

ဇာတ်ကား သုံးပုံနှစ်ပုံလောက်မှာ မိသွယ်က နေကြာစေ့ကို တဖြောက်ဖြောက် ကိုက်နေရာက ကျွန်တော့်ကို စကား စပြောတယ်။ ထုံးစံအတိုင်း ပေါင်ကိုဆိတ်ရင်းပေါ့။

"လွယ်အိတ်တွေ ရွှေ့လိုက်…ထိုင်ရတာ ကျဉ်းတယ်"

ကျွန်တော် ဘာပြန်ပြောနိုင်မှာလဲ။ ကျွန်တော့် ခုံနံဘေးက အများကြီးလွတ်နေတဲ့ ခုံတွေရှိတဲ့ ဘေးခုံကို လွယ်အိတ်တွေရွှေ့လိုက်ရတာပေါ့။ ခဏကြာတော့ မိသွယ်ပခုံးကလေး အိခနဲ ကျွန်တော့် ပခုံးကို လာထိတယ်။ အဲဒီအချိန်မှာ အပါချီမကလေးက အမေရိကန်စစ်တပ်ကကောင်လေးကို သူ့လူတွေကြားက ခက်ခက်ခဲခဲကယ်နေရတဲ့အချိန်။ ဓားတွေ လှံတွေ မြားတွေကြားမှာ အပြေးအလွှားပေါ့။ တစ်ယောက်စကားလည်း တစ်ယောက်က နားမလည်ကြဆိုတော့

www.foreverspace.com.mm

တော်ကော်လေး အသည်းယားဖို့ကောင်းတယ်။

နောက်ဆုံး အမေရိကန်စစ်သားကလေးက အပါချီမလေးကို မှဒိမ်းကျင့်တဲ့ စစ်သားတွေကို ပစ်သတ်၊ သူလည်းသေ၊ အပါချီမ ကလေးဆီကို တွားသွားရင်း လက်ကလေးထိတော့ အသက်ထွက်…။ ပပဝင်းရုံထဲမှာ မီးတွေလင်းလာ။

ကျွန်တော် တော်တော်ကြာအောင် ငိုင်နေမိတယ်။ အချစ်ဆို တာ…ဘာလဲ။

"လွယ်အိတ်တွေ ဘယ်မှာလဲ"

"လွယ်အိတ်တွေ ဘယ်မှာလဲ"

မိသွယ်အော်သံကြောင့် ကျွန်တော် အသိဝင်လာပြီး နံဘေး နားက ခုံမှာချထားတဲ့ လွယ်အိတ်တွေကို ကောက်ပေးလိုက်တယ်။ ဒါပေမယ့် လွယ်အိတ်က တစ်အိတ်တည်း။

"နင့်လွယ်အိတ်ကော…နင့်လွယ်အိတ် ရဲဝင်း"

မရှုမလှသေနေတဲ့ အပါချီမလေးဆီက ကျွန်တော်စိတ်ကို ပြန်ရုပ်ရတယ်။ ဟုတ်တယ်။ ကျွန်တော့်လွယ်အိတ် မရှိတော့ဘူး။

ရုံထဲကလူတွေ အကုန်ထွက်ပြီး သန့်ရှင်းရေးသမားတွေ ဝင် လာပြီး နေကြာစေ့ခွံတွေ၊ ကွာစေ့ခွံတွေ၊ ပလတ်စတစ်အိတ်တွေ လှဲနေတဲ့အထိ ကျွန်တော် လွယ်အိတ်ကို ရှာလို့ မတွေ့သေးဘူး။ ခုံအောက် ရှေ့နောက်ဝဲယာစုံနေပြီ။ ကျွန်တော်လည်း ခေါင်းနပန်း ကြီးနေပြီ။ ဒီလွယ်အိတ်ထဲမှာ ကျွန်တော့် တစ်နှစ်စာ မှတ်စုစာအုပ်တွေ ငါးအုပ်လောက်ပါတာကိုး။

"နင့်လွယ်အိတ်ထဲမှာ ငါ့ပိုက်ဆံအိတ်ပါ ထည့်ထားတယ် ရဲဝင်း"

www.foreverspace.com.mm

"ဘာ"

"ဟုတ်တယ်…ခုနက ရုံဝင်တုန်းက နေကြာစေ့တွေဘာ တွေဝယ်ရင်း ငါ့ပိုက်ဆံအိတ်ကို ထုတ်ထားတာ…နင့်လွယ်အိတ်ကို အပေါ်ကတင်တော့ ငါ နင့်လွယ်အိတ်ထဲ အလွယ်တကူ ထည့်ထား တာ…ငါ့ ပိုက်ဆံက ငါးရာကျော်တယ်…ရအောင်ရှာ"

မန်နေဂျာရုံးခန်းက ပြန်ဆင်းလာပြီး ပပဝင်းရုံအောက်မှာ ကျွန်တော်တို့ ပြဿနာထပ်တက်ကြတယ်။ လေးနာရီပွဲအတွက် တန်းစီ နေတဲ့ လူတွေက ကျွန်တော်တို့ကို ငေးလို့။

"နင်က ဘေးနားက လွယ်အိတ်ကို လူဆွဲသွားတာ မသိရ အောင် နင်ဘာဖြစ်နေလို့လဲ"

"ငါ…ငါ…ဘာမှမဖြစ်ဘူး… ငါ ကားကြည့်နေတာ"

"သွားစမ်းပါ…မသိဘူးများမှတ်နေလား…ငါ့ ပိုက်ဆံအိတ် ထဲမှာ ပိုက်ဆံ ငါးရာကျော်ပါတယ်…နင် ပြန်လျော်ပေး"

"ဘာ"

"ဟုတ်တယ်…နင့်လွယ်အိတ်ထဲ ငါထည့်ထားတာ…နင် လျော်ရမယ်"

"ဘာ…ငါက လွယ်အိတ်ရော စာအုပ်တွေရော ပျောက်တာ နင့်ပိုက်ဆံက ဘာအရေးကြီးလို့လဲ"

"ကြီးတယ်ဟဲ့ ကြီးတယ်… ပိုက်ဆံက ငါးရာကျော်တောင် …ငါ ဘယ်လိုအိမ်ပြန်ရမလဲ…နင် အခုလျော်ပေး…ရဲဝင်း"

ကျွန်တော် ဒေါသကြောင့် တဆတ်ဆတ်တုန်နေတယ်။ ဘာပြောရမှန်းလည်းမသိဘူး။ အဲဒီအချိန်မှာ ကျွန်တော် မိသွယ်ကို ဆွဲမထိုးဖြစ်တာ ကံကောင်းတာပဲ ကိုယ့်ဆရာရေ။ ဘာဖြစ်လို့လဲ

ဆိုတော့…ကျွန်တော့်အနားကို ယင်းမာမောင် ရောက်လာတာကိုး။ သူ့သားမှာလည်း သူစာသင်နေရတယ်ဆိုတဲ့ ကိုစိုင်းနဲ့။ လက်တွေ့ (Practical) ပြီးလို့ ရုပ်ရှင်လာကြည့်တာတဲ့။ ဆုံးရှုံးမှုက တော်တော်ကြီးပါတယ်ဗျာ။ အရာအားလုံးပဲ ဆိုပါတော့။

နောက်ဆုံးတော့ ယင်းမာမောင်ကပဲ အဲဒီကိစ္စကို ဖြန်ဖြေပြီး မိသွယ်ကို ပုဇွန်တောင်ပြန်ဖို့ လမ်းစရိတ်ထုတ်ပေးလိုက်တယ်။ ဒါတောင် မိသွယ်က သူ့ပိုက်ဆံငါးရာကျော်ကို နောက်နေ့ လျော်ပေးရမယ်လို့ အကြိမ်ကုဋေလောက် ပြောတယ်။

ကျွန်တော့်မှာ မုန်းရတာရော…ဆုံးရှုံးရတာရော…ခံစားမှု စုံနေတာပဲ။ ရီးရီးကလေးပြုံးရင်း ကျွန်တော့်ပြဿနာကို ဖြေရှင်းပေးနေတဲ့ ယင်းမာမောင်ရဲ့ စကားသံအေးအေးကို ကျွန်တော် မကြားချင်ဘူး။ ကိုစိုင်းဆိုတဲ့လူက ကျွန်တော့်ပခုံးကို လာဖက်တာကိုလည်း ကျွန်တော် ပုတ်ချပစ်ခဲ့တယ်။ အိမ်ကို ဘယ်လိုပြန်ရောက်လာမှန်းကို မသိတော့ပါဘူး။

လွယ်နေကျ လွယ်အိတ်မပါလို့ အိမ်ကိုမဝင်ရဲဘဲ အကြာကြီး လက်ဖက်ရည်ဆိုင်မှာ ထိုင်နေရတာလည်း ကျွန်တော် မမေ့ဘူး။

လွယ်အိတ်သူခိုးကိုများတွေ့ရင် ကျွန်တော် သတ်ပစ်မိမလား မသိဘူး။

ဒီလူဟာ ကျွန်တော့်လွယ်အိတ်ကိုတင်မကဘူး ကျွန်တော့်နှလုံးသားကိုရော ဘဝကိုပါ ခိုးသွားတဲ့လူမဟုတ်လား။

ဇာတ်ပေါင်းတော့…

မိသွယ်က မြက်ပင်ရှည်နဲ့ ချစ်သူဖြစ်တယ်။

ယင်းမာမောင်က ဂုဏ်ထူးတန်းဝင်ပြီး ရန်ကုန်တက္ကသိုလ်ကို



www.foreverspace.com.mm

ရောက်သွားတယ်။ ဟို…ရှမ်းပြည်နယ်ကလာတဲ့သူနဲ့ ချစ်သူဖြစ်ကြသေးသိုပဲ။ ကျွန်တော်ကတော့ စာမေးပွဲဖြေဖို့ ဆယ့်ငါးရက်လောက်အလိုမှာ လွယ်အိတ်ပျောက်လို့ တမေ့တမောအားခဲပြီးတော့ ရောက်အောင်လာခဲ့ရတဲ့ တက္ကသိုလ်ရဲ့ ပထမနှစ် (၁၉၈၅-၈၆) ကို ဗိုလ်တထောင်တက္ကသိုလ်မှာ ကျခဲ့တယ်။

ကျွန်တော့်တစ်ဘဝလုံးကို ခိုးသွားတဲ့ လွယ်အိတ်သူခိုးကို အခုတွေ့ရင်…ကျွန်တော် ဘာပြောရမလဲ။

○○○


www.foreverspace.com.mm

www.foreverspace.com.mm

# ကျွန်ုပ်နှင့် ကဗျာစာအုပ်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



www.foreverspace.com.mm



www.foreverspace.com.mm

"လိုက်ဖက်ထောင့်တစ်ခုစီ၌ ပန်းတစ်ပွင့်စီ ပွင့်စေရန် ပန်းခြင်းတောင်းတစ်ခုအား နေရာချထားခြင်း"

ဆိုတဲ့ နာမည်နဲ့ ကျွန်တော့် 'ကဗျာ'စာအုပ်ကလေး တစ်အုပ်ကို ဒုတိယနှစ်ကျောင်းဖွင့်ပြီး မကြာမီမှာပဲ ကျွန်တော် ထုတ်ဝေခဲ့တယ်။ ကျောင်းသားဘဝမှာ ကဗျာစာအုပ်ထုတ်ရတာ တော်တော်လေးကို ပျော်စရာကောင်းတယ်ဗျာ။ ကိုယ့်ကဗျာတွေကို ကိုယ့်ဘာသာ ဖယောင်းလက်ရေးရေး၊ နှစ်ပေမီးချောင်း အကွမ်းကလေးနှင့် မင်ထည့်ပြီး ကိုယ့်ဘာသာလိမ့်၊ A4 ရွက်ကို သုံးခေါက်ချိုး၊ အလျားလိုက်ခေါက်တစ်ယောက်တည်းနဲ့ပြီးတာပဲ။ ကိုယ်က ကျူရှင်တွေမှာ ဖယောင်းလက်ရေး ရေးစားနေတဲ့ကောင်ဆိုတော့ ဘယ်လိုသေးလဲဗျာ။ သုံးရက်လောက် အချိန်ပေးလိုက်ရင် လက်ဖြစ်ကဗျာစာအုပ်တစ်အုပ် ရရောပဲ။

www.foreverspace.com.mm

အဲဒီတုန်းက ကျွန်တော့်ကလောင်နာမည်က 'ရဲဝင်းနွေ'တဲ့။ ကျွန်တော့်စာအုပ်က တခြားစာအုပ်တွေထက် ထူးဆန်းတာတော့ အမှန်ပဲ။ အဲဒီတုန်းက ဗိုလ်တထောင်တက္ကသိုလ်မှာထုတ်တဲ့ ကဗျာစာအုပ်နာမည်တွေက 'ကံ့ကော်နောက်ဆုံး ခြေရာများ' တို့၊ 'ခုံတန်းပြာရဲ့ ရင်ခုန်သံ'တို့၊ 'နှလုံးသားကို ဗဟိုပြုသော အလွမ်းရပ်ဝန်း'တို့…အဲဒီလို နာမည်တွေချည်းပဲ ရှိတာ။ ကြော်ငြာတာကလည်း သူတို့လိုမဟုတ်ဘူး။ ကတ်ထူ A4 ဆိုဒ်ကလေးကို စာအိတ်ကလေး ချုံး၊ ကော်နဲ့ကပ်ပြီး အဲဒီစာအိတ်ကလေးထဲမှာ နှင်းဆီပန်းကလေးတွေ ထိုးပြီး ကြော်ငြာတာကိုး။

ကျွန်တော့်ပထမဦးဆုံး ထုတ်ဝေခဲ့တဲ့ စာအုပ်က ပိုက်ဆံသုံးရာကျော်လောက် မြတ်တယ်ခင်ဗျ။ မမြတ်လို့လည်း မရဘူးလေ။ ကျွန်တော်ရယ်၊ ငွေးကျော်ရယ်၊ မုန့်ကျွဲသဲရယ်က ကောင်မလေးတွေကို အတင်းလိုက်ရောင်းကြတာကိုး။ တစ်အုပ်မှ နှစ်ကျပ်ထဲဆိုတော့ ကောင်မလေးတွေကလည်း သူတို့နောက်က တကောက်ကောက် အလိုက်ခံရတာထက်စာရင် ငွေနှစ်ကျပ်ကို မနှမြောကြတော့ဘူးပေါ့။ သိချင်လို့ သူတို့ကိုယ်တိုင် ဝယ်ဖတ်တာက လေးငါးဆယ်အုပ်ထက် မပိုပါဘူး။ ကဗျာတွေရဲ့ အောင်မြင်မှုကတော့ မပြောနဲ့တော့ ကိုယ့်ဆရာရေ။ တော်တော်များများက ခေါင်းစဉ်ကိုကြည့်ပြီးတော့ နှာခေါင်းရှုံ့ကြတယ်။ အလိုက်သိတတ်တဲ့ လူမှုရေးစိတ်ပြင်းထန်တဲ့ လူဆယ်ယောက်လောက်ကတော့ ပြုံးပြီး 'ထူးဆန်းတယ်' လို့ပြောတယ်။ ကျန်တဲ့လူတွေကတော့ 'ခေါင်းစဉ်က ဘာကိုပြောတာလဲဟင်'' လို့ တအံ့တသြမေးကြပါတယ်။

ကျွန်တော်ရေးတဲ့ ကဗျာတွေကလည်း သူတို့ဖတ်နေကျ၊

www.foreverpage.com.mm

ကျောင်းမှာ ရောင်းလေ့ရောင်းထရှိတဲ့ ကာရံကဗျာတွေ မဟုတ်တော့-ပိုဆိုးတာပေါ့။ ကျွန်တော်ရေးတဲ့ထဲက 'ရှစ်ထစ်မြောက် လှေကားမှာ' ဆိုတဲ့ ကဗျာလေးတစ်ပုဒ်ပါတယ်။

ငါ့နှလုံးသား အမြဲတမ်း
တစ္ဆေခြောက်ခံရတာ
အဲဒီ ရှစ်ထစ်မြောက်
လှေကားမှာပေါ့။
သူနဲ့ဆုံတုန်းက
လွှတ်ချခဲ့တဲ့ သူ့အပြုံးနဲ့
ထွက်ကျခဲ့တဲ့ ငါ့ ရင်ခုန်သံ
အပြန်အလှန် မိတ်ဆွေဖြစ်ခဲ့တာ
ရှစ်ထစ်မြောက်
လှေကားမှာပေါ့။
အဲဒီရှစ်ထစ်မြောက်
လှေကားဟာ
ငါ့မာနကို ပါးလွှာစေတယ်။
သူ့ သိက္ခာကို
အရောင်လက်စေတယ်။
သစ်ရွက်ကြွေထဲက
ကဗျာတွေ ပေးတယ်
လသာတဲ့ညနဲ့ နှလုံးသားကို
စကားပြောသင်ပေးတယ်။
တခြားလူတွေ ထုံးစံအတိုင်း

www.foreverspace.com.mm

နှင်းနေကြတဲ့
အဲဒီ ရှစ်ထစ်မြောက်
လှေကားဟာ
ငါ့ နှလုံးသားမှာ
အသားတံဆိပ်
တစ်ခုဆိုတော့
ဘယ်သူ သိသလဲ။

အဲဒီကဗျာကို ဖတ်ပြီးတော့ မြန်မာစာ ဒုတိယနှစ်က ကျောင်းသူတစ်ယောက်က ကျွန်တော့်ကို လာဆွေးနွေးတယ်။

"ရှစ်ထစ်မြောက် လှေကားဆိုတာ" မှားတယ်တဲ့။

"လှေကား ရှစ်ထစ်မြောက်ပဲရှိတယ်"တဲ့။

"ကျွန်တော်က စကားပြောတဲ့အတိုင်း ရေးလိုက်တာပါ"

"ပြောတဲ့အတိုင်း ရေးလို့ရမလား…စာရေးတာနဲ့ စကားပြောတာ တူမှမတူတဲ့ဥစ္စာ"

"စာရေးတယ်ဆိုတာ စကားပြောတာပဲမဟုတ်ဘူးလားခင်ဗျာ၊ အက္ခရာတွေမှာ အတိအကျသတ်မှတ်ထားတဲ့ အသံတွေရှိတယ်လေ…"

"မဟုတ်ဘူး…စာရေးရင် စာရေးသလိုကို ရေးရမယ်… ကဗျာရေးရင် ပိုဆိုးတယ်…မိလေးကတော့ ရှင့်ကဗျာတွေကို ကဗျာလို့ကိုမထင်ဘူး"

"ဟုတ်ကဲ့…ရပါတယ်…ကျွန်တော်ကလည်း ကဗျာရယ်ဆိုပြီး ရေးတာမဟုတ်ပါဘူး…ကျွန်တော်ပြောချင်တာတွေ ကျွန်တော်

www.foreverspace.com.mm

ခံစားရတာတွေကို ပြောပြတာပါ ... ကျွန်တော့် အသံနဲ့ပြောရင် သူငယ်ချင်း လေးငါးယောက်ပဲကြားမှာကို သိမှာကို မကျေနပ်လို့ တစ်ကျောင်းလုံးကြားရအောင် အက္ခရာတွေအားကိုးနဲ့ စကားပြောကြည့်တာပါ"

"ဒါဆိုရင်လည်း ရှင်ပြောချင်တာ မပီပြင်ဘူး...ဝေဝါးနေတယ်...ဘာပြောချင်မှန်းလဲ မသိဘူး"

"လေးဆယ့်ခုနစ် အစိမ်ကားက ဗိုလ်တထောင် ဘုရားရှေ့ကို ရောက်တယ်ဆိုတာလောက်ကလွဲရင် လူ့ဘဝဆိုတာ ဘာများသေချာလို့လဲဗျာ...အရာအားလုံး ဝေဝါးနေတာပဲမဟုတ်လား"

လေးလေးနွယ်ဆိုတဲ့ ကောင်မလေး တော်တော် တင်းသွားတယ်။ စိတ်တွေဘာတွေဆိုးပြီး ထုံးစံအတိုင်း ကျွန်တော်နဲ့ ဆက်ငြင်းကြတယ်။ ငြင်းကြပေမယ့် ကျွန်တော် သူ့ကို စိတ်မဆိုးပါဘူး။ ဝမ်းတောင်သာသေးတယ်။ ဗိုလ်တထောင်တက္ကသိုလ်မှာ ကျွန်တော့် ကဗျာစာအုပ်နဲ့ပတ်သက်လို့ ကိုယ်ထိလက်ရောက် လာဆွေးနွေးတာ သူတစ်ယောက်ပဲရှိတာကိုး။ ဒီလိုမျိုး စကားတွေကို ကိုယ်နဲ့ရွယ်တူမိန်းကလေးတစ်ယောက်နဲ့ ပြောရတဲ့အရသာဟာ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်အရသာနဲ့မှ ယှဉ်လို့မရတာ ကိုယ့်ဆရာလည်း သိမှာပေါ့။

ကျွန်တော် ကဗျာစာအုပ်ထုတ်လိုက်တဲ့အတွက် အကျိုးအမြတ်နှစ်ခုရပါတယ်။ ပထမတစ်ခုက ကျွန်တော်နဲ့ ပေါင်းသင်းခင်မင်နေသူတွေက ကျွန်တော့်ကို သာမန်ကျောင်းသားတွေကို ဆက်ဆံတာနဲ့မတူဘဲ ကဗျာဆရာ၊ စာသိပ်ဖတ်တဲ့ လူဆိုပြီး နေရာပေးဆက်ဆံလာကြတယ်။ စာတွေဖတ်တဲ့အတွက် ကျွန်တော်ပြောတဲ့ စကားက သူတို့ထက်တော့ တိကျတယ် ပိုမှန်တယ်လို့ ယူဆကြတယ်။

www.foreverspace.com.mm

သူတို့ယူပေတာ မမှားပါဘူး။ အမြဲတမ်းတော့လည်း မမှန်ဘူးပေါ့ ကိုယ့်ဆရာရယ်။ တစ်ခါတလေ ကျွန်တော်ဖြီးတာ ဖြန်းတာတွေလည်းရှိတာပေါ့။ အဲဒီအကျိုးဆက်အရ နောက်ဆုံးလုပ်ရတဲ့ အလုပ်ကတော့ သူတို့ သမီးရည်းစားအကြောင်းတွေကို ဒိုင်ခံနားထောင်ပေးရတာရယ်၊ သူတို့ကို ရည်းစားစာ ရေးပေးရတာရယ်ပါပဲ။

ဒုတိယတစ်ခုကတော့ စာပေဝါသနာပါတဲ့ သူငယ်ချင်းအသစ်တွေရတာပါ။ အဲဒီ သူငယ်ချင်းတွေက အနည်းဆုံးတော့ ရင်ခုန်သံချင်းတူတာပေါ့ဗျာ။ အများတကာက ကြောင်တယ်လို့ထင်တဲ့ နေထိုင်တွေးခေါ်ပုံတွေကို သူတို့က နားလည် လက်ခံပေးကြတယ်။ ဘာသာစကားချင်းတူတယ်။ မြန်မာစကားကိုပဲ သုံးပြီးပြောနေ၊ ရေးပေမယ့် နားလည်တဲ့သူက အရှားသား မဟုတ်လား။

ကျွန်တော် စာပိုဖတ်ဖြစ်တာကတော့ လေးလေးနွယ် ကြောင့်ပါ။

သူနဲ့ ငြင်းခုန်ရတဲ့အခါမှာ ကိုယ့်ဘက်က အကိုးအကားနဲ့ ဖြစ်အောင်လို့ သူ့ကို ငြင်းစရာ ခုန်စရာ အကြောင်းအရာသစ်ကလေး ရအောင်လို့ ကျွန်တော်ဟာ စာကို ထမင်းစားသလို ဆာဆာ လောင်လောင်နဲ့ကို ဖတ်ဖြစ်သွားတယ်။ စာတွေ ကဗျာတွေ ဝါသနာပါတဲ့ ယောကျာ်းလေးတစ်ယောက်ဆီမှာ သူနဲ့ အမြဲ ငြင်းမယ့် ခုံမယ့် မိန်းကလေးတစ်ယောက်တော့ ရှိသင့်တာအမှန်ပဲလို့ ကျွန်တော် ထင်တယ်။

လေးလေးနွယ်က သိပ်အလှကြီးတော့ မဟုတ်ဘူးပေါ့ဗျာ။ မိန်းကလေးဆိုတော့ ထုံးစံအတိုင်း အပျိုဂုဏ်ကလေး၊ ငယ်ဂုဏ်ကလေးနဲ့ ကြည့်လို့တော့ ကောင်းပါတယ်။ သူက သနပ်ခါး၊ မိတ်ကပ်

www.foreverspace.com.mm

သိပ်မလိုမိုးတတ်ဘူး။ တစ်ပတ်မှာ သုံးရက်လောက် ယောကျ်ားလေး ရှပ်အင်္ကျီတွေ ဘာတွေဝတ်တတ်တယ်။ စာသာဖတ်တာ တခြား မိန်းကလေးတွေနဲ့မတူတာကတော့ ဆုံးမချင်တာပဲ။ ကျွန်တော့် လက်သည်းထဲမှာ ချေး(ဂျီး)တွေရှိတာကိုလည်း သူ မကြိုက်ဘူး။ ကျွန်တော် ဖိုသီဖတ်သီနေတာ၊ ဆေးလိပ်ပြာတွေ ဖြစ်သလိုခြွေတာ၊ အင်္ကျီတစ်ထည်ကို ၃ရက်လောက်ဝတ်တတ်တာတွေနဲ့ သူ အမြဲ ရန်ဖြစ် တတ်တယ်။

"ကဗျာဆရာလို့ ပြောတာနဲ့ ညစ်ပတ်တာကို လုံးဝ လက်မခံ ဘူး… ကဗျာဆရာလည်း လူပဲ…လူဆိုရင် အနည်းဆုံး တစ်ကိုယ် ရည် သန့်ရှင်းရေးတော့ ရှိကိုရှိရမယ်"

"အဲဒီလိုလုပ်တာတော့ မဟုတ်ပါဘူး…ဒီလိုပဲ အမှတ်တမဲ့ ဖြစ်တာပါ"

"အဲဒီအမှတ်တမဲ့ကို မကြိုက်ဘူး…ပြင်နိုင်ရမယ်"

သူ ကျွန်တော့်ကို အဆိုးဝါးဆုံး သတိပေးတာတော့ လွယ်အိတ် ကိစ္စပါပဲ။

ကျွန်တော်လွယ်တဲ့ လွယ်အိတ်က 'အင်းလေး' လို့ ရေးထား တယ်။ ကိုးတန်းကတည်းက ကျွန်တော်လွယ်တဲ့ လွယ်အိတ်ပါ။ အညိုရောင်လား၊ မီးခိုးရောင်လားဆိုတာတောင် မကွဲတော့ပါဘူး။ မကွဲဆို ကျွန်တော် အဲဒီလွယ်အိတ်ကို စလွယ်ကတည်းက တစ်ခါမှ မလျှော်ဖူးဘူး။ ဒီကြားထဲ လွယ်အိတ်ထဲထည့်တဲ့ ဆေးပေါ့လိပ်က ကျိုးပြီးဆေးခေါင်းတွေထွက်တာတို့၊ စမူဆာတို့ ဘာတို့စားပြီး လက်ကို သီပေရင် လွယ်အိတ်နဲ့ပဲ အလွယ်တကူ သုတ်တတ်တော့ လွယ်အိတ် လက်နှီးစုတ်ပုံ ပေါက်နေတာပေါ့။

www.foreverspace.com.mm

“လွယ်အိတ်ဆိုတာ ကျောင်းသားဘဝမှာ ကိုယ်နဲ့ နေ့စဉ်ထိတွေ့ရတဲ့ တိုက်ပွဲဝင်ပစ္စည်းပဲ…စစ်သားတွေ ကျောပိုးအိတ်ကို ရှိသေသလို ရိုသေရမယ်…နောက်တစ်ခါ လွယ်အိတ်ကို ကိုးရိုးကားရားလုပ်ရင် တွေ့ပြီသာမှတ်…ရော့…အဲဒါ ရိုရိုသေသေ ကိုင်ရမယ်”

“ဟာ…ကျွန်တော် မလိုချင်ပါဘူးဗျာ”

“မရှည်နဲ့ ယူရမယ်…ဒါ အမှတ်တရပေးတာ…ရိုရို သေသေ မကိုင်ရင်တော့ တွေ့ပြီသာမှတ်”

လေးလေးနွယ်က ဘဝမှာ ပထမဦးဆုံး ကျွန်တော့်ကို လက်ဆောင်ပေးဖူးတာပါ။ သူပေးတဲ့လွယ်အိတ်ကို သူ့ရှေ့မှာ လွယ်ရတာ တိုင်းဗုံးတစ်လုံးကို လွယ်ထားရသလိုပါပဲဗျာ။ ကိုယ့်ဆရာရေ… နေ့စဉ်သုံးပစ္စည်းတစ်ခုကို မိန်းကလေးတွေ လက်ဆောင်ပေးရင် ရှောင်သာရှောင်ဗျာ။ နေကြာစေ့စားလို့ အခွံတွေ လွယ်အိတ်ပေါ် ကျရင်လည်း အဆူခံရတယ်။ စိတ်ညစ်လို့ ကျွန်တော့်လွယ်အိတ် အဟောင်းကြီးကို လျှော်ဖွပ်ပြီး ပြန်လွယ်လာတော့လည်း စိတ်ကောက်သေးတယ်။ ကျွန်တော်ကလည်း သူ့လွယ်အိတ်ကိုလွယ်ရတာ ခပ်ရှက်ရှက်ရယ်ဗျ။ လွယ်အိတ်က မိန်းကလေးတစ်ယောက် ရွေးပြီးဝယ်လာတာဆိုတော့ အရောင်ကနုပြီး မိန်းကလေးဆန်နေတာရယ်၊ သူငယ်ချင်းတွေက စ,တာရယ်ကြောင့်ပါ။

“ငါ လေးလေးနွယ်ကို ချစ်တယ်ကွာ…အဲဒါ မင်းတို့ကို တိုင်ပင်တာ”

ဌေးဝင်းစကားကိုကြားရတော့ ကျွန်တော် မအံ့ဩပါဘူး။ ဒီကောင် အစကတည်းက မူပျက်နေတာ ကျွန်တော် သိသားပဲ။

www.foreverstandard.com.mm

ကျွန်တော့်ကို လွယ်အိတ်ပေးတဲ့နေ့ကဆို ပိုဆိုးတာပေါ့။ လေးလေးနွယ် လွယ်အိတ်ပေးပြီးကတည်းက ဒီကောင် ကျွန်တော့်ကို ကျိတ်မနာလို နေတာလည်း သိတာပဲ။ အခု ဖွင့်ပြောတာက ကျွန်တော့်ကို တိုင်ပင် ချင်တာထက် ကျွန်တော့် အခြေအနေကိုပါ တစ်ခါတည်းမေးတာလည်း ပါတယ်။ မင်း မထိနဲ့လို့ သတိပေးတာလည်းပါတယ်။ တစ်ချက်ခုတ် သုံးချက်ပြတ်ပေါ့လေ။

"မင်း ဘယ်လိုသဘောရသလဲ ရဲဝင်း"

"ဟ…ဘယ်လို သဘောရရမှာလဲ…မင်းကြိုက်ရင် လိုက် ပေါ့ကွ…ဒါပဲရှိတာ"

မုန့်ကျွဲသဲက ပြုံးတယ်။ မုန့်ကျွဲသဲရဲ့ နာမည်အရင်းက မြင့်ဆွေ ပါ။ ဒီကောင်က မိန်းကလေးတွေကိုတွေ့ရင် ရင်အမြဲ တုန်နေတတ်လို့ သူ့ကို မုန့်ကျွဲသဲလို့ ပေးထားတာ။ အစတုန်းက လေးလေးနွယ်ကို ဒီကောင် ရင်တုန်မယ်တောင် ထင်ထားတာ။ မုန့်ကျွဲသဲက…

"ဒီလို ရဲဝင်းရ…မင်းနဲ့ပတ်သက်ပြီးမှ လေးလေးနွယ်ကို သိရတာဆိုတော့ မင်းကို စည်းအရ အသိပေးတာလည်းပါတယ်… ပြီးတော့ မင်းက သူနဲ့ပိုရင်းနှီးတော့ ဘယ်နည်းကိုသုံးရင် အဆင်ပြေ မယ်ဆိုတာလည်း သိချင်တယ်…ပြီးတော့ ဒီကောင့်အတွက် မင်းက နည်းနည်းပါးပါး လျှော်ပေးဖို့လည်းပါတယ်"

"ငါသိတာနဲ့ မင်းတို့သိတာ သိပ်တော့မကွာပါဘူးကွာ ဒါပါ ပဲ…သူက စာပေဝါသနာပါတာပဲ ပိုတာပါ"

"ငါ စာပေးရင်ကောင်းမလား"

"မင်းက သူ့ကို စကားပြောရဲလို့လား…ပြောရဲရင် ပြောလေ … ငါ ခွင်ဆင်ပေးမယ်"

www.foreverspace.com.mm

အမှန်တော့ ကျွန်တော် အမြင်ကတ်လို့ပြောတာပါ။ ငွေးဝင်း သူ့ကိုကြိုက်တာ မနာလိုစရာမရှိပေမယ့် ကျွန်တော့်ကို ဟိုဟိုဒီဒီ ထင်တာကို အမြင်ကတ်တာ။ စကားဆုံးတော့ ဒီကောင်က လည် ကလေးစောင်းပြီး ခပ်တွေတွေစဉ်းစားနေသေးတယ်။ သူ့ပုံက လေးလေးနွယ်ကိုပဲ ရည်းစားစကားပြောမှာလိုလို ဘာလိုလိုပေါ့။ အမှန်တော့ ဒီကောင်က မိန်းကလေးတွေနဲ့ ပတ်သက်ရင် ငကြောက် မှ တကယ့်ငကြောက်။ မုန့်ကျွဲသဲလည်း အတူတူပဲ။ ကျွန်တော်က တော့ မကြောက်ပါဘူး။ နည်းနည်း အားနာတာတစ်ခုပဲရှိတယ်။ ကိုယ် က ရုပ်မချောတော့ ကိုယ် ရည်းစားစကားပြောမယ့် ကောင်မလေးကို အားနာတယ်။ အဲဒါပဲ ရှိတယ်။

"စာပဲပေးမယ်ကွာ"

ငွေးဝင်းစကားကြောင့် ကျွန်တော် ပြုံးပဲနေလိုက်ပါတယ်။ အပြုံးက 'ငါ သိပါတယ်ကွာ…မင်း ငကြောက်ပါ' ဆိုတဲ့ အပြုံးမျိုး။

"အဲဒီစာကိုလည်း မင်းပဲ ရေးပေးရမှာနော်"

"မဖြစ်ဘူးထင်တယ်…သူက ငါ့လက်ရေးကို သိတယ်ကွ"

"မတုံးစမ်းပါနဲ့ကွာ‥ငါ့လက်ရေးနဲ့ ငါ ပြန်ကူးမှာပေါ့ မင်းက သူ့အကြိုက်ကို သိထားတဲ့လူဆိုတော့ မင်းရေးပေးမှကို ဖြစ်မှာ"

လူတိုင်းမှာ အားနည်းချက်ဆိုတာတော့ ရှိကြတာပါပဲ ကိုယ့် ဆရာရေ။ စာရေးတာနဲ့ ပတ်သက်ပြီး မြှောက်ပေးရင် ကျွန်တော်က လည်း သိတဲ့အတိုင်း လက်ကယားနေတဲ့ ကောင်ကိုး။ ဒီကောင့်ကို အမြင်ကတ်တာတွေဘာတွေပျောက်ပြီး လေးလေးနွယ်နဲ့ ပတ်သက်လို့ ရေးစရာတွေပဲ ခေါင်းထဲရောက်လာတာ။ ဒီကောင့်အပေါ်လည်း စေတနာတွေ ဘာတွေရှိပြီး လေးလေးနွယ်ရဲ့ အကြိုက်တွေ စိတ်ထား

www.foreverspace.com.mm

တွေ၊ နေပုံထိုင်ပုံတွေကို ပြောပြမိသွားတယ်။

ပြောတဲ့နေရာမှာ နည်းနည်း အပိုကလေးတွေတော့ ထည့်ပြောမိတာပေါ့။ ဒီကောင့်ကို နှိပ်စက်ချင်တဲ့သဘောတော့ မဟုတ်ပါဘူး။ ကိုယ်ပြောတဲ့အတိုင်း ဖြစ်တော့မယ်ဆိုတာသိတော့ လျှာအရသာခံတဲ့သဘောမျိုးပါ။ ဥပမာ-ဆေးလိပ်သောက်တာ လေးလေးနွယ် မကြိုက်ဘူး၊ အစာစားရင် အငမ်းမရစားတာ မကြိုက်ဘူး၊ လူရှေ့သူရှေ့ နှပ်ချေးခြောက်ကော်တာ၊ ဝက်ခြံညှစ်တာ မကြိုက်ဘူး အစရှိသည်ဖြင့် ကျွန်တော် မကြိုက်တာတွေပါ ထည့်ပြောတာပေါ့။ ငွေးဝင်းက ကျွန်တော် ပြောသမျှကို ရေမြင်းလို မျက်နှာပေးမှာ သစ်ကုလားအုတ်လို လည်ပင်းကလေးပင့်ပြီး ခွေးကလေးတစ်ကောင်လို ကျိုးနွံစွာ နားထောင်ရှာပါတယ်။

ဒီကောင့်အတွက် ရည်းစားစာရေးပေးတော့မှ ဒီကောင့်ကို ဒေါကန်လာတာ။ ရည်းစားစာက ရေးလို့ကောင်း လိုက်တာဗျာ။ ရေးရင်း ရေးရင်း ရည်းစားစာကိုရော လေးလေးနွယ်ကိုပါ ကျွန်တော် နှမြောလာတာ။ ရေးရင်းနဲ့ စကားလုံး ကောင်းကောင်းရသွားတိုင်း ကျွန်တော့်မှာ ဒေါကန်ရ၊ မကျေနပ်ဖြစ်ရနဲ့ ... ချမရေးဘဲလည်း မနေနိုင်၊ ရင်နာတယ်ဆိုတဲ့ စကားဟာ တော်တော့်ကို ခံရခက်ပါတယ်။

နောက်နေ့မှာ ရည်းစားစာကိုပေးဖတ်တော့ ငွေးဝင်းက ပြုံးနေတာပဲ။

"ကောင်းလိုက်တဲ့ ရည်းစားစာကွာ... မင်း ဒီလောက် ရေးတတ်မှန်း ငါ အစကမသိဘူး...သေချာတယ်ကွာ ဒီစာနဲ့ဆို မိလေးလုံးဝပြေးမလွတ်ဘူး"

www.foreverspace.com.mm

"အေးကွာ..ငါ့ကိုလည်း တစ်စောင်လောက်ရေးပေးပါလား"

"မင်းက ဘယ်သူ့ကို ပေးမှာမို့လို့လဲ"

"မသိဘူးလေ... ငါ ရင်တုန်တဲ့ ကောင်မလေး တစ်ယောက်ကိုပေါ့"

ကျွန်တော့်စာကို ဝိုင်းချီးကျူးတာနဲ့ပဲ ကျွန်တော့်ရင်ထဲက မချွေရစိတ်တွေ ပျောက်သွားတယ်။ ကျွန်တော့်စာကို ငွေးဝင်းက ပန်းနုရောင်စာရွက်ကလေးနဲ့ တစ်လုံးစီ အသေအချာကူးပြီး ကျွန်တော့်ကို သတ်ပုံအမှားတွေ ဘာတွေ ပြန်စစ်ခိုင်းသေးတယ်။ လေးလေးနွယ်က မြန်မာစာကဆိုတော့ အထူးဂရုစိုက်ပေါ့လေ။ သတ်ပုံစစ်ပြီးတော့ ငွေးဝင်းက သူ့ရည်းစားစာရွက်ကို ရေမွှေးပုလင်းကလေးထုတ်ပြီး ဆွတ်တယ်။ ကျွန်တော် တော်တော်ကလေးကို အံ့သြပြီးငေးနေမိတာ။ ရေမွှေးကို အင်္ကျီဆွတ်တာပဲ ကျွန်တော်သိတာ။ ရည်းစားစာမှာ ဆွတ်ဖို့ လုံးဝကို မစဉ်းစားမိတာအမှန်ပဲ။

"သူ ငါ့စာကို ဖတ်တဲ့အချိန်မှာ စိတ်ကြည်လင်အောင် ပေါ့ကွာ"

"အဲဒါ မင်းဆွတ်နေကျ ရေမွှေးလား"

"ဘယ်ကဟုတ်ရမှာလဲ မုန့်ကျွဲသဲရ...ဒါ ရက်ဗလွန် နံပါတ်ဖိုက်... မိန်းကလေးတွေ အများဆုံးသုံးတာ...မနေ့ကမှ ဗိုလ်ချုပ်ဈေးက ဝယ်လာတာ ငါးရာ့ရှစ်ဆယ်တဲ့..."

○ ○ ○

www.foreverspace.com.mm

နောက်နေ့တွေမှာ လေးလေးနွယ်ကလည်း ထုံးစံအတိုင်း ကျွန်တော့်တို့ဆီ လာနေတာပါပဲ။ ဟိုကောင်ကလည်း သူ့ ရေမွှေး ရည်းစားစာကို မပေးရသေးဘူး။ ပေးလည်း မပေးရဲသေးဘူး ဆိုပါ တော့။ တစ်နေ့တော့ လေးလေးနွယ်က ကျွန်တော့်ကို မေးတယ်။

"ရဲဝင်း နင်တို့ ဘာဖြစ်နေတာလဲ…နင်တို့ကို ကြည့်ရတာ တစ်မျိုးပဲ"

"ဟ…ဘာမှမဖြစ်ပါဘူး…ဘာတစ်မျိုးကိုပြောတာလဲ"

"ဘာရယ်တော့ ငါမပြောတတ်ဘူးဟာ…နင်တို့ တစ်မျိုး တော့ဖြစ်နေတယ်…တစ်ခုခုပဲ"

မိန်းကလေးတွေဟာ တစ်ခါတစ်ခါ စုန်းမနဲ့တူတယ်ဆိုတာ ဟုတ်မှာပဲ ကိုယ့်ဆရာရေ။

ကျွန်တော်တို့က အကြံအစည်ရှိတဲ့ကောင်တွေဆိုတော့ သူနဲ့ ပတ်သက်ပြီး အရင်တုန်းကလောက် မလွတ်လပ်တာတော့ သေချာ

www.foreverspace.com.mm

တယ်။ ငွေးဝင်းက အင်္ကျီသန့်သန့်ကလေးတွေ ရွေးဝတ်လာတာ၊ ဆေးလိပ်မသောက်တော့တာ၊ လွယ်အိတ်အသစ်ဝယ်လိုက်တာ၊ လေးလေးနွယ်ကို စကားပြောနည်းလာတာ…အဲဒါတွေလည်း ပါမယ် ထင်တယ်။

“နင်က ရထားစီးနေတဲ့လူနဲ့တူတယ် မိလေးနွယ်…ကိုယ် ရွေ့တာနဲ့ သစ်ပင်တွေရော လမင်းရော တောင်ကြီးတွေရော လိုက်ရွေ့ တယ်ထင်မနေနဲ့…အမှန်ရွေ့နေတာ နင် ရွေ့နေတာ…ငါတို့က ဒီအတိုင်းပဲ”

စာသံပေသံ၊ ဥပမာက ထူးဆန်းတဲ့အတွေး။ အဲဒါတွေကြောင့် မိလေးနွယ် ဘာမှပြန်မပြောတော့ဘူး။ နောက်နေ့မှာ ဟိုကောင် ငွေးဝင်း ကို စာပေးဖို့လောရတော့တာပဲ။ ဒီကောင်ကလည်း မနက်ဖြန်ပေးမယ် ပေါ့လေ။

ဒီကောင် စာပေးမယ့် မနက်ဖြန်မှာ ကဲန်တင်းဟာ ထုံးစံ အတိုင်းပဲ ဆူညံနေတယ်။ ကော်ရစ်တာ ထောင့်ချိုးကွေ့ကနေ ကျောင်း သူတွေလည်း ရယ်မောပြီး ကွေ့လာကြတယ်။ ကျောင်းရှေ့က စကြာပန်းပင်တွေလည်း ခေါင်းတညိတ်ညိတ်နဲ့။ ဗိုလ်တထောင်ဘုရား ဘက်က ခေါင်းလောင်းထိုးသံလည်း ကြားရရဲ့။ အနောက်ဘက် ကဲန်တင်းက အနှင်းအသုပ်က ပဲမှုန့်များသလိုလို၊ ငံပြာရည်ပဲ ပေါ့သ လိုလို၊ မြင့်ဦးဆိုင်က လက်ဖက်ရည်ကလည်း အကျရည်ပေါ့နေသလိုပဲ။

ဒါပေမယ့် ကျွန်တော်က စိတ်မငြိမ်တာကို စကားတစ်ခွန်းမှ မပြောတာနဲ့ ထိန်းထားနိုင်ပါတယ်။ ဟိုဘက်ဝိုင်းက Practical လုပ်ရတာကို ရေးကြီးခွင်ကျယ်ပြောနေတဲ့ Fresher ကောင်မလေး

www.foreverspace.com.mm

ငါးယောက်ရယ်… အဲဒီကောင်မလေးတွေကို အိုင်တင်အမျိုးမျိုးနဲ့ ကျူနေတဲ့ ကျွန်တော်တို့လို ဒုတိယနှစ် ကျောင်းသားတစ်ယောက် ရယ်…အဲဒီဝိုင်းကို မဲ့ကာရွဲ့ကာနဲ့ ဒေါကန်နေတဲ့ ရုပ်ခပ်ဆိုးဆိုး ကျောင်းသူနှစ်ယောက်ရယ်… လက်မလည်အောင် အသုပ်သုပ်နေရတဲ့ အနှင်းရယ်။ ဘာတွေကို သဘောကျမှန်းမသိဘူး မျက်စိမှိတ်ပြီး ပါးစပ်ဟ…အားရ ပါးရရယ်နေတဲ့ ကျောင်းသူသုံးယောက်ရယ် (သူတို့ပါးစပ်ထဲမှာ စားလက်စ အစားအစာတွေနဲ့)၊ ကုန်နေတဲ့ ကမ္ဘလာ သီးဖျော်ရည်ခွက်ကို ပိုက်နဲ့ ဖလူး ဖလူးမြည်အောင် စုပ်နေတဲ့ ပုလင်း ဖင်မျက်မှန်နဲ့ ကျောင်းသားတစ်ယောက်ရယ်… ဗိုလ်တထောင် တက္ကသိုလ်ဟာ အရင်အတိုင်းပါပဲ။ ငါက ဘာဖြစ်နေရတာလဲ။

"ဟေ့ကောင်…ငွေးဝင်း စာတကယ်ပေးမှာလား…ကြာ လှချည်လား"

မုန့်ကျွဲသဲက ပတ်ဝန်းကျင်ကို ငေးနေတဲ့ ကျွန်တော့်ကို ဒေါသ နည်းနည်းစွက်ပြီး မေးတယ်။ ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း နည်းနည်း အံ့သြသွားတာ အမှန်ပဲ။

"ဘယ်သိမလဲကွ…ပေးပြီးရောပေါ့"

ကျွန်တော့်အသံကလည်း ဒေါသသံ နည်းနည်းပါတယ် ထင်တာပဲ။

"မမိုက်ဘူးကွာ…ဒီကောင့်ကို မင်း စာရေးပေးလိုက်တာကို က မှားတာ"

"ဘာမှားလို့လဲ…မင်းတို့ရေးဆိုလို့ ရေးတာပဲ"

"အမှန်တော့ ဒီကောင်နဲ့ မိလေး လုံးဝမတန်ဘူးကွာ ဒီကောင် က အလကားဖွတ်ချီး…ငပေါ…ငကြောင်…အရူး"

www.foreverspace.com.mm

“ဟုတ်တယ်....ဒီကောင်က အရူး...အဲဒီအရူးကိုမှ မင်းက စာတွေဘာတွေ သွားရေးပေးတာကိုးကွ...အမှန်တော့ မိလေးက ငါနဲ့ ဒါမှမဟုတ် မင်းနဲ့မှ...အခုတော့ ဒီအရူးလက်ထဲပါတော့မှာ... စာရွက်ကို ရေမွှေးတွေဆွတ်နေတာ ကြည့်ပါလား”

စားပွဲခုံကိုထုပြီး မုန့်ကျွဲသဲက ပေါက်ကွဲတယ်။ သူ ပြောမှ ကျွန်တော်လည်း ရင်ထဲမှာ တစ်ခုခုဟာသွားသလို ဖြစ်တာ သတိထားမိတယ်။

“ဟုတ်တယ်...မိလေးက ငါနဲ့ ဝါသနာတူကွ”

“မှန်တယ်”

“ပြီးတော့ ငါ့ကိုလည်း ဂရုစိုက်တယ်...လွယ်အိတ်တွေဘာတွေ ဝယ်ပေးတယ်”

“အဲဒါပြောတာပေါ့”

“တော်ပါပြီကွာ...မပြောချင်တော့ပါဘူး တောက်”

ကျွန်တော်တို့ စကားမပြောနိုင်ကြဘဲ တော်တော်ကြာကြာ ငြိမ်သွားကြတယ်။ မုန့်ကျွဲသဲက ငုံ့ထားတဲ့ သူ့ခေါင်းကို အတင်းခါရင်း “အလကားကွာ...အလကား”လို့ချည်းပဲ ရွတ်နေတယ်။ ကျွန်တော်က ‘ဂျက်ကမ္ဘာ’ကို ဖိဖွာပေါ့။ အဲဒီအချိန်မှာပဲ ဝုန်းဆို ကျွန်တော်တို့ဝိုင်းကို ငွေးဝင်း ဝင်ထိုင်တယ်။

ဒီကောင့်ပုံစံကြည့်ရတာ ဘဲန်းလည်မြို့ကို ကားကြိတ်ထားတဲ့ အတိုင်းပဲ။ ဇက်ကစပြီး အပေါ်ပိုင်းတစ်ပိုင်းလုံး ကျိုးကျနေတယ်။ ကိုယ့်ဆရာရေ...ကျွန်တော် ဖျပ်ခနဲ ဝမ်းသာသွားတာတော့ အမှန်ပဲ။

“ဟေ့ကောင် ငွေးဝင်း...ဘာက ဘယ်လိုတဲ့လဲ”

www.foreverspace.com.mm

"တော်ပြီ…တော်ပြီ…အားလုံးတော်ပြီကွာ…အလကားပဲ အလကား…ငါ့စာကို ဆွဲဖြဲပစ်တယ်ကွာ…ဒီရေမွှေးပုလင်းလည်း အလကားပဲ…သွား…သွား…"

ကျွန်တော်တို့ ကြောင်ငေးကြည့်နေတုန်းမှာပဲ ဌေးဝင်းက သူ့လက်ထဲက ရေမွှေးပုလင်းကို တအားမြှောက်ပြီး ခွဲပစ်လိုက်တယ်။ ရက်ဗလွန်နံပါတ်ဖိုလ် ရေမွှေးနံ့က ကဲန်တင်းတစ်ခုလုံး ပြန့်သွားတာပဲ။ တစ်ပုလင်းလုံး အစိတ်စိတ် ကွဲသွားတာဆိုတော့ အနံ့က အီနောက်နောက်ကြီး။ အဲဒီရေမွှေးနံ့မခံနိုင်လို့ ကျောင်းသူ တော်တော်များများ နှာခေါင်းကို လက်ကိုင်ပုဝါအုပ်ပြီး ထွက်သွားကြတယ်။ ဩော်… အမွှေးရနံ့ကလည်း လိုအပ်တာထက်ပိုရင် မကောင်းပါလား။

○○○

www.foreverspace.com.mm

"နင် ဘာဖြစ်လို့ သူ့ကို ရည်းစားစာရေးပေးရတာလဲ ရဲဝင်း"

"ငါ လုံးဝမရေးဘူး…နင့်ကို ဘယ်သူပြောသလဲ"

"ငါ ရေမွှေးကို မမေးဘဲနဲ့ နင်ရေးတယ်ဆိုတာ သိတယ်"

"ရေမွှေးပြောတော့ နင် စာကို ဖြုပစ်တာဆို"

"အေးလေ…ငါမှ သူ့ကိုမကြိုက်ပဲ…ဒါပေမယ့် စာကို နှစ်ပိုင်းပဲဖြဲတာ…သူ ထွက်သွားမှ ဖတ်ကြည့်တာပေါ့…ဘာရေးထားလဲတော့ သိချင်တာပဲ…အဲဒါ နင် ရေးတာမဟုတ်လား"

"လုံးဝ မဟုတ်ဘူး"

"ငါ့ကို မညာပါနဲ့ ရဲဝင်းရယ်…ငါ ရေမွှေးကို လွယ်အိတ်မှ မဝယ်ပေးဖူးတာ…ငါ ဝယ်ပေးတာ နင့်ကိုပဲ ပေးဖူးတာ… ရေမွှေး ရည်းစားစာထဲမှာ လွယ်အိတ်က ဘာဖြစ်လို့ ပါလာရတာလဲ…ကဲ…ပြော"

www.foreverspace.com.mm

ဝင်ခံစားရင်း ရင်ဘတ်ထဲကပါသွားတာတော့ မကောင်းဘူး ပေါ့ဗျာ။ ကျွန်တော် လွယ်အိတ်ကလေးအကြောင်း ထည့်ရေးလိုက်မိတာ တကယ်ပါပဲ။ ကျွန်တော် ရေးလိုက်တာကို ကျွန်တော်ပဲ သိတယ်။ ဟိုကောင် ရေမွှေး မသိလိုက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့…

*အလွမ်းတွေ လွယ်ထားရတဲ့ ရင်သစ်ကျောင်းမှာ ပန်းပေါင်း ခချင်တာ ကြာခဲ့ပါပြီ။ စကြဝဠာတစ်ခုလုံး မင်းပေးတဲ့ အလွမ်းလွယ် အိတ်ထဲ သိမ်းကြုံးထည့် ဝေဒနာရဲ့ လက်သည်းရှည်တွေနဲ့ ကုတ်ခြစ်… အသစ်ဖြစ်ဖို့ စောင့်နေကြတဲ့ အချစ်ရဲ့အောက်မှာ ကိုယ်ဟာ နွေလယ် နေရဲ့ အရိပ်မဲ့ပန်းပေါ့…။*

*တံခါးတော့ စေ့မထားခဲ့ပါနဲ့။ မင်းပေးတဲ့ အလွမ်း လွယ်အိတ် ထဲက ရနံ့အပြင်းဆုံး ပန်းတွေဟာ အဆိပ်ဖြစ်သွားလိမ့်မယ်။ မထူး ဆန်းတော့ပါဘူး။ အဆိပ်ဖြစ်တဲ့ပန်းကို အလွမ်းနဲ့ လွယ်ထားရတဲ့ ဟောဒီပခုံးပေါ်မှာ…*

ပင်လယ်တွေ မုန်တိုင်းကျလို့ သတိရခြင်းကမ်းခြေမှာ ကိုယ့်ရင်ခွင် အသစ်တစ်ခုနဲ့ ရွက်လွှင့်ရင်း သီချင်းဆိုမှ ပြုကျလာမယ့် လမင်းအတွက် တေးသွားချည်းသက်သက် ပို့ရက်တဲ့ လူပါ။

မိလေးနွယ်လေ့ ။

မင်း မုန်းများမုန်းရင်

အလွမ်းလွယ်အိတ်မှာ

အဆိပ်တွေနဲ့ အပြည့် ...

အလွမ်းလွယ်အိတ်မှာ

အရိုးသမားဆိုတဲ့ တံဆိပ်တွေနဲ့ အပြည့် ...

အဲဒီ အလွမ်းလွယ်အိတ်တော့

ကိုယ့်ရဲ့ ရှုံးနိမ့်ခြင်း အောင်လံအဖြစ်

အတိတ်မှာ တလူလူလွင့်နေစေရမယ်။

စကားတစ်ခွန်းတည်းနဲ့

မလှည့်စားချင်ပါဘူး။

မင်းကို ချစ်တယ်

အဲဒီ အက္ခရာတစ်လုံးစီမှာ ချူးအပြည့်ထည့်

ကိုယ့်ရင်ကို ထွန်ယက်လှဲ့ပါကွယ့် ။ ။

အဲဒါ ကျွန်တော်ရေးပေးခဲ့တဲ့ ရည်းစားစာပါပဲ။

ငွေဝင်းလည်း အသည်းကွဲ ... ကျွန်တော့်ကိုလည်း လေးလေးနွယ်က စကားမပြောတော့ပါဘူး။ သူ့ အလွမ်းလွယ်အိတ်



www.foreverspace.com.mm

www.foreverspace.com.mm

ကိုတော့ ကျွန်တော် လွယ်နေရတုန်းပါ။ အမှန်ဆိုရင်တော့ မြန်မာစာ မေဂျာက လေးလေးနွယ်ဟာ ကျွန်တော့်ရည်းစားစာကို အရင်ကဗျာ စာအုပ်တုန်းကလိုပဲ လာငြင်းသင့်ပါတယ်။ အဲဒီလိုများ လာငြင်းရင် ကျွန်တော်ဆိုလိုချင်တာတွေကို သူ သိသွားမှာပါ။ အဲဒီစိတ်ကူးနဲ့ ကျွန်တော်ကလည်း သူနားမလည်အောင် ဟိုကောင်ရေမွှေးကို အသုံးချပြီး ရေးလိုက်တာပါ။

ငွေးဝင်းနာမည်လည်း အဲဒီနေ့ကစပြီး ရေမွှေးဖြစ်တော့တာပဲ။

လေးလေးနွယ် ဘာဖြစ်လို့ ကျွန်တော့်ကို လာမငြင်းတာလဲ။

မိန်းကလေးဆိုတာ သိစရာရှိတာနဲ့ မသိချင်ယောင်ဆောင်ရမှာကို အမျိုးအစားအရမ်းခွဲခြားတတ်တဲ့ သတ္တဝါပါလား ဆိုတာ ကျွန်တော် နားလည်သွားတယ်။

နောက်တစ်လလောက်ကြာတော့ လွင်မောင်ဆိုတဲ့ ကောင်လေးနဲ့ လေးလေးနွယ် ရည်းစားဖြစ်သွားတယ်။ လူက ဝတုတ်ကြီး စကားပြောရင်လည်း အသံက ကျယ်ကျယ်နဲ့ လမ်းလျှောက်ရင် တောထဲက ပျားရည်မရခဲ့တဲ့ ဝက်ဝံလို ပုံစံမျိုးနဲ့။ လေးလေးနွယ်က သူ့ရည်းစားရဲ့ လက်မောင်းတုတ်တုတ်ကြီးကို ဟီးလေးခိုလို့။ ကျောင်းထဲမှာ မကြာခဏတွေ့ရတယ်။

ကျွန်တော် ဘာမှမပြောပါဘူး။ ပြုံးလည်း မပြုံးဘူး။

စကြာဝဠာတစ်ခုလုံး
အလွမ်းလွယ်အိတ်ထဲမှာ
ပုန်းသလို
ကျွန်တော် သူ့ကို
မပြုံးပြနိုင်ပါဘူး ။ ။

○ ○ ○

www.foreverspace.com.mm

# ကျွန်ုပ်နှင့် Papaer 1, 2

www.foreverspace.com.mm



www.foreverspace.com.mm



www.foreverspace.com.mm

ပထမနှစ်မှာ နှစ်နှစ်နေခဲ့ရပြီးမှ ကျွန်တော် ဒုတိယနှစ်ကို ရောက်ပါတယ်။

ပြောရဦးမယ် ကိုယ့်ဆရာရေ။ ပထမနှစ်တုန်းက ကျွန်တော်တို့မေဂျာမှာ ကျောင်းသားလေးရာကျော်ရှိတယ်။ အဲဒီမှာကျတဲ့ ကျောင်းသားက နှစ်ယောက်တည်းပါ။ ယောကျာ်းလေးတစ်ယောက် မိန်းကလေးတစ်ယောက်။ အဲဒီတစ်ဦးတည်းသော ယောကျာ်းလေးက ကျွန်တော်ပါ။ ကျွန်တော်က မဟာဒုတ်မဲတို့ အတန်းထဲမှာ ဖောင်တိန်တစ်ချောင်းပိုလို့ နှိုက်ရတဲ့မဲသာ မပေါက်ရင်နေမယ်။ ဒါမျိုးက ကွက်တိပဲ။ ယောကျာ်းလေး တစ်ရာ့ငါးဆယ်ကျော်ထဲမှာ ကံဆိုးသူ မောင်ရှင်က ကျွန်တော်ကိုးဖြစ်နေတယ်။

နောက်··· ကျွန်တော့်လိုပဲ မကောင်းတဲ့နေရာမှာ ကံဆုံတဲ့ ကောင်မလေးက "ဖူးစုံဦး"တဲ့။ ကောင်မလေးက စကားများများ ခပ်လည်လည်ရယ်။ စကားပြောရင် မျက်စမျက်နနဲ့ မျက်လုံးကလည်း

www.foreverspace.com.mm

အရမ်းကိုက်စားတာခင်ဗျ။ အဲဒီအချိန်က မိန်းကလေး ပတ်ဝန်းကျင်မှာ ခေတ်စားတဲ့ဆံပင်ပုံစံက ဒိုင်ယာနာကေ…။ သူလည်း အဲဒီ ကေလေးနဲ့ စကားက တစ်ခွန်းမပြောရသေးဘူး။ ဆံပင်ကို သပ်တင်တာက သုံးလေးခါ။ စကားပြောတော့လည်း အသံက တမင်လုပ်ထားတဲ့ပုံစံနဲ့ ခပ်နွဲ့နွဲ့ ခပ်သွဲ့သွဲ့ဗျ။ လှစ်ခနဲ လှစ်ခနဲလည်း ခဏခဏ ပြုံးသေးတယ်။

သူ့စကားသံအနွဲ့ သူ့အပြုံး ဂနာမငြိမ်တဲ့ သူ့ဆံပင် သပ်ဟန်တွေကြောင့် သူနဲ့စကားပြောရတာ ရည်းစားတစ်ယောက်နဲ့ စကားပြောနေရသလိုပါပဲ။ သူက အတွဲ အသွားအလာ အနေအထိုင်လည်း ရှိပါတယ်။

"ရဲဝင်း…နင်နဲ့ငါ နှစ်ကျဆိုတာ မပြောကြေးဟာ‥ တစ်တန်းလုံး ငါတို့နှစ်ယောက်ပဲကျတာဆိုတော့ တို့မပြောရင် တခြားလူတွေ မသိနိုင်ဘူး သိလား…"

"ကျတယ်ပြောတော့ ဘာဖြစ်လဲဟာ"

"နင်ကလည်း Feelငုပ်တာပေါ့ဟ… ၁၀တန်းကျတာထားတော့… တက္ကသိုလ်ကတော့ ကျကိုမကျသင့်တဲ့ဟာ… ဒါနဲ့ နင် ဘာဖြစ်လို့ ကျတာလဲ"

သူ့ကို ယဉ်မြသွယ်အကြောင်း ပြန်ပြောပြရင်းနဲ့ ကျွန်တော် တော်တော် ဒေါသထွက်လာတယ်။ စာမေးပွဲကျတယ်လို့ သိလိုက်ရတုန်းကတောင် ဒီလောက် ဒေါသမဖြစ်ခဲ့တာအမှန်ပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်လည်း မပြောပြတတ်ဘူး။ သူကတော့ ရယ်ချည်းနေတယ်။ ပြီးတော့ သူအစာအိမ် ရောဂါဖြစ်နေလို့ စာမကျက်နိုင်ဘဲကျတာလို့ ကျွန်တော့်ကိုပြောတယ်။ သူပြောတာက သိပ်စနစ်

www.foreverspace.com.mm

တကျတော့ မဟုတ်ဘူး။

သူပြောပုံကိုကြည့်ပြီး မဟုတ်နိုင်ဘူးဆိုတာ ကျွန်တော် ရိပ်မိပါတယ်။ ဒါပေမယ့် ပြောမနေတော့ပါဘူး။ သူ ဘာဖြစ်လို့ ကျကျ ကျွန်တော် စိတ်မှမဝင်စားတာ။ ကျောင်းဖွင့်ပြီးလို့ လက်တွေ့တွေ ဘာတွေဆင်းရတော့ ငတိမက ခင်သွားတဲ့ Fresher လေးတွေကို သူ ဒီနှစ် မိုးကုတ်က ၁၀တန်းအောင်ပြီး ရန်ကုန်ရောက်လာတာလို့ ပြောတာခင်ဗျ။ ပြီးတော့ ကျောင်းကမဟုတ်ဘဲ အပြင်မှာသိတဲ့လူ တွေကမေးရင်လည်း ဘယ် Year လဲဆိုရင် Second Year လို့ ဖြေ တတ်တယ်။

"ဟုတ်တယ်လေ···မနှစ်က တစ်နှစ်၊ ဒီနှစ်တစ်နှစ်ဆိုတော့ Second Year ပေါ့။ လိမ်တာမှမဟုတ်တာ···ဟီဟိ" တဲ့။

ကျွန်တော့်ကိုတော့ ဘယ်သူကမှ ရေရေရာရာလုပ်ပြီး မမေး ကြပါဘူး။ ကျွန်တော်က လူကောင်ကလည်း သေးသေးရယ်ဆိုတော့ သူတို့လို Fresher လို့ပဲ ထင်တာလည်း ပါမယ်ထင်ပါရဲ့။ ဒါပေမယ့် လက်တွေ့ သုံးလေးခါလည်းလုပ်ပြီးရော ပေါ်တော့တာပဲ။ လက်တွေ့ ခန်းက ဆရာမတွေက Viva မေးတဲ့အခါ သူတို့မေးချင်တာကို မနှစ် ကလုညှ့်စားထားတဲ့ စကားလုံး အဟောင်းကြီးနဲ့ မနှစ်ကလိုပဲ မေးခွန်း ထုတ်တော့ ကျွန်တော်က ကြိုသိနေတာကိုး။

Fresher ကလေးတွေ နဝေတိမ်တောင်ဖြစ်ပြီး အကြံထုတ် စိတ်အိုက်မယ်ရှိသေး၊ မနှစ်က ခံထားရပြီးသား အဖြေကိုလည်း သိထား တဲ့ ကျွန်တော်က ထဖြေတော့ ကျောင်းသားတွေ ဒုက္ခရောက်တာကို အရသာမခံရတော့ အလိမ်ခဏခဏပေါ်လို့ ဆရာမက အမြင်ကတ် နေဟန်တူပါတယ်။

www.foreverspace.com.mm

ဟစ်နေတော့…

“ဟိုကောင် ငါက သူတို့ကို စဉ်းစားစေချင်လို့ မေးနေတာ… နင်သိရင် အသာနေ…ဝင်ဝင်မပြောနဲ့…သူ့ကိုလည်း မင်းတို့ သိပ်တော်တယ်ထင်မနေကြနဲ့… သူက တစ်နှစ်ကျပြီးသား”

ဆရာမက အဲဒီလိုတွယ်လည်း ကျွန်တော်ကတော့ ဘာမှ မဖြစ်ပါဘူး။ နှစ်ကျတာကို လိမ်ချင်တဲ့ဆန္ဒ ကျွန်တော့်မှာ မရှိဘူး။ လာမမေးလို့သာ မပြောတာပါ။ လာမေးရင် ဖြေမှာပါပဲ။ ဒါပေမယ့် ဖူးစုံဦးကတော့ ရှက်လို့တဲ့။ ကျွန်တော်လုပ်တာနဲ့ သူ့ကိုပါသိသွားလို့ မကျေမနပ်နဲ့ ကျွန်တော့်ကို ရန်တွေ့ပါတယ်။

“ဟ…သိတော့ဘာဖြစ်လဲ…ဆရာမက ငါ့ကိုပဲ ပြောတာ… နင့်ကိုမှ မပြောပဲ”

“ဆရာမက အဲဒီနေ့က မပြောပေမယ့် ကျောင်းသူတွေက မေးတော့ နှစ်ယောက်ပဲကျတာ…အဲဒါ နင်နဲ့ငါလို့ ပြောလိုက်တာပေါ့”

ပြောလည်း ဘာဖြစ်လဲဟာ… မဟုတ်တာပြောတာမှ မဟုတ်ဘဲ”

အေး… နင်က အရှက်မရှိပေမယ့် ငါက ရှက်တယ်ဟဲ့ သိရဲ့လား”

“ဒီမှာ ဖူးစုံ ငါ အရှက်မရှိတာ မဟုတ်ဘူး… မရှက်သင့်တာကို မရှက်တာ”

သူနဲ့ ကျွန်တော် စကားများကြတယ်။ အဲဒီနောက် သူက ကျွန်တော့်ကို ခပ်တန်းတန်းဖြစ်သွားတယ်။ အရင်လို ရယ်ရယ်မောမောနေတာ၊ ကဲန်တင်းအတူထိုင်တာ၊ လက်တွေ့ခန်း အတူသွားတာ

www.foreverspace.com.mm

တွေ မလုပ်တော့ဘူး။ အဲဒီအတွက်လည်း ကျွန်တော် ဘာမှ ထွေထွေထူးထူး မခံစားရပါဘူး။ အစကတည်းက သူ့အပေါ် အာရုံသိပ်မထားခဲ့တာ အမှန်ပဲ။

အဲဒီလိုဖြစ်ပြီး တစ်လလောက်ကြာတော့မှ လက်တွေ့ခန်းထဲမှာ ရင်းနှီးသွားတဲ့ ကောင်မလေးတွေက ကျွန်တော့်ကို လာပြောတယ်။ ကျွန်တော်က သူ့ကို ပထမနှစ်ကတည်းက လိုက်နေတာတဲ့။ သူ့မှာက အိမ်က စေ့စပ်ထားတဲ့ စက်မှုတက္ကသိုလ်က ကိုကိုတစ်ယောက်ရှိတယ်ဆိုပဲ။ ကျွန်တော့်ကို သူက မချစ်ပေမယ့် အားနည်းချက်မရှိတဲ့ ကျွန်တော့်ကို သနားလို့ ပြောမထွက်ခဲ့ဘဲ သံယောဇဉ်နဲ့ နေခဲ့တာတဲ့။ ကျွန်တော်က သူ့အိမ်ကိုလည်း လိုအပ်တာတွေလုပ်ပေး။ သူ့ကိုလည်း အရမ်းဂရုစိုက်၊ မျက်မှာမညိုးရအောင်ထား၊ သူ မကြိုက်တာတွေ အားလုံးကိုလည်း ပြုပြင်ဆိုတော့ သူ ငြင်းရခက်နေတယ်။ ကျွန်တော့်ကိုလည်း သံယောဇဉ်ဖြစ်သွားတယ်တဲ့။

အိမ်က စေ့စပ်ထားတဲ့ စက်မှုကိုကိုက ကျွန်တော့်လောက် သူ့အပေါ်မှာ နားမလည်ပေမယ့် သူ့မိဘတွေသဘောကို မလွန်ဆန်ရဲလေတော့ တစ်ချိန်ကျရင် အဲဒီကိုကိုကိုပဲ လက်ထပ်ရမှာမို့ ကျွန်တော် မျှော်လင့်ချက်ကြီးကြီးနဲ့ ဆုံးရှုံးမှုမကြီးရလေအောင် စိတ်ကို တင်းပြီး ရက်စက်လိုက်ရတာဆိုပဲ။ သူက မဆက်ဆံဖို့ပြောတဲ့နေ့က ကျွန်တော် မျက်ရည်တောင်ကျသေးဆိုပဲ။ ကျွန်တော်ပေးထားတဲ့ လက်ဆောင်တွေ၊ အတူတူ စားခဲ့တဲ့ နေကြာစေ့တံဆိပ်တွေကို Date တပ်ပြီး သိမ်းထားခဲ့တာတွေ····အားလုံးကို မြင်နေရရင် ကြေကွဲမှာစိုးလို့ ကျွန်တော့်ကို ပြန်ပေးရတယ်တဲ့။

အဲဒါတွေ လာပြောပြတော့ ကျွန်တော် ဒေါသမထွက်မိဘူး။

www.foreverspace.com.mm

သူနဲ့လည်း သွားမရှင်းပါဘူး။ ဒီကောင်မလေးဟာ ဒီထပ် ပို စေ့စေ့စပ်စပ် လေးလေးနက်နက် လှလှပပများ ဆက်ပြီး လံကြုပ်နိုင်ရင် "စာရေးဆရာမ" ဖြစ်မှာပဲလို့ပဲ တွေးမိတယ်။

ကျွန်တော် သူ့ကို စကားသွားပြန်မပြောပါဘူး။ ဒီလိုပဲ ဥပေက္ခာပြုထားလိုက်တယ်။ ဒါပေမယ့် သူကတော့ ကျွန်တော့်ကို ဝတ္ထုဆက်ရေးနေတုန်းပဲ။ တစ်နေ့က ကော်ရစ်တာမှာ ကျွန်တော်က သူ့ကို စကားလိုက်ပြောတယ်တဲ့။ သူပြောတဲ့အတိုင်း ဖတ်လို့ ကောင်းအောင် ရေးပြပါ့မယ်။

"ဖူးစုံ…တို့နဲ့ ခဏလောက် လက်ဖက်ရည်ဆိုင် အတူ ထိုင်ပေးပါလားဟင်"

"ရဲဝင်းရယ်…မဖြစ်နိုင်တဲ့အရာကို ဘာဖြစ်လို့ အတင်း ဖန်တီးချင်နေရတာလဲ"

"ငါ…မနေတတ်ဘူး ဖူးစုံရယ်…နင်ဟာ နတ်ဒေဝတာတွေ ပျိုးကြဲလို့ ပေါက်လာရတဲ့ ပန်းပွင့်ပါ…သိပ်လှတဲ့ ဥယျာဉ်ကြီးထဲမှာ နင်ဟာ အထူးခြားဆုံးပါ…ငါ အဲဒီဥယျာဉ်ကြီးထဲကို ဝင်ခွင့်မရှိမှန်း သိပါတယ်… ဒါပေမယ့် အဝေးက ငေးကြည့်ခွင့်လည်း ငါ့မှာ ရှိနေတယ်"

"မဟုတ်သေးဘူး ရဲဝင်းရယ်…တို့နှစ်ယောက် အတူရှိနေတာဟာ နှစ်ယောက်စလုံး ပိုခံစားရဖို့အတွက်ပဲဖြစ်မယ်… အသည်းကွဲတဲ့ ဝေဒနာဟာ သံယောဇဉ်နဲ့ တိုက်ရိုက် အချိုးကျတယ်… နင့်ကို ငါ ဒီထက်ပိုပြီး မခံစားစေချင်ဘူး… ငါ့နှလုံးသားက သေမိန့်ကျပြီး သားမို့ပါဟာ… ငါ မလုပ်ချင်ဆုံးကိစ္စကို အားတင်းပြီး ငါ လုပ်နေရတာပါ… အဲဒါဟာ နင့်ကို ငါ အပေးသင့်ဆုံးနဲ့ အပေးနိုင်ဆုံး

www.foreverspace.com.mm

နားလည်မှုပါပဲ"

"နောက်ဆုံးအနေနဲ့ တစ်ခုပဲ ခွင့်ပြုပါဟာ… အရင်လို ညနေခင်းကလေးမှာ ငါနဲ့ တစ်ရက်လောက် လက်ဖက်ရည်ဆိုင် ထိုင်ပေးပါ… နင်ကြိုက်တဲ့ ကော်ဖီခါးခါးကို ငါ ဇွန်းကလေးနဲ့ မွှေပေးမယ်လေ…ငါတော့ ထုံးစံအတိုင်း ချိုပေါ့ကျပဲ သောက်မယ်… နင့်ကို ငါ စကားတစ်ခွန်းမှ မပြောပါဘူးဟာ… နေဝင်သွားတဲ့အထိ နင့်မျက်နှာကို ငါ ငေးနေမယ်… နင့်ကို စွန့်လွှတ်ရစေဦးတော့… အဲဒီ ညနေခင်းလေးတစ်ခုလောက်ကိုတော့ ငါ ပိုင်ဆိုင်ပါရစေ… ငါ့ကို နားလည်ပေးပါ ဖူးစုံရယ်"

"ငါ မကြားပါရစေနဲ့ ရဲဝင်းရယ်…ငါ့စိတ်က ခံစားရလွယ်တယ်…ထိခိုက်လွယ်တယ်…အခု ငါ့ အပြုအမူတွေကို နင် ရက်စက်တယ်လို့ ထင်နေလို့လား…ငါ့မှာ မနည်းမာန်တင်းထားရတာပါ… နင် ခံစားတတ်မှန်းလည်း ငါ သိပါတယ်… မဖြစ်နိုင်တဲ့ အခြေအနေကိုရောက်လာရင် ဖြစ်သင့်တာကိုရွေးတာ အကောင်းဆုံးပါပဲ… နင့်ဆန္ဒကို ငါမလိုက်လျောနိုင်တဲ့အတွက် နင် ငါ့ကို ကြိုက်တဲ့ စကားလုံး သုံးခွင့်ရှိတယ်… ငါ မငြင်းဘူး… အခု နင်ပြောတာဆို ငါ ငြင်းတယ်… အဲဒါ စေတနာပါတဲ့ ရက်စက်ခြင်းပါ တစ်ချိန်ကျရင် နင် ငါ့ကို နားလည်လာမှာပါဟာ"

လာပြောပြတဲ့ ကောင်မလေးအုပ်စုက အဲဒီစကားတွေကို တစ်ယောက်တစ်ပေါက် ရွတ်ပြကြတာခင်ဗျ။ ကျွန်တော်လည်း ပါးစပ်ကလေးဟပြီး မျက်လုံးကလေး ကလယ်ကလယ်နဲ့ နားထောင်ရတယ်။ ဟုတ်တယ်လေ‥။ စာတွေပေတွေ ဝါသနာပါတယ်ဆိုတဲ့ ကျွန်တော်က ကဗျာစာအုပ်တွေဘာတွေ ထုတ်ပြီးသား ကျွန်တော်က သူ့လောက်

www.foreverspace.com.mm

အကွက်မစေ့တာ။ စကားလုံးတွေ မရွေးတတ်တာအမှန်ပဲ။ သူ့ အဖွင့်နဲ့ သူ့အပိတ် ကွက်တိပဲ။ လံကြုပ်အလုပ်ခံလိုက်ရပေမယ့် ကျွန်တော် သူ့ကို စိတ်မဆိုးမိဘူး။ ကျွန်တော်ရှာနေတဲ့ တစ်ခုခုကို ဖျပ်ခနဲ လှမ်းတွေ့လိုက်ရသလိုပဲ။ အဲဒီအတွက် ကျွန်တော် မှင်တက်နေမိတယ်။

"အဲဒါတွေ သူ တကယ်ပြောတာလား"

"ဟုတ်တယ် ကိုရဲဝင်း…ကျွန်တော်တို့ အားလုံးရှိတယ်…သူ မျက်ရည်တွေဝဲလို့… အသံတွေလည်း တုန်နေတယ်…ကျွန်မတို့တော့ ဖူးစုံကို နားလည်တယ်"

"ကိုရဲဝင်းရယ်…အချစ်ဆိုတာ ပိုင်ဆိုင်ရမှ မဟုတ်ပါဘူး… ကိုရဲဝင်း ဖူးစုံကိုမရတော့ပေမယ့် အချစ်ကိုမရတာတော့ မဟုတ်ပါ ဘူး… ကျွန်မတို့ နားလည်ပါတယ်… သူ ပြောပြီးပြီပဲ…သူ ရက်စက် တာ စေတနာနဲ့တဲ့… "စေတနာပါတဲ့ ရက်စက်ခြင်း"တဲ့…"

"သိမ့်တော့ သူ့ကို သနားတယ်… ကိုရဲဝင်းကိုလည်း သနား တယ်"

"ဒါနဲ့ ကိုရဲဝင်းက သူမပါပဲ ကဲန်တင်းမှာ လက်ဖက်ရည် တစ်ခွက် ကော်ဖီတစ်ခွက်နဲ့ ထိုင်နေတာဆို…စားပွဲထိုးလေး ပြန်ပြော ပြလို့ သူသိရတာတဲ့…အဲဒီညက သူ ငိုတယ်တဲ့… ရင်ထဲမှာငိုတာတဲ့ မျက်ရည်မကျဘူးတဲ့… အဲဒါကိုပြောတာ ဘာပါလိမ့်… ဟော့ကောင် သိမ့်…"

"ဩော်…ခဏ"

"……"

"အင်း…သိပြီ…အင်း ဟုတ်တယ်…ပန်းပွင့်တွေဟာ

www.foreverspace.com.mm

ကြွေရင် အသံမပြည်တတ်ကြဘူးတဲ့··· အသံထွက်ပြီး ငိုတာဟာ မာယာပါကောင်းပါလိမ့်မယ်တဲ့··· ရင်ထဲမှာငိုတာ ဘယ်သူမှ မသိလိုက်ဘူးတဲ့···အဲဒီ ငိုနည်းက ပတ်ဝန်းကျင်က နားလည်တာ··· ဖေးမတာ···သနားတာ ဘာတစ်ခုကိုမှ မလိုချင်ဘဲ ခံစားသူနဲ့ ခံစားမှုကိုပေးသူသာသိတဲ့ ငိုခြင်းတဲ့···အဲဒီလို ငိုတဲ့အတွက် ဘာတစ်ခုမှ ပြန်မရနိုင်တဲ့ ပြန်မရချင်တဲ့ အချိန်မှာငိုခြင်းတဲ့···"

'သိမ့်'ဆိုတဲ့ ကောင်မလေးက စာအုပ်ကလေးကိုထုတ်ပြီး သူရေးထားတဲ့စာကို ရွတ်ပြရင်းပြောတာပါ။ ကျွန်တော့်မှာတော့ အံ့သြပြီးရင်း အံ့သြ၊ သဘောကျပြီး သဘောကျပဲ။ သူတို့ပြောတာ နားထောင်ရတာ ဝတ္ထုတစ်ပုဒ်ဖတ်နေရသလိုပဲ။ ပိုပြီး ဝတ္ထုထက်ကောင်းတာက အဲဒီအထဲမှာ ဇာတ်လိုက်က ကျွန်တော်ခင်ဗျ။ စာရေးဆရာ ရေးချင်တာ ရေးတာကို အတင်းပါရတဲ့ ဇာတ်လိုက်မဟုတ်ဘူး။ ဖြစ်နေတဲ့ ဇာတ်ထဲ တည့်တည့်တိုးရတဲ့ ဇာတ်လိုက်ဆိုတော့ ကိုယ့်ဆရာရေ··· ကျွန်တော်လည်း ဆက်လျှောက်ရတော့တာပဲ။ မလျှောက်လို့လည်း မရတော့ဘူးလေ။ ကျွန်တော့်ရှေ့မှာရှိနေကြတဲ့ ကောင်မလေးငါးယောက်က ကျွန်တော့်ကို ရီဝေ···နားလည်···မှိုင်းမြတဲ့ မျက်လုံးတွေနဲ့ ကြည့်နေတာကိုး။ သူတို့ အရမ်းစိတ်ဝင်စားနေပြီ။ အနုပညာဆိုတာ ယုံအောင်ပြောတာပါပဲ။ စာနဲ့ရေးရေး၊ စကားနဲ့ပြောပြော··။ သူတို့ စာရေးဆရာတွေ ကြုံသလောက်ကို တခြားလူ ယုံအောင် ခံစားရအောင်ရေးတာ အနုပညာပါပဲ။ ကိုယ့်ဆရာပဲ စဉ်းစားကြည့်တော့ စာရေးဆရာတွေ ရေးသလို သူတို့ တကယ်မကြုံဖူးကြပါဘူး။

အမှန်သိ အရှိမှန်ပေမယ့် အခုတော့ စကားလုံးတွေရဲ့ ဒဏ်ကို ကျွန်တော် ခံနေရတယ်။ ဖူးစုံဦးက ကျွန်တော့်ကို မကြိုက်ပါဘူး။

ဘယ်နည်းနဲ့မှ မကြိုက်ဘူး။ ကျွန်တော်ကလည်း ထို့အတူပါပဲ။ ဒါပေမယ့် ဇာတ်လမ်းက ရှိနေပြီ။ သူ ညာတယ်။ ဒါပေမယ့် ပိရိတယ်။ ရထားတဲ့ အခြေအနေလေးကို သင့်သလို အသုံးပြုသွားတယ်။ ကဲ… ကိုယ့်ဆရာရေ ဘာတတ်နိုင်မှာလဲ။

"ကိုရဲဝင်း ဘာပြောချင်လဲ ပြောပါ"

"ဟုတ်တယ် ကိုရဲဝင်း…ဒီအချိန်မှာ ပွင့်လင်းတာ အကောင်းဆုံးပါ…ကျွန်မတို့ နားလည်ပါတယ်"

"နှစ်ယောက်စလုံး စာမေးပွဲကျလောက်အောင်ဖြစ်တဲ့ ကိစ္စဟာ မသေးပါဘူး…ကျွန်မတို့ သိချင်တာ သိရဖို့ပါ…ကျွန်မဆိုရင်လည်း ဖြစ်မှာပါပဲ"

"……"

"ကိုရဲဝင်း…ကျွန်မတို့ကို မယုံလို့လား"

"ယုံပါတယ်"

ကျွန်တော်က စကားကို တန်ဖိုးမကြီးချင်ဘူး။ အမှန်ပဲပြောချင်တာ။ ညဥ့်နက်ညရဲ့ လမင်းကို မြင်ရတဲ့သူ နှစ်မျိုးပဲရှိတယ်။ တစ်မျိုးက အကြောင်းတစ်ခုခုကြောင့် အိပ်နေရာက နိုးပြီး လမင်းကို မေ့ကြည့်မိတဲ့သူ။ ဒုတိယတစ်မျိုးကတော့ အိပ်ဖို့ မစဉ်းစားပဲ လမင်းကို စောင့်ကြည့်နေတဲ့သူ။ ကျွန်တော်က ဒုတိယ အမျိုးအစားထဲကပါ။

စကားဝိုင်းဟာ တိတ်သွားတယ်။ ကောင်မလေး ငါးယောက်လုံးရဲ့ မျက်လုံးဆယ်လုံးဟာ ကျွန်တော့်ကို ငေးနေကြတယ်။ ကျွန်တော့် အရုပ်တွေကို မြင်လာတယ်။ ပုံစံတွေကို တွေ့လာတယ်။ အသံတွေကို ကြားလာတယ်။ ဟုတ်တယ် ဖူးစုံဟာ ကျွန်တော် မရနိုင်တဲ့ ကျွန်တော့် ချစ်သူ ဖြစ်သွားပြီ။



www.foreverpage.com.mm

www.foreverspace.com.mm

"အဲဒီတော့ ကိုရဲဝင်း"

"ကျွန်တော် ပြောမှာပါ…မရိုးသားမှုရဲ့ ပထမအစဟာ မျှော်လင့်ချက်ပဲ…လူတွေ မရိုးမသားလုပ်နေကြတာ မျှော်လင့်ချက် အတွက်ပါ…မျှော်လင့်ချက်ဆိုတာ ဘယ်မှာ သေချာလို့တုံး။ ဒါပေမယ့် မျှော်လင့်ချက်ဆိုတာ လူတစ်ဦး တစ်ယောက်စီအတွက် အမြဲရှိနေသင့် တဲ့ ရပိုင်ခွင့်ပဲ။ လူတိုင်းကို မရိုးသားဘူးလို့ ပြောလို့ရတယ်။ ဘာကြောင့်လဲဆိုတော့ လူတိုင်းမှာ မျှော်လင့်ချက်ဆိုတာကြီး ရှိနေ တာကိုး"

ကျွန်တော် စကားကို ရပ်လိုက်တယ်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ယုံအောင်ပြောနိုင်တဲ့ မျှော်လင့် ချက် ကျွန်တော့်မှာ ရှိနေလို့ပါ။ သိမ့်…ဆိုတဲ့ ကောင်မလေးက လက်ဖျောက်တစ်ချက်တီးပြီး ကျွန်တော် ပြောတာတွေကို ပြန်ရွတ်ပြီး စာအုပ်ထဲမှာ မှတ်နေသေးတယ်။ တော်တော်တိကျတဲ့ ကောင်မလေး ခင်ဗျ။ ဆံပင်က ကပိုကရိုနဲ့ လှတော့မလှဘူး။ သူ့မျက်နှာကို ကြည့်ရ တာ မှန်ကို ကြည့်ရသလိုပဲ။ ကိုယ် မရိုးသားတာကို မရိုးသားတဲ့ အတိုင်းတွေ့ရမယ့် မျက်နှာမျိုး။ သူ…စာရွက်နဲ့ ဘောလ်ပင်ခွာမှ ကျွန်တော် ဆက်ပြောတယ်။ အချိန်ရသွားလို့ ကျွန်တော့်နှုတ်ဖျားမှ စကားလုံးတွေလည်း ရောက်နေပြီ ကိုယ့်ဆရာရေ။

"ကျွန်တော်တို့ ငယ်ငယ်တုန်းက ရွှေဥ တစ်နေ့တစ်ဥ ဥတဲ့ ငန်းကို ဗိုက်ခွဲပြီး ရွှေဥတွေရှာတဲ့ ပုံပြင်ဖတ်ခဲ့ရဖူးတယ်…ရွှေဥလည်း ဆုံး၊ ငန်းမကြီးလည်းဆုံး၊ ယုကြုံးမရဖြစ်ရတဲ့ ပုံပြင်ပါပဲ… ခင်ဗျားတို့ သင်ခဲ့ရဖူးတယ် မဟုတ်လား…သုံးတန်းမှာလား…နှစ်တန်းမှာလား မသိတော့ဘူး"

www.foreverspace.com.mm

"ဟုတ်တယ်…သင်ခဲ့ရဖူးတယ်"

"ရွှေကုန်သည်ဇာတ်ကိုရော ဖတ်ဖူး နားထောင်ဖူးတယ် မဟုတ်လား…ရွှေမန်းတင်မောင် ကတဲ့ဇာတ်လေ…ရွှေကုန်သည် လာပြီခင်ဗျ…ခင်နှမတို့ ရွှင်ပျစရာ…ဆိုပြီး ရွှေခွက်နဲ့ ရွှဲလဲကြတာ… နောက်ဆုံး ရှုံးသွားတာလေ"

"သိတယ်…သိတယ်"

ကောင်မလေးသုံးယောက်လောက်က အားတက်သရော ထောက်ခံကြတယ်။

ကျွန်တော် ခဏငြိမ်ပြီး ဆေးပေါ့လိပ်ကို ဖွာတယ်။ ဖူးစုံရေ …နင့်ထက်တော့ ငါသာရမယ်။ သာကို သာရမယ်ပေါ့။

"ဟုတ်ပြီ…ကျွန်တော်တို့က ဒီဇာတ်တွေကို အပေါ်စီးကနေ ဖတ်ရတာပါ…ရုပ်ရှင်အမြင်နဲ့ဆိုရင်တော့ Bird eye view ပေါ့။ ဒါပေမယ့် ငန်းဗိုက်ကို ခွဲတဲ့လူရော…ရွှေကုန်သည်မှာရော…အဲဒီလို မဟုတ်ဘူး။ သူတို့နေရာ သူတို့ မျှော်လင့်ချက်နဲ့ပဲ အလုပ်လုပ်ရတာ…။ အပေါ်စီးက မမြင်နိုင်ဘဲ မြင်ထောင့်ကျဉ်းတဲ့အတွက် သူတို့ မျှော်လင့်ချက်တွေဟာ မရိုးသားမှု၊ ရက်စက်မှု၊ ကောက်ကျစ်မှုဖြစ်သွား တာ…"

စကားဝိုင်းက ပိုပြီး တိတ်ဆိတ်သွားပါတယ်။ ဖြိုးဖြိုးဆိုတဲ့ ကောင်မလေးက သူ့နှုတ်ခမ်းကို လျှာနဲ့သပ်တယ်။ ကျွန်တော် သူ့ကို ကြည့်နေရာက မျက်နှာလွှဲပြီး ခေါင်းကိုခါတယ်။ ပြီးတော့ မီးသေ နေတဲ့ ဆေးပေါ့လိပ်ကို မီးညှိတယ်။

"ကျွန်တော်က ရွှေဥ…ရွှေဥမှန်းမသိတဲ့ ငန်းကလေး… ကျွန်တော့်ဆီ ရောက်လာတဲ့ကောင်ပါ။ ရွှေခွက်မှန်းမသိဘဲ ရွှဲနဲ့လဲတာ

www.foreverspace.com.mm

ခံရတဲ့ ရွံ့ကုန်သည်ပါ။ ဖူးစုံမှာ စေ့စပ်ထားတဲ့ လူ ရှိမှန်းမသိခဲ့ဘူး။ သူနဲ့ခင်တော့ သူ့အပြုံး…သူ့အကြည့်…သူ့ရင်ထဲက လာတဲ့စကားသံ…ရယ်သံဟာ ကျွန်တော့်အတွက် တက္ကသိုလ်ရက်တွေမှာ တစ်နေ့တစ်လုံးရတဲ့ ရွှေဥတွေပါပဲ"

အားလုံး ငိုင်သွားကြတယ်။ ခင်မိုးမာဆိုတဲ့ ကောင်မလေးက တစ်ခုခုပြောဖို့ နှုတ်ခမ်းကိုပြင်ပါတယ်။ ရီရီခင်ဆိုတဲ့ ကောင်မလေးကတော့ ကျွန်တော့်ကို ငေးကြည့်နေတာ အသက်တောင် ရှိသေးရဲ့လား မသိဘူး။ ကျွန်တော်က အခုမှ ငန်းဗိုက်ကိုခွဲမှာ…။ လာလေရော့ပဲ။ အိအိခိုင်ဆိုတဲ့ ကောင်မလေးကတော့ ပါးစပ်ကလေးဟပြီး ခေါင်းပဲ တဆတ်ဆတ် ညိတ်နေတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်လည်း အားရှိသွားပါတယ်။ သူတို့ပုံစံတွေက ကျွန်တော့်ကို ယုံကြည်မှု ပိုရစေတာကိုး။

"ကျွန်တော် မခံစားနိုင်တော့ဘူး။ တစ်နေ့…တစ်ရက်နဲ့ အားလုံးကို တစ်ကြိမ်တည်း ခံစားရတဲ့အခါ လမင်းကို မြင်ချင်လို့ စောင့်ငေးခဲ့တာကို လမင်းလည်းမသိ။ ကျန်တဲ့လူတွေလည်း မသိ။ ကျွန်တော် တစ်ယောက်တည်းပဲ သိတယ်မဟုတ်လား။ ကျွန်တော့် မျှော်လင့်ချက်ဆိုတာက မြည်လာတဲ့အသံကို ကျွန်တော်က ပွဲတင်ထပ်တာပါ။ ဒါဟာ မရိုးသားမှုလား…"

ကျွန်တော် သူတို့ကို မမြင်တော့ဘူး…ကျွန်တော့် ရှေ့မှာ ဘာကိုမှလည်း မတွေ့တော့ဘူး။ ကျွန်တော့်အတွေးထဲမှာ ဖူးစုံဦးပဲ ရှိတယ်။ သူ့ကို ကျွန်တော် သိပ်ချစ်နေတယ်။ ဒါပေမယ့် သူက ကျွန်တော့်ကို မချစ်နိုင်ဘူး။ ဒါပဲ သိတယ်။

"ကျွန်တော်က အညတရပါ။ ရွှေခွက်မှန်းမသိဘဲ သူလာ

www.foreverpaper.com.mm

လဲတာကို မျှော်လင့်ချက်ထားမိတယ်။ ကျွန်တော့် အပြစ်လား… ဖူးစုံဟာ ကျွန်တော့်ထက် လှတယ်…ချောတယ်…ချမ်းသာတယ်။ ဒါပေမယ့် သူ…ကျွန်တော်နဲ့ စသိတာ ရိုးရိုးပါ။ သူဟာ သာမန်ငန်းပါ။ ကြေးခွက်ပါလို့ သူ့ကိုသူ ထင်နေတာပါ။ သိနေတာပါ”

ကျွန်တော် စားပွဲခုံကို ဝုန်းခနဲ လက်သီးနဲ့ ထုမိတယ်။ အားလုံး လန့်သွားကြတယ်။ အားလုံးလန့်သွားကြတယ်။ ဘာဖြစ်လို့ အဲဒီလိုလုပ် မိသလဲတော့ ကျွန်တော်လည်း မသိဘူး။ ဒါပေမဲ့ လုပ်မိခဲ့တယ်။ “သိမ့်” လည်း စာလိုက်မရေးနိုင်တော့ဘူး။ ကျွန်တော်ပြောတာကို သူ လိုက်ရေးတာ မမီတော့ဘူး။

“ဒါပေမဲ့ ကျွန်တော်က ရွှဲကုန်သည်လို ရူးခဲ့ရတယ်။ ငန်းဗိုက် ခွဲသူလို ရူးခဲ့ရတယ်။ ပြီးတော့ ကိုယ့်အပေါ် တစ်သက်လုံးကောင်းခဲ့တဲ့ သူငယ်ချင်းကို ချစ်တယ်လို့ ပြောမိလို့ စည်းကမ်းဖောက်တဲ့ကောင် သစ္စာမရှိတဲ့ကောင်လို့ အစွပ်စွဲခံခဲ့ရတယ်။ ကျွန်တော် မရိုးသားဘူးလို့ ပြောဦးတော့။ ကျွန်တော့် မျှော်လင့်ချက်အတွက် ဒီစကားတွေ မပြော သင့်ဘူးလား”

“ဟုတ်တယ် ကိုရဲဝင်း… မိုးမ နားလည်တယ်။ မျှော်လင့် ချက်ပေးအောင်လုပ်ရင် မျှော်လင်တာ အပြစ်မဟုတ်ဘူး”

“ရွှေဥ ဥတဲ့ငန်းက ကျွန်တော့်ဆီ ရောက်လာတာပါ… ရွှေခွက်ကို ရွှေခွက်မှန်းမသိဘဲ သူ့ဘာသာ လာလဲတာပါ…ဒါပေမယ့် ကံကြမ္မာကို ကျွန်တော် ဘယ်တော့မှ အပြစ်မပြောဘူး။ ကျွန်တော့် မျှော်လင့်ချက်ကိုလည်း ကျွန်တော်ဘယ်တော့မှ မရိုးသားမှုလို့ မထင် ဘူး… ကျွန်တော် လမင်းကို မြင်ချင်လို့ စောင့်ကြည့်ရင်း ကြယ် ကြွေတာနဲ့ တိုးခဲ့တဲ့ကောင်ပါ…”

"ကိုရဲဝင်း…ဆက်မပြောပါနဲ့တော့… ရီ… နားလည်ပါတယ်"

ရီရီခင်ဆိုတဲ့ ကောင်မခပ်ဝဝလေးက အသံတွေတုန်လို့ ခင်ဗျ။ အိအိခိုင်ကတော့ နှာခေါင်းလေးနီပြီး တရှုံ့ရှုံ့ အသက်ရှူရှုင်း ခေါင်းကို မှန်မှန်ကြီး ညိတ်ပေးနေတယ်။ အရင်ဆို အမြဲတမ်း ရယ်ရယ်နေကျ ကောင်မလေး…အခုတော့ သူ့နှာခေါင်းပွပွကြီးက နီနေတာမှ ရဲလို့။

"ဒါပေမဲ့ ကောင်းကင်က ကြွေကျတဲ့ ကြယ်တွေဟာ မြေပြင်ကို ဘယ်တော့မှ ဒုက္ခမပေးဘူး။ မြေပြင်မရောက်ခင် ပျောက်သွားတာချည်းပဲ။ ကျွန်တော် ဘယ်တော့မှ ဖူးစုံကို ဒုက္ခပေးမယ့်ကောင် မဟုတ်ပါဘူးဗျာ…သူ့အနားရောက်သွားရင်…ပျောက်သွားမယ့်ကောင်ပါ။ ခင်ဗျားတို့အားလုံး လမင်းကိုငေးကြည့်တဲ့အခါ ကြယ်ကြွေတာကို မတွေ့ပါစေနဲ့လို့…ကျွန်…တော်…ဆု…တောင်း…ပါ…တယ်…"

○○



www.foreverspace.com.mm

www.foreverspace.com.mm

ဒုတိယနှစ်ရောက်တော့ ကျွန်တော် မိန်းကလေးတွေကို မုန်းနေခဲ့တယ်။

မိန်းကလေးတွေကို လက်သည်းနီဆိုးထားတဲ့၊ နှုတ်ခမ်းနီဆိုးထားတဲ့ ထောင်ချောက်တွေပဲလို့ ကျွန်တော်မြင်နေခဲ့တယ်။ ယောကျာ်းလေး တစ်ယောက်ဟာ သူတို့နဲ့ ပတ်သက်လိုက်တာနဲ့ ကိုယ်ပိုင်အချိန်ထဲက အချိန်တော်တော်များများကို စပြီးပေးရပါတယ်။ သူတို့ခေါ်ရင် သူတို့ချိန်းရင် လာရတယ်…သွားရတယ်။ ရှုပ်ပွနေတဲ့ သူတို့ရဲ့ စိတ်ဖြစ်စဉ်ထဲမှာ ကိုယ်ကအချိန်ပြည့် Ready လုပ်ထားရတာ။ တစ်ခုခု ကိုယ်က မပေးနိုင်တာနဲ့ သူတို့က နှုတ်ခမ်းစူတော့တာပဲ။ သူတို့ကိုမခင်ဘူးလို့ စွပ်စွဲတော့တာပဲ။

"ခင်တယ်"ဆိုတဲ့ စကားဟာ သူတို့အတွက်ဟာ သူတို့လိုဘကို ဖြည့်ပေးနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်တာပဲမဟုတ်လား။ အဲဒီလို ကနွဲ့ကလျလိုက်၊ ကလူလိုက်၊ မြှူလိုက်နဲ့… ရယ်လိုက်ပြုံး

www.foreverspace.com.mm

လိုက်၊ စိတ်ကောက်လိုက်နဲ့ တစ်နေ့ချင်းဆွဲခေါ်သွားပြီး ကျွန်တော်တို့က ချစ်တယ်ဆိုရင်တော့ ငတိမတွေက ကိုင်တော့တာပဲခင်ဗျ။

အဲဒီကျတော့ သူတို့စကားတွေက လက်ပစ်ဗုံးတွေ ဖြစ်သွားတယ်။ သစ္စာမရှိတာတို့၊ အခွင့်အရေးယူတာတို့ ခင်မင်မှုကို ခုတုံးလုပ်တာတို့ ယုံကြည်မှုကိုစော်ကားတယ်…တို့ စတဲ့ စကားလုံးတွေနဲ့ ပစ်ပေါက်တိုက်ခိုက်တော့တာပဲ။ အဲဒီ သကောင့်သားခမျာ ထောင်ချောက်ထဲကျပြီးနေပြီမို့ ရုန်းလို့လည်းမရ၊ ထွက်လို့လည်းမရ၊ ပဋ္ဌာမြေလူး အရှုံးခန်းစတော့တာပဲ။ အဲဒီ သကောင့်သားက ပိုရှုံးလေ… သူတို့က အပေါင်းအသင်းလောကမှာ ပိုနာမည်ရလေပေါ့။ ဒီလို အပေါင်းအသင်းတွေရဲ့ အာရုံစိုက်မှု စိတ်ဝင်စားမှုပိုရအောင် သူတို့က ပိုရက်စက်…သကောင့်သားတွေက ပိုရှုံးထ…ဟုတ်တော့ ဟုတ်နေတာပါပဲခင်ဗျ။

ကျွန်တော်တို့ Botany မှာ သင်ရတဲ့ သစ်ပင်တစ်ပင် ရှိတယ်။ "နတ်သမီးထောင်ချောက်"တဲ့။ အဲဒီအပင်က ပွင့်ချပ်နှစ်ချပ်က ဟနေတယ်တဲ့။ အဲဒီဟနေတဲ့ ပွင့်ချပ်ရဲ့ မျက်နှာပြင်မှာ အနံ့ထွက်တဲ့ ဂလင်းကလေးတွေရှိတယ်။ အဲဒီဂလင်း ကလေးတွေထဲက ထွက်တဲ့အရည်က ပိုးကောင်မွှားကောင် ကလေးတွေကို ဆွဲဆောင်နိုင်တဲ့ ရနံ့ရှိလေတော့ ပိုးကောင်ကလေးတွေလာနားရင် သူက ရွက်မြွှာနှစ်ချပ်ကိုစေ့ပစ်လိုက်တယ်။ ပိုးကောင်ကလေးတွေတော့ ကြွေရှာတာပေါ့။ တက္ကသိုလ်ထဲမှာ ဘယ်မိန်းကလေးကို မြင်မြင် "နတ်သမီးထောင်ချောက်"အပင်ကိုပဲ မြင်မြင်နေမိတယ်။ အဲဒီအမြင်ကို ရပြီးကတည်းက ကျွန်တော့်နေထိုင်ပုံက ပြောင်းတော့တာပါပဲ။

ကျွန်တော်ဟာ ဆေးပေါ့လိပ်တဖွားဖွားနဲ့ ညစ်တီးညစ်ပတ်

www.foreverspace.com.mm

နေတယ်။ ဘယ်မိန်းကလေး အပေါင်းအသင်းနဲ့မှ စကားမပြောဘူး။ ကျွန်တော့်မှာ သံခင်းတမန်ခင်းမရှိဘူး။ လူရည်ချွန်တစ်ယောက်ရဲ့ စိတ်ထားမရှိဘူး။ မိန်းကလေးချောချောလှလှတွေနဲ့ဆုံရဖို့ နည်းမျိုးစုံနဲ့ ရမယ်ရှာနေကြတဲ့ ကျောင်းကြီးထဲမှာ ကျွန်တော်က မိန်းကလေးတွေနဲ့ မတွေ့ရဖို့ မဆုံရဖို့ နည်းမျိုးစုံနဲ့ ရမယ်ရှာနေရတယ်။ ကဗျာပိုးရေး ဖြစ်လာတယ်။ နေရင်းထိုင်ရင်း တစ်လောကလုံးနဲ့ ရန်ဖြစ်နေတဲ့ နှစ်ဆယ့်တစ်နှစ်သားကလေး မောင်ရဲဝင်းဖြစ်နေတယ်။ ကျွန်တော့် ရင်ထဲမှာ အသည်းတစ်တည်းပဲရှိတယ်။ ငါဟာ အရာအားလုံးထက် ကြီးကျယ်ခန်းနားတဲ့ "ကဗျာဆရာ"

မလွဲမရှောင်သာ မိန်းကလေးတွေနဲ့ စကားပြောရရင်လည်း ကျွန်တော့်စကားက ကျွန်တော်ရေးချင်တဲ့ ကဗျာစကားတွေပဲ ဖြစ်ဖြစ် နေတတ်တယ်။

"ဟယ်…ရဲဝင်း…ငါတို့ အင်းယားကန်ပေါင်ပေါ်သွားပြီး ပါဆယ်ဂိမ်း ကစားမလို့…နင်လိုက်မယ်မဟုတ်လား"

"ငါကကံကြမ္မာကိုပဲ ပါဆယ်ဂိမ်း ကစားချင်နေတာ…"

"ပေါက်ကရတွေ မပြောစမ်းပါနဲ့ဟာ…တယ် နင့် အင်္ကျီ ကော်လံကလည်း ချေး(ဂျီး)တွေနဲ့…နင့်အင်္ကျီ မလျှော်ဘူးလား"

"အထိတ်တလန့် မလုပ်နဲ့၊ အင်္ကျီကော်လံပေါ်က ချေး(ဂျီး) ထက် ငါက နှလုံးသားထဲက ချေး(ဂျီး) ကိုပဲ ရွံတာ"

"နင် နေမကောင်းဘူးလား…နင့် ကြည့်ရတာ ဝေါင်တောင် တောင်နဲ့"

"ဟုတ်တယ် အဲလ်ဘတ်ကမူးရဲ့ ပလိပ်ဖတ်ပြီး ငါဖျားချင်နေ

www.foreverspace.com.mm

တယ် ကြွက်တွေတွေ့ရင် ကြောက်ချင်နေတယ်''

''ဘာတွေလဲဟ… ခင်မျိုးကို တို့ပြောတာ ဟုတ်မယ်ထင်တယ်… နင့်ကို ဝေါက်နေတယ်တဲ့''

''သတ်မှတ်ချက်ဆိုတာ လွတ်လပ်ပါတယ်… ငါ့ကို မျောက်တစ်ကောင်လို့လည်း ထင်နိုင်တာပဲ တီကောင်လို့လည်း ထင်နိုင်တယ် နင့်ကိုလည်း စကားတော်တော်များတဲ့ ကြက်တူရွေးလို့ ငါက ထင်နိုင်တာပဲ''

''တော်ပြီဟာ…နင် ငါတို့နဲ့ လိုက်မလား မလိုက်ဘူးလား ဒါပဲပြော''

''ငါ မအားဘူး…မနေ့ကဆီက လွတ်အောင် ပြေးနေရတယ်၊ မနက်ဖြန်ဆီကို အမီလိုက်နေရတယ်''

''ထားလိုက်ပါတော့ဟာ…ဝေါက်နေပြီ…ခေါ်မနေနဲ့တော့ သွားရအောင်…''

အတန်းဖော် ကောင်မလေးတွေ စိတ်ညစ်ပြီး ထွက်သွားကြတယ်။ ကျွန်တော်က သူတို့ကို အဲဒီလိုစကားတွေပြောရတာကို သိပ်အရသာတွေ့နေတယ်။ ဒီစကားလုံးတွေဟာ သူတို့ နေ့စဉ်သုံးနေတဲ့ လူမှုရေးဟန်ဆောင်စကားတွေထက် ပိုပြီး အမှန်တရားရှိတယ်လို့လည်း ကျွန်တော့်ကိုယ် ကျွန်တော် ထင်နေခဲ့တယ်။

အဲဒီအတောအတွင်းမှာ ကျွန်တော် အလုပ်ဖြစ်ခဲ့ဆုံး အရာနှစ်ခုက စာဖတ်တာရယ်… ကဗျာရေးတာရယ်။ အဲဒီတုန်းကလောက် စာဖတ်တာနဲ့ ကဗျာရေးရတာမှာ အရသာရှိတာ ဘာကိုမှ မရှိတော့ပါဘူး။

တစ်ခါတစ်ခါ ကဗျာရေးရင်း မရိုးသားတဲ့…'ဟန်ဆောင်

www.foreverspace.com.mm

မှုတွေများတဲ့ လောကကြီးကို ဖောက်ထွက်ပြီး ပကတိ သန့်စင်တဲ့ လောကကို တဒင်္ဂမြင်လိုက်ရတဲ့ အရသာကလည်း တော်တော်တိမ်းမူး တပ်မက်ဖို့ ကောင်းပါတယ်။ လောကသဘာဝတရားကို ကျွန်တော့် လောက်မသိဘူး။ ဖြူစင်ရိုးသားမှုလည်း ကျွန်တော့်လောက်မရှိ ဘူးဆိုပြီး တစ်ကျောင်းလုံးက လူတွေကို ခပ်ထေ့ထေ့ ခပ်လှောင် လှောင်နေတယ်။ အထူးသဖြင့်တော့ မိန်းကလေးတွေကိုပေါ့ဗျာ။ မိန်းကလေးဆိုတာ အသက်ရှင်ခြင်းရဲ့ အပိုအလုပ်တွေနဲ့ အမြဲတမ်း ရှုပ်ထွေးနေတတ်တဲ့ သတ္တဝါတွေလို့ ကျွန်တော်က ယူဆတယ်။

ကျွန်တော်ဟာ သူတို့ရဲ့ ဘယ်မာယာ ဘယ်ထောင်ချောက်နဲ့မှ ဆင်ဖမ်းလို့ မရနိုင်တဲ့ကဗျာဆရာ…။ ကဲန်တင်းတွေ ဘာတွေ ထိုင်ရင်…ကျွန်တော် ဘယ်မိန်းကလေးကိုမှ မကြည့်ဘူး။ စကား လည်းမပြောဘူး။ ဂရုလည်း မစိုက်ဘူး။ သူတို့ကို အဲဒီလိုနေတဲ့ ကျွန်တော့်ကို သူတို့အားလုံးက ဝိုင်းငေးနေကြတယ်။ ကွက်ကြည့် ကွက်ကြည့်လုပ်နေကြမယ်။ ကျွန်တော်ဟာ သူတို့ကိုဂရုမစိုက်တဲ့ အထူးအဆန်း သတ္တဝါတစ်ကောင်လို့ သူတို့အားလုံးက ကျွန်တော့်ကို စိတ်ဝင်စားနေကြလိမ့်မယ်လို့ ကျွန်တော် ထင်နေခဲ့တယ်။

ဖူးစုံဦးနဲ့လည်း တွေ့ပါတယ်။ သူနဲ့ကျွန်တော်ကတော့ ခပ် တန်းတန်းပါပဲ။ မဟုတ်တဲ့ဇာတ်ကို တစ်ယောက်တစ်မျိုး ကခဲ့ကြပြီး တာကိုလည်း တစ်ယောက်နဲ့တစ်ယောက် သွားမေးတာတွေ ဘာတွေ မလုပ်ဘဲ ဒီလိုပဲ နေကြပါတယ်။

ကျွန်တော် အနေအထိုင်ပြောင်းလဲသွားတာကို ကြည့်ပြီး ဘေးက သူငယ်ချင်းတွေက ဖူးစုံဦးကြောင့်လို့ ထင်နေကြတယ်။

"ရဲဝင်းရယ်…နင် ဒီလောက် ခံစားနေရရင် ငါတို့ ဖူးစုံကို

www.foreverspace.com.mm

သွားပြောပေးပါ့မယ်''

''မလိုဘူး ရီရီခင်…အခုအချိန်မှာ ငါ့ကိုယ်ငါရယ်… သဘာဝတရားကိုရယ်ပဲ ချစ်တယ်… ငါ ဘယ်သူ့ကိုမှ မချစ်ချင်ဘူး''

''မဟုတ်ဘူးလေဟာ၊ ဖူးစုံကလည်း နင့်ကို နားလည်နေပါပြီ''

''ဟား… ဟား… ဟား… မရူးချင်စမ်းပါနဲ့ဟာ ငါ့ကိုယ်ငါတောင် တစ်ခါတစ်ခါ နားမလည်နိုင်တဲ့ဟာ သူက နားလည်တယ်ဆိုတာ ဟုတ်ပါ့မလား''

''သူ… ငါတို့ကို နင့်အကြောင်းတွေ လာလာပြောပါတယ်။ နင် သူ့ကို စကားမပြောတာတို့… မခေါ်တာတို့ပေါ့။ သူ နားလည်နိုင်သလောက်တော့ နင့်ကို နားလည်ရှာပါတယ်ဟာ…''

''ကောင်းပြီ… ဒါဆိုရင် ငါသူ့ကို ကဗျာတစ်ပုဒ်ပေးလိုက်မယ်၊ အဲဒီကဗျာကို နားလည်ရဲ့လားလို့… မေးကြည့်လိုက်…''

ကျွန်တော်ရေးထားတဲ့ ''သန်းခေါင်ယံလရောင်ရဲ့ ရည်ရွယ်ချက်'' ဆိုတဲ့ ကဗျာတစ်ပုဒ်ကို ပေးလိုက်တယ်။ ညပွင့်ပန်းကလေးရဲ့ ဝတ်ဆံတွေကို သန်းခေါင်ယံလရောင် ထိုးကျ ရှုန်းလဲ့နေတဲ့အကြောင်း ရေးထားတဲ့ကဗျာပါ။ ဖူးစုံဦးလို မိန်းကလေးတစ်ယောက် ဘယ်လိုမှ ခံစားနားလည်နိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ကိုယ့်ဆရာရေ နောက် ၂ရက်လောက်လည်းကြာရော။ ရီရီခင်က ကျွန်တော့်ကို စာလေးတစ်စောင်ရယ်… လွယ်အိတ်ကလေး တစ်လုံးရယ် လာပြန်ပေးတယ်။ သူ့ကို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း၊ ကျွန်တော်ပေးတဲ့ ကဗျာကို သူ ခံစားနားလည်ကြောင်းနဲ့ အဲဒီကဗျာကို သူ အပိုင်ယူထားလိုက်ပြီး ကဗျာ

အတွက် လွယ်အိတ်တစ်အိတ် လက်ဆောင်ပေးကြောင်းပါ။

ကျွန်တော် တော်တော်အံ့သြသွားတယ်။ သူ့ကို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်တယ်ဆိုတဲ့စကားက သူ လိမ်တာကို ကျွန်တော်ကပါ ဆက်အဆင်ပြေအောင် လုပ်ပေးတာကိုပြောတာ။ ကဗျာကို သူကြိုက်တယ်။ အဲဒီကဗျာအတွက်လည်း လွယ်အိတ်ကလေးတစ်လုံး လက်ဆောင်ပေးတယ်ဆိုတာကိုတော့ ကျွန်တော် တော်တော် အံ့သြသွားတာအမှန်ပါပဲ။ ကျွန်တော့်ကဗျာအတွက် ပထမဦးဆုံးရတဲ့ လာဘ်ဦးပါ။ ဒါနဲ့ ကျွန်တော်လည်း ငြင်းမနေတော့ဘဲ ဝမ်းသာအားရ ယူထားလိုက်တယ်။ စေ့စပ်ပေးသူတွေလည်း ကျွန်တော်တို့ ပြေလည်ပြီဆိုပြီး ဝမ်းသာလို့ပေါ့လေ…။

နောက်နေ့ကျတော့ ဖူးစုံဦးနဲ့တွေ့တယ်။ အားလုံး ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောပါပဲ။ "ငါ့ လက်ဆောင် လွယ်အိတ်ကို နင် အမြဲတမ်းလွယ်ရမယ်နော်" လို့ ဖူးစုံက တည်တည်ငြိမ်ငြိမ်နဲ့ ပြောတယ်။

"အေးပါ…ငါလွယ်မှာပေါ့။ နင် ငါ့ကဗျာကို ကြိုက်တယ်ဆိုတာ တကယ်ပဲလား"

"ဟုတ်တယ်။ နင့်ကဗျာက ငါဖတ်ဖူးတဲ့ ကဗျာတွေနဲ့ သိပ်မတူဘူး၊ နည်းနည်းဆန်းတယ်ဟ၊ လမင်းဟာ ကောင်းကင်ပေါ်ကို တက်နေတာမဟုတ်ဘူး။ ညပွင့်ပန်းတွေရဲ့ ဝတ်ဆံထဲကို တိုးဝင်ဖို့… ပန်းကလေးပေါ်ကို တက်လာတာဆိုတဲ့ အခန်းကိုရေးတာ အကြိုက်ဆုံးပဲ…"

ကျွန်တော် တော်တော်အံ့သြသွားတယ်။ ဖူးစုံဦးကို ဒီလောက် နားလည်တတ် ခံစားတတ်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး။ ဒါနဲ့…



www.foreverspace.com.mm

www.foreverspace.com.mm

နဂိုကမှ ရူးနေတဲ့ ကျွန်တော်လည်း ထပ်ပြီး ကဗျာတွေပေးဖတ်တယ်။ ကျွန်တော်ရေးထားတာ ၁၈ပုဒ်ရှိတာကိုး။ အဲဒီအထဲက 'မျက်ရည်ခန်း၏ သော့များ' ဆိုတဲ့ကဗျာကို သူအကြိုက်ဆုံးပဲတဲ့။ ကျွန်တော့်ကဗျာတွေအားလုံးကို ဖူးစုံက ကူးထားတယ်။

အဲဒီ အဖြစ်အပျက်ကြောင့် မိန်းကလေးတွေနဲ့ ပတ်သက်တဲ့ ကျွန်တော့်အတွေးအခေါ်က ပြောင်းသွားတယ်။ သူ ပေးတဲ့ လွယ်အိတ်ကလေးကို လွယ်၊ ကိုယ့်ဘေးနားမှာ ကဗျာအကြောင်းပြောလို့တဲ့ ကောင်မလေးတစ်ယောက်နဲ့၊ လောကကြီးက တစ်မျိုးလှလာတယ်။ "လွယ်အိတ်ထဲက ကဗျာ" ဆိုတဲ့ ကဗျာလေးတစ်ပုဒ်တောင် ရေးမိသေးတယ်။ ကျွန်တော် နောက်တစ်လှမ်းလောက် ထပ်တိုးလိုက်ရင် ဖူးစုံရင်ခွင်ထဲလဲကျတော့မယ်ဆိုတာ သေချာသလောက်ရှိနေပြီ။

ကျွန်တော် ညစ်ညစ်ပတ်ပတ်နေတာကို ဖူးစုံက ဆူတတ်စိတ်ကောက်တတ်တယ်။ ဆူဆူပူပူနဲ့ ကျွန်တော့်ကို လက်သည်းတွေဘာတွေ ညှပ်ပေးတယ်။ ကျွန်တော်က ညစ်ညစ်ပတ်ပတ် နေတတ်တဲ့ ပန်းချီဆရာ ဗန်ဂိုးအကြောင်းပြောပြတော့ ဖူးစုံက ရယ်တယ်။

"ဟိုက ဗင်းဆင့် ဗန်ဂိုး…ဒီက ရဲဝင်းလေ… တူမှ မတူဘဲ"

"တမင်တူအောင် လုပ်တာတော့ မဟုတ်ပါဘူး။ စိတ်ကို ကိုယ်က ခွာထားတာများတော့…အချို့ကိစ္စတွေက သူ့အလိုလို ကျန်ခဲ့တာပါ"

"ဘာပဲဖြစ်ဖြစ်လေ…သပ်ရပ်သင့်တာတော့ သပ်ရပ်ရမှာပေါ့။ ဩော် …ပြောရဦးမယ်။ စာမေးပွဲနား နီးနေပြီနော်… မေဂျာ

www.foreverspace.com.mm

နှစ်ခုစလုံး(ဒီ) ထွက်ရင် ဂုဏ်ထူးတန်းတက်ရမှာ··· အဲဒါ ကြိုးစားပါလား···· အတူတူ တက်ရအောင်လေ···"

ကိုယ်နည်းနည်း စိတ်ဝင်စားနေတဲ့ မိန်းကလေးတစ်ယောက်နဲ့ စကားပြောရတာ ရေစီးသန်တဲ့ချောင်းကို ဆန်ပြီး ရေကူးရသလိုပါပဲ။ သူတို့စကားကို ဆန့်ကျင်ဖို့ တော်တော် အားထုတ်ရတယ်။ မိန်းကလေးဆိုတာကလည်း ယောကျ်ားလေး တစ်ယောက်ကို လှည့်ပတ်ပြီး နားဝင်အောင် ပြောတတ်တဲ့နေရာမှာ အကျွမ်းကျင်ဆုံး သတ္တဝါမဟုတ်လား။ ဒါနဲ့ပဲ ကျွန်တော်ဟာ ဝတ္ထုစာအုပ်တွေ ခဏပစ်ချပြီး ကျောင်းစာဘက်လှည့်တဲ့ ကျောင်းသားပြန်ဖြစ်သွားတယ်။ တစ်လခွဲလောက် ကျောင်းစာကို ဂရုစိုက်လိုက်တော့ စာမေးပွဲအတွက် တော်တော် အဆင်သင့်ဖြစ်နေတယ်။ အပြင်က စာတွေ အရမ်းဖတ်ထားလို့လား မသိဘူး။ ကျောင်းစာဟာ ကျွန်တော့်အတွက် တော်တော်လေးကို လွယ်နေခဲ့တယ်။

ကျွန်တော်က လက်ရွေးစင် အပုဒ် ၂၀ လောက်ကို နုတ်စ်ထုတ်ပြီး ကျက်တာပါ။ မေဂျာနှစ်ခုဆိုတော့ အပုဒ် လေးဆယ်ပေါ့။ ဒီလိုနဲ့ စာမေးပွဲရောက်လာခဲ့တယ်။ မိုင်နာဘာသာတွေအားလုံးကို ကျွန်တော်ဖြေရတာ အဆင်ပြေပါတယ်။ စာမေးပွဲနောက်ဆုံးနေ့ဟာ ဖူးစုံနဲ့ ကျွန်တော့်အတွက်လည်း ရည်ရွယ်ချက်တစ်ခုဖြစ်ဖို့များ တယ်····။

Paper (1) ဖြေတဲ့နေ့မှာ ကျွန်တော် ခုနစ်ပုဒ်မေးတဲ့ အထဲက ခြောက်ပုဒ်ကို ပိုင်ပိုင်နိုင်နိုင်ကို ဖြေခဲ့တယ်။ ကျွန်တော်လည်း ဝမ်းသာပြီး အချိန်စေ့တော့ ဖူးစုံကိုသွားခေါ် မေးခွန်းတွေကို တိုက်ကြ၊ လက်ဘက်ရည်ဆိုင် ခဏထိုင်ပြီး ပြန်လာခဲ့တယ်။ Paper (2) အတွက်

www.foreverspace.com.mm

တော့ ကြားမှာ စနေ၊ တနင်္ဂနွေ နှစ်ရက်ပိတ်လို့။ အချိန်ကောင်းကောင်း ထပ်ရတယ်။ ဒီပုံစံ ဒီနှုန်းနဲ့ဆိုရင်တော့ ကျွန်တော့်အတွက် ဂုဏ်ထူးတန်းက ပြေးမလွတ်တော့ဘူးပေါ့။

ကိုယ့်ဆရာရေ…အိမ်ရောက်လို့…ခဏနားပြီး Paper (2) ပြန်နွှေးမယ်လုပ်မှ ပြဿနာတက်တာ…လွယ်အိတ်က ကျွန်တော့် လွယ်အိတ်ပေမယ့် အထဲက စာအုပ်တွေက ကျွန်တော့် စာအုပ်တွေ မဟုတ်တော့ဘူး။ ပြီးတော့ မိန်းကလေးတွေကိုင်တဲ့ ပိုက်ဆံအိတ် သေးသေးကလေးတစ်လုံး၊ တို့ပတ် တစ်ဘူး။ နှုတ်ခမ်းနီ နှစ်တောင့်၊ မျက်ခုံးမွှေးဆွဲတံနဲ့ ကနုကမာ ဘီးတစ်ချောင်း။ သွားပြီ။

ကျွန်တော့် လွယ်အိတ်ကို ဖူးစုံဦးက ဝယ်ပေးတာဆိုတော့ အဆင်က မိန်းကလေးကြိုက်အဆင်မျိုးဖြစ်နေတယ်။ အဖြူမှာ ပန်းနုရောင်အစင်းကလေးတွေနဲ့။ ဒီဇိုင်းတူ အရောင်တူလွယ်အိတ်ကို ကျွန်တော်မှားပြီး ယူလာခဲ့မိတာပါ။ စာအုပ်ကလည်း ကျွန်တော်တို့ မေဂျာက စာအုပ်တွေ…။ ကျွန်တော်ကလည်း Paper (1) ပြီးရင် Paper (2) နွှေးရအောင်ဆိုပြီး လွယ်အိတ်ထဲ ထည့်ထားခဲ့တာ။ ကျွန်တော်နဲ့ လွယ်အိတ်မှားတဲ့ ကောင်မလေးက ဇာဇာမြတ်ဦး… တဲ့။

စာမေးပွဲဖြေရတော့ ကျွန်တော်တို့က Physics မေဂျာနဲ့ တွဲဖြေရတာ။ Botany တစ်ယောက်၊ Physics တစ်ယောက်ပေါ့လေ။ အဲဒီမှာ လွယ်အိတ်ဆင်တူနဲ့ ကျွန်တော်မှားခဲ့တာ။ သိသိချင်း ကျွန်တော် ဘာလုပ်ရမှန်းမသိဘူး။ ထူပူနေတာပဲ။ ဟိုဘက်က တစ်ယောက်လည်း ကျွန်တော့်လိုပဲနေမှာပဲ။ နောက်မှ သတိရပြီး လှျောက်ရှာတော့ ကျောင်းသားကတ်တွေ… ဘာတွေလည်း မတွေ့ဘူး။ သူ့ ပိုက်ဆံ

www.foreverpage.com.mm

အိတ်ထဲမှာကလည်း ပိုက်ဆံ ၈၇ကျပ်နဲ့ တိုလီမိုလီ စာရွက်တွေပဲ ရှိတယ်။ စာအုပ်မှာ ရေးထားတာကလည်း ဇာဇာမြတ်ဦး၊ Second Year... ဒု-ရူ (၁၇၈) တဲ့။

အိမ်ကလည်း ဝိုင်းပြီး... ဟိုလုပ်ဒီလုပ်ပြောကြတယ်။ စာမေးပွဲရက်ဆိုတော့ ကျောင်းကိုသွားလို့လည်း ဘယ်သူမှ ရှိကြတာ မဟုတ်ဘူး။ နောက်ဆုံးကျမှ ဦးလေးက အကြံပေးတယ်။

"နောက်ဆုံးနည်းပဲ ရှိတော့တယ် ရဲဝင်း...အဲဒါ ကျောင်းကိုပြန်သွား... Physics မေဂျာက ဆရာတစ်ယောက်ကို အဖြစ်အတိုင်းရှင်းပြပြီး သူ့ခုံနံပါတ် ဒု-ရူ(၁၇၈) ရဲ့ လိပ်စာကိုတောင်းပြီး လိုက်ပေတော့တဲ့"

ဒါနဲ့ စနေနေ့မနက်ကျတော့ ကျောင်းကိုသွားပြီး အကျိုးအကြောင်းပြောပြရတယ်။ ဆရာတွေက ကူညီကြပါတယ်။ဇာဇာမြတ်ဦး ဆိုတဲ့ ကောင်မလေးအိမ်က ပုဇွန်တောင်ထဲမှာပါ။ ကျွန်တော်ရောက်သွားတော့ ကောင်မလေးအိမ်ကလည်း ဝမ်းသာအားရပါပဲ။ ကောင်မလေးကတော့ မရှိဘူး။ သူ့ သူငယ်ချင်းအိမ်မှာ စာတွေ Photo သွားပြန်ဆွဲနေတာတဲ့။ သူတို့လည်း ပြေးလွှားခေါ်ကြပေါ့။

ရောက်လာတော့ ကောင်မလေးက ချောလိုက်တာဗျာ... ရှမ်းနဲ့ မြန်မာစပ်ဟန်တူတယ်ဗျ။ စကားသံဝဲဝဲ... အသားက ဖြူဖြူ... မျက်ခုံးမွေးက ထင်းနေတာပဲ။

"ဇာကပဲ အရင်စမှားသလား သူကပဲ မှားတာလားတော့ မသိဘူး။ ဇာလည်း အိမ်ကျမှသိတာ။ သိတော့ ငိုတာပဲ။ တစ်ညလုံး လည်း အိပ်လို့မရဘူး"

ဟုတ်မှာပေါ့။ သူ့မျက်နှာကလေး နည်းနည်း ချောင်နေတယ်။

"ကျွန်တော့်အမှားပဲ နေမှာပါ။ ကျွန်တော်လည်း Paper (1) ဖြေနိုင်တော့ ဝမ်းသာအားရနဲ့ သတိမထားမိတော့ဘဲ ထွက်လာခဲ့တာ… ကိုယ့်လွယ်အိတ်ပဲဆိုပြီး ဘာမှမကြည့်ဘဲ ထွက်လာတာ…"

"အို…ဇော မှားတာလည်း ဖြစ်နိုင်တာပဲ။ ဇောလည်း ပြန်မကြည့်မိတာ အမှားပဲ…အိမ်ကျမှသိတာ…"

"ပစ္စည်းတွေ စစ်ပါဦး…စုံရဲ့လား…ပိုက်ဆံက ၈၇ ကျပ်နဲ့…"

"အို…မဟုတ်တာ…ဇော ယုံပါတယ်…စာအုပ်ပြန်ရတာပဲ ကျေးဇူးတင်လှပါပြီ…ဇောက သူများစာအုပ်နဲ့ဆို လုံးဝ မကျက်တတ်ဘူးသိလား"

"ဟုတ်တယ် ကျွန်တော်လည်း အဲဒီအတိုင်းပဲ၊ ကိုယ့် လက်ရေးနဲ့ ကိုယ့်အမှတ်အသားနဲ့မှ အားရတာ။ စာကို ပြန်သတိရတာ"

"ဟုတ်တယ်နော်…ဇောလည်း အဲဒီအတိုင်းပဲ။ လုပ်ပါ…ကော်ဖီသောက်ပါဦး။ သူ ဉာဏ်ကောင်းပေလို့ပေါ့… ဇောသာဆို အဲဒီလို အကြံထွက်မှာ မဟုတ်ဘူး"

ဇာဇာစကားဆုံးတော့ ဘေးနားမှာ ထိုင်ပြီးနားထောင်နေတဲ့ အသက်လေးဆယ်လောက် အရွယ်ရှိတဲ့ လူကြီးက ပြုံးတယ်။ သူကလည်း ဇာဇာလိုပဲ။ ရှမ်းအမျိုးသားဆိုတာ မြင်တာနဲ့ သိသာပါတယ်။

"ခင်ဗျား သူငယ်ချင်းလည်း လွယ်အိတ်မှားတယ် သိကတည်းက မျက်ရည်ချည်း ကျနေတာပါဗျာ။ ကျွန်တော်လည်း ဘာမှကို လုပ်မပေးနိုင်တော့ ဒီလိုပဲ နေရတာပဲ။ အခုလို ရှာဖွေပြီး လာပေးတာ ကျေးဇူးပါပဲဗျာ"



www.foreverspace.com.mm

www.foreverspace.com.mm

“ရပါတယ် အန်ကယ်… ကျွန်တော်ကလည်း ကျွန်တော့် အမှားဆိုတော့…”

“ဟာ…မဖြစ်နိုင်ဘူး။ ကျွန်တော့်အထင်တော့ သူ့ အမှား ပဲနေမှာ… သူက နေရာတကာ သိပ်ပျာတာ။ ဘာမှ သေသေချာချာ မရှိဘူး”

“ဦးနော်…ဇော့ကို လာမပြောနဲ့… စာမေးပွဲအကြောင်း အားရဝမ်းသာ ပြောရင်းနဲ့ လွယ်အိတ်ကို ယူမိတာ အရောင်ရော ပုံစံရောကလည်း တူနေတာကိုး… ကြည့်ပါလား”

ဇာဇော့ဦးလေးက ခေါင်းကို ရမ်းရင်း တဟားဟားနဲ့ရယ်တယ်။

ကျွန်တော်တို့ စာမေးပွဲတွေ ဘာတွေမေ့ပြီး တစ်နာရီလောက် စကားပြောဖြစ်ကြတယ်။ ဘယ်သူက စမှားတာလဲတော့ မသိပေမယ့် ကျွန်တော့်ကတော့ ဇာဇာရဲ့ ကျေးဇူးရှင် ဖြစ်သွားတာအမှန်ပဲ။ ပြန်လာတော့ ကျွန်တော့်နားထဲမှာ ရှမ်းသံဝဲဝဲနဲ့ သူ့စကားသံလေးကို ကြားနေမိတယ်။

ပြီးတော့ ရိုးသားတဲ့ သူ့အပြုံး…။ သူ့မျက်လုံး။ ပြီးတော့ သူတို့တစ်အိမ်လုံးရဲ့ ဖော်ရွေမှု၊ ကျွန်တော် တနင်္ဂနွေနေ့ကို အမြန်ကို ကုန်စေချင်နေတာ…။ စာလည်း သိပ်မကျက်ဖြစ်ဘူး။ အောင်ရင် တော်ပြီလို့ပဲ သဘောထားတော့တယ်။

တနင်္လာနေ့ Paper (2) ဖြေဖို့ အခန်းရှေ့ကို ရောက်တော့ ကျွန်တော်တို့ ငယ်ပေါင်းကြီးဖော်တွေလို နှုတ်ဆက်ကြတယ်။ စာကျက် ရတာ အဆင်ပြေရဲ့လား… ဘာညာပေါ့ ကိုယ့် ဆရာရယ်။ ဒါကို တွေ့သွားတဲ့ ဖူးစုံက မျက်မှောင်ကုတ်ပြီး မေးတယ်…။

“အဲဒါ ဘယ်သူလဲ‥အရင် နင့်သူငယ်ချင်းထဲမှာမတွေ့ပါဘူး”

www.foreverspace.com.mm

"ငါပြောတဲ့ လွယ်အိတ်မှားတာ သူပေါ့"

"သြော်"

စာမေးပွဲဖြေကြတော့လည်း ဖြေနေရင်းက တစ်ယောက်နဲ့ တစ်ယောက် လှမ်းကြည့်ပြီး အပြုံးနဲ့အားပေးကြတယ်။ အချိန်စေ့လို့ အတန်းအပြင်ကိုရောက်တော့လည်း ဖြေနိုင်ရဲ့လား။ ဘယ်နှစ်ပုဒ်ရသလဲ၊ ဖြေနိုင်တယ်…ပေါ့။

"သူ့ကို အရမ်းကျေးဇူးတင်တယ်သိလား၊ ဇာ တော်တော်ဖြေနိုင်ပါတယ်။ သူများစာအုပ်နဲ့သာ ကြည့်ရရင် စိတ်အနှောင့်အယှက်ဖြစ်ပြီး ဒီလောင်ဖြေနိုင်မှာ မဟုတ်ဘူး"

"ရပါတယ်…ဇာဇာရယ်…အကြောင်းတစ်ခုခုကြောင့်များ လွယ်အိတ်ချင်းပြန်မလဲလိုက်ရရင် ကျွန်တော် တော်တော် စိတ်မကောင်း ဖြစ်ရမှာ…။ ကဲ… နောက်ဆုံးနေ့ နှုတ်ဆက်တဲ့အနေနဲ့ ကဲန်တင်း ထိုင်ရအောင်နော်…"

"ထိုင်လေ… သူပြောတာဟုတ်တယ်နော် စာမေးပွဲသာ အောင်သွားရင် ဒီ ဗိုလ်တထောင်မှာ ကျောင်းတက်တာ ဒီနေ့ နောက်ဆုံးနေ့ပဲ…"

ကျွန်တော်တို့နှစ်ယောက် ကဲန်တင်းထိုင်နေတုန်း ဖူးစုံဦးနဲ့ ရီရီခင်တို့ ရောက်လာကြတယ်။ ကျွန်တော်က ပြုံးပြုံးရွှင်ရွှင်နဲ့ လှမ်းခေါ်တော့… ရတယ် ထိုင်ပါတဲ့။ သူတို့ဘာသာ တစ်ဝိုင်းထိုင်တယ်။ နှစ်ယောက် ရယ်ရယ်မောမောနဲ့ စကားတွေပြောနေတဲ့ ကျွန်တော်တို့ ဝိုင်းကို ဖူးစုံဦး လာချင်ပုံမရဘူး။ ကျွန်တော်ကလည်း ဘာဖြစ်လို့လဲ မသိဘူး။ ဖူးစုံရှေ့မှာ ဇာဇာ့ကို ပိုပြီး ဒီထက်ရယ်မော…ခင်မိတာကို ပြနေမိတယ်။

www.foreverspace.com.mm

ဇာဇာမျက်ဝန်းကို ပိုသဘောကျနေမိတယ်။ စကားကို သွက်သွက်လက်လက်ပြောတတ်တဲ့ ဖူးစုံစကားထက် ရှမ်းသံ ဝဲဝဲနဲ့ ခပ်လေးလေးပြောတတ်တဲ့ ဇာဇာစကားသံကို ပိုစွဲလမ်းနေမိတယ်။ ကျွန်တော်သိတယ်။ ကျွန်တော်အချစ်ကို ရှာတွေ့သွားပြီဆိုတာ။ ကံကြမ္မာက လွယ်အိတ်အမှားတစ်လုံးနဲ့ အချစ်မှန်ကို တွေ့ခွင့်ပေးလိုက်ပြီဆိုတော့····။

ဇာဇာနဲ့ စကားပြောရင်း ဒီနှစ်မှ ကျောက်မဲကပြောင်းလာတာရယ်။ သူတို့ အိမ်ဝယ်ချင်လို့ အိမ်ရှာနေတယ်ဆိုတာရယ်ပါ ပြောဖြစ်ကြတယ်···။ အချိန်တစ်နာရီခွဲလောက် ကြာသွားတော့ ဇာဇာက ပိုက်ဆံရှင်းဖို့လုပ်တယ်။ ကျွန်တော် ပေးမယ်ဆိုတော့လည်း မရဘူးဗျာ။ သူက ကျွန်တော့်ကို ကျေးဇူးရှင်ဆိုပြီး အစစကို သူကပဲ လိုက်ရှောနေတာပဲ။

"အေးဗျာ···ကျောင်းရဲ့ တကယ့်နောက်ဆုံးနေ့ကျမှပဲလာခင်ဖို့ ကြုံတာစိတ်ထဲမှာ တစ်မျိုးပဲ။ နှုတ်ဆက်ရတာတစ်မျိုးပဲ။ ကျွန်တော့်စိတ်ထဲမှာ အိပ်မက်မက်သလို ဖြစ်နေတယ်"

"အို···သူကလည်း သတိရရင် စကားပြောချင်ရင် ဇာတို့အိမ်လာလည်လို့ရတာပဲဟာ"

အမှန်တော့ ဒီစကားကိုလိုချင်လို့ ကျွန်တော် တမင်ပြောတာပါ။ ဇာဇာက ဖွင့်ပေးတော့ အရမ်းဝမ်းသာသွားတယ်။

"အင်း··· ဒါဆို လာလည်မယ်လေ"

"သွားပြီနော်"

ကျွန်တော့်ရင်ထဲမှာ ဟာသွားတယ်။ နောက်ကို လှည့်ကြည့်တော့ ကျွန်တော့်ကို သိပ်သဘောမကျတဲ့ပုံစံနဲ့ ကျွန်တော့်ကို ကြည့်နေ

www.foreverspace.com.mm

တဲ့ ဖူးစုံနဲ့ ရီရီခင်ကိုတွေ့တော့ စိတ်တော်တော် ရှုပ်သွားတယ်။ ပြဿနာတစ်ရပ်ကို ရှင်းရဦးမယ်ပေါ့။

"မနေ့ကမှ သိတယ်သာဆိုတယ်…နင်တို့ကြည့်ရတာ ငယ်ပေါင်းကြီးဖော်တွေ ကျနေတာပဲ"

"ဒီလိုပေါ့ဟာ…နင်တို့ကိုခေါ်တာ ဘာဖြစ်လို့ မလာတာလဲ"

"ငါတို့နဲ့မှ မသိတာ"

"နင် ငါ့ကို ပြောစရာရှိတယ်ဆိုတာ ဘာလဲ ရဲဝင်း"

"နှစ်ယောက်တည်းပြောချင်လား…ပြောချင်ရင် ရီ ရှောင်ပေးမယ်လေ"

"အင်း… ကောင်းပါတယ်"

ရီရီခင် ထွက်သွားတော့ ဝိုင်းက ခဏတိတ်သွားတယ်။ ဖူးစုံပုံစံက စိတ်ကောက်နေတာ သိသာပါတယ်။ ကျွန်တော်က ဘာပြောရမှန်းမသိလို့ အသာငြိမ်ပြီး စဉ်းစားနေတာ နောက်တော့မှ အကြံတစ်ခုရပြီး ဝမ်းသာသွားတယ်။

"နင့်ကို ငါက ရည်းစားစကားပြောတယ်လို့ အရင်တုန်းက ရီရီခင်တို့ကို ဘာဖြစ်လို့ ပြောတာလဲ ဖူးစုံ"

"အို…အဲဒါ ပြီးသွားပြီပဲဟာ…"

"ပြီးသွားတာတော့ ဟုတ်ပါတယ်… ဘာကြောင့်လဲဆိုတာကို ငါ သိချင်တာ"

ဖူးစုံဦးဟာ တော်တော်ကြာကြာ စဉ်းစားနေတယ်။ သူ ညာခဲ့တဲ့ကိစ္စကို ဘာကြောင့် အခုမှမေးတယ်ဆိုတာကိုလည်း သိဟန်တူပါတယ်။

"နင် ငါ့ကို လက်စားချေတာလား ရဲဝင်း"

"အဲဒီလိုတော့ မဟုတ်ပါဘူးဟာ…ဘာကြောင့်ဆိုတာ ငါ စဉ်းစားမရလို့ပါ"

"နင်ပြောချင်တာ ဒါပဲဆိုရင် ငါသဘောပေါက်ပြီ ရဲဝင်း… ငါ ဘာကြောင့် နင် ငါ့ကို ရည်းစားစကားပြောတယ်လို့ သူတို့ကို ညာပြောရသလဲဆိုတာ ငါရှင်းစရာမလိုဘူး…နင်လည်း ငါ့ကို ဟုတ် သလိုလို ဘာလိုလို ပြန်ပြောတာပဲ… နင့် ဘာသာပဲ ဘာဖြစ်လို့ ပြောမိတယ်ဆိုတာ စဉ်းစားကြည့်ပေါ့… ငါသွားမယ် ရဲဝင်း"

ဖူးစုံဦး ဆတ်ခနဲ ထွက်သွားတော့ မျက်နှာပူရတာရော စိတ်ညစ်ရမယ့်ကိစ္စကြီး အချိန်တိုတိုနဲ့ ပြီးသွားတာကို ကျွန်တော် ဝမ်း သာနေမိတယ်။ သွားကိုက်နေတဲ့ ဝေဒနာတစ်ခု ချက်ချင်းပျောက် သွားသလို ကျွန်တော် ဝမ်းသာနေမိတယ်။

ကျွန်တော် အားရပါးရ တစ်ချက်သန်းရင်း လူတော်တော် ကြီးကို ရှင်းသွားတဲ့ ကျောင်းတော်ကြီးကို ငေးနေမိတယ်။ ကျွန်တော့် ဘဝမှာ လွယ်အိတ်တစ်လုံးနဲ့ပတ်သက်ပြီး မကြာခဏ လွဲခဲ့ဖူးပါတယ်။ ဒါပေမယ့် အဲဒီအလွဲတွေအားလုံးထဲမှာ ဇာဇာနဲ့ ပတ်သက်တဲ့ အလွဲ ကတော့ အလှပဆုံး အလွဲတစ်ခုဖြစ်လိမ့်မယ်လို့ ကျွန်တော် ယုံကြည် နေမိတယ်။

၁၀

www.foreverspace.com.mm

မြင်းတစ်ကောင်လို အစာဝဝလင်လင် ကျွေးပြီး ကျန်းမာရေး ကောင်းအောင်ထားပြီး မြင်းဇောင်ထဲမှာ လှောင်ထားတာနဲ့ ကျွန်တော့် ပုံစံဟာ အတူတူဖြစ်နေလိမ့်မယ်လို့ ကျွန်တော် ထင်တယ် ကိုယ့် ဆရာရေ။ အဲဒီမြင်းက လည်တဆန့်ဆန့် ချာတရှပ်ရှပ်… ဟိုဘက် လျှောက် ဒီဘက်ခုန်ဖြစ်နေလို့ ကျွန်တော် ဖြစ်နေတယ်။ ထိုင်ရတာ လည်း အားမရ။ စားရတာလည်း အရသာမတွေ့။ တစ်ယောက်တည်း ဂနာမငြိမ် ကွန့်မြူကိုမရဘူးဆိုတဲ့စကားကတောင်မှ နည်းနည်း ကွန့်မြူ ရနေသလိုပဲ။

ဖိတ်ခေါ်ချက်ရှိသော်လည်း လူမှုရေးနဲ့ အသိစိတ်က မရဲတဲ့ အတွက် ကျွန်တော် တစ်ပတ်လောက်တော့ ဒုက္ခခံပြီးစောင့်ရပါတယ်။ ခံစားမှုစိတ်က ဇာဇာ့ဆီရောက်နေပြီး အသိစိတ်က ခန္ဓာကိုယ်ကို မသွားဖို့ဆွဲထားတာ ခံရတဲ့ဒုက္ခက အင်မတန်ကြီးပါတယ်။ တစ်ပတ် တိတိရှိတော့ ကျွန်တော် မရတော့ဘူး။ မြင်းဇောင်ထဲက မြင်းလွတ်

www.foreverspace.com.mm

သလို ကျွန်တော် အတင်းပြေးတော့တာပဲ။

အိမ်ပေါ်တက်တက်ချင်း ဇာဇာ့အိမ်နေရင်း အင်္ကျီကလေးနဲ့ ဘာမှ လိမ်းခြယ်မထားဘဲ ဧည့်ခန်းမှာ ထိုင်နေတာတွေ့တယ်။

"ဟင်…ကိုရဲဝင်း…လာ…လာ မျှော်နေတာ…ဟိုနေ့က တောင် ပြောဖြစ်နေသေး…လာ…ထိုင်…ရွှေဝါရေ သင်္ဘောသီးထပ် ခွဲပေါ့…ပြီးရင် ဒီကို ယူလာခဲ့"

ကျွန်တော့် သောတအာရုံမှာ တစ်ပတ်ကျော် ငတ်ခဲ့ရတဲ့ အသံခပ်ဝဲဝဲကို ရှင်ရှင်မြူးမြူးကြီးကို ကြားရတာပါ။ ဇာဇာက သူ့ ဦးလေးနဲ့ သင်္ဘောသီး ထိုင်စားနေတာကိုး။ သူ့ဦးလေးကလည်း ကျွန်တော့်ကို ပြုံးပြပြီး နှုတ်ဆက်ပါတယ်။

"ဒီမှာလေ နေမကောင်းတဲ့ ရွှေဘုန်းပွင့်ဘုရားမှာ ယတြာ လာချေရင်းနဲ့ လမ်းကြုံနေတာနဲ့…"

အမှန်တော့ ဘာမှပြောစရာလိုတာ မဟုတ်ပါဘူး။ မလုံတဲ့ လူဆိုတာ ဒီလိုပဲ မဟုတ်ဘူးလား။

"ဩော်…အဒေါ်က ဘယ်လိုဖြစ်တာလဲ"

"ဒီလိုပါ အသက်ကလေးနည်းနည်းရပြီဆိုတော့ ညနေဘက် ရေချိုးမိတာနဲ့ လေနည်းနည်းဖြန်းတာပါ အန်ကယ်"

"အင်း…ဆောင်းဦးဝင်စမှာ အသက်ရထားတဲ့လူကြီးတွေ ရေချိုးဆင်ခြင်ရတယ်… အိမ်က အဘွားကြီးလည်း မနည်းပြောထား ရတယ်"

ဇာဇာ့ဦးလေးက ဇာဇာ့အမေဘက် မေးငေါ့ပြီး ပြောပါတယ်။

ဇာဇာ့အမေကတော့ ဘာမှမပြောပါဘူး။ ပြုံးနေတာပဲ။ ဇာဇာ ကတော့ ကျွန်တော့်ကိုကျွေးဖို့ သင်္ဘောသီးနဲ့ နောက်ဖေးမှာ အလုပ်

www.foreverspace.com.mm

ရှုပ်နေတယ်။ ခဏကြာမှ သဘော်သီးပန်းကန်လေးနဲ့ ထွက်လာတယ်။

"ကိုရဲဝင်း စားနော်…အားမနာနဲ့…ရွှေဝါရေ လက်သုတ်ပဝါပါ ယူခဲ့ပါဟေ့"

"ရပါတယ် ဇာဇာရယ်…ကျောင်းပိတ်ထားတုန်း ဘာ သင်တန်းမှ မတက်ဘူးလား… ကျွန်တော်တောင် Computer တက်မလားလို့"

အမှန်တော့ ကျွန်တော် လမ်းပေါက်ရှာတာပါ။ ဇာဇာ စိတ်ဝင်စားရင် အပြင်ထွက်ခွင့်ရမယ်၊ ကျွန်တော်နဲ့လည်း သင်တန်းတူဆိုတော့ ပြီးပြီပေါ့။

"အမလေး…ကိုရဲဝင်း သူငယ်ချင်းက ငပျင်းဗျ…ကျောင်းပိတ်ရင် အိပ်ဖို့ပဲသိတာ"

"ဟာ…ဦးကလည်း ဒါပဲပြောနေတာပဲ…တက်လို့ရောရမလား…ခရီးက ထွက်ဦးမယ့်ဟာကို"

"ဘယ်သူက ခေါ်လို့လဲ…နေခဲ့ရင် ရတာပဲဟာကို"

"အံမယ်နော်…မနေပါဘူး"

"သြော်…ဇာဇာက ခရီးထွက်ဦးမလား"

"ဟုတ်တယ်…ဦးက ဟိုမှာ ခြံတွေနဲ့ လုပ်ငန်းကလေးတွေ ကျန်သေးတယ်လေ…ရန်ကုန်မှာ အပြီးခြေချတော့မှာဆိုတော့ အဲဒါ ရောင်းဖို့ကိစ္စ ခဏသွားရဦးမှာ…အဲဒါကို လိုက်ရှုပ်ဦးမလို့တဲ့"

ဇာဇာ့လိုပဲ ရှမ်းသံဝဲဝဲနဲ့ သူ့ဦးလေးစကားကို ကျွန်တော်က ခေါင်းညိတ်ရတယ်။

"ကိုရဲဝင်း စားလေ"

"ဟုတ်ကဲ့"

www.foreverspace.com.mm

မရခဲ့သေတ္တာထဲက သဘော်သီးက အေး၍ ချိုလေသည်။ ဇာဇာ့စေတနာက ရင်ထဲမှာ ဟိုဒီယိမ်းနေသလိုပဲ။

"ကဲ…အဲဒါဆို အေးအေးဆေးဆေး စကားပြောနှင့်ကြဦး… ဦး လေယာဉ်လက်မှတ် သွားလုပ်လိုက်ဦးမယ်"

စကားဆုံးတော့ ဦးလေးလုပ်သူက ထတယ်။ ပြီးတော့ ကျွန်တော့်ကို အပြုံးနဲ့ မေးဆတ်ပြရင်း ဇာဇာ့ အနားတိုးသွားပြီး နဖူးကို အသာနမ်းတာခင်ဗျ။ ကျွန်တော့် မျက်လုံးထဲမှာ ပြာသွားတာပဲ။ ဇာဇာ့ အမေကို လှည့်ကြည့်တော့ ဘာမှတုန်လှုပ်ပုံမရဘူး။ အေးအေးဆေးဆေး ပဲ။ ကျွန်တော့် လောကကတော့ စက္ကန့်တော်တော်များများ မှောင်သွား တာပေါ့ဗျာ။

www.foreverspace.com.mm

ဒုတိယနှစ်ကို ကျွန်တော် ဒီနှစ်လုံးနဲ့ အောင်ပါတယ်။

ကျွန်တော့်ဘဝမှာ ပထမဦးဆုံးနဲ့ နောက်ဆုံးရဖူးတဲ့ 'ဒီ'ပါ။ မယုံရင် ဗိုလ်တထောင်တက္ကသိုလ်က မှတ်တမ်းမှတ်ရာထဲ သွားကြည့်နိုင်ပါတယ်။ ဒါပေမယ့် အချစ်မှာတော့ စာမေးပွဲ ဖုန်းခနဲကျပါတယ်။ Paper 1 ရော Paper 2 ရောနှစ်ခုစလုံး ကျတာပါ။ ဇာဇာဟာ သူ့ဦးလေးလို့ ကျွန်တော်ထင်တဲ့ လူကြီးရဲ့ ချစ်လှစွာသော မိန်းမဆိုတာ အဲဒီနေ့ကပဲ သိရပါတယ်။

တတိယနှစ်ကတော့ ဖူးစုံဦး အမှတ်တရပေးတဲ့ လွယ်အိတ်ကလေးကို ကျွန်တော် မလွယ်တော့ဘူး။ အဲဒီ လွယ်အိတ်ကို မြင်ရင် ရှက်တာရော၊ ဆုံးရှုံးတာပါ တစ်ပြိုင်တည်း ခံစားရလို့ပါ။ ဖူးစုံကလည်း အိမ်ထောင်ကျပြီး လုပ်သားများကောလိပ်ကို ပြောင်းသွားပါတယ်။

လည်လွန်းတဲ့ဘီး...ဘာဖြစ်တယ်ဆိုတာ အားလုံးသိပါတယ်။

မလည့်တလည်ဘီးက ပိုဆိုးပါတယ်ခင်ဗျား။

❍ ❍ ❍

www.foreverspace.com.mm

# ကျွန်ုပ်နှင့် မနက်ဖြန်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



www.foreverspace.com.mm



www.foreverspace.com.mm

မှော်ရုံတောကို ရောက်နေတဲ့ လူတစ်ယောက်လိုပဲ ကျွန်တော့် အတွက် အရာရာဟာ အံ့ဩစရာအပြည့်…ရင်ခုန်စရာ အပြည့်နဲ့ ဖြစ်နေတယ်။ ကျွန်တော့် မှော်ရုံတောမှာ နေရောင်ဟာ လှပတယ်။ ရယ်သံက ချိုမြတယ်။ အတောင်ပံပါတဲ့ အပြုံးတွေက ဟိုဟိုဒီဒီ ပျံသန်းနေကြတယ်။ ကျွန်တော့် စိတ်ကူးထဲမှာ ရိုးခနဲ ရိပ်ခနဲ တစ်ခုခု နဲ့များ တွေ့လေမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ကျွန်တော် ရင်ဖိုရ… ရင်ခုန် ရတာလည်း အမောပါပဲ။ ဒါပေမဲ့ ကျွန်တော် ဘာနဲ့မှ မတွေ့ပါဘူး။

ကျွန်တော့်ဘေးနားက ရယ်မောပြီး ဖြတ်တက်သွားတဲ့ ကောင်မလေးတွေရဲ့ ရယ်သံအဖျားစွန်းမှာ ကျွန်တော် တုန်ခါပြီး ကျန်ခဲ့ တယ်။ သူတို့ကတော့ ကျွန်တော်ရှိမှန်းတောင် မသိပါဘူး။ ကျွန်တော် ဟာ သရဲတစ်ကောင်လိုပဲ ဘယ်သူကမှစကားမပြော ပြုံးမပြ နှုတ် မဆက်တဲ့ ဒဏ်ကိုခံနေရတယ်။ ကျွန်တော်ရှိမှန်း ကျွန်တော်ဟာ လမ်း

လျှောက်နေမှန်း ဘယ်သူကမှ အသိအမှတ် မပြုကြဘူး။ အဲဒီလို ဖြစ်နေတာကိုပဲ ကျွန်တော်ကလည်း ရသင့်ရထိုက်သောဆုလာဘ်…။ ဖြစ်သင့်ဖြစ်ထိုက်သော ကြိုဆိုမှုလို့ ထင်နေတယ်။

ဟုတ်တယ်လေ။ ရဲဝင်းဆိုတဲ့ကောင်ဟာ အခုဆို ရန်ကုန် တက္ကသိုလ်ရဲ့ အဓိပတိလမ်းမှာ လျှောက်နေရပြီပဲ။ အလုမ္ပွေးငါးကန် ထဲကနေ ပင်လယ်ထဲကို ပစ်အချခံရတဲ့ ငါးတစ်ကောင်လိုပဲ။ ရှေ့မှာ တွေ့သမျှနေရာတွေကို ကျွန်တော် အတင်းလျှောက်ကူးခတ်နေမိတယ်။ ခန္ဓာကိုယ်နဲ့ အသိကပ်တော့ ကျွန်တော် ဘွဲ့နှင်းသဘင်ရှေ့ကိုရောက်နေ ပြီ။ အသိစိတ်ကလည်း ကပ်တော့မှာပေါ့။ ဘွဲ့နှင်းသဘင်ရှေ့မှာ စိုက်ထားတဲ့ ပုဏ္ဏရိက်ပင် အပုကလေးတွေက ကျွန်တော့် ဒူးနဲ့ထိနေ ပြီလေ။

ကျွန်တော် ဘွဲ့နှင်းသဘင်အောက်က ကျောက်လှေကားမှာ ထိုင်ပြီး ဂျက်ကမ္ဘာဖွာရင်းနဲ့ ကျောင်းကြီးကို ငေးကြည့်နေမိတယ်။ အဓိပတိလမ်းမှာရော ကျွန်တော့် ဘေးဝဲယာမှာရော ကျောင်းသား တွေ ကျောင်းသူတွေကို စုံနေတာပဲဗျာ။ ဦးတည်ရာမဲ့ အစီအစဉ် မဲ့သွားနေလိုက်ကြတာ ပုရွက်ဆိတ်အုံပေါ် အုန်းသီးပြုတ်ကျတဲ့ အတိုင်း ပဲ ကိုယ့်ဆရာရေ။ အရောင်တွေ…အသံတွေ ပုံသဏ္ဌာန်တွေ ဘယ် လောက် ကွဲကွဲအားလုံးရဲ့ တူညီမှုတစ်ခုကတော့ ပျော်ရွှင်ခြင်း၊ လွတ်လပ်ခြင်း၊ ပေါ့ပါးခြင်းပဲ။ အဲဒါ အားလုံး သူတို့ဆီမှာ ရှိနေတယ်။

ကျွန်တော့်ခါးအနောက်မှာ ထိုးထားတဲ့ စာအုပ်ကလေးက ချွေးတွေစိုနေပြီ။ ဟုတ်တယ်။ မနက်ကပဲ လမ်းထိပ် ကုန်စုံဆိုင်မှာ စာမျက်နှာ ၈၀ပါ ဗလာစာအုပ် တစ်အုပ်ကို ဆယ့်ခြောက်ကျပ်နဲ့ ဝယ်ပြီး ခါးကြားမှာ ထိုးလာခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကို စတက်တဲ့

www.foreverspace.com.mm

နေ့မှာ ကျွန်တော့်မှာ လွယ်အိတ်မပါဘူး။ လွယ်အိတ်ဆိုရင် ဒုက္ခပေးတတ်လွန်းလို့ ကျွန်တော် ကြောက်နေတာလည်းပါတယ်။ ဖာဇာမြတ်ဦးနဲ့ ရှက်စရာကောင်းလောက်အောင် လွဲခဲ့လို့ ရင်နာတာလည်းပါတယ်။ သူပေးထားတဲ့ လွယ်အိတ်ကိုလွယ်ပြီးမှ ရန်ကုန်တက္ကသိုလ်ထဲမှာ သူနဲ့မြုန်းဆို သွားတိုးရင် သွားပြီပေါ့…ကိုယ့်ဆရာရယ်။

ဘယ်သူက ဘာမှမသိဘူး။ ဘာမှမပြောဘူးပဲထား၊ ကိုယ့်ကိုယ်ကိုယ်သိနေတဲ့အသိကို ကျွန်တော် ဘယ်မှာ သွားပုန်းရမလဲ။ ကျွန်တော့် စိတ်ထဲမှာ ကျွန်တော် ပုန်းစရာ နေရာမရှိဘူး။ ကျွန်တော့်လိုပါပဲ…မမှန်တာလုပ်ခဲ့တဲ့ ဘယ်သူ့စိတ်ထဲမှာမှလည်း ပုန်းစရာနေရာမရှိပါဘူး။ ဒါကြောင့်မို့ ကျွန်တော်ဒီနေ့ လွယ်အိတ်မပါဘူး။ ဒါပေမဲ့ ကျောင်းသားဆိုတာက လွယ်အိတ်မလွယ်ဘဲနဲ့ နေလို့မှမရတာ။ ကျောင်းတက်ရက် အသေအချာ စပြီဆိုရင် သူ့ဘာသာရပ်အလိုက်ခွဲထားရတဲ့ စာအုပ်ခြောက်အုပ်လောက်နဲ့ လက်တွေ့စာအုပ်တွေကို အခုလိုနောက်ကျောမှာ ထိုးထားလို့ ဘယ်ရပါ့မလဲ။

ခက်တာက ကျွန်တော်ကလည်း လွယ်အိတ်ကို မကိုင်ချင်ဘူး။ လွယ်အိတ်မကိုင်ဘဲ မလွယ်ဘဲနဲ့ ဘယ်လို ကျောင်းတက်ရမလဲ။ ဒီကိစ္စကို ကမ္ဘာကျော် အတွေးအခေါ်ရှင်ဆန်ဆန် ကျွန်တော် စဉ်းစားပါတယ်။ ဂျက်ကမ္ဘာသာ တစ်လိပ်ကုန်သွားတယ်။ ဦးနှောက်နဲ့စဉ်းစားရတာတွေမှာ ညံ့လေ့ရှိတဲ့ ကျွန်တော့်ခေါင်းထဲက ဘာတစ်ခုမှ ထွက်မလာဘူး။

ဒီလိုမထွက်တဲ့အပြင် ကျွန်တော့်စိတ်အစဉ်က ဖတ်ထားတဲ့စာတွေထဲကို ရောက်သွားသေးတယ်။ ဇင်းမယ်နဲ့ အချိတ်ပဲဝတ်တဲ့ အောင်ချိမ့်ရဲ့ ဂန္ဓဝင်မမကို အောင်ချိမ့်လိုက်တုန်းက လွယ်အိတ် လွယ်

ထားသလား။ ခပ်သီးယားထိပ်က စာပေဟောပြောပွဲမှာ သူ့ အလှည့် ရောက်တော့ လွယ်အိတ်ကလေးလွယ်ပြီး တက်လာတဲ့ ဆရာမင်းလူဟာ ဘယ်နေရာ သွားသွား လွယ်အိတ်လွယ်တတ်သလား။ သစ္စာနီကရော "လွယ်အိတ်နဲ့လူ" ဆိုပြီးတော့ ဝတ္ထုတစ်ပုဒ်ရေးဖို့ အစီအစဉ်မရှိဘူးလား။ တင်တင်မြရဲ့ "လွယ်အိတ်တစ်လုံးနဲ့ ရွာစဉ်လည် ချစ်သူမောင်ရယ်" ဆိုတဲ့ သီချင်းကိုရေးတဲ့ သီချင်းရေးဆရာက လွယ်အိတ်ကို အကောင်း ဘက်ကမြင်တာလား။ အဆိုးဘက်က မြင်တာလား။ ချက်ကော့(ဖ်)တို့၊ ဟဲမင်းဝေးတို့။ အဲလ်ဘတ်ကမူးတို့မှာရော လွယ်အိတ်တစ်လုံးစီရှိ ကြသလား။ ဘိုင်ရွန်ကရော လွယ်အိတ်ထဲမှာ အသည်းနှလုံးရှိတဲ့ အကြောင်း ကဗျာရေးဖူးသလား။ မြို့မငြိမ်းမှာရော ကျွန်တော့်လို မလျှော် မဖွပ်ပဲ လွယ်တတ်တဲ့ လွယ်အိတ်တစ်လုံးတလေ မရှိတော့ဘူးတဲ့လား။

အစိုးမရတဲ့ စိတ်ဟာ ဒိတ်ဒိတ်…ဒိတ်ဒိတ်နဲ့ သွားလိုက်တာ လူကို မောသွားတဲ့အထိပါပဲ ကိုယ့်ဆရာရေ…။ လွယ်အိတ်ကိုတော့ လွယ်ကိုမလွယ်ချင်တာဗျာ။ ကျွန်တော့်တို့ ပုထုဇဉ်ရဲ့ စိတ်ဆိုတာက လည်း အနာဂတ်ကိုသာ လှမ်းမြင်လို့မရတာ ပစ္စုပ္ပန်ကိုသာ အရှိအရှိ အတိုင်းမသိတာ။ အတိတ်ကျတော့ ကိုယ်လုပ်ခဲ့ကြုံခဲ့သမျှ Flash back မကြာခဏပြန်တတ်တာဗျို့။ လွယ်အိတ်နဲ့ပတ်သက်လို့ ကျွန်တော့် မှာက တစ်ခုမှအကောင်း မရှိခဲ့လေတော့ ဒီခြံရှေ့က ခွေးကိုက်တာ တစ်ခါခံထားခဲ့ဖူးတဲ့ကောင်။ ဒီခြံရှေ့ရောက်ရင် ခွေးအကိုက်ခံရမယ် ချည်းထင်တတ်တာကတော့ အပြစ်ပြောမနေပါနဲ့တော့။ လွယ်အိတ်ကို အင်မတန်မှကြောက်သော ကျောင်းသားဆိုပြီးတော့လည်း ဂရင်းနစ်စာ အုပ်ထဲ ကျွန်တော့်ပုံနဲ့ မပါချင်ပါဘူး။ ဒါပေမဲ့ လွယ်အိတ်ကိုတော့ လွယ်ကိုမလွယ်ချင်ဘူးဗျာ။



www.foreverspace.com.mm

www.foreverspace.com.mm

ရန်ကုန်တက္ကသိုလ်ထဲ စရောက်တဲ့နေ့မှာပဲ လွယ်အိတ် ပြဿနာနဲ့ ပျော်ရွှင်ကြည်နူးမှုတွေ ပျောက်သွားတာကို သတိထား မိရင်း ကျွန်တော် တော်တော်စိတ်ညစ်သွားတယ်။ ဘွဲ့နှင်းသဘင်ရှေ့ လှေကားမှာ ခေါင်းတရမ်းရမ်း လည်တခါခါ သက်ပြင်းတွေ အခါခါချ ရင်း အရှေ့ကမြင်ကွင်းတွေကို အသက်မဲ့သူတွေလို ငေးနေတုန်း ကျွန်တော့်ရှေ့က ကျောင်းသူတစ်ယောက် ဖြတ်လျှောက်သွားတယ်။ ကုပ်ဝဲလောက်ရှိတဲ့ သူ့ဆံပင်လေးကို တခါခါနဲ့။

သူ့ကိုလည်းတွေ့ရော ကျွန်တော် ထခုန်မိမတတ် ဝမ်းသာ သွားတယ်။ ''ရပြီ'' ''ရပြီ'' ''ရပြီ''လို့ သုံးလေးခွန်းတောင် နှုတ်က အော်မိသေးတယ်။ ဟုတ်တယ်၊ ကျွန်တော့်အတွက် လွယ်အိတ် ပြဿနာကြီးက ဒီကောင်မလေးကြောင့် ပြေလည်သွားတယ်။ အမှန် ဆို အလွယ်တကူနဲ့ပြီးရမယ့် ကိစ္စကို ငါဒီလောက် အ,ရသလားလို့ လည်း ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်တော့ပါဘူး။

ကျွန်တော့်ရှေ့က ဖြတ်သွားတဲ့ ကောင်မလေးက မျောက်ပုံစံ ကျောပိုးအိတ်ကလေး လွယ်ထားတာလေ။ သူက ကြွကြွရွရွလျှောက် တော့ သူ့ကျောပေါ်ကမျောက်က ရှေ့ချထားတဲ့ လက်နှစ်ချောင်း ဘတ်လပ်ဘတ်လပ်နဲ့ပေါ့။ လွယ်အိတ်ကို ကြောက်တဲ့ကောင် ကျောပိုး အိတ်သာ ဆောင်ပေတော့ပေါ့ဗျာ။ အလွယ်ကလေးပဲ။

○ ○

www.foreverspace.com.mm

စတိုးဆိုင်ထဲရောက်သွားတော့ ကျွန်တော် ရင်နည်းနည်း ခုန်နေတာ အမှန်ပဲ။

ကျွန်တော့်မှာရှိတဲ့ ပိုက်ဆံလေးရာငါးဆယ်ဟာ ကျောပိုးအိတ် တစ်လုံး ရ…မရဆိုတာ ကျွန်တော် မသိတာအမှန်ပဲ။ မသိဆို ကျောပိုး အိတ်ဆိုတာကို တစ်သက်လုံးမှ မလွယ်ခဲ့ဖူးတာကိုး။ နေ့ခင်းဘက်ဆို တော့ စတိုးဆိုင်က လူရှင်းပါတယ်။ ကျွန်တော်ဝင်မိတဲ့ စတိုးဆိုင်က သင်းပျံ့စတိုးတဲ့။ တာမွေအဝိုင်းကြီးထိပ်ကဆိုင်ပါ။ အဝင်ဝမှာ ကျောအိုးအိတ်တွေ ချိတ်ထားတာတွေ့တာနဲ့ ကျွန်တော်လည်း စွတ်ဝင်မိတာ။

ဆိုင်ထဲက မှန်ဗီရိုရှည်ကြီးတွေနောက်မှာရှိတဲ့ အရောင်းစာရေးမ ကောင်မလေးတစ်ယောက်က သမ်းနေတယ်။ သူ့သွားတွေကလှတော့ အလှသားခင်ဗျ။ ဒါပေမဲ့ဗျာ သမ်းနေတဲ့အချိန်မှာ ဘယ်မိန်းကလေး လှဖူးလို့လဲ။ ဥမ္မာဒန္တီနဲ့ စင်ဒီကရောဖို့လည်း သမ်းရင် ရုပ်ဆိုးမှာပဲ။

www.foreverspace.com.mm

သူ့ဘေးနားက ကောင်မလေးကတော့ ခေါင်းဖြီးနေတယ် ခင်ဗျ။ လက်ဖဝါးလောက်သာသာရှိတဲ့ မှန်ဝိုင်းကလေးထဲကို သူ့ခေါင်းတစ်လုံး ထိုးဝင်တော့မယ့်အတိုင်းပဲ။

သမ်းနေတဲ့ ကောင်မလေးက သူ့သမ်းအား အရှိန်အမြင့်ဆုံးမှာ ကျွန်တော်ဝင်လာတော့ သူ့တာဝန်နဲ့သူ ပျင်းရိငြီးငွေ့မှုနှစ်ခု "ဂွပ်" ခနဲ ဆုံဟန်တူပါရဲ့။ ကျွန်တော့်ကိုလည်း "ဘာယူမလဲ ရှင့်"လို့ ခရီးဦးကြိုမပြုနိုင်။ သူ့သမ်းဝေခြင်းကိုလည်း အဆုံးအထိ ဆွဲမတင်နိုင်နဲ့ တန်းလန်းကြီးဖြစ်သွားတယ်။ အဲဒါကို အားလုံးမြင်လိုက်တော့ ကျွန်တော်လည်း အားနာတာရေ။ သူ့ဆီက ကူးစက်တာရောနဲ့ တစ်ချက်သမ်းလိုက်မိတယ်။ ဆောင်းနေ့လယ်ခင်းမှာ သမ်းရတာလောက် အရသာရှိတာ ဘာမှကို မရှိတော့ဘူး ကိုယ့်ဆရာရေ။ အိပ်ရတာထက်ကို အရသာရှိတယ်။ အံမယ် ဆံပင်ဖြီးတဲ့ ကောင်မလေးကတော့ ဆံပင်မှ ဆံပင်ပဲ ခင်ဗျ။ ကျွန်တော့်ကို တစ်ချက်မှကို ဂရုမစိုက်ဘူး။

"ဘာလိုချင်တာလဲ…ဟင်"

ကျွန်တော် ဆံပင်ဖြီးမရဲ့ ခေါင်းအမော့ကို စောင့်နေတုန်း နံဘေးကိုရောက်နေတဲ့ ကောင်မလေးတစ်ယောက်က ကပ်မေးတာပါ။

"ဟိုဟာလေ…ကျောပိုးအိတ်…"

"ကျောပိုးအိတ်က အပြင်မှာ…လာ…လာ"

သူပြောတာ ဟုတ်ပါတယ်။ ကျောပိုးအိတ်တွေဆိုတာက စတိုးဆိုင်တွေရဲ့ ရှေ့ဆုံးအဝင်ဝမှာပဲ ချိတ်လေ့ရှိတဲ့ဥစ္စာ။ ကျွန်တော်လည်း သူ့နောက်ကလိုက်ပြီး အဝင်ဝကိုပြန်လျှောက်လာခဲ့တယ်။ စတိုးဆိုင်ထဲမှာ ခပ်တိုးတိုးဖွင့်ထားတဲ့ သီချင်းက စိုင်းထီးဆိုင်ရဲ့

www.foreverspace.com.mm

"ဟိုတုန်းက တနင်္ဂနွေ"ပါ။

"ပြန်ပေး...ပြန်ပေး...ဟိုတုန်းက တနင်္ဂနွေ..."

"ကြိုက်လား"

ကောင်မလေးက နူတ်ခမ်းကလေးကို ဆွဲဆန့်ရင်း ကျောပိုးအိတ်ကို လှမ်းဖြုတ်တဲ့အဖျားမှာ ချိတ်ကလေးပါတဲ့တုတ်မှာ ကျောပိုးအိတ်ကြိုးကို ပြန်တပ်ပြီး လှမ်းချိန်တယ်။ ဒါပေမဲ့ ကျောပိုးအိတ်က အပေါ်က ချိတ်ကိုမရောက်ဘူးခင်ဗျ။ ကောင်မလေးက ခြေဖျားကလေးထောက်ပြီး မရ ရအောင် ချိတ်ရှာပါတယ်။ ကျောပိုးအိတ်ကြိုးနဲ့ ချိတ်က ထိလိုက် ငြိလိုက်နဲ့ ချိတ်ထဲကိုတော့ မဝင်ဘူးခင်ဗျ။ ကျွန်တော်ကလည်း အဲဒီမြင်ကွင်းကို စိုးရိမ်တကြီးနဲ့ အသည်းအသန် ငေးနေမိတယ်။ ကျွန်တော် ဝင်မကူညီနိုင်တာတော့ အမှန်ပဲ။ ကောင်မလေးက ကျွန်တော့်ထက် အရပ်ရှည်တဲ့သူတောင်မှ မမီမကမ်းဖြစ်နေတာ ကျွန်တော်ဆို သွားပြီပေါ့။ ယောကျ်ားဆိုတာ နေရာတကာ အားကိုးရတယ်ဆိုတဲ့စကားဟာ အရပ် ၅ပေနီးပါးပဲရှိတဲ့ ကျွန်တော့်အတွက်တော့ အလုံးစုံမမှန်တာ အမှန်ပါပဲ။

ကျွန်တော်ကြည့်နေတုန်း ကျောပိုးအိတ်ကြိုးက အပေါ်က သံချိတ်နဲ့မငြိဘဲတိုက်ပြီး ကောင်မလေး လှမ်းထိုးနေတဲ့ ဝါးလုံးထဲ ဖြုတ်ဆို လျှောကျလာတယ်။ ကျောပိုးအိတ်က ကောင်မလေးလက်မောင်းမှာ စွတ်မိလျက်သားကြီးပေါ့ ကိုယ့်ဆရာရယ်...

ကျွန်တော်လည်း ဘာရယ်မဟုတ်ဘူး။ "ဟီး"ခနဲ တစ်ချက် ရယ်လိုက်မိတယ်။

ကောင်မလေးကတော့ မရယ်ပါဘူး။ စိတ်ဆင်းရဲကြီးစွာ မျက်နှာကလေးအိုပြီး ကျောပိုးအိတ်ကို တုတ်ထိပ်မှာ ပြန်တပ်ပြီး

www.foreverspace.com.mm

မမီမကမ်း ပြန်ချိတ်ရှာတယ်။ အဲဒါကိုတွေ့တော့ ကျွန်တော် အားနာတာရော…ရှက်တာရော…စိတ်မကောင်းတာရော စုံသွားတာ အမှန်ပဲ။ ကျွန်တော်ရယ်လိုက်မိတဲ့ ''ဟီး''တစ်ချက်ဟာ သူ့သိက္ခာ သူ့ဘဝကို လှောင်ပြောင်ရာ ကျသွားတာမျိုး မဟုတ်လား…

အဲဒီစိတ်ကလေးနဲ့ သေသေချာချာကြည့်မိတော့မှ ကိုယ့်ဆရာရေ။ ကောင်မလေးက ရေရေလည်လည်မိတာဗျာ၊ အသားက ဝါညက်ညက်လေး။ ခါးလယ်လောက်ရှိတဲ့ သူ့ဆံပင်တွေကို ရိုးရိုးကလေး လက်ကိုင်ပဝါနဲ့ ချည်ထားတာ။ ဟိုဟာတွေ ဒီဟာတွေကလည်း ကိုယ့်ဆရာတို့အကြိုက်ပဲ။ တောင့်၊ ဖြောင့်၊ သွယ်၊ ပါး…အများစုံတယ်ဗျာ။ ပါးကွက်ကျားထားတဲ့ သနပ်ခါးကတော့ ပျက်လုလုကလေးခင်ဗျ။

ကောင်မလေးက ဆန့်ထားတဲ့ သူ့ရင်ကလေးက ဇွေ့ခနဲတစ်ချက်ခုန်တယ်။ ကျောပိုးအိတ်က အခုမှ မူလနေရာမှာ ပြန်ရောက်ပြီး ချာချာလည်နေတယ်။ ကျွန်တော့် ရင်ထဲက နှလုံးသားလည်း ကျောပိုးအိတ်လိုပဲ။

ကောင်မလေးဒုက္ခကတော့ မပြီးသေးဘူး။ နောက် ကျောပိုးအိတ်တစ်လုံးကို ဆက်ထိုးရတယ်။ သူက မမီမကမ်း ဖြစ်နေတော့ အောက်နှုတ်ခမ်းကလေးကို အသာဖိကိုက်ပြီး ဝါးလုံးကို ထိုးရှာတယ်။ ကောင်မလေးရဲ့ အသားက ကြက်ဥအခွံအရောင်ဆိုတော့ သူ့အပေါ်နှုတ်ခမ်းက နှုတ်ခမ်းမွေး စစကလေးတွေနဲ့ အရမ်းလိုက်တာပဲ။ အဲဒီနှုတ်ခမ်းမွေး နုနုကလေးတွေပေါ်မှာ သီးနေတဲ့ ချွေးဥကလေးတွေကတော့ အရိုးဆိုးတာပေါ့ခင်ဗျာ။

''ဒါရော ကြိုက်လား…''

''ခင်ဗျာ…''

www.foreverspace.com.mm

"အိတ်ကိုကြိုက်လားလို့ လယ်သာအစစ်တော့ မဟုတ်ဘူး။ ဒါပေမဲ့ ကောင်းပါတယ်။ အပေါ်မှာ အိတ်အသေးတစ်ခုပါတယ်။ အတွင်းမှာ အိတ်ဝှက်တစ်ခုပါတယ်။ ဒီမှာလေ…"

ကောင်မလေးက ဇစ်ကိုဖွင့်…အထဲက ထည့်ထားတဲ့ စက္ကူတွေကိုထုတ်ပြီး အတွင်းက သူပြောတဲ့ အိတ်ဝှက်ဆိုတာကိုပြတယ်။ ကျွန်တော့်အတွက် အိတ်ဝှက်တွေ ဘာတွေက အရေးမကြီးပါဘူး။ ကျွန်တော့်ဘဝမှာ ဝှက်စရာပြစရာဆိုလို့လည်း ဘာမှမရှိပါဘူး။ ကျွန်တော် သက်ပြင်းချပြီး သူ့ကိုကြည့်တော့ သူကလည်း အိတ်ဝှက်ကလေးကိုပြရင်း ကျွန်တော့်ကို ငေးတယ်။

လက်တစ်ဖျစ်တီးမှာ ကုဋေတစ်သန်းချုပ်ပျက်တယ်ဆိုတဲ့ စိတ်တွေက အဲဒီအချိန်မှာ ပြေးလိုက်တာ မပြောနဲ့တော့။ ပြိုင်မြင်းပေါင်းတစ်သန်းကို တစ်ခါတည်း လွှတ်လိုက်တဲ့ အတိုင်းပဲ။ ကျောပိုးအိတ်အတွက် ကျွန်တော့်မှာပါတဲ့ ပိုက်ဆံက လေးရာ့ငါးဆယ်တည်းပါ။ အမှန်အတိုင်းဝန်ခံရင်တော့ လေးရာနဲ့ ခြောက်ဆယ်ပါ။ တစ်ဆယ်က အပြန်လမ်းစရိတ်အတွက် ချန်ထားတာ။ သူက ကြိုက်လား ဘာညာသာ မေးနေတာ။ အဲဒီကျောပိုးအိတ်က ဘယ်လောက်လဲဆိုတာ မပြောဘူး။ ကျွန်တော်က ကြိုက်တယ်ပြောပြီးမှ ကျောပိုးအိတ်ဖိုးက ကျွန်တော့်မှာပါတဲ့ ငွေထက်များနေရင်လည်း ဒုက္ခ။

ပထမတစ်ခုလိုပဲ "မကြိုက်ဘူး" "ဟင့်အင်း"ဆိုပြန်ရင်လည်း သူက အံကလေးကြိတ်ပြီး အပေါ်ပြန်တင်ရဦးမယ်။ အဲဒီဒုက္ခကိုလည်း ကျွန်တော် မမြင်ရက်တာအမှန်ပဲ။ "အဲဒါက…ဘယ်လောက်လဲဟင်"လို့ မေးရမှာကိုလည်း ငွေမရှိသော မိန်းကလေးတစ်ယောက်ရှေ့မှာ သိက္ခာမကျချင်သော ကိုရွှေယောက်ျားတို့ ထုံးစံအတိုင်း ကျွန်တော်

www.foreverspace.com.mm

ရှက်နေခဲ့ဟာ အမှန်ပဲ။

ကျွန်တော် သူ့မျက်နှာကို ငေးနေမိတယ်။ သူ…ဘယ်နှစ်ကြိမ် မျက်လွှာချပြီး ဘယ်နှစ်ခါ ကျွန်တော့်ကို ပြန်ကြည့်နေမှန်းတောင် ကျွန်တော်မသိဘူး။

“ဒုက္ခပါပဲ…ယူမှာလား လို့မေးနေတာလေ။ အိတ်ဝှက်နဲ့ ဒီမှာ…”

ကျွန်တော် ဗင်းဆင့် ဗန်ဂိုးလို သတ္တိရှိပစ်လိုက်တယ်။ မောင်ချောနွယ်လို ကဗျာဆန်ပစ်လိုက်တယ်။ သစ္စာနီလို ပြတ်သား ပစ်လိုက်တယ်။ ထူးအိမ်သင်လို ကိုယ့်ကိုယ်ကို ယုံကြည်ပစ်လိုက်တယ်။ ယောကျ်ားတွေဟာ တစ်ခါ··တစ်ခါ ဒီလိုပါပဲ…ပြောရခက်တယ်။

ကောင်မလေးလည်း သူ့စိတ်ကို လျှော့လိုက်ဟန် တူပါရဲ့။ ယဲ့ယဲ့ကလေး ပြုံးရှာတယ်။ ပြီးတော့ သူ့ပခုံးမှာမိထားတဲ့ တုတ်ကလေး ကို နံရံမှာထောင်ရင်း ကောင်တာကိုသွားတယ်။ အံမယ်… ဆံပင်ဖြီးမ က ဆံပင်ဖြီးနေတုန်းခင်ဗျ။ ကျွန်တော့် နှလုံးသားမှာသာ အကြီး အကျယ် တစ်ခုခုပြောင်းသွားတာ။ သူက သူ့ဆံပင်တွေကို အခုထိ မကျေနပ်သေးဘူး။ ဒါပေါ့လေ ကိုယ့်ဘဝက ကိုယ်ကြည့်မှ ကိုယ့် အဖြစ်အပျက်က ကြီးကျယ်တတ်တာ ပုထုဇဉ်တွေရဲ့ သဘာဝပဲ မဟုတ်လား။

ကောင်မလေးက ကောင်တာက မှန်ပေါ်မှာ ကျောပိုးအိတ် ကလေးကို အသေအချာခေါက်တယ်။ ပြီးတော့ ကြွပ်ကြွပ်အိတ်ကလေး ထဲထည့်။ ပြီး…လက်ဝါးလောက်ရှိတဲ့ စာအုပ်ကလေးထဲမှာ ဘောက်ချာရေး…လက်မှတ်ထိုး ပြီးတော့ ကျွန်တော့်ကို ပြုံးပြတယ်။ အဲဒီအပြုံးက ကျွန်တော့်ရင်ကို ဝုန်းခနဲ အတိအကျ အမိအရကို ထိတာ

ပေါ့ ခင်ဗျာ။

"လာ"

ကျွန်တော်ဟာ ရွှေသမင်ခေါ်ရာနောက်လိုက်တဲ့ ရာမမင်းသား လိုပဲ။ ပတ်ဝန်းကျင်ကို ဘာမှမသိတော့ဘဲ လိုက်သွားခဲ့တယ်။ မလိုက် လို့လည်း မရတော့ဘူးလေ။ ကျွန်တော့်နှလုံးသားက ကျွန်တော့်ဆီမှာ မှမရှိတော့တာ။ သူ့ဆီမှာ မဟုတ်လား။ နှလုံးသားပါသွားတဲ့နောက်ကို ဘယ်သူမလိုက်ဘဲ နေဝံ့ပါ့မလဲ။

"ငါးရာ့လေးဆယ်"

"………."

ကျွန်တော် မှုန်ထူတစ်ဝက် သတိပျက်သွားတယ်။

လောကက…ခဏရပ်ပြီး ကျွန်တော့်ရှေ့က ရုပ်တွေက "ဆတ်"ဆို အဝေးလွင့်သွားသလိုပါ။ ဘာအသံမှလည်း မကြားရတော့ ဘူး။ စက္ကန့်သုံးဆယ်လောက် အဲဒီလို ဖြစ်နေပြီးတော့ သတိက ပြန်ဝင် လာတယ်။ ပြန်ဝင်လာတဲ့ သတိက ပြဿနာအကြီးကြီးကို ချက်ချင်း မှတ်မိပြီး ပြန်ထွက်ပြေးသွားတယ်။ အဲဒီလို သတိက ပြန်ဝင်လိုက် ထွက်ပြေးလိုက် သုံးခါလောက်ရှိတော့မှ နောက်ဆုံးဝင်လာတဲ့ သတိကို အတင်းဖမ်းဆွဲထားရတယ်။ အဲဒီသတိကို မမိရင်တော့ ကျွန်တော် ဘာတွေဖြစ်မလဲမသိဘူး။

"ငါး…ငါး‥"

"ဟုတ်ကဲ့…ငါးရာ့နဲ့ လေးဆယ်ပါ…"

"ကျွန်တော်…ဟိုလေ…အဲဒါကပေါ့…ငါးရာပေါ့နော်… အဲဒါက ဟို…ဒီလိုပါ…ကျွန်တော့်မှာ မပါဘူး"

"မ‥ပါ…ဘူး…!! မပါရင် ဘာဖြစ်လို့ လာတယ်လဲ…

www.foreverspace.com.mm

ရှင်ပဲ ဒါကိုယူမယ်ဆို ဘာတွေ လာကြောင်နေတာလဲ···ဒုက္ခပဲ··· ပြဿနာမရှာနဲ့နော်”

“အာ···ဒီလိုမဟုတ်ဘူး။ ဟိုဟာပါ···ကျွန်တော်···ငါးရာ မပါတာပါ···လေးရာ့ငါးဆယ်···အဲ···ခြောက်ဆယ်···ခြောက်ဆယ် အဲဒါပါတယ်···ဟိုလေ ငွေမလောက်တာ···”

“ဒီမှာက ဘောက်ချာရေးပြီးနေပြီရှင့်···စောစောက ယူမယ် ဆို···ရှင်ပဲပြောတာလေ···အစ်မရယ်လုပ်ပါဦး···ဘယ်လိုလူတွေနဲ့ တွေ့လဲမသိဘူး···”

အဲဒီအချိန်မှာ “မင်းအိတ်ကလေး ပြန်တင်ရမှာ မကြည့်ရက် လို့ကွ”လို့ ဘယ်လိုသွားပြောလို့ ရမှာလဲ။ စေတနာမှန်ရင် အသံတိတ် ပါတယ်။ ပြောစရာစကားလုံးမရှိဘူး။ ပြောလို့လည်းမရဘူး။ ပြောလို့ရ တာတွေက စေတနာ ဟုတ်မဟုတ်ဆိုတာတော့ ကျွန်တော်လည်း မသိ ဘူး။ ကောင်တာက အစ်မကြီးကလည်း ကျွန်တော့်ကို မျက်လုံးပြူးပြီး ကြည့်ရှာပါတယ်။ ပြီးတော့ ကောင်မလေးကိုကြည့်ပြီး ခေါင်းရမ်း တယ်။

“ကြွေကြွေရေ···နင်ကတော့ ပြဿနာချည်းပါပဲလားဟာ··· ငါတော့ စိတ်ညစ်တာပဲ···· သူက ဒါကိုယူမယ်လို့ ပြောတာလား”

“ဟုတ်တယ်မမ··သူက ယူမယ်ပြောလို့···ကြွေ ဘောက်ချာ ဖြတ်တာ၊ ကြွေလည်း စိတ်ကုန်ပါပြီ မမရယ်··· ဒီနေ့နောက်ဆုံးပါ··· ကြွေ···ကံကိုမကောင်းဘူး···ဘောက်ချာကို ပြန်တင်လို့ရမလား··· ဟင်···”

“ဒီ···ဒီလိုလုပ်ပါလား! ကျွန်တော်··· ကျွန်တော့်မှာ လေးရာ့

www.foreverspace.com.mm

ခြောက်ဆယ်ပါပါတယ်… ရှစ်ဆယ် ခဏစိုက်ထား ပေးပါလား…"

"ဟာ…အဲဒီလိုတော့ ဘယ်ဖြစ်မလဲ…မရဘူးရှင့်"

ကောင်တာက အစ်မကြီးက ပျာပျာသလဲငြင်းပါတယ်။ လူရှင်းနေတဲ့ ဆိုင်ထဲမှာတော့ တခြားကောင်တာက ကောင်မလေး တွေလည်း ဘာလဲဟင်ဆိုပြီး ဝိုင်းလာကြတယ်။ ရက်စရာကောင်း လိုက်တာ ကိုယ့်ဆရာရယ်…ကျွန်တော့် နဖူးမှာ ချွေးတွေ သီးလာ တယ်။ ဟိုကောင်မလေးရဲ့ နှုတ်ခမ်းမှာလည်း ချွေးဥကြီးတွေကို အကြီးကြီးပဲ။

"ဒီ‥ဒီလိုပြောတာပါ‥ကျွန်တော်…ဟိုလေ ဒီကျောပိုးအိတ် ကိုလည်း ထားခဲ့ပါမယ်…ပိုက်ဆံကိုလည်း ပေးခဲ့မယ်။ ယူမယ်လို့ ပြောပြီးသားစကားအတွက်ပါ။ နောက်နေ့ ရှစ်ဆယ်လာပေးမှ ပြန်ယူ မယ်လေ…"

တုန်တုန်ရင်ရင် တောင်းတောင်းပန်ပန်နဲ့ ကျိုးကျိုး နွံနွံပြောတဲ့ ကျွန်တော့်စကားကို သူတို့အသံတိတ်ပြီး စဉ်းစားနေကြပါတယ်။ ကောင်မလေးက ခေါင်းကိုခါတယ်။ သူ့ကြည့်ရတာ တစ်လောကလုံး ကို အရှုံးပေးနေသလိုပဲ။ သူခေါင်းကို သွက်သွက်ကြီးခါနေပေမယ့် သူ့နှုတ်ခမ်းမွေး ရေးရေးပေါ်က ချွေးဥတွေက ပြုတ်ကျမသွားကြဘူး ခင်ဗျ။

"နောက်နေ့ ကြွေရှိတော့မှာ မဟုတ်ဘူး…မမ၊ မမလည်း သိတာပဲ။ ကြွေထပ်ပြီး အပြောမခံနိုင်ဘူး။ ဒီပြဿနာမျိုးနဲ့ပဲ ကြွေ့ကို မယုံသင်္ကာဖြစ်ကြတာ ဆရာက ရမှာမဟုတ်ဘူး။ ဒီတော့…ကြွေ့ဆီက ပဲ ဖြစ်လိုက်ပါ…ရှစ်ဆယ်ပေါ့နော်…ရှင်…ဒီအိတ်ကို ယူသွားပါ… တော့"

www.foreverspace.com.mm

ကြွပ်ကြွပ်အိတ်ကို လက်ထဲမှာဆွဲရင်း ကျွန်တော် တာမွေကုန်းတံတားပေါ်ကို ခပ်ဖြည်းဖြည်း တက်လာခဲ့တယ်။

ဆောင်းနေ့လယ်ခင်းမှာ နာရီဝက်နီးပါး လမ်းလျှောက်ခဲ့ရလို့ ကျွန်တော့် တစ်ကိုယ်လုံးချွေးတွေကို ရွှဲနေတာပဲ။ အဲဒီ ပင်ပန်းမှုထက် ကျွန်တော့်ကို ကျွန်တော် သိနေရတဲ့ ရှက်ရွံ့မှုက ပိုပါတယ်။

"ကြွေ…ဆိုတဲ့ ကောင်မလေးဟာ ဘာပြဿနာတွေ တက်ခဲ့လဲ…"

(ကျွန်တော် မသိဘူး…)

ကျွန်တော့် ကျောပိုးအိတ်အတွက် သူစိုက်ပေးတဲ့ ပိုက်ဆံ ရှစ်ဆယ်ကို ဘယ်မှာ သွားပေးရမလဲ…!"

"ကျွန်တော်…မသိဘူး.."

သူ့စကားအရ သူအလုပ်က ထွက်တော့မယ်။ ထွက်မယ့်နေ့အထိ သူ့အတွက် ကံမကောင်းအောင် ကျွန်တော်က လုပ်ခဲ့တာလား။

(ကျွန်တော်…မသိဘူး…)

ကျွန်တော့်အကြောင်းကို အဲဒီဆိုင်တစ်ဆိုင်လုံးက ဘယ်လို ထင်ကြေးနဲ့ ဝေဖန်နေကြမလဲ…။ ကဲ့ရဲ့နေကြမလဲ။ လှောင်ပြောင်နေကြမလဲ။

(ကျွန်တော်…မသိဘူး…)

ကျွန်တော်သိတာက အိတ်တွေဟာ ကျွန်တော့်အတွက် ကောင်းကျိုးမပေးဘူး။ ကျွန်တော့်အချစ်၊ ကျွန်တော့်မေတ္တာ စေတနာဟာ အထားခံရသူအတွက်ရော၊ ထားသူအတွက်ပါ ကောင်းကျိုးမပေးဘူး။ စည်းစနစ်ကျကျ ကျွန်တော်က မေတ္တာစေတနာ ရင်ခုန်သံရှိပါလျက်နဲ့ အဲဒီအရာတွေအားလုံး ဘယ်တော့မှ အရာမထင်ဘူး။

www.foreverspace.com.mm

ဖိတ်ခါတတ်ကျသွားလို့လား မသိဘူး။ နွေလယ်နေဟာ အပူရှိန်မရှိတော့ဘူး။ ရှိသမျှ ပိုက်ဆံတွေ အားလုံးပေးခဲ့ရလို့ ကျွန်တော်လည်း ကားခ နှစ်ကျပ် (၁၉၉၇ ခုနှစ်တွင် ဖြစ်သည်) မရှိတော့လို့ ကားမစီးနိုင်တော့ဘူး။ ကားမှတ်တိုင်မှာ ကြွပ်ကြွပ်အိတ်ကလေးကိုင်ပြီး ကျွန်တော် တော်တော်ကြာကြာ စဉ်းစားခဲ့ပါတယ်။ ဒီလောက်အရှက်ကွဲပြီးမှတော့ ကားပေါ်က စပါယ်ယာကို "အစ်ကိုကြီးရေ ကျွန်တော် ပိုက်ဆံမပါတော့လို့ပါ" လို့ မင်းဘာဖြစ်လို့ မပြောရဲရမှာလဲ ဆိုပြီးတော့ပေါ့။

ဒါပေမဲ့ မရပါဘူး။ တစ်သက်လုံး မလုပ်ဖူးတဲ့ အလုပ်ကို လုပ်ဖို့ဆိုတာ သာမန်လူတစ်ယောက်အတွက် တော်တော် ခက်ပါတယ်။ ကျွန်တော့်ရှေ့က ဘတ်စ်ကားတွေ တစ်စင်းပြီး တစ်စင်းသာ ဖြတ်သွား၊ ရပ်သွား၊ လူတွေတက်သွားတယ်။ ကျွန်တော် အဲဒီကိစ္စကို ကြိုးစားလို့ မရခဲ့ဘူး။ ကျွန်တော့် ကိုယ်ကျွန်တော် ခိုင်းလို့မရခဲ့ဘူး။ နေပူတယ်။ ပင်ပန်းမယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ ရှက်စရာမလိုဘူးဆိုတဲ့ လမ်းကိုပဲရွေးပြီး တာမွေအဝိုင်းထိပ်ကနေ သဃ်ၤန်းကျွန်း ပြည်သာယာလမ်းကို ကျွန်တော် လျှောက်လာခဲ့တယ်။

တာမွေကုန်းတံတား အလယ်ဗဟိုတည့်တည့်ကိုရောက်တော့ ကျွန်တော် ဆက်မလျှောက်ဘဲ ဟိုးအဝေးကို ငေးမိတယ်။ မျဉ်းပြိုင်ဖြစ်နေတဲ့ သဲလမ်းတွေက အဆုံးမှာကျတော့ ပူကပ်ထိစပ်လို့။ အနီးအဝေး သဘောအရသာ သူတို့ ပေါင်းဆုံကြတာပါ။ ဒါကိုသိထားတဲ့ ကျွန်တော့်စိတ်ထဲမှာတော့ သူတို့မပေါင်းဆုံကြပါဘူး။ အမြင်နဲ့အသိဟာ ကွာပါတယ် ကိုယ့်ဆရာရယ်။

ကျွန်တော့်တစ်ကိုယ်လုံး တာမွေကုန်းတံတား လက်ရန်းမှာ

www.foreverspace.com.mm

မီရပ်ရင်း ဖဏာအမောဖြေရတယ်။ အမောပြေလို့ စိတ်တည်ငြိမ်သွားတဲ့ အခါကျတော့ ကျွန်တော် တာမွေ ကုန်းတံတားလက်ရန်းကနေပြီး ကျွန်တော်ဆွဲလာတဲ့ ကျောပိုးအိတ်ထည့်ထားတဲ့ ကြွပ်ကြွပ်အိတ်ကို ဆွဲမြှောက်ထားလိုက်တယ်။ ကျွန်တော့်နောက်ကျောမှာ ကားတွေက ကုန်း အတက် တဂီးဂီးအော်ရင်း ကုန်းအဆင်း Free ဂီယာထိုးရင်း ဖြတ်သွားနေကြတယ်။ ကားပေါ်မှာပါသွားတဲ့ လူတွေထဲက သတိထား မိတဲ့ တစ်ယောက်တလေရှိရင် ကျွန်တော့်ကို မြင်မှာပဲ။ "ဒီကောင် ဘာလုပ်နေပါလိမ့်. . ." ပေါ့။

ဒါပေမဲ့ အဲဒီထက်တော့ မပိုပါဘူး။ ကိုယ်နဲ့မသိတဲ့ နာရေး ကြော်ငြာတစ်ခုကို ဖတ်ရသလိုပဲ အေးအေးဆေးဆေး ပြီးဆုံးသွားမှာပါ။ ဒါကိုလည်း ကျွန်တော်သိတယ်။ ဒါပေမဲ့လည်း ကျွန်တော် လောက ကြီးချင်နေတယ်။ ကျွန်တော့် ကြေကွဲမှု၊ ကျွန်တော့်အကျဉ်းအကျပ်၊ ကျွန်တော့်ဒုက္ခ၊ ကျွန်တော့် ဝမ်းနည်းမှုကိုသိတဲ့ လူတစ်ယောက် ယောက်တော့ ရှိလိမ့်မယ်လို့ပဲ ကျွန်တော် ထင်နေတယ်။

လောကကြီးမှာ ကျွန်တော် ဘာကိုမှ မလိုချင်ပါဘူး။ ကျွန်တော့် ဒုက္ခမှန်သမျှကို လိုက်ကြည့်ပေးပြီး "ဖြစ်မှ ဖြစ်ရလေကွာ" လို့ပြောပေးမယ့် လူတစ်ယောက်ပဲ လိုချင်တာပါ။ အဲဒီလူ ရှိမရှိလည်း ကျွန်တော်မသိပါဘူး။ ကိုယ့်ကိုသိတဲ့ လူတစ်ယောက် လောကကြီးမှာ ရှိနေစေချင်တာ လူတိုင်းရဲ့ အမြင့်မားဆုံးသောဆန္ဒလို့ ကျွန်တော် ထင်တယ်။ ကိုယ်က လူများကို သိပေးလိုက်ရလေလေ ကိုယ့်ကိုသိတဲ့ လူတစ်ယောက် ရှိချင်လေလေပါပဲ။

အခု ကျွန်တော် ဝယ်လာတဲ့ ဒီကျောပိုးအိတ်ကို ကျွန်တော် တာမွေကုန်းတံတားပေါ်ကနေ လွှတ်ချလိုက်တော့မယ်။ အဲဒီမှာ အရာ

www.foreverspace.com.mm

အားလုံးပါတယ်။ ပိုက်ဆံရှစ်ဆယ်မရှိတာပါတယ်။ ဇာဇာ့ကို ရှက်တာပါတယ်။ လွယ်အိတ်မလွယ်ချင်တာပါတယ်။ ရဲဝင်းဆိုတဲ့ လူကောင်သေးသေး အတ္တကြီးကြီး လုပ်ချင်တာတွေ ဘာမှ မလုပ်ရသေးတာပါတယ်။ "ကြွေ"ဆိုတဲ့ ကောင်မလေးရဲ့ မမီမကမ်းထောက်လိုက်တဲ့ ခြေဖျားကလေးတွေပါတယ်။ သူ့နှုတ်ခမ်းပေါ်က ချွေးစက်ဥကလေးတွေပါတယ်။ ကျွန်တော် ဖျပ်ခနဲမြင်ပြီး တစ်သက်လုံးပြောစရာ စကားလုံးရှာမရတဲ့ နားလည်မှုတွေပါတယ်။ ကျွန်တော် စောင့်ငေးဖူးတဲ့ အိပ်တန်းပြန်ငှက်တွေအားလုံး (အကောင်တစ်သိန်းလောက်ရှိမယ်)လည်းပါတယ်။

ဒါပေမဲ့…

ကျွန်တော် ကြွပ်ကြွပ်အိတ်ကို လွှတ်မချဖြစ်ပါဘူး။

ဒီတဒင်္ဂအချိန်ကလေးမှာ ကျွန်တော့်ဘဝအတွက် အရာအားလုံးပါတဲ့ ဒီကျောပိုးအိတ်ကလေးကို ကျွန်တော် လွှတ်မချဝံ့ဘူး။ ကိုယ့်ကိုယ်ကိုယ် တစ်ချက်တည်း သတ်သေပစ်လိုက်ဖို့ ကျွန်တော် သတ္တိမရှိသေးဘူး။ အဲဒီအိတ်ကို လွှတ်ချဖြစ်ရင် ကျွန်တော် ဘာတွေပြောင်းလဲသွားမလဲဆိုတာ ကျွန်တော် မသိဘူး။ သေချာတာကတော့ ကျွန်တော် မနက်ဖြန်ကို စောင့်ချင်တယ်။ ကျွန်တော် ရသင့်ရထိုက်တဲ့ မနက်ဖြန်တွေတိုင်းမှာ ကျွန်တော်ဟာ တစ်ခုခုကို ကြိုးစားနေချင်တယ်။

အဲဒီအတွက် တာမွေကုန်းကိုဆင်းပြီး ကျွန်တော် လမ်းဆက်လျှောက်ရဦးမှာပါ။

ဒီကျောပိုးအိတ်ကိုလည်း ကျွန်တော် လွယ်ရဦးမှာပါ။

ကျွန်တော် သတ္တိရှိသွားတာ မဟုတ်ပါဘူး။ "မနက်ဖြန်က

www.foreverspace.com.mm

ဘာလဲ”ဆိုတာကို သိချင်ရုံတင်ပါ။ သန်ဘက်ခါ ကျွန်တော် မမျှော်လင့်ဘူး။ နည်းနည်းဝေးလို့ပါ။ ဘယ်လောက်အထိ ဝေးသလဲဆိုတော့ မနက်ဖြန်ဆိုတာကြီးတစ်ခုလုံးဝေးလို့ပါ။ ပစ္စုပ္ပန်မှာတောင် ဖြစ်ချင်တာ မဖြစ်ရရင် မနက်ဖြန်ဟာ ကိုယ့်ဆရာ သိတဲ့အတိုင်းပဲ။

အတိတ်ဟာ ကိုယ်ထိုးပြီး မပေါက်ခဲ့တဲ့ ထီလက်မှတ်အဟောင်းနဲ့တူတယ်။ မနက်ဖြန်ကတော့ ဆိုင်ပေါ်မှာရောက်ပြီး ကိုယ်မထိုးရသေးတဲ့ ထီလက်မှတ်ပေါ့။ သန်ဘက်ခါဆိုတာတော့ နံပါတ်တောင်မရိုက်ရသေးတဲ့ ထီလက်မှတ်လေ။ အဲဒီ ထီလက်မှတ်မျိုးမှာ ထီပေါက်နေတဲ့ လူတွေနဲ့ ကျွန်တော်ကတော့ နည်းနည်းလွဲမှာပါ။

အခုတော့ ကျွန်တော် လမ်းစလျှောက်ပါတယ်။ ကားတွေက ကျွန်တော့်ဘေးနားမှာ တဂီးဂီး…တဂဲဂဲနဲ့။ ကျွန်တော် ထီထိုးနေပြီလေ။ ကျွန်တော်ရယ်…ဟောဒီ ကျောပိုးအိတ်ရယ် ရန်ကုန်တက္ကသိုလ်ရယ်…။

ဟဲ…ဟဲ…

ကျွန်တော် အဲဒီလိုလူဆန်ပါတယ် ကိုယ့်ဆရာရယ်…။

○○○

www.foreverspace.com.mm

# ကျွန်ုပ်နှင့် ကျောပိုးအိတ်

www.foreverspace.com.mm



www.foreverspace.com.mm



www.foreverspace.com.mm

လက်တွေ့ပြီးလို့ ထွက်လာတော့ ကျောင်းထဲမှာ လူတော်တော်ရှင်းနေပါပြီ။ ကျွန်တော် စာကြည့်တိုက်ရှေ့က ကံကော်ပင်တန်းရှေ့မှာ မောမောနဲ့ထိုင်ပြီး ဆေးလိပ်တစ်ဖွာလောက်ဖွာရင်း လက်တွေ့လုပ်ရတာကို ဒေါကန်နေမိတယ်။ မိန်းကလေးတွေဟာ တော်တော်စိတ်ပျက်ဖို့ကောင်းတယ်ဗျာ။ ကျွန်တော် လုပ်ခဲ့ရတဲ့လက်တွေ့က မိုင်နာ Chemistry ပါ။ ကျွန်တော်ကလည်း ကံဆိုးပြီး ရှစ်ယောက်တစ်ဖွဲ့အုပ်စုမှာ ယောကျ်ားလေးက ကျွန်တော် တစ်ယောက်တည်းပဲပါတယ်။

ကျန်တဲ့အဖွဲ့တွေသာ တိုက်ကြေးရှင်းတွေပြီးသွားတယ်။ ကျွန်တော်အဖွဲ့က မပြီးနိုင်ဘူး။ ရသင့်တဲ့ End Point က 7.5 to 8... ကျွန်တော်တို့ရနေတာက ၁၂ကျော်နေတယ်။ ကျွန်တော်က ဦးဆောင်ပြီး သီတာမြင့်နဲ့ဥမ္မာ့ကို တွက်စရာရှိတာ တွက်ခိုင်းတယ်။ ဖြူဖြူသန်းနဲ့ ဇင်မာဝင်းကို အက်ဆစ်ဖျော်တာတို့ မီးအပူပေးတာတို့ ခိုင်းရတယ်။ ကျွန်တော်ရယ် ခင်ဆွေနှင်းရယ်··အေးအေးမိုးရယ်က တိုက်ကြေးရှင်း

www.foreverspace.com.mm

လုပ်ကြတယ်။ ကျွန်တော်တို့ တိုက်တြေးရှင်းက ဘယ် End Point ဝင်ဖို့မလဲ။ အက်ဆစ်ဖျော်တာကမှားလိုက်၊ ဗေ့စ်က မှားလိုက်နဲ့ နောက်ဆုံး Table ကျ ဆရာမက မကြည့်တော့ဘူး။ ဘယ်ကြည့်ပါမလဲ ကျန်တဲ့ဆရာမ အလှကိုယ်စီပြင်ပြီး ထွက်သွားတဲ့အထိ သူ့မှာက မပြန်ရသေးဘူးကိုး။

"ကဲ ကိုရွှေချော စကားလေးပြောလိုက်၊ လေကလေး ချွန်လိုက်..ရေကလေးသောက်လိုက် လုပ်မနေနဲ့။ ဒီအက်ဆစ်နဲ့ ဒီဗေ့စ်ကိုပဲ အားလုံးလုပ်ကြတာ။ အကုန် End Point ဝင်တယ်။ မဝင်နိုင်ရင်လည်း '8' ကျော်ကျော်တော့ ဝင်အောင်လုပ်...တကတည်း ဘယ်လိုဟာတွေနဲ့ လာတွေ့နေလဲကို မသိဘူး"

ဆရာမကလောလေ ဖြူဖြူသန့်နဲ့ ဇင်မာဝင်းက မှားလေပဲ။ ကျွန်တော်ကလည်း အလုပ်တစ်ခုကို သူများတွေတောင် လုပ်လို့ရရင် ငါလည်းရရမယ်ဆိုတဲ့ကောင်၊ ဒါနဲ့ သူတို့ဖျော်ထားတဲ့ အက်ဆစ်တွေ ဗေ့စ်တွေကို အကုန်သွန်ပြီး ဖန်ပြွန်တွေဆေး၊ အားလုံးအစကနေ ကျွန်တော်တစ်ယောက်တည်း ပြန်လုပ်တယ်။ သူတို့အားလုံးကို ဘာမှကိုမခိုင်းတော့ဘူး။ တစ်ယောက်တည်း ချွေးသံရွှဲရွှဲနဲ့လုပ်တော့ မရွှေချောတွေကစုပြီး စကားပြောနေကြတယ်။ နှုတ်ခမ်းနီဆိုးတဲ့ လူကဆိုး၊ ခေါင်းဖြီးတဲ့လူကဖြီးနဲ့ ဘယ်လောက် စိတ်ပျက်ဖို့ကောင်းသလဲလို့။ ကျွန်တော်လည်း ဘာမှပြောမနေတော့ပါဘူး။ နောက်ဆုံးမှာ အကောင်းဆုံး End Point ဖြစ်တဲ့ 7.4 ကို ရသွားတယ်။

Table ကျ ဆရာမကတော့ မျက်စောင်းတခဲခဲနဲ့ အမှတ်ကို ဂျီခနဲ ဂျီခနဲ ခြစ်ပေးလိုက်တယ်။ ကျွန်တော်လည်း မောသွားတာရယ်။ သူတို့အားလုံးကို စိတ်ပျက်နေတာရယ်နဲ့ နှုတ်မဆက်တော့ဘဲ ထွက်လာ

www.foreverspace.com.mm

ခဲ့တယ်။ ကျောင်းထဲမှာ လူက တော်တော်ရှင်းသွားပါပြီ။ အဓိပတိလမ်းပေါ်မှာ လျှောက်နေတဲ့ ကျောင်းသားသုံးလေးယောက်ပဲ ရှိတော့တယ်။ သစ်ပင်ကြီးတွေက ငြိမ်လို့…ဥဩကလေးတွေက အော်လို့…ပရစ်တွေကလည်း ဆူလို့…။ သစ်ပင်ဝါးပင်ကြီးတွေနဲ့ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ကျောင်းကြီးထဲမှာ ကျွန်တော်တစ်ယောက်တည်း ထိုင်ငေးနေမိတယ်။

ဒီအချိန်ဆို မြကျွန်းသာ ကဖီးမှာလည်း ကျွန်တော့် သူငယ်ချင်းတွေရှိတော့မှာ မဟုတ်ပါဘူး။ ကျွန်တော်မပါဘဲ အနုပညာအကြောင်းတွေ ဝတ္ထုတွေကဗျာတွေ အကြောင်းပြောပြီးပြန်သွားလောက်ပါပြီ။ ညနေလေးနာရီကျော်ပြီဆိုတော့ ဘတ်(စ်)ကားတွေကလည်း ကျပ်တော့မှာ ကျိန်းသေပါပဲ။ ကျွန်တော့်ဘဝမှာ မိန်းကလေးတွေနဲ့ ပတ်သက်ရင် တစ်ခုမဟုတ်တစ်ခုတော့ အမြဲဆုံးရှုံးနေတာပါပဲ။ ကျွန်တော် မိန်းကလေးတွေကို စိတ်လည်းမနာနိုင်တော့ပါဘူး။ စိတ်ဓာတ်တော့ တော်တော့်ကိုကျနေတယ် ကိုယ့်ဆရာရယ်။

Practical မပြီးလို့ မပြောခံရတော့လည်း ကျွန်တော်ပဲ။ ပြီးအောင်လုပ်ရတော့လည်း ကျွန်တော်ပဲ။ ဟိုမိန်းကလေးကို ချစ်ရမလို၊ ဒီမိန်းကလေးကို ချစ်ရမလိုနဲ့နောက်ဆုံးကျ ခံလိုက်ရရင်လည်း ကျွန်တော်ချည်းပဲ။ စိတ်ဓါတ်ကျကျနဲ့ လျှောက်ကြည့်တော့ လိုင်ဗရီနံဘေးက ရေတမာပင်အောက်မှာ သရက်သီးစိတ်တို့၊ ငွေးသီးစိတ်တို့ကို ငရုတ်သီးနဲ့ နယ်ထားတာကို ရောင်းနေတဲ့ ဆယ့်နှစ်နှစ်အရွယ် ကောင်မလေး ငုတ်တုတ်ထိုင်နေတာကို တွေ့တယ်၊ သူ့အမေလို့ထင်ရတဲ့ မိန်းမကနဲဘေးက ရေခဲရေဆိုင်ကို သိမ်းရင်းနဲ့ သူ့သမီးကို ဆူနေတာခင်ဗျ။ ကောင်မလေး ဝတ်ထားတာကလည်း စုတ်စုတ် နုတ်နုတ်ကလေး

www.foreverspace.com.mm

တွေပါဗျာ။ ဂါဝန်ဆို ဘာအရောင်ဆိုတာကိုတောင် မသဲကွဲတော့ဘူး။

"ရေခဲရေ ရောင်းပါဆိုတော့လည်း ရှက်တယ်။ စီးကရက် လိုက်ရောင်းဆိုတော့လည်း အဆင်မပြေ၊ ဒီမှာ ထိုင်ရောင်းဆိုတော့လည်း ငုတ်တုတ်ထိုင်နေလို့ ဘယ်လောက်ဖိုး ရောင်းရလို့လဲ! ဟင်…ရှက် တော်မူရင် ထမင်းမစားနဲ့ပေါ့ သိလား…ထမင်းမစားနဲ့.."

ကလေးတစ်ယောက်ကို ခါးထစ်ခွင် ချီထားရင်း ရေခဲရေပုံး သိမ်းရင်း…ပြောရင်းပြောရင်းက ဒေါသထွက်လာဟန်တူပါရဲ့။ ဗန်းကလေးရှေ့မှာ ငုတ်တုတ်ထိုင်နေတဲ့ ကလေးမလေးရှေ့ ခွေ့ခနဲ ရောက်သွားပြီး ခေါင်းကို ဂေါက်ခနဲ ခေါက်တယ်။ ကလေးမလေး ကတော့ ဝမ်းနည်းကြေကွဲတဲ့ မျက်ဝန်းတွေနဲ့ အရှေ့လမ်းကိုပဲ ငေးနေ တယ်။ အခေါက်ခံလိုက်ရတဲ့အတွက် ဘာတုံ့ပြန်မှုမှမရှိဘူး။ သူ့ရင်ထဲ မှာတော့ ဝမ်းနည်းကြေကွဲနေဟန်တူပါတယ်။ သူ့အမေပေးတဲ့ အပြစ် ဟာလည်း သူ့အတွက် ရသင့်တဲ့အပြစ်လို့ ကလေးမလေးက ခံယူထား ဟန်တူပါတယ်။

လူခြေတိတ်နေပြီဖြစ်တဲ့ တက္ကသိုလ်ထဲမှာ ရှေ့က ဗန်းထဲက သရက်သီးနဲ့ ဝွေးသီးတွေဟာ ဘယ်လောက်ဖိုး ထပ်ရောင်းရဖို့ မျှော်လင့် စရာရှိမှာတဲ့လဲ။

ဒီလိုမျိုးတွေ့ရပြန်တော့လည်း မိန်းကလေးတွေကို ကျွန်တော် သနားမိ ကရုဏာသက်မိပြန်ရော၊ ကိုယ့်ဆရာရေ…။ ဒါနဲ့ပဲ ကျွန်တော် နံဘေးမှာချထားတဲ့ ကျောပိုးအိတ်ကလေးကို ကောက်ကိုင်ရင်း ငုတ်တုတ်ကလေးထိုင်နေတဲ့ ကလေးမရှေ့ လျှောက်လာခဲ့တယ်။

ကျွန်တော် ဗန်းရှေ့ရောက်တော့ ကလေးမလေးက ချထားတဲ့ ဓွန်းကလေးကို ကောက်ကိုင်ရင်း ဗန်းထဲက သရက်သီးစိတ်တွေအပေါ်

www.foreverspace.com.mm

ကို အရည်ကလေးဆမ်းရင်း ကျွန်တော့်ကို မျှော်လင့်ချက်နဲ့ကြည့်တယ်။

"ဘယ်လိုရောင်းလဲ"

"တစ်ထုပ်ကို တစ်ဆယ်"

"နှစ်ထုပ်ပေးဟာ..."

ကလေးမလေးပျော်ပြီး ကြွပ်ကြွပ်အိတ်ကလေးထဲကို သရက်သီးစိတ်တွေထည့်တယ်။ ကျွန်တော့်မှာသာ ပိုက်ဆံ ငါးရာလောက်ရှိရင် တစ်ဗန်းလုံးဝယ်ပါတယ်ဗျာ။ တကယ့်ကို ဘုရားစူးပြောတာပါ။ ကျွန်တော့်မှာက ပိုက်ဆံ သုံးဆယ့်ရှစ်ကျပ်ပဲ ရှိတော့လို့ပါ။

"ဒီမှာအဒေါ် ကျွန်တော် ကလေးမကို သနားလို့ ဝယ်တာသိလား။ သူ့ကို ဆက်မရိုက်နဲ့တော့ ဟုတ်ပြီလား..."

"အမလေး...သူ့များ သနားမနေနဲ့။ ဘယ်နေရာမှ အသုံးကျတဲ့ဟာမ မဟုတ်ဘူး။ ရှက်တယ် ရှက်တယ်နဲ့ချည်းပဲ။ ဒါရောင်းရမှ ထမင်းစားရတာကို ဈေးရောင်းတာ ရှက်တယ်ဆိုတော့ မပြောချင်တော့ဘူး..."

"အပျိုအရွယ်လေးဆိုတော့ ရှက်မှာပေါ့ဗျာ...ဆူနေမယ့်အစား နားလည်အောင်ပြောပြပေါ့ ... ဒီအရွယ်ကတော့ ဒီလိုပဲပေါ့"

ပြောပြီး ကျွန်တော်လည်း လှည့်ထွက်လာခဲ့တယ်။ ကျွန်တော်ကျောပိုးအိတ်ကလေးလွယ်၊ အချဉ်ထုပ်ကလေး တရမ်းရမ်းနဲ့ မာလာထိပ်ကို ဂျပ်ဆင်လမ်းကနေ ထွက်လာခဲ့တယ်။ ကျွန်တော့်လက်ထဲက သရက်သီးစိတ်ကို စားချင်စိတ်မရှိပါဘူး။ ကြိုက်လည်း မကြိုက်ပါဘူး။ ကလေးမလေးကို ကူညီတဲ့သဘောနဲ့သာ ဝယ်လာခဲ့တာ။ လွှင့်ပစ်လိုက်ဖို့ကျတော့လည်း ဘာရယ်မှန်းမသိဘူး။ အားနာနေ

www.foreverspace.com.mm

မိတယ်။ သူတို့ကို စော်ကားသလိုဖြစ်နေတယ်လို့ ကျွန်တော်စိတ်က ထင်နေတယ်။ အိမ်ကို ယူသွားရအောင်လည်း သရက်သီးစိတ်ဆိုတာမျိုးက ဝယ်လာလေ့လာထရှိတဲ့ စားစရာမျိုးမှ မဟုတ်တာ။ ဒါနဲ့ပဲ ဘာလုပ်ရမှန်းမသိဘဲ ဆွဲလာခဲ့တာ။ ကျောပိုးအိတ်ထဲထည့်ရင်လည်း ဘတ်(စ်)ကားစီးရမှာဆိုတော့ အထဲမှာ ကျွမ်းထိုးမှောက်ခုံဖြစ်ပြီး စာအုပ်တွေ စွန်းသွားရင် ပြဿနာ…။

ကိုယ့်ဆရာရေ…တတိယနှစ်ကို လွယ်အိတ် မလွယ်ချင်လို့ ကျောပိုးအိတ်နဲ့စခဲ့ရတာ။ ကျောပိုးအိတ်က လွယ်အိတ်လောက် ကျွန်တော့်အတွက် အဆင်မပြေလှဘူးဗျာ။ ပခုံးထက်မှာ လွယ်ထားရင် သူ့လှုပ်ရှားမှုက လွယ်အိတ်လို မညက်လေတော့ ပြုတ်ကျမလိုဖြစ်တိုင်း ခဏခဏ ပင့်တင်ရတာရယ်။ တစ်ခုခုလိုချင်ရင် ဘေးချ…ပိတ်ထားတဲ့ ဇစ်ဖြုတ်ရဘာရနဲ့ အလုပ်ရှုပ်တာရယ် ကျောင်းလခသွင်းစရာ ဘာညာ ပိုက်ဆံကလေး နည်းနည်းပါးပါးပါတဲ့အခါ သူ့ထဲထည့်ထားရင် သူက နောက်ဘက်ရောက်နေတတ်တော့ ခါးပိုက်နှိုက်တို့ ဘာတို့ကို စိတ်ပူရ စိတ်မချရတာရယ်နဲ့…မစွံပါဘူးဗျာ။

နောက်ဆုံးအဆင်မပြေတာကတော့ ဒီကျောပိုးအိတ်ကို သတိထားမိတိုင်း ကျွန်တော် ရှက်ရတာကိုပါပဲ။ လက်ထဲမှာ ပိုက်ဆံ တစ်ရာတစ်ရာ့ငါးဆယ်ရှိပေမယ့်လည်း ကျွန်တော်သွားပြီး အဲဒီစတိုးကို အကြွေးရစ်ဆယ်မပေးမိဘူး။ သွားရမှာကိုရှက်ပြီး ဝန်လေးနေလို့ပါ။ ဒီလို ဝန်လေးမှု ရှက်စရာကောင်းမှုမျိုးကို ကိုယ့်ဆရာလည်း ကြုံဖူးမှာပေါ့။

ကျောင်းထဲမှာသာ ကျောင်းသားမရှိတော့တာ မာလာမှတ်တိုင်မှာတော့ ကျောင်းသားတွေ ကားစောင့်နေတာ ပုံနေတာပဲ။ လာတဲ့

www.foreverspace.com.mm

ဘတ်(စ်)ကားတွေအားလုံးလည်း လူအပြည့် အသိပ်ချည်းပဲ။ ကားတွေက မှတ်တိုင်ကျော်ရင်၊ ကျောင်းသားတွေက ပြေးလိုက်၊ လုပြီး အတင်းတက်၊ ကမ္ဘာပျက်တဲ့ အတိုင်းပါပဲ။ ကျွန်တော်ကတော့ ခပ်အေးအေး ကောင်ပါ။ အိမ်ကို အတင်းပြန်ချင်တဲ့စိတ်မျိုး ကျွန်တော့်မှာ မရှိဘူး။ အိမ်မှာ အရေးတကြီးလုပ်စရာလည်း ဘာမှမရှိဘူးလေ။ သရက်သီးထုပ်ကလေးကိုကိုင်ပြီး မှတ်တိုင်ရှေ့မှာ ရပ်နေမိတယ်။

ခဏရပ်မိပြီးတော့မှ မှတ်တိုင်ထဲက ကျောင်းသားထိုင်ခုံကလေးတွေမှာထိုင်နေတဲ့ ကျောင်းသူနှစ်ယောက်က ကျွန်တော့်ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေတာ သတိထားမိတယ်။ ကျွန်တော်ကလည်း ဘာလဲပေါ့လေ…။

"သရက်သီး ဘယ်က ဝယ်လာတာလဲဟင်"

"ဩော်…ကျောင်းထဲက ဝယ်တာပါ"

ကျွန်တော်ဖြေသံဆုံးတော့ မေးတဲ့ကောင်မလေးက "ကျောင်းထဲကတဲ့ဟ" ကျန်တဲ့တစ်ယောက်ကို တိုးတိုးပြောတယ်။ ဒီတော့မှ ကျွန်တော်လည်း သဘောပေါက်ပြီးတော့ ဝမ်းသာသွားတယ်။

"စားချင်လို့လားဟင်…စားပါလား"

"ဟာ…မဟုတ်ပါဘူး။ ဝယ်ပဲ စားချင်တာပါ။ လူများဝယ်ထားတာတော့ မစားချင်ပါဘူး"

"မဟုတ်ဘူးဗျ၊ ဟို…ကျွန်တော်ကလည်း ဘာရယ်မဟုတ်ပါဘူး။ အလကားဝယ်လာတာ စားချင်ရင် ယူလိုက်ပါ… ရတယ်ရော့…"

ကျန်တဲ့ ကောင်မလေးက တည်သွားတယ်။ ကျွန်တော့် စကားက ကျွန်တော့်အတွက်သာမှန်တာ။ သူတို့အတွက်ကျတော့ သဘာဝ

www.foreverspace.com.mm

မကျသလိုကြီးဖြစ်နေမှာပဲ။ စားစရာတစ်ခုကို ဘာရယ်မဟုတ်ဘဲနဲ့ ဝယ်တယ်ဆိုတာ ရှိမှမရှိတာကိုး။

"နင့်ကို ငါအစကတည်းက ပြောသားပဲ။ သွားမမေးပါနဲ့ ဆို၊ တွေ့လား။ ဟိုက အတင်းပေးနေပြီ။ ပြီးရင် ဘာညာပြောပြီး ဝင်လုံးတော့မယ်။ လူတွေက ဒီလိုချည်းပဲ။ အစားအသောက်နဲ့တွေ့ရင် နင်က ဣန္ဒြေကိုမရဘူး..."

သူ့ရဲ့ ခပ်တိုးတိုးမကြေနပ်တဲ့ပုံစံနဲ့ စကားကိုကြားတော့ ကျွန်တော် ဒေါသလည်းဖြစ်သွားတယ်။ ရှက်လည်း ရှက်သွားတယ်။ ဘယ်လိုရှင်းပြရမှန်းလည်း မသိတော့ဘူး။ ကျွန်တော်ကတော့ ကျွန်တော့်အတွက် အသုံးမလိုတော့တဲ့ပစ္စည်းဟာ သူတစ်ပါးအတွက် အသုံးဝင်နေမှန်းသလိုက်ရလို့ ဝမ်းသာအားရနဲ့ ပေးမိတာပါ။ မိန်းကလေးတွေဟာ တော်တော် စိတ်ပျက်ဖို့ ကောင်းတယ်ဗျာ...။

ကျွန်တော့်ကိုလာမေးတဲ့ ကောင်မလေးလည်း ဣန္ဒြေပြန်ဆည်ပြီး ကျွန်တော့်ကို ဂရုမစိုက်တော့တဲ့ ပုံစံနဲ့ပြန်နေတယ်။ ထပ်အရောဝင်ရင် ကျွန်တော် ဒီထက်ကမ်းတက်လာမှာ စိုးရိမ်တဲ့ ပုံစံမျိုးနဲ့။ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုခံစားရမှန်းကို မသိပါဘူးဗျာ။ သူတို့အနားမှာ ရပ်နေရတာကို ကျွန်တော်ရှက်လာတယ်။ ဒါနဲ့ ကျွန်တော်လည်း မသိမသာတခြားဘက်ကို ရွှေ့လာခဲ့တယ်။ လက်ထဲက သရက်သီးထုပ်ကို လွှင့်ပစ်ချင်ပေမယ့် စားချင်နေတဲ့သူတို့ကို စော်ကားသလိုလည်း မဖြစ်ချင်ဘူးလေ။ ကျွန်တော် စေတနာနဲ့ ဝယ်ခဲ့တဲ့ သရက်သီးထုပ်ဟာ ကျွန်တော့်ကိုကျတော့ ကောင်းကျိုးပြန်မပေးပါဘူး။

ကျွန်တော် သက်ပြင်းချရင်း ရှေ့ကိုငေးတော့ ကျွန်တော့်ရှေ့မှာ ရပ်နေတဲ့ ကျောင်းသူကောင်မလေးတစ်ယောက်ကို ကျောင်းသား

www.foreverspace.com.mm

ကောင်လေးတစ်ယောက်က အတင်းကပ်ပြီး စကားပြောဖို့ ကြိုးစားနေတယ်။ ကျောင်းသားက အနားကပ်ပြီး တစ်ခွန်းနှစ်ခွန်း ခပ်တိုးတိုး ပြောလိုက်၊ ကောင်မလေးက နည်းနည်းခွာလိုက်နဲ့ ဖြစ်နေကြတာ။ လူတွေများနေတဲ့ မှတ်တိုင်မှာမို့ ကောင်မလေးက ပြန်အော်တာတွေ ဘာတွေမလုပ်ဘဲ သူ့အဖြစ်ကို လူမသိအောင် သူ့အရှက်မကွဲရအောင် အသံတိတ်ဖြေရှင်းနေတာပါ။

ကောင်မလေးနည်းနည်းရွှေ့သွားရင် ကောင်လေးက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး… ခဏနား… နောက်ထပ်ကပ်။ ကောင်မလေးက ထပ်ရွှေ့နဲ့လုပ်ရင်းက ကျွန်တော်နဲ့ မျက်စောင်းထိုးကိုရောက်လာလို့ လှမ်းကြည့်တော့ ကောင်မလေးမျက်နှာက တော်တော်စိတ်ရှုပ်နေပုံရတယ်။ ရှက်နေတာ…ဒေါသဖြစ်နေတာလည်း နည်းနည်းပါးပါး တွေ့ရတယ်။ ကျွန်တော်ငေးရင်းနဲ့မှ…ကောင်မလေးကို သိနေတယ်လို့ ခံစားရတယ်။ ဟုတ်တယ်။ ကျွန်တော် သူ့ကို ရင်းရင်းနှီးနှီးကို သိဖူးတာ…။

ဗိုလ်တထောင်တုန်းကတွေ့ရတဲ့ သူငယ်ချင်းလား။ ဒါမှမဟုတ် ကျွန်တော်နဲ့ ပတ်သက်ခဲ့ဖူးတဲ့ မိန်းကလေးတွေရဲ့ သူငယ်ချင်းလား…။ ဒါမှမဟုတ်သေးရင် ရန်ကုန်တက္ကသိုလ်ရောက်မှခင်တဲ့ သူငယ်ချင်းလား။ ကျွန်တော့်စိတ်ထဲမှာ လုံးဝမပေါ်ဘူး။ ဒါပေမဲ့ သူ့ကို ရင်းရင်းနှီးနှီးကို သိနေတယ်ဆိုတာလည်း ကျွန်တော့်ခံစားမှုက သေချာနေတယ်။ အဲဒီလို စိတ်ညစ်နေတဲ့ သူ့မျက်နှာကို ကျွန်တော် ကောင်းကောင်းကို ရင်းနှီးဖူးတယ်။

သိချင်လို့ အတင်းဖိစဉ်းစားလေ…အသိဉာဏ်ထဲမှာ ဘာတစ်ခုမှမပေါ်လေ မကျေမနပ်ဖြစ်ရလေပါပဲ။

www.foreverspace.com.mm

"လူတွေကြားထဲမှာနော်…ဘယ်လိုဖြစ်နေတာလဲ မသိဘူး"

ကောင်မလေးရဲ့ စကားကြောင့် ကောင်လေး နည်းနည်းတော့ တန့်သွားတယ်။ ကျွန်တော်လည်း စဉ်းစားလို့မရတာကို အတင်း ဖိစဉ်းစားရင်း ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လာတယ်။ နောက်တော့မှ သတိရပြီး စဉ်းစားနေတာကို ရပ်လိုက်ရတယ်။ ဩော်…လူများကိစ္စ ကို မင်းနဲ့ဘာဆိုင်လို့ ဝင်အပင်ပန်းခံနေရတာလဲ ရဲဝင်းရယ်။ မိန်းကလေးတွေနဲ့ ပတ်သက်ရင် မင်းဘယ်နှခါ ကောင်းကျိုးခံစားခဲ့ရ ဖူးလို့လဲပေါ့။

စိတ်ကိုလျှော့ပြီး ကျောပိုးအိတ်ကြီးကို ပြန်ဆွဲတင်တော့မှ ဖျပ်ခနဲ သတိရတယ်။

ဟုတ်တယ်…သူ…

သူမှ သူအစစ်…

လုံးဝသေချာတယ်…

ကျွန်တော် ကျောပိုးအိတ်ဝယ်တုန်းက Store ဆိုင်က ကျွန်တော့် ကို ဈေးရောင်းတဲ့ ကောင်မလေး။

အသိစိတ်ထဲမှာ စဉ်းစားလို့ရသွားတော့ ကျွန်တော် တော်တော် ဝမ်းသာသွားတယ်။ ခုနက ခက်ခက်ခဲခဲ ဇဝေဇဝါ စဉ်းစားနေရတာ မှန်သွားလို့ ဝမ်းသာလို့ပြီးတာနဲ့ ကျွန်တော် ချက်ချင်းလန့်သွားတယ်။ သူက ငါ့ကိုမှတ်မိရင် ဘယ်လိုလုပ်မလဲ။ ငါမှာ သူ့ကို ပေးစရာ ပိုက်ဆံ ရှစ်ဆယ်ကလည်း မရှိနဲ့။

ကျွန်တော် လန့်ဖြန့်ပြီး နောက်ကို လေးငါးလှမ်းဆုတ်… လူတစ်ယောက်နဲ့ သူ့ကို ကွယ်ထားရတယ်။ ကောင်မလေးပုံစံက ဘေးကလူအတွက် တော်တော်ကလေး အခက်အခဲတွေ့နေပုံရတယ်။

www.foreverspace.com.mm

သူ့မှာ အဖော်တွေဘာတွေလည်း မပါဘူးဆိုတော့ တစ်ယောက်တည်း ပေခဲ့နေရတာပေါ့လေ။ ကျွန်တော် သူ့ကို ကူညီမလား။ ဒီနေရာကနေ မသိအောင် လစ်ထွက်သွားရမလား။ သူဟာ ကျောင်းသူတစ်ယောက် ဆိုတာတော့ သေချာပြီ။ ပိုက်ဆံရှစ်ဆယ်ရတဲ့နေ့ကျမှ သူ့ကို ကျောင်း အနှံ့လိုက်ရှာပြီး ပေးရင်လည်း ရတာပဲလို့ ဆုံးဖြတ်ပြီး ကျွန်တော် လစ်ဖို့ကြံတယ်။

ဒါပေမဲ့ ကိုယ့်ဆရာရေ··· ဖတ်ထားတဲ့ စာတွေက တော်တော့် ကို ဒုက္ခပေးတယ်ဗျာ။ Camus ရဲ့ Outsider ထဲက "မားဆိုး" ဆိုရင်တော့ ဒါသူနဲ့ ဘာမှမဆိုင်ဘူးဆိုပြီး ပေကြည့်နေမှာပဲ။ ဒါပေမဲ့ Camus ရဲ့ The Plague(ပလိပ်)ထဲကပဲ "ဒေါက်တာ ဘားနာ့ဒ်ရေး" ဆိုရင်တော့ ကျိန်းသေတယ်။ ကူညီမှာပဲ။ သစ္စာနီရဲ့ ပန်းပွင့်နဲ့လူထဲက "မင်းဝေ"ဆိုရင်တော့ ပခုံးတစ်ချက်တွန့်ပြီး လှည့်ထွက်သွားမှာ သေချာတယ်။ စစ်နဲ့ ငြိမ်းချမ်းရေးထဲက "ပီယာ"ဆိုရင်တော့ သူ့ရဲ့ သိုးမွေးဝတ်ရုံကြီးကို ကောင်မလေးပခုံးပေါ် ခြုံပေးပြီး မြင်းလှည်း ကြီးပေါ် တင်ခေါ်သွားမှာပဲ။ လေရူးသုန်သုန်ထဲက "ရက်ဘတ် တလာ" ဆိုရင်တော့ နှုတ်ခမ်းမွေးစစနဲ့ မထီတထီပြုံးပြီး ကောင်မလေး က ဘာဆက်လုပ်မလဲလို့ ကြည့်နေလိမ့်မယ်။ အဲဒါတွေအားလုံးကို တစ်မျိုးစီ သဘောကျ အားကျခဲ့ရတဲ့ 'ရဲဝင်း'ကတော့ ဘာလုပ်ရမှန်းကို မသိဘူး။ အချဉ်ထုပ်ကလေးကိုင်ပြီး ငိုင်နေမိတယ်။

ကျွန်တော်ဟာ အိတ်ဇစ် စတင်ရှယ်လစ်ဇင်းသမားလား မော်ဒန်ကောင်လား···ဟီးရိုးသမားလား···ရီရယ်လစ်ဇင်းလား···။

အမှန်တော့ ကျွန်တော်က ဘာကောင်မှ ဟုတ်ဟန်မတူဘူး။ သူ့ကျေးဇူးရှိခဲ့ဖူးတာကို သိတတ်ရမယ်။ သူကူညီသလို ကိုယ့်အလှည့်

www.foreverspace.com.mm

မှာလည်း ပြန်ကူညီသင့်တယ်··ဆိုတဲ့ လူတိုင်းသိတဲ့ ဆောင်ပုဒ်လောက်နဲ့ကောင်းပါ။ ကျွန်တော် ကောင်မလေး အနားကို အချဉ်ထုပ်ကလေး (သရက်သီးထုပ်)ကိုင်ပြီး ရောက်သွားတယ်။

သုံးမိနစ်လောက် စကားမပြောနိုင်ဘူး။ လည်ချောင်းတွေထဲမှာ ဘာကြီးမှန်းမသိဘူးဆို့နေလို့···ကိုယ့်ဆရာရေ··။

"သ··သရက်သီး···စား···မ····လား···!!"

အထစ်အထစ်အငေါ့ငေါ့နဲ့ပြောရင်း ကျွန်တော် သရက်သီးထုပ်ကလေးကို မြှောက်ပြတော့ ကောင်မလေးက အလန့်တကြားလှည့်ကြည့်တယ်။ သူ့မျက်ဝန်းထဲမှာ ကျွန်တော့်ကို မှတ်မိတဲ့ အရိပ်အယောင် တစ်စက်ကလေးကိုမှမရှိဘူး ခင်ဗျ။ သူ့အကြည့်ကြောင့် ကျွန်တော် မှတ်မိအောင် ထပ်ပြုံးပြရင်း···

"သရက်သီးလေ···သူ့အတွက် ဝယ်လာတာ စားမယ်မဟုတ်လား···"

ကောင်မလေးရဲ့ မျက်နှာက ပိုပြီး မှုန်ကုတ်သွားတယ်။

"ဘာတွေဖြစ်နေတာလဲ မသိဘူး ဒုက္ခပါပဲ···"

လို့လည်း မကျေမနပ်နဲ့ ညည်းတယ်။ ကျွန်တော့်စိတ်ကူးက သူ့ကို လက်ထဲမှာရှိတဲ့ သရက်သီးစိတ်ကို စားမလားမေး၊ သူက ကျွန်တော့်ကိုမှတ်မိ၊ စကားရော ဖောရောလုပ်···သူနဲ့ စကားပြောနေရင် နံဘေးကကောင် ဘာမှလုပ်လို့မရတော့ဘူးလို့ စိတ်ကူးတာပါ။ အခုခက်တာက သူက ကျွန်တော့်ကို မမှတ်မိဘူးဖြစ်နေတာပဲ။

"သရက်သီးစိတ်စားမယ်ဆို···စားလေ···ရော့···"

ကောင်မလေးမျက်နှာ ကြောက်စရာကောင်းလောက်အောင် မာထန်သွားတယ်။ ဟိုဘက်က သကောင့်သားကလည်း သတ္တိရှိရှိ

www.foreverspace.com.mm

ဝင်လုံးရဲ့တဲ့ ကျွန်တော့်ကို ကောင်မလေးကို ကျော်ပြီး လှမ်းငေးတယ်။ သူ့မျက်နှာမှာ အံ့သြနေပုံက အထင်းသားပဲ။ ကျွန်တော်ကလည်း သိတဲ့အတိုင်းပဲ ကိုယ့်ဆရာရေ။ ကိုယ့်ဘက်က ကူညီစိတ်အပြည့်နဲ့မို့သာ ဒီလိုဝင်ရဲတာ မဟုတ်ရင်တော့ အနားတောင် သီရဲမယ့်ကောင် မဟုတ်ဘူး။

ကောင်မလေးရဲ့ အခြေအနေက ပိုဆိုးသွားတာကို ကျွန်တော် မရိပ်မိဘူး။ အစတုန်းက သူ့မှာ ရွှေ့စရာရှောင်စရာ တစ်ဖက်ရှိသေးတယ်။ အခု အဲဒီဘက်ကို ကျွန်တော်က ပိတ်လိုက်တော့ ကျားလိုက်လို့ သစ်ပင်ပေါ်တက်ပြေးပါတယ်။ မြွေနဲ့တိုးသလို ဖြစ်နေတာပေါ့။ မျက်နှာပျက်ပျက်နဲ့ ကောင်မလေး နောက်တစ်လှမ်းဆုတ်တော့မှ ကျွန်တော် သတိထားမိသွားတာ...။ အဓိကပြဿနာက သူ ကျွန်တော့်ကို မမှတ်မိတာပဲ။ ဒါနဲ့ ကျွန်တော်လည်း ထပ်ပြီးကြိုးစားရတယ်။

"Store ဆိုင်ကို မသွားတော့ဘူးလားဟင်"

"မစားဘူးဟဲ့..မစားဘူး...လူလယ်ကောင်မှာ အရှက်မရှိ လာကျွေးနေရအောင် နင်က ဘာကောင်မို့လို့လဲ...ဒီမှာ ငါ့လက်ဝါးက ပါးမရွေးဘူးနော်။ နင်တို့လို ကောင်မျိုးတွေကို လုံးဝ ဂရုမစိုက်ဘူး သိလား...ကဲ...ကဲဟယ်...ကျွေးချင်ဦး..ကျွေးချင်ဦး..."

အဖြစ်အပျက်က မြန်လွန်းပါတယ်ဗျာ။

ကောင်မလေးက ကျွန်တော့်လက်ထဲမှာ ကိုင်ထားတဲ့ သရက်သီးထုပ်ကို ဒေါသတကြီးလက်နဲ့ ပုတ်ထုတ်ပစ်လိုက်တယ်။ သရက်သီးထုပ်က ခုနက ကျွန်တော့်ကိုမေးတဲ့ မှတ်တိုင်ထဲက ကောင်မလေးတွေရဲ့ရှေ့ကို ကစဉ့်ကလျား ဖုတ်ခနဲ ပြုတ်ကျတယ်။

www.foreverspace.com.mm

လွယ်အိတ်ကို ခပ်တင်းတင်းဆုပ်ပြီး ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ထားတဲ့ ကောင်မလေးရဲ့မျက်နှာက ဒေါသထွက်နေတဲ့ ဝက်ဝံတစ်ကောင်နဲ့တူတယ်။ လူတွေဝိုင်းအုံလာပြီး တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြတယ်။ ကျွန်တော်ကတော့ ဘာဖြစ်လို့ဖြစ်မှန်းတောင် မသိတော့ဘဲ ခြေတွေလက်တွေ တဆတ်ဆတ်တုန်ရင်နေခဲ့တယ်။

"ဘာဖြစ်တာလဲဟင် ဘာဖြစ်ကြတာလဲ"

"ဟား...ပွဲကြီးပွဲကောင်းပဲဟ.."

"ကွိုင်တွေ ပူကုန်ပြီဟေ့"

"ဟဲ့ ဘာဖြစ်ကြတာလဲ"

ခပ်ထန်ထန်အသံနဲ့ ဆရာမတစ်ယောက် အုံနေတဲ့ လူကြားထဲက တိုးထွက်လာရင်းမေးတယ်။

"သမီးကို သရက်သီးစိတ်တွေ အတင်းလာကျွေးနေတယ် ဆရာမ..သမီးဘယ်လိုမှ ပြောလို့ဆိုလို့လည်း မရဘူး"

"သရက်သီးစိတ်ကျွေးတာ..."

ဆရာမလည်း ကြောင်သွားပုံရသည်။ လက်ဆွဲတာ... စာပေးတာ...စော်ကားတာ စသည်ဖြင့် တစ်ခုမှမဟုတ်ဘဲ သရက်သီးစိတ်ကျွေးတာဆိုတော့ အုံကြည့်နေတဲ့ လူတွေလည်း နားမလည်ဖြစ်ကုန်ကြဟန်တူပါတယ်။

"ဟုတ်တယ်...ဆရာမ သရက်သီးစိတ်တွေ အတင်းကျွေးတာ..."

"အင်း...သရက်သီးစိတ်ကျွေးတာပဲ...သမီးရယ်... ဘာများဖြစ်တာလဲလို့"

"မဟုတ်ဘူး ဆရာမ..သမီးနဲ့ သူနဲ့က လုံးဝသိတာမဟုတ်ဘူး"

www.foreverspace.com.mm

ကောင်မလေး စကားဆုံးတော့ ဆရာမက ကျွန်တော့်ဘက်ကို အူတူတူနဲ့လှည့်လာတယ်။ ကျောင်းသားတွေကလည်း ကားရပ်တာတောင်မှ ကားပေါ်မတက်ကြတော့ဘူး။ ကျွန်တော်တို့ကိစ္စကို တော်တော်စိတ်ဝင်စားပြီး ဘာလဲဆိုတာကို သိချင်နေကြတယ်။ ကောင်မလေးဘေးနားမှာ ခုနကရှိနေတဲ့ ဟိုငနဲကတော့ ဘယ်ရောက်သွားမှန်းတောင် မသိဘူး။ ဒီအတွက် ကျွန်တော် ရည်ရွယ်ချက်အောင်မြင်တယ်လို့ ပြောလို့တော့ရပါတယ်။

ဒါပေမဲ့ . . .

“မင်းနဲ့ သူနဲ့လည်း မသိဘဲနဲ့ မင်းက ဘာကိစ္စ . . . သရက်သီး စိတ်သွားကျွေးရတာလဲ . . .”

“ဆရာမ . . . ဟို . . . ကျွန်တော်က စေတနာနဲ့ပါ . . .”

“စေတနာနဲ့ဟုတ်လား”

ကိုယ့်ဆရာရေ . . . စေတနာဆိုတဲ့စကားက ဒီနေရာမှာ ကျွန်တော့်အတွက် တော်တော်ကို ပြောလို့ကောင်းတဲ့စကားပါ။ ဒါပေမဲ့ အားလုံးက အဲဒီစကားရဲ့အဓိပ္ပာယ်ကို နားလည်မလည်တော့ ကျွန်တော်လည်းမသိဘူး။ သူတို့နားလည်တာ နားမလည်တာ အပထား၊ ကျွန်တော့်မှာ ဒီစကားကလွဲပြီး ပြောစရာစကားလည်း မရှိပါဘူး။

“စေ . . တ . . နာ”

“ဘာ . . စေတ . . နာလဲ . . ပြော . . ပြော . .”

“ကဲ . . သမီးလူတွေလည်း အုံနေပြီ။ သမီးသွားတော့ ဟုတ်ပြီလား . . . ဒါ . . ဖြစ်ရိုးဖြစ်စဉ်ပါကွာ . . . ဒီလိုပါပဲ . . . ကဲ . . မင်းလည်း နောက်သမီးကို မနှောင့်ယှက်နဲ့တော့ . . ဟုတ်ပြီလား . . ကဲ . . အားလုံး သွားကြတော့ . . .”

www.foreverspace.com.mm

ဆရာမရဲ့စကားကြောင့် လူအုပ်စုကြီးကတော့ ပြုံသွားပါတယ်။ ကျွန်တော်ကတော့ အားလုံးကိုတအံ့တသြနဲ့ ကြောင်ငေးရပ်နေတုန်းပဲ။

"တွေ့လား··အဲဒီကောင် သရက်သီးတစ်ထုပ်နဲ့ လူရှုပ်လုပ်နေတာ မင်းကံကောင်းလို့···"

"အေးဟာ ငါလည်း ဘယ်သိပါ့မလဲ··တော်ပါသေးရဲ့··ငါက အရင်စမေးတာနော်··ဟယ်ဟိုမှာ···ကား··ကားဟ··ကား ရပ်နေပြီ"

ကားက နှစ်စီးလောက်အပြိုင်ရပ်တာပါ။ ကျွန်တော့်ကို သရက်သီးထုပ်စမေးတဲ့ကောင်မလေးတွေလည်း စကားဆက်မပြောဘဲ ပြေးကြရော။ ကျောင်းသားတွေ အားလုံး ကျွန်တော့်ကို ဂရုမထားတော့ဘဲ ဝေါခနဲ ကားဆီပြေးသွားကြတယ်။ ဆင်း··တွန်း···တိုက်··အော်သံ ခေါ်သံတွေ။ ကျွန်တော် ကြောင်ငေးပြီး ရပ်နေဆဲ··။ မျက်စိတစ်မှိတ်အတွင်းမှာပဲ အုံနေတဲ့ကျောင်းသား တော်တော်များများ ရှင်းသွားတယ်။

ကားမရလိုက်လို့ မှတ်တိုင်မှာကျန်ခဲ့တဲ့ ကျောင်းသားကျောင်းသူတွေက ကျွန်တော့်ကို ဝိုင်းငေးကြတယ်။ ဘဝမှာ တစ်ခါမှ အဲဒီလောက်လူတွေဝိုင်းကြည့်တာ မခံခဲ့ရဖူးဘူး။ ဒါပေမဲ့ ဝိုင်းကြည့်ကြတဲ့ မျက်လုံးတွေက ကောင်းတဲ့မျက်လုံးတွေတော့ မဟုတ်ဘူး။ တချို့က စူးစမ်း၊ တချို့က နားမလည်···တချို့က ရွံ့ရှာ···။

အကြည့်နဲ့တင် သေတတ်ရင်···ကျွန်တော် အဲဒီမျက်လုံးတွေထဲမှာ သေလို့ရတယ်။

ဒါပေမဲ့··ကျွန်တော်မသေပါဘူး။ ကျောပိုးအိတ်ကလေးကို "ဆတ်ခနဲ"ပခုံးပေါ်လွယ်ပြီး အားလုံးသော မျက်လုံးများရှေ့ကနေ ထွက်လာခဲ့တယ်။ သတ္တိရှိရှိကို ကျွန်တော် ထွက်ခဲ့တာပါ။

www.foreverspace.com.mm

ကျွန်တော့်နောက်ကျောမှာ သူတို့လှမ်းကြည့်ကြတဲ့ အကြည့်များတွေ…စိုက်ဝင်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့် နှလုံးသားထဲမှာ သန့်စင်သော စေတနာတစ်ခုနဲ့ပါ။

ရိုးသားသူရဲ့ နှလုံးသားကို…မည်သို့သော နားမလည်နိုင်ခြင်းရဲ့ မြားတွေမှ မစိုက်ဘူး။

ရိုးသားသူရဲ့ နှလုံးသားကို နားမလည်နိုင်ခြင်းမြားဆိုတာ ထိလေ့ထိထ မရှိဘူးဆိုတာ ကျွန်တော်ယုံတယ်။ ကိုယ့်ဆရာရေ…။

○○

www.foreverspace.com.mm



"ငါတို့ Hi ထဲမှာ ရှိတယ်။ မင်းပြဿနာတက်နေတာလို့ ထင်ကိုမထင်တာ ရဲဝင်းရ..."

"ငါတို့ကို အေးကျော်ကတောင် ခါးပိုက်နှိုက်လား မသိဘူးလို့ ပြောသေးတယ်နော်..."

"ဒါ..ကဗျာတစ်ပိုဒ်ပဲကွ...ဒါဖြစ်သင့်တဲ့ ကိစ္စမှမဟုတ်တာ။ မင်းကို သူမှတ်မိသွားအောင် အရင်လုပ်သင့်တယ်။ ဇွတ်ကြီးကိုယ့် အတွေးနဲ့ကိုယ် စွတ်တင်တော့ ခံရတာတောင် နည်းသေးတယ်"

"ဒါတော့ ဘယ်ဟုတ်မလဲဟ၊ ရဲဝင်းက ကူညီတာပဲ။ ဟိုကောင်မလေးက နည်းနည်းတော့ ဂရုထားသင့်တာပေါ့။ နင်လုပ်တာမှန်တယ် ရဲဝင်း။ ငါဆိုရင်လည်း နင့်လိုပဲ ဆုံးဖြတ်မှာပဲ"

ဘေးဘေးက ပြောပြောဆိုဆိုနဲ့ ကျွန်တော့်ပခုံးကို စာအုပ်အလိပ်နဲ့ လှမ်းရိုက်တယ်။ နည်းနည်းနာသွားပေမယ့် "အဲဒါ နင်မှန်

www.foreverspace.com.mm

တယ်'' ဆိုတဲ့ အဓိပ္ပာယ်မို့ ဘေဘေးကို စိတ်မဆိုးပါဘူး။ ခေါင်းပဲငုံ့နေလိုက်တယ်။

''မင်း အဲဒီကောင်မလေးကိစ္စ…ဘာဆက် လုပ်မှာလဲ…''

အေးကျော်ရဲ့ စကားကြောင့် ကျွန်တော့်ရဲ့ ငုံ့နေတဲ့ ခေါင်းက မော့လာတယ်။ ကျွန်တော့်ရင်ထဲမှာ နပိုလီယံ စစ်ရှုံးတာထက် ဝမ်းနည်းနေတယ်။ ကျွန်တော်က စေတနာရှုံးတာကိုး။ စေတနာရှုံးခဲ့ရတဲ့အပြင် သူ့အပေါ်မှာပါ မရိုးသားသူ ဖြစ်ရသေးတာကို ကျွန်တော် မကျေနပ်တာ အမှန်ပဲ။

''ငါ…သူ့ကို စေတနာနဲ့ ကူညီဖို့လာတာ…သူ့ကို ဝင်လုံးတာ မဟုတ်ဘူးဆိုတာကိုတော့ ရှင်းချင်တယ်..''

''ဟုတ်တယ်…ဒါတော့ မင်းရှင်းကို ရှင်းသင့်တယ်…''

''သူ ဘယ်မေဂျာကလည်းဆိုတာ နင်သိလား ရဲဝင်း…''

''ဟင့်အင်း ငါမသိဘူး ဘေဘေး။ ငါသူ့ကို အတင်းလိုက်ရှာပြီးရှင်းမှာ မဟုတ်ပါဘူး။ ဒီလိုပဲ နောက်တစ်ကြိမ် ကျောင်းမှာတွေ့ရင် ရှင်းမှာကို ပြောတာပါ''

သူငယ်ချင်းတွေအားလုံးက ကျွန်တော်ပြောတာကို လက်ခံကြတယ်။ ဒီသူငယ်ချင်းတွေက ရန်ကုန်တက္ကသိုလ်ရောက်မှ ကျွန်တော်ရခဲ့တဲ့ သူငယ်ချင်းတွေပါ။ သူငယ်ချင်းတွေအားလုံး အနုအပညာကို တစ်မျိုးစီ ဝါသနာပါကြတယ်။ အေးကိုကိုက ဂစ်တာသမား သီချင်းတွေဘာတွေ ရေးတယ်။ မိုးမြင့်အောင်နဲ့ အေးကျော်က ဒီဇိုင်းသမား။ ဘေဘေးက စန္ဒရားကို စမတ်ကျကျ ပထမတန်းစားထဲက တီးတတ်တယ်။ ညိုညိုကတော့ အားလုံးအတွက် ဝေဖန်ရေးသမား။ ကျွန်တော်နဲ့ သန်းဇော်က ကဗျာဆရာပေါ့လေ။ အားလုံးတူညီတဲ့အချက်ကတော့

www.foreverspace.com.mm

စာဖတ်ဝါသနာပါကြတယ်။ ဆွေးနွေးကြတယ်။

အနယ်နယ်အရပ်ရပ်က သူငယ်ချင်းတွေကို တွေ့ဆုံရတော့ ကျွန်တော့်ရဲ့ အနုပညာမိုးကောင်းကင်ဟာ ကျယ်ပြန့်လာခဲ့တာ အမှန်ပဲ အဆောင်မှာ ညအိပ်ကြ…ဂစ်တာတီးကြ…သီချင်းရေးကြနဲ့။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကလည်း စာအုပ်တွေနဲ့ ပတ်သက်လို့ ကျွန်တော့်ကို တော်တော်အထောက်အကူပြုခဲ့ပါတယ်။ ရှားပါးတဲ့ စာအုပ်တွေ…ကျွန်တော်ဖတ်ချင်တဲ့ စာအုပ်တွေ ကျမ်းတွေ တော်တော်များများကို ဖတ်ခဲ့ရတယ်။ ကျွန်တော် ဝတ္ထုတိုတွေ တော်တော်လေး ရေးဖြစ်နေပါပြီ။ ပေးတော့ မပေးရသေးဘူး။ ကျွန်တော်ရေးတဲ့ ဝတ္ထုက ဝတ္ထုနဲ့ တော်တော်တူနေလို့ပါ။

"ဟဲ့··နင့်ကြီးဒေါ်ကြီးပဲ ဝတ္ထုရေးတာ ဝတ္ထုနဲ့မတူလို့ ဘာနဲ့တူရမှာလဲ ရဲဝင်းရဲ့…"

"မဟုတ်ဘူး ဘဘေးရ…ငါရေးတဲ့ ဝတ္ထုက တခြားလူတွေ ရေးတဲ့ဝတ္ထုတွေနဲ့ ဆင်နေတယ်။ ငါဖတ်ပြီး အရမ်းကြိုက်တဲ့ ဝတ္ထုတွေနဲ့ပေါ့ဟာ။ တချို့ ဝတ္ထုတွေကျတော့လည်း ဝတ္ထုနဲ့ကိုမတူဘူး။ ဘာနဲ့တူမှန်းလည်း ငါမသိဘူး…"

"နင့်ဟာကလည်းဟာ ရှုပ်နေတာပဲ။ စုတုပြုဆိုတာတော့ရှိမှာပေါ့ဟ…ငါလည်း စန္ဒရား စတီးတုန်းက ငါ့ဆရာ သင်ပေးထားတဲ့ လက်ရာနဲ့ကွက်တိပဲ တီးတတ်တာ။ နောက် ကျွမ်းကျင်သွားတော့မှ…လှမယ်ထင်တဲ့ နေရာကလေးတွေမှာ အတို့အဆိပ်ကလေးတွေ ထည့်တာပေါ့ဟ…အစပိုင်းတော့ ဒီလိုပဲပေါ့"

ဘဘေးအားပေးတာနဲ့ပဲ ကျွန်တော်လည်း ဝတ္ထုသုံးပုဒ် မဂ္ဂဇင်းတိုက်ကို ပို့လိုက်ပါတယ်။ မပါဘူး။ ကျွန်တော် စိတ်ဓာတ်မကျပါဘူး။

www.foreverspace.com.mm

တစ်သက်လုံးလုပ်ရမယ့်အလုပ်ကို အစပိုင်းလေး မအောင်မြင်ရုံနဲ့ စိတ်ဓာတ်ကျတယ်ဆိုတာ ဖြစ်မှမဖြစ်သင့်တာ…မဟုတ်ဘူးလား ကိုယ့်ဆရာရယ်…။

တစ်နေ့…ကျွန်တော်တို့ မြကျွန်းသာကဖီးမှာ လက်ဖက်ရည်သောက်ရင်း စကားပြောနေကြတုန်း ကျွန်တော် သူ့ကိုသွားတွေ့တယ်။ မုန့်ဟင်းခါးလား အသုပ်လားတော့ မသိဘူး။ တစ်ခုခုစားနေတာခင်ဗျ။ သေချာအောင် သူငယ်ချင်းတွေကို မပြောဘဲ အသာကြည့်တော့ ဟုတ်ပါတယ်။ သူမှ သူပါ။ သူ့ဘေးမှာ အဖော်လည်းမပါဘူး‥တစ်ယောက်တည်းရယ်…။

"ဘေဘေး‥ငါ သူ့ကို တွေ့ပြီဟ…ဟိုမှာ တစ်ယောက်တည်းထိုင်နေတဲ့ ကောင်မလေးကိုတွေ့လား။ အဲဒါ သူပဲ…"

"သူ‥ဘယ်က သူလဲ ရဲဝင်းရ‥ဂျာနယ်ကျော်မမလေးရဲ့ သူလား…"

"နင်ကလည်း မှတ်တိုင်မှာ သရက်သီးစိတ်ကျွေးတဲ့ ကောင်မလေးလေ…"

ကျွန်တော့်စကားကြောင့် သူငယ်ချင်းတွေအားလုံး တော်တော်စိတ်ဝင်စားသွားကြတယ်။ ကြိတ်ပြီး သုံးမိနစ်လောက်ဆွေးနွေးလိုက်တော့ နောက်ဆုံး အဖြေက ကျွန်တော့် ဘက်ကိုလှည့်လာတယ်။

"မင်း ဘာလုပ်မှာလဲ…ရဲဝင်း…"

"ငါ‥သူ့ကို ရှင်းပြချင်တယ်ကွာ"

"ဒီလိုလုပ် ရဲဝင်း…နင် အခုသွားရင်…သူက ကျောပိုးအိတ်ဝယ်တာမမှတ်မိဘဲ နင် သူ့ကို နှောင့်ယှက်တာပဲ သိမှာဆိုတော့ ပြဿနာတက်နိုင်တယ်။ ငါနဲ့ ညီညီ သွားရှင်းပြပြီးမှ ဒီကို ခေါ်လာခဲ့မယ်… ဟုတ်ပြီလား…"

www.foreverspace.com.mm

ဒီလိုကိစ္စမျိုးတွေမှာတော့ မိန်းကလေးတွေကို ကျွန်တော်တို့ ဘယ်တော့မှလိုက်မီမှာ မဟုတ်တော့ပါဘူးဗျာ။ အားလုံးက သဘောတူကြလို့ ဘေးဘေးနဲ့ညိုညိုက ထဖို့ပြင်တော့မှ ကျွန်တော် ကမန်းကတမ်း တားရတယ်။

"ဘေဘေး နေဦးဟ…နေဦး…ငါ့မှာ သူ့ကို ပျော်စရာ ပိုက်ဆံရှစ်ဆယ်မရှိဘူး။ ငါ့ကို ချေးဦး။ ဒါမှမဟုတ် မသွားရင် မသွားနဲ့ဦး၊ နောက်နေ့မှ…"

"နင်ဟာလေ‥သိလား‥ကျွတ်‥တစ်ခါတစ်လေ တော်တော် အူတယ်‥ဒါအရေးလားဟ‥တစ်ယောက်ယောက်ဆီက ယူထားလိုက် ကဲရော့‥ငါ့ဆီကပဲ ယူထားလိုက်တော့‥"

ဘေဘေးက သူ့ပိုက်ဆံ အိတ်ထဲက ထုတ်ပေးပြီး ထသွားတယ်။ ဘာကြောင့်မှန်းမသိဘူး။ ကျွန်တော် တော်တော်လေး တုန်လှုပ်နေမိတယ်ဗျာ။ ဘေဘေးတို့ ရှင်းပြတာကို သူယုံပါမလား…ဆိုတာကို ကြောက်နေတာခင်ဗျ။ ဘေဘေးတို့ ဝင်ထိုင်ပြီး‥စကားတွေ ပြောနေကြတော့ ကျွန်တော် Position ကို ရှစ်စက္ကန့်တစ်ခါလောက် ပြောင်းနေမိတယ်။ ဂနာမငြိမ်ဘူးပေါ့ဗျာ။ ဘေဘေးနဲ့ ညိုညိုကတော့ ရယ်လိုက်မောလိုက်…ဆံပင် ကလေးတွေခါလိုက်နဲ့…။ သူကလည်း လှမ်းလှမ်းကြည့်တယ်ခင်ဗျ။

ခဏကြာတော့ ဘေဘေးတို့ဝိုင်းက ထပြီး ကျွန်တော်တို့ဆီ ရောက်လာတယ်။ အံမယ် ဘေဘေးက သူ့လက်ကလေးတွေကို ဆုပ်လို့ ခင်ဗျ။ တကယ့်ကို ငယ်ပေါင်းကြီးဖော်တွေကျနေတာပဲ။ ခုံမှာလည်း ဝင်ထိုင်ရော။ ကျွန်တော် ဘာလုပ်ရမှန်းမသိတော့ဘဲ မီးညှိပြီးသား ဆေးပေါ့လိပ်ကို မီးထပ်ညှိပြီး ဖွာတာ။ ဆေးပေါ့လိပ်မှာ မီးတောက်ကြီး

www.foreverspace.com.mm

ဖြစ်သွားပါတဲ့ဗျို့။

"ဟဲ့…ရဲဝင်း…"

ဘဘေးက သတိပေးတာပါ။ ဆေးပေါ့လိပ်ငွေ့တွေ တထောင်းထောင်းထသွားလို့…သူက လက်ကိုင်ပဝါနဲ့ နှာခေါင်းကို အသာပိတ်တယ်။

"ရော့…ရှစ်ဆယ်…"

"ရှင်…"

"ဟာ ဒီကောင်တော့ ဂွပဲ"

"ရဲဝင်း‥ရဲဝင်း‥နင်ကလေ ပြောလည်းမကြိုက်ဘူး သိလား…။ ဒီလိုကြွေရာ‥သူ ကျောပိုးအိတ်ဝယ်တုန်းက ကျန်ခဲ့တဲ့ အကြွေးကို ပြန်ပေးနေတာ…"

"သြော်…ရပါတယ်။ အဲဒါက ပြီးသွားပြီပဲ…"

"မဟုတ်ပါဘူး…ယူပါ"

"မယူပါဘူး‥ရပါတယ်…ပိုက်ဆံက အရေးမကြီးပါဘူး"

"ကဲ…ဒီမှာ ရဲဝင်း၊ နင်သူ့ကို ဒီခေါ်တာ ဒီပိုက်ဆံ ရှစ်ဆယ်ပေးဖို့ပဲလား…"

ဘဘေးက ဒေါသတကြီး ဝင်ပြောတော့မှပဲ ကျွန်တော်မှားတာကိုသိပြီး ပိုမနေတတ် မထိုင်တတ်ဖြစ်သွားတယ်။

"ဟိုလေ‥ဟိုဟာက ဒီလိုပါ…အဲဒီနေ့က ကျွန်တော် သူ့ကို စော်ကားတာ သရက်သီးစိတ်ကျွေးပြီး ဝင်လုံးတာမဟုတ်ပါဘူး။ ဝင်ကူညီတာပါ"

ဘဘေး ပြောပြလို့ ကြွေသိပြီးပါပြီ။ အားနာလိုက်တာ တကယ်ပဲ။ ကြွေကလည်း စိတ်ညစ်နေတဲ့ အချိန်ဆိုတော့ ဘာမှမသိ

www.foreverspace.com.mm

တော့ဘူးလေ။ ပြီးတော့ ရှင့်ကို မမှတ်မိတာလည်း တကယ်ပဲ အခု တောင် ဘေဘေးရှင်းပြမှ ကျောပိုးအိတ်ကိစ္စကို ပြန်မှတ်မိတာ။ ကြွေ ကလည်း အဲဒီနေ့က အဲဒီ Store မှာ နောက်ဆုံးအလုပ်ဆင်းတဲ့နေ့ ပါ…ကျောင်းဖွင့်ပြီဆိုတော့ လုပ်လို့မရတော့ဘူးလေ…''

''ဒီကောင်မှားတာပါဗျာ‥အမှန်ဆို ဒီအခြေအနေမှာ ဒီပုံစံ နဲ့ ဝင်ကူညီဖို့…သူက ကိုယ့်ကို မှတ်မိသလားဆိုတာ အရင်လေ့လာ ရမှာ…''

''ကြွေကမမှတ်မိတာတော့ အမှန်ပဲ…အဖြစ်အပျက်ကိုပဲ မှတ်မိနေတာ…ဈေးရောင်းတဲ့လူဆိုတော့လေ…ဝယ်တဲ့လူတွေကို မှတ်မထားဘူး‥စတိုးဆိုတာကလည်း ကြုံတဲ့လူဝင်ဝယ်တာဆိုတော့ မမှတ်မိတတ်ဘူးပေါ့…''

''မှန်တာပေါ့ဗျာ…ဒီကောင်ကတော့ ပိုက်ဆံလိုခဲ့တဲ့ကောင် ဆိုတော့ ပိုသတိထားမိပြီး မှတ်မိနေမှာပေါ့…''

အဲဒီဝိုင်းမှာ စကားလုံးရေ အနည်းဆုံးပြောတာကတော့ ကျွန်တော်ပါပဲ။ ဘေးက လူတွေ ဝင်ပြောကြတာများပါတယ်။ သူ့ နာမည်က ကြွေကြွေအောင်တဲ့ ခင်ဗျ။ ကြွေကြွေအောင်က ဘဝကို ရင်ဆိုင်ရင်း ကျောင်းတက်ရတဲ့ မိန်းကလေးမျိုးပါ။ သူ့လည်ပင်းမှာ တစ်မတ်သားလောက်ရှိတဲ့ ဆွဲကြိုးမျှင်ကလေးရှိတယ်။ အမှန်တော့ သူ့လည်တိုင်မှာ ဆွဲကြိုးရှိနေတာတောင် ရှုပ်နေပါသေးတယ်။ မွတ်ပြီး ပန်းပုရုပ်ကလေးလို သွယ်နေတဲ့ သူ့လည်တိုင်ဟာ ဒီအတိုင်းကိုလှပြီး သားပါ။

ကြွေကြွေအောင်က တော်တော်လေးကို လှပါတယ်။ ဘေဘေး တောင်မှ ကြွေကြွေအောင် ဝိုင်းထဲရောက်လာတော့ နည်းနည်းမှိန်

www.foreverspace.com.mm

သွားတယ်။ သူ့ရင်…တင် အားလုံးက ကိုယ့်ဆရာတို့ အကြိုက်ခင်ဗျ။ ပန်းချီပါသနာပါတဲ့ နတ်သား တစ်ပါးဆွဲထားတဲ့ ပန်းချီကားလိုပဲ။ လိုအပ်တဲ့နေရာမှာ လိုအပ်တာတွေက ကွက်တိပဲ။ လေးဆယ့်ငါးမိနစ် အတွင်းမှာပဲ အားလုံးနဲ့ ခင်ခင်မင်မင်ဖြစ်သွားတယ်။ ကျွန်တော်နဲ့ ကတော့ ကာယကံရှင်ကိုယ်စီမို့လားမသိဘူး။ ခပ်အင်အင်ဖြစ်နေကြ တုန်းပဲခင်ဗျ။

ဝိုင်းကထကြတော့ ကျွန်တော်ပေးတဲ့ ပိုက်ဆံရှစ်ဆယ်ကို ကြွေကြွေအောင်က လက်ဖက်ရည်ဖိုးရှင်းတယ်။ ကျွန်တော့်ကို ကျေးဇူး တင်တယ်။ ဘာညာလည်း မပြောပါဘူး။ အပြုံးတစ်ချက်နဲ့ပြီးတာပါပဲ။ ဒါပေမဲ့ ကျွန်တော် ကျေနပ်ပါတယ်။ ဇာတ်သိမ်းရှိပြီးသားဖြစ်တဲ့ ရုပ်ရှင် တစ်ကားလို လိုအပ်တာတွေ အကုန်တွန်းပြောဖို့ဆိုတာ တကယ့်လူ့ ဘဝမှာ မလိုဘူးမဟုတ်လား။


မိန်းကလေးရေ
ညနေရီ
အိပ်တန်းပြန်ငှက်တွေရဲ့
တောင်ပံပေါ်က
မင်းအိပ်မက်လှလှတွေကို
ဒါချပေးခဲ့ရင်း…
ဒီညရဲ့
လမင်းနဲ့ ငါ့ကို
မင်း…
သိမ်းပိုက်သွားပြီ
မဟုတ်လား… ။ ။

www.foreverspace.com.mm


# ကျွန်ုပ်နှင့် လမင်းဖမ်းကျော့ကွင်း

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



www.foreverspace.com.mm



www.foreverspace.com.mm

“နင်တို့အားလုံး မူပျက်နေကြတယ်...”

ကျွန်တော်ဖတ်တဲ့ဝတ္ထုတိုကလေးကိုဖတ်ပြီး မျက်နှာနဲ့ စာရွက်ခွာခွာချင်းဘေဘေးပြောတဲ့ စကားကို ဘာအဓိပ္ပာယ်မှန်း ကျွန်တော်နားမလည်တာအမှန်ပဲ။

“ဘာဆိုင်လို့လဲ..ဘေဘေးရ..ငါ့ဝတ္ထုနဲ့ နင်ပြောတာ..”

ဘေဘေး ‘ဟက်’ခနဲ တစ်ချက်ရယ်ရင်းနဲ့ ပြုံးတယ်။

“လုပ်မနေနဲ့ ရဲဝင်း...ဒီဝတ္ထုကို စကားလုံးတွေ မရှုပ်ရှုပ်အောင် မော်ဒန်လိုလို ဘာလိုလိုရေးထားပေမယ့် ဘာလဲဆိုတာ ငါသိတယ်...နင် ကြွေကြွေအောင်ကို ရေးထားတာ ကြွေကြွေအောင် ငါတို့ဆီရောက်တာ တစ်လပဲရှိသေးတယ် နင်တို့အားလုံးပုံစံအမျိုးမျိုးနဲ့ မူပျက်နေတာ ငါမသိဘူးမှတ်လား..အဲဒီအထဲမှာ အဆိုးဝါးဆုံးက အေးကျော်ပဲ...”

www.foreverspace.com.mm

ကျွန်တော် ဘာမှပြန်မပြောနိုင်ပါဘူး။ ဟုတ်နေတာကိုး··ဒါပေမဲ့ ကျွန်တော် နားမလည်တာက နင်တို့အားလုံးဆိုတာရယ်···အေးကျော် အဆိုးဆုံးဆိုတာရယ်ပဲ။

"အေးကျော်··က"

"အေးကျော်ကမနေနဲ့ အေးကျော်ရော··မိုးမြင့်အောင်ရော··အေးကိုကိုရော အားလုံးပါတယ်···"

"ဟာ··နင့်ဟာ ပိုဆိုးနေပြီ ဘဘေး···ကိုအေးကိုကိုကြီး ကတော့ မဟုတ်နိုင်ပါဘူးဟာ···"

ကိုအေးကိုကိုဆိုတာ ကျွန်တော်တို့ထဲမှာ အသက်အကြီးဆုံး အတည်ငြိမ်ဆုံး···အအေးဆုံးလူပါ။ အသက်ကြီးတာမှ (၅)နှစ်လောက် ကိုကြီးတယ်၊ ဆယ်တန်း နှစ်နှစ်ကျ အပြင်ဘက်မှာ စိတ် (၂)နှစ် လောက်လေပြီးမှ အနှိမ်ခံရတာကို နာကျည်းလို့ ဆယ်တန်းပြန်ဖြေပြီး အောင်လာတာ ကျွန်တော်တို့ကိုလည်း အစ်ကိုကြီးက ညီငယ်တွေကို ချစ်သလို ချစ်ရှာတာပါ။ အမြဲတမ်း အလျှော့ပေး အရှုံးပေးတတ်တဲ့ လူ ···။ ဂစ်တာလေးတီးပြီး ညည်းနေရရင်ပြီးနေတာ ··· ဒီလူကြီး မှာ ချစ်တတ်တဲ့စိတ်ဆိုတာ ရှိလိမ့်မယ်လို့တောင် ထင်ထားတာ မဟုတ်ဖူး။

"ဟင်း···ဟင်း···အစ်ကိုကြီး အို··· သူ့ကို နာမည်ပဲ ခေါ်တော့မယ် သူ အခုတစ်လောရေးတဲ့ သီချင်းတွေကို ကြည့်ပါလား ···ခွင့်လွှတ်တာတို့ ပြောမထွက်တာတို့··· "ပန်းပွင့်ကို အဝေးက ငေးသူရဲ့ လေပြေ" တို့ "တိတ်တဆိတ် ပုန်းနေသော အိပ်မက်ဆိုး" တို့ ရှုပ်နေတာပဲ။ ဒါတွေက ဘာလဲ ရှင်းနေတာ ကြွေကြွေအောင်ပေါ့ ···သူ့ သီချင်းထဲမှာ သစ်ရွက်ကြွေချင်ရင်ကြွေ မကြွေချင်ရင်···

www.foreverpage.com.mm

ကြယ်တွေကြွေ… အဲဒါမှမဟုတ်ရင် အိပ်မက်တွေကြွေ…ပြော… မပြောလိုက်ချင်ဘူး အကြွေကောင်ကြီးလေ…"

ကိုယ့်ဆရာရေ ကျွန်တော်ဟာ ချက်ချင်းပဲ ကျောင်းအုပ်ဆရာမကြီးရှေ့ကို ရောက်သွားတဲ့ ကျောင်းသားလေးကို ဖြစ်သွားတယ်။ ဘေဘေးကို ကြောက်လာတာလည်း အမှန်ပဲ။

"ဒါကတော့ဟာ..သူလည်း ချစ်မယ်ဆို ချစ်လို့ရတာပဲ… သူ့မှာ တရားဝင်ရည်းစားမှ မရှိတာပဲ…"

"အေး…အဲဒါနင်တို့ ယောကျ်ားကလေးတွေ အများစုရဲ့ လက်သုံးစကားပဲ… နင်တို့ ယောကျ်ားလေးတွေဟာ မြားသမားနဲ့ တူတယ်…ရဲဝင်းသိလား၊ မြားကျည်တောက်ထဲမှာ မြားတွေ အများကြီး ထည့်ထားပေမယ့်ထိချက်ကို စိုက်တဲ့မြားကိုမှ နင်တို့က ဂုဏ်ယူချင်တာ…။ ငါတို့ မိန်းကလေးတွေဟာ ခလုတ်တစ်ချက် အနှိပ်ခံရလို့ အသံတစ်သံပေးပြီး ပြန်တိတ်ဆိတ်သွားရတဲ့ စန္ဒရားခလုတ်ကလေးတွေ မဟုတ်ဘူးဟဲ့…"

ဘေဘေး…ဒီလောက် ဒေါကန်နေတာ ဘာကြောင့်ဆိုတာ ကျွန်တော်မသိဘူး။ ကြွေကြွေအောင်ကို ဝိုင်းကြိုက်ကြတဲ့အတွက် မနာလိုဖြစ်နေတာလားလို့တော့ ယောင်တောင်တောင်နဲ့ တွေးလိုက်မိသေးတယ်။

"အဆိုးဆုံးက အေးကျော်ပဲ…ဒီမှာ သူက အရင်တုန်းက နင့်ကို ငါရယ်ရယ်မောမော လက်ပွန်းတတီးနေရင်..ငါ့ကိုအမြဲတမ်း ကြိတ်သတိပေးတယ်။ နင့်ကို အဲဒီလောက် အရောမဝင်နဲ့ နေရာတကာ ဦးစားမပေးနဲ့တဲ့"

"ဘာ…ငါ့ကို…"

"ဟုတ်ပါ့ရှင်…နင်က အပျော့ဆွဲသမားတဲ့…ငါက နင့်နဲ့ ပိုပြီးနေပြရင်…ငါ့ကို စိတ်တွေဘာတွေတောင်ကောက်ပြီး စာတွေ ဘာတွေရေးပေးတာ…"

ကိုယ့်ဆရာရေ…ကျွန်တော် ခေါင်းနပန်းကြီးပြီး ကြီးသွားတဲ့ ခေါင်းကိုမနိုင်လို့ ခေါင်းကို ငိုက်စိုက်ကြသွားတာပဲဗျာ…။ အော်… ကျွန်တော် တစ်ခါမှ ထင်မထားတာတွေဟာ ကျွန်တော် မသိတုန်းမှာ သူ့ဘာသာသူ ဖြစ်ပျက်နေကြတာပါလား…။ ဘေဘေးက ကျွန်တော့် ကို ညှိညှိုထက် ဂရုစိုက်တာကို ကျွန်တော် သာယာခဲ့ဖူးပါတယ်။ ဘယ်လူကရော ဆန့်ကျင်ဘက်လိင်က ဂရုစိုက်တာကို မသာယာဘူး လို့လဲ…။ ဒါပေမယ့်… ဒါပါပဲဗျာ … ဒီ့ထက် ဘာကိုမှ မပိုခဲ့ပါ ဘူး။ ကိုယ့်မွေးချင်း ဆွေမျိုး ကိလေသာ တဏှာနဲ့ မချစ်ရဖူးဆိုတာကို သိထားသလိုကို ဘေဘေးနဲ့ ပတ်သက်လို့ စိတ်ကအလိုလို သိနေတာ ပါ။ အစ်ကိုကို… နှမကချစ်တာကို သာယာတာမျိုးလောက်ပါ။

ဘေဘေး ဘာကြောင့် အခုလိုဖြစ်နေတယ်ဆိုတာကို ကျွန်တော် သိသွားပြီ။ ဘေဘေးဟာ စိတ်ဓာတ်မညံ့ပါဘူး။ ကြွေကြွေအောင် ကို နေရာပေးပါတယ်။ အဲ… သူ့နေရာကို ဝင်လုတာ ကြည်ဖြူ လောက်အောင်တော့လည်း သဘောမကောင်းနိုင်ရှာဘူးပေါ့ဗျာ…။

"အဲ…ဒါဆို… ငါက ဘာဆက်လုပ်ရမလဲ ဘေဘေး…"

"ဟဲ့…နင် ကြွေကြွေအောင်ကို ရအောင်ဆက်လိုက်ပေါ့။ ကြွေကြွေအောင်ဟာ နင်နဲ့ပတ်သက်ပြီး ဒီဝိုင်းထဲကိုရောက်လာတာ … နင်နဲ့ပဲ ဇာတ်လမ်းရှိတာလေ… နင်ပဲရသင့်တာပေါ့…"

စကားကတော့ သည်းခြေကို ဒုတ်ဒုတ်ထိတဲ့ စကားပဲ ကိုယ့်



www.foreverspace.com.mm

www.foreverspace.com.mm

ဆရာရေ…။ ဒါပေမယ့်…တွေးကြည့်တော့…လူ့ ကိုယ်ခန္ဓာက ဟက်တိပတ်တိ မလိုက်နိုင်တော့ဘူးဆိုတာ သိပါတယ်။ သူငယ်ချင်း ပြိုင်ဘက်တွေထဲမှာ ကျွန်တော်ဟာ အရာရာအားအနည်းဆုံး လူ တစ်ယောက်ပါ။ ကျွန်တော်တို့ထဲမှာ ရုပ်ရည်အဖြောင့်ဆုံးက အေးကျော်၊ အတည်ငြိမ်ဆုံးနဲ့ သဘောထားအကြီးဆုံးက အေးကိုကို၊ အသွက်ဆုံး အပါးနပ်ဆုံးက မိုးမြင့်အောင်…။ ကျွန်တော့်မှာ… ဘာရှိလဲ…။

ကျွန်တော် အချိန်တော်တော်ကြာ စကားမပြောနိုင်ဘူး။

"ဟား…အားလုံးထဲမှာ အားအနည်းဆုံးက… ငါပဲ ဘေဘေး… ငါနောက်ဆုတ်ဖို့ ဆုံးဖြတ်"

"ဘာ..နင်ရူးနေသလား ရဲဝင်း…ဘာဖြစ်လို့ နောက်ဆုတ် ရမှာပဲ။ နင့်ဘက်မှာ ငါနဲ့ညီညီ ရှိနေတာပဲ…ဒီမှာ..နင် မှတ်ထား ဖို့က မိန်းကလေးတစ်ယောက်က အချစ်ကိုရွေးတဲ့နေရာမှာ ရုပ်ရည်နဲ့ ပိုင်ဆိုင်မှုက အဓိကမကျဘူး သတင်းနဲ့ အခြေအနေကသာ အရေးကြီး တာ သိလား။ နင့်ကိုငါ တာဝန်ယူတယ်… ဆက်ကြိုးစား"

ကျွန်တော့် အပြုံးက တကယ့်ကို မချိပြုံးပါ။

"ဘေဘေးရယ်…နင်က ငါ့ကို ဘာများ တာဝန်ယူနိုင်မှာ မို့လို့လဲ…"

ဘေဘေးက ကျွန်တော့်နားရွက်ကို တအားဆွဲလိမ်ရင်း ပြော တယ်။ (နာ…လိုက်…တာ…ဗျာ)

"ဒီမှာ မှတ်ထား…အေးကျော် ဘယ်လောက် ရုပ်ချောချော ဒီကောင် ငါ့ကိုကြောင်နေတာလို့ ပြောလိုက်ရင် ပွဲပြီးပြီ…။ အေးကိုကို က ဂစ်တာကိုရေးရင်း ရင်းနှီးသမျှ ကောင်မလေးတိုင်းကို အံ့ပုံးပိုး

ဆိုရင်…ကဲ…မိုးမြင့်အောင်ကတော့ဟာ လူပါးလူနပ်… ဘယ်မိန်းကလေးကို ဘယ်အချိန်မှာ ဘာပြောရမှန်းသိတဲ့ လူဆိုရင် ပွဲက အားလုံးအပြတ်ပဲ… ရိုးဂုဏ်ရှိတာဆိုလို့ နင်ပဲရှိတာ… နင်ရိုးလို့လဲ… သူနဲ့နင်နဲ့ စတွေ့တာမဟုတ်လား…”

ကိုယ့်ဆရာရေ…လူဆိုတာ ဘယ်လောက် အမြောက်ကြိုက်တဲ့ သတ္တဝါလည်းဆိုရင်…အဲဒီစကားလည်းကြားရော ကျွန်တော့်နှလုံးသားထဲက ထွက်လာတဲ့ ပီတိက အချိန်မီသာ ထိန်းမထားနိုင်ရင် ဘိုင်းကနဲလဲကျပြီးတော့ သေသွားနိုင်တယ်ခင်ဗျ။

လောကဓာတ်ကြီးကို ဘာမှမသိရတော့ပဲ တအိအိနဲ့ ငြိမ့်နေလိုက်တာ တော်တော်အရသာရှိတာပဲဗျာ…။ ဒါ့ကြောင့်လည်း မြတ်စွာဘုရားက “မြှောက်ပင့်ပြောဆိုခြင်း” ဆိုတာကို မာန်နတ်ရဲ့ တပ်ကြီးဆယ်ပါးထဲမှာ တစ်တပ်အဖြစ်နဲ့ ထည့်ထားတာပေါ့။

“ကြွေကြွေအောင်က…နင်တို့အားလုံးနဲ့ အခုမှ သိရလို့… ငါ့ကို အရာရာတိုင်ပင်တယ် ရဲဝင်း၊ ဒီတော့ နင် ငါတို့ပြောတဲ့ အတိုင်းပဲနေ…ငါတို့ ပြောတာသာလုပ်၊ ကြွေကြွေအောင်ကို နင်ပဲ ရစေရမယ် ရဲဝင်း…”

နောက်နေ့…သူငယ်ချင်းတွေနဲ့အတူ တွေ့ရ၊ ထိုင်ရတာဟာ ကိုယ်ရေးတဲ့ ဇာတ်ညွှန်းကို… ကိုယ်တိုင်ရိုက်ပြီး… ကိုယ်တိုင် ပြန်ကြည့်နေရသလိုပဲဗျာ။ ဘာပြီးရင် ဘာလာတော့မယ်။ ဘယ်သူ ဘာဖြစ်နေတယ်။ ဘယ်သူ့ကို ဘယ်သူက ဘာပြောထားလို့… ‘ကြွေ’ က ဘယ်လို ဆက်ဆံတော့မယ်ဆိုတာတွေအားလုံးကို သိနေရတယ်။ နေရထိုင်ရတာလည်း အရင်တုန်းကလို ပျော်ဖို့မကောင်းတော့ဘူး။

ကျွန်တော်ကလည်း လူတစ်မျိုးဗျာ… မရိုးသားရရင် မလုံ



www.foreverspace.com.mm

www.foreverspace.com.mm

ချင်ဘူး။ ဘာကိုမှန်းကိုမသိဘူး အားနာနေမိတယ်။ ကိုယ့်စိတ်နဲ့ ကိုယ့်အသိကြားမှာ ကန်လန့်ကာမှ မရှိတာ အားလုံးတိုးလျှိုပေါက်မြင်နေရတော့ ရှက်တာလည်းပါတယ်ဗျာ။

အေးကျော်က ကြွေ့ကို ပြန်လိုက်ပို့ဖို့ (ကားဂိတ်)ကို ၃-၄ ရက်ခေါ်တဲ့အခါ ကြွေကငြင်းပြီး ကျွန်တော့်ကို ခေါ်သွားတဲ့နေ့က အေးကျော်ရဲ့မျက်နှာကို ကျွန်တော် မကြည့်ရဲလောက်အောင်ပဲ။ လမ်းမှာ…အားနာတာရော ရှက်တာရောနဲ့ ကြွေ့ကို အေးကျော်ရဲ့ စေတနာတွေ ကိုယ့်စကားနဲ့ ကိုယ် ကြံဖန်ပြီး ပြောနေမိသည်။

"စေတနာဆိုတာ…အမျိုးမျိုးရှိတယ် ကိုရဲဝင်းရဲ့ ကိုယ်ကျင့်တရားကောင်းပါမှ စေတနာကကောင်းတာ… ဒါတွေ ကိုရဲဝင်း မသိသေးပါဘူး။ နောက်…ကြွေခေါ်ရင် ကိုရဲဝင်း မငြင်းရဘူးနော်"

အမှန်တော့..ငါသိတယ်။ ဘာကြောင့်ဆိုတာ ငါသိတယ်လို့ကို ကျွန်တော်ထပြောချင်တာ…။ ပြောလို့ မထွက်ဘူး ဘာဖြစ်လို့လဲဆိုတာလည်း ကျွန်တော် မသိဘူးဗျာ။ ကြွေက အဲဒီလိုပြောတော့ ရှက်နေတာပဲ မှတ်မိတယ်။

အေးကိုကိုက 'သက်တံနဲ့ ချည်ထားခွင့်မတဲ့ မျှော်လင့်ချက်များ" ဆိုတဲ့ သီချင်းကိုတီးပြတုန်းက ကြွေက အိမ်သာခဏဆိုပြီး ထွက်သွားတာကိုလည်း ရှက်လို့ကို မဆုံးဘူးဗျာ…။ အေးကိုကိုကြီးမှာ ဆက်သာဆိုနေရတယ် အသံက ဘယ်လိုမှ အရသာမပါတော့ဘူး။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတာနဲ့ အဲဒီသီချင်းကို ချီးမွမ်းလိုက်ချဲ့ကားခံစားပြရင်း…အေးကိုကိုကြီး ပြောစေချင်တာတွေကို ထည့်ပြောလိုက်တာ ကြွေပြန်လာတဲ့အထိပါပဲ။ ဒီတော့မှ အေးကိုကိုလည်း ကျေနပ်သွားတယ်။

www.foreverspace.com.mm

"အဲဒါကောင်းတယ် ရဲဝင်း…ကြွေက နင့်ကို သဘောထားကြီး အရမ်းမြင့်မြတ်တဲ့လူလို့ ထင်သွားတာ ငါတို့ပြောတာနဲ့ ကွက်တိပဲ ဒါမျိုးပဲ နင်ဆက်ပြောထား၊ နင်နဲ့ ငါနဲ့ လက်တွဲညီတယ်…အေးလေ နင်ကလည်း စာရေးဆရာပဲဟာ…"

"မဟုတ်ဘူး…ဘေဘေးရ ငါတို့ ဒီဘက်မှာ အကြံနဲ့နေတာကို သူတို့ခံနေရတာကြည့်ပြီး အရမ်းအားနာလို့…"

"အို…ဘာလို့ အားနာရမှာလဲ နင့်အပေါ်မှာ သူတို့က မကောင်းကြတဲ့ဟာ ဒီမှာ…နင် ကြွေ့ကို လိုချင်ရင် ဒီအတိုင်းပဲ ပြောကို··ပြောရမယ်"

စိတ်ရင်းစေတနာလေးနဲ့ လုပ်မိသမျှ ပြောမိသမျှ အားလုံးက မရိုးသားမှုဖြစ်ရတော့တာပါပဲ။ ကျွန်တော် တော်တော်ကလေး စိတ်ညစ်သွားတယ်။ စိတ်ပဲညစ်တာနော် ဒါတွေ ဆက်မလုပ်တော့ပဲ… အမှန်အတိုင်းဖွင့်ပြောဖို့ကတော့ လုံးဝကို မစဉ်းစားတာ…။ ဘယ်လှည့်ထွက်နိုင်တော့မှာလဲ…ကိုယ့်ဆရာတွေရဲ့အကြိုက် အမိုက်စားကလေး ကြွေကြွေအောင်ဟာ ကျွန်တော်ရည်းစားပါလို့ စိတ်ကူးထဲမှာ တွေးတွေးပြီး သွားရည်ကျခဲ့ရတာ အကြိမ်ပေါင်း ရှစ်ဆယ်ငါးသန်းလောက်ရှိပြီကိုးဗျ။

အဲဒီကိစ္စတွေဖြစ်ပြီးတဲ့နောက် တစ်ပတ်လောက်အတွင်းမှာ… ကျွန်တော်တို့ အုပ်စုဟာ နဝေတိမ်တောင်တွေ ဖြစ်နေကြတယ်။ ဟိုကောင်တွေကလည်း သူတို့လုပ်သမျှ ဘာတစ်ခုမှ အဆင်မပြေတာကို သိပြီး ရှေ့ဆက်မတိုးရဲကြတော့ဘူး အရင်တုန်းကလိုချက်ကော့(ဖ်)တွေ ဘိုင်ရွန်တွေ ကမူးတွေ…သစ္စာနီတွေလည်း မပြောဖြစ်ကြတော့ဘူး။ ကျွန်တော်တို့ဝိုင်းဟာ တိတ်ဆိတ်ခြောက်သွေ့သွားတယ်။ လူ

www.foreverspace.com.mm

တစ်ယောက် စကားတစ်ခွန်း ပြောပြီးသွားရင်···အကြာကြီး ငြိမ်သက်နေတတ်တယ်။

ကြွေက ကျွန်တော့်ကို ပထမဦးစားပေး အရမ်းလိုက်လျော လာလေလေ ကျွန်တော်က မနေတတ်လေ ရုန်းထွက်ဖို့လည်းမရ ရေးချမရဘဲလေ။ အဲဒီနေ့က ကြွေ စာရွက်လွတ်တစ်ရွက်ထုတ်ပြီး ဝလုံးနဲ့ အမှားလေးထောင့်ကွက်ထဲမှာ ဖြည့်တမ်းကစားကြတယ်ဗျာ။ ရှက်တာရော အားနာတာရောစုံပြီး ကျွန်တော်ပဲရှုံးတာပေါ့။ ကြွေ အားရပါးရရယ်ပြီး ကျွန်တော့်ကို မှတ်ချက်ပေးတယ်။

"ကိုရဲက··အရမ်းရိုးတာကိုး ကြွေကလည်း ဒီလို ရိုးသားတဲ့လူကိုပဲ ချစ်တာ···"

ကျွန်တော့်အသက် "ဖွတ်"ခနဲ ထွက်မသွားတာ တော်တော်လေး ကံကောင်းတယ်လို့ပြောရမယ်။ နှလုံးသားကို ဟယ်လီကော်ပတာနဲ့ ချည်ပြီးတောင်ကြီးနဲ့ ဝင်တိုက်ပစ်လိုက်သလိုပဲ ကိုယ့်ဆရာရေ···။

"သိမ့်"ခနဲ···

အဲဒီနေ့က မိုးမြင့်အောင်က ချက်ချင်းထပြန်သွားတယ်။ အေးကျော်ကတော့ ဘဘေးကို လိုက်ပို့တယ်။ အေးကိုကိုကတော့ ငေါင်ပြီး ကျန်ရစ်ခဲ့တယ်။ ကြွေကြွေအောင်နဲ့ ကျွန်တော်က လိုင်ဗရီရှေ့မှာ ခဏထိုင်လို့။ အဲဒီမှာ သရက်သီးရောင်းတဲ့ သားအမိကို သွားတွေ့တယ်။ ကောင်မလေးက စကတ်အစုတ်ကလေးနဲ့ ငုတ်တုတ်ထိုင်လို့၊ သူ့အမေက ရေခဲရေပုံးကို မသိမ်းသေးဘဲ ကလေးကို နို့တိုက်လို့။

"ကြွေ···ဟောဟိုက ရေခဲရည်ရောင်းတဲ့ မိန်းမနဲ့ သူ့ သမီးလေးကိုတွေ့လား"

www.foreverspace.com.mm

"တွေ့တယ်လေ…ကိုရဲ ရဲ့ ဘာဖြစ်လို့လဲ"

"ကျွန်တော်…အဲဒီနေ့က သရက်သီးစိတ်ဝယ်တာ သူ့တို့ဆီကပေါ့"

"ဪ…"

"ကလေးမလေး သရက်သီးစိတ်မကုန်လို့…သူ့အမေက ခေါက်နေတာဗျာ… မမြင်ရက်တာနဲ့ ဝယ်လာခဲ့တာ"

ကြွေရဲ့ မျက်ဝန်းတွေက မှိုင်းပြသွားတယ်။ ကလေးမလေး ဘက်ကို ငေးရင်း သက်ပြင်းလဲ တိတ်တိတ်ကလေးချတယ်…။

"ကိုရဲက အရမ်းကြင်နာတတ်တာပဲနော်…"

ကျွန်တော် ရုတ်တရက် မျက်နှာကြီး အမ်းသွားတယ်ခင်ဗျ၊ ရှက်သွားတာပါ…ကျွန်တော့်ကို ချီးကျူးရင် ဒီနေ့အထိ မနေတတ်တာ ကျွန်တော့်အကျင့်ကို ကိုယ့်ဆရာရေ။

"မကြည့်ရက်တာပါ…ဒါပေမယ့် အဲဒီ သရက်သီးစိတ်က ကျွန်တော့်ကို ကောင်းကျိုးမပေးပါဘူး…ကြွေနဲ့တွေ့တော့…"

"အို…မပြောပါနဲ့တော့ ကိုရဲကလည်း…"

ကြွေက ခေါင်းကလေးငုံ့ပြီး ငြိမ်သွားတယ်။ ကျွန်တော့်ရင်က တဒုတ်ဒုတ်နဲ့ အဲဒီအချိန်ရဲ့ အရသာက ဘဝမှာ ဘာနဲ့မှကို လဲလို့မရဘူးဗျာ။ ကျွန်တော့်ရင်ထဲမှာ တာကျိုးလုဆဲဆဲ စကားတွေကို သွန်ချပစ်လိုဖို့ စိတ်ကူးနေမိတယ်။ ဒါပေမယ့် ဘဘေးနဲ့ မတိုင်ပင်ရသေးဘူး။ ကျွန်တော်ဟာ ဘဘေးမပါဘဲနဲ့ ကြွေ့ကို ဘာမှမပြောရဲပါဘူး။ အမြဲတမ်းလွဲနေတတ်တဲ့ ကျွန်တော်ဟာ တစ်ခုခုလွဲသွားမှာ ကြွေနဲ့ပတ်သက်လို့အရမ်းကြောက်တယ်။ ကျွန်တော်ဟာကြွေနဲ့ပတ်သက်ရင် ဘဘေးကဆရာမကြီးပါ။ သူပေးတဲ့နိမိတ်ထဲကဂဏန်း ရှာပြီးထိုးရတာပါ။

www.foreverspace.com.mm

ထိုးတိုင်းပေါက်တဲ့ နိမိတ်ကိုလည်း ဘယ်သူကစွန့်ရဲမှာတဲ့လဲ…။

ကျွန်တော်တို့ ငြိမ်သက်နေတုန်း ဆူဆူညံညံ အသံကြားရလို့ လှမ်းကြည့်လိုက်တော့ ကလေးမလေးကို သူ့အမေက တီးနေတာပါ။ တီးတာမှ တုတ်နဲ့ကိုတီးတာခင်ဗျ။ ကြွေနဲ့ ကျွန်တော် အကြည့်ချင်း ဆုံတယ်။

"ကြွေ…သွားဝယ်လိုက်ကြရအောင်နော်…"

ကျွန်တော်နဲ့ ကြွေဝုန်းခနဲထပြီး သရက်သီးစိတ် ဗန်းရှေ့ကို ရောက်သွားတယ်။ ကြွေက တစ်ဗန်းလုံးကို ဝယ်တာခင်ဗျ။ တစ်ရာ့ ရှစ်ဆယ်တဲ့။ ပြီးတော့ သရက်သီးစိတ်တွေမျှထည့်ထားတဲ့ ကျွတ်ကျွတ် အိတ်တွေကိုင်ပြီး တွေ့သမျှ လူတွေကို လိုက်ပေးကြတာ…ကြွေပါ တော့ အဆင်ပြေတယ်ခင်ဗျ။ ကြွေပြောတဲ့စကားက…

"ကျွန်မတို့နှစ်ယောက် သရက်သီးစိတ်တွေ လှူတာပါ"..တဲ့

အဲဒီညက…လုံးဝကို အိပ်လို့မရဘူးဗျာ….

ကမ္ဘာပေါ်မှာရှိတဲ့ ပင်လယ်နဲ့ သမုဒ္ဒရာတွေ ကျွန်တော့် ရင် ဘတ်ကိုငှားပြီး ခဏစီးဆင်းကြပါနော်တူပါရဲ့။ ပီတိ…ကျေနပ်ခြင်း …တွေး၍ တွေး၍ မဝခြင်းစတဲ့ ကိလေသာတွေနဲ့ စိတ်ကူးတွေက ကြည်နေတာပဲ။ မနက်မိုးလင်းတော့လည်း လေးလံထိုင်းမှိုင်းခြင်း မရှိ ..။ ပကတိ အင်အားတွေရှိလို့…။

ကိုယ့်ဆရာရေ…ကိလေသာကလည်း စိတ်ကို ကြည်လင် စေနိုင်တယ်နော်…။

ဘေဘေးက ဖွင့်ပြောလိုက် ဖွင့်ပြောဖို့ အချိန်ကွက်တိပဲဆိုလို့ ကျွန်တော် အဲဒီ ခုံတန်းကလေးမှာ ထိုင်စောင့်နေတာပါ။ လိုင်ဗရီရှေ့က ကံကော်ပင်တန်းအောက်မှာ မငြိမ်တာဆိုလို့ ကံ့ကော်ရွက်ကပေးတဲ့ နေပြောက်တွေရယ် အသိစိတ်ကပေးတဲ့ ကျွန်တော့်ရင်ခုန်သံတွေရယ်ပဲ

www.foreverspace.com.mm

ရှိတယ်။

သရက်သီးစိတ်ရောင်းတဲ့ ကလေးမလေးကိုလည်း ရသလောက် ရောင်း။ ကျန်တာကို ကျွန်တော်အကုန်ယူမယ်လို့ ပြောခဲ့ပြီးသား။ ကလေးမလေးကလည်း ဝမ်းတွေသာလို့ပေါ့ဗျာ။

ကျွန်တော်နဲ့ မချိန်းခင် ကြွေက ဘဘေးနဲ့ ရပ်စကားပြောဦး မှာပါ…။ ပြီးမှ ကျွန်တော့်ဆီလာမှာ…။ တစ်စက္ကန့်ဟာ တစ်စက္ကန့် ပဲကြာတယ်လို့ ပြောတဲ့လူရှိရင် တရားဆွဲပြီး အမှုလုပ်ချင်တယ်။ ရင်ခုန်သံနဲ့ စောင့်ရတဲ့လူအတွက် တစ်စက္ကန့်ဟာ…မှန်းမရနိုင်တဲ့ ကာလတစ်ခုပါပဲ။ မမျှော်ဘူး… သူ့လာတဲ့လမ်းကို ငါမကြည့်ဘူးလို့ ကိုယ့်ကိုကိုယ် မာန်ထားပြီးကာမှ…မခံနိုင်တော့လို့ ကိုယ့်ဘာသာ အရှက်မဲ့စွာနဲ့ လာလမ်းကို လှမ်းငေးမိတာလဲ အကြိမ်တစ်ကုဋေ လောက်ရှိတော့မယ် ကိုယ့်ဆရာရေ…။

သူ့အရိပ်ကိုမှ မတွေ့ရတော့ မာန်ဖျက်မိတာကို ရှက်သွား။ ပြန်စိတ်တင်း မာနထား…အရှုံးပေး။ ထပ်ရှက်…။ ဒါပေမယ့် သူ့ကို ရက်စက်တယ်လို့ မထင်မိဘူး။ ဘယ်သူ့ကို အပြစ်ပေးရမှန်းလည်း မသိဘူး။ နာရီထဲက စက္ကန့်တိုင်းရဲ့ 'ဆတ်' ခနဲ 'ဆတ်' ခနဲ အရွေ့ဟာ ကျွန်တော့်လည်ကို တစ်ချက်တည်းနဲ့ အပြတ်ပြတ်စီ ခုတ်ပိုင်းနေသလို ပါပဲ။ ကျွန်တော်လည်းပင် ဘယ်နှစ်ခုပြတ်ခဲ့ပြီလည်း။ ဘဝဘယ်နှစ်ခု ရှင်သန်လွန်မြောက်ခဲ့ပြီလဲ…။

နောက်ဆုံးတော့ ကံတရားသည် ပြုံးနေသော နှုတ်ခမ်းတစ်စုံ နဲ့ရောက်လာသည်။

ရင်ဝမှာဆို့နေသော အပူလုံးကြီးက ဖြုန်းခနဲ ပြုတ်ကျသွား တာခင်ဗျ။ ကြွေက ဘဘေးဆီက စကားပြောပြီး လာမှာဆိုတော့

www.foreverspace.com.mm

ကျွန်တော့်ဆီလာရင်ပဲ ၇၅%ကတော့ သေချာနေပြီ။ ရင်ထဲမှာတော့ တစ်ရာပေါ့ဗျာ…တစ်ရာ စစ်စစ်ပါ။

သူဘယ်လို ဝင်ထိုင်လိုက်မှန်း ကျွန်တော်မသိဘူး။ နှလုံးက အပေါ်တက်ပြီး လူကပေါ့ရှပ်ရှပ် ဖြစ်နေတာ။ အဲဒီအချိန်မှာ အသိတရားပြန်ဝင်လာတာ တော်တော် ကြောက်စရာကောင်းတယ် ခင်ဗျ။ ဝင်လာတဲ့ အသိတရားက နှလုံးသားထဲကနေမ 'ဝုန်း' ခနဲဆို ခန္ဓာကိုယ်တစ်ခုလုံးကို ကန်ထုတ်တာ။ ချွေးတွေအားနဲ့ ပြေးဆင်းသွားပြီး လက်ဖဝါးမှာစိုလို့။ လက်တွေလည်း တဆတ်ဆတ်တုန်လို့…။ ရင်ထဲမှာလည်း ကလီစာတွေမရှိတော့သလိုပဲ…။ ကျွန်တော်ဘာတွေကို မျိုချနေမိမှန်းလည်း မသိဘူး။ အဲဒီလိုဖြစ်နေတာတောင်မှ ကြွေ ဝင်ထိုင်လိုက်တာ သူ့တင်ပါး ကျွန်တော့်ခါးထိနေမှန်း သိလိုက်သေးတယ်။

"ပြော…"

ကျွန်တော် တော်တော်နဲ့ စကားမပြောနိုင်တဲ့ စက္ကန့်တွေကိုတော့ ကျွန်တော် မမှတ်မိတော့ဘူး၊ တော်တော်မြန်တယ်ဆိုတာပဲ အခုမှပြန်သိတယ်။

"ကြွေ…ဘေ…ဘေးနဲ့ တွေ့…တွေ့ပြီးပြီလား…"

"အင်း…"

"ဘာတွေပြော…ပြောလိုက်လဲ…"

"အင်း…အားလုံးပဲ…ဆိုပါတော့…ကြွေကလည်း အားလုံးကို ပြောပြပါတယ်…"

"ဟား…"

ကျွန်တော် စိုးရိမ်ထိတ်လန့်မှု တော်တော်လျော့သွားတယ်။

www.foreverspace.com.mm

စိတ်လည်း နည်းနည်းပြန်ငြိမ်လာတယ်။ ဘဘေးက အကုန်ပြော ပြီးပြီပဲ။

"အေးကျော်နဲ့ ဘဘေးနဲ့က ပြဿနာရှိတယ်တဲ့… အင်း… ဒါပေမဲ့ ဘဘေးမှန်ပါတယ်…"

"ဟုတ်တယ်‥ဘဘေး မှန်တယ်"

"ကိုရဲက အဲဒါတွေ ဘာမှ မသိဘူးဆို…"

"အင်း‥သိသင့်သဘောက်ပဲသိတာပါ။ အေးကျော်‥ဘဘေး ကို စထားတာလောက်ပေါ့။ ကြွေ့ကိုမပြောတာ မပြောကောင်းလို့လို့ ထင်တာပဲ…ကိုယ့်မှာ စောင့်ထိန်းရမယ့် ဝတ္တရားက ရှိတယ်လေ‥"

"ဟုတ်ပါတယ်‥ဘဘေးလည်းပြောတယ်…ကိုရဲ…ဘာမှ မသိရှာဘူး‥တဲ့‥"

ကိုယ့်ဆရာရေ…ကျွန်တော် ကြည်နူးလိုက်တာဗျာ။

တာဝန်ကျေလွန်းတဲ့ ဘဘေးကိုလည်း စိတ်ထဲက အရမ်း ကျေးဇူးတင်နေမိတယ်။ လက်တွေတုန်နေပေမယ့်…ရင်က ငြိမ်သွား ပါပြီ။ မုန်တိုင်းတွေ စဲစပင်လယ်မှာ နေရောင် ရောက်လာပါပြီ။ ကျွန်တော် ကြွေ့ကို ရွှန်းရွှန်းစားစားကြီးကို ကြည့်မိတယ်။ ပြည့်ပြည့် …တင်းတင်း ချက်ချင်းကို ပစ်ဖက်ချင်စိတ်တွေအားလုံး…မနည်း သိမ်းကြုံးထားလိုက်ရတယ်။

"ကြွေ…"

"ကိုရဲ ဘာပြောမလို့လဲ ပြောလေ…အားလုံးကတော့ ပြီးသွားပါပြီ ဘဘေးနဲ့ အေးကျော်လည်း အဆင်ပြေသွားပြီ…ကိုရဲ ကတော့ ဘာမှသိမှာမဟုတ်ဘူး"

"ဟာ‥ဟုတ်လား၊ ကျွန်တော် တကယ်မသိဘူး"

www.foreverspace.com.mm

ဒီလောက်တော့ ကျွန်တော်လည်း နပ်ပါတယ်ဗျာ၊ လှိုင်းလေငြိမ်သွားတဲ့ ပင်လယ်ဆိုတာ ဘယ်လို လှေမျိုးနဲ့ကူးကူးပါ။ အေးဆေးပဲ ကိုယ့်ဆရာရေ…။

"ကိုရဲမသိဘူး‥ဆိုတာလည်း ဘဘေးက ပြောပါတယ်"

"ကျွန်တော် လူများအကြောင်းတွေ စိတ်မဝင်စားတော့ဘူး ကြွေ…၊ ကျွန်တော့်အကြောင်းလေးလည်း ပြောပါရစေ…"

"ကြွေသိပါတယ်…ပြောပါ…"

"ကျွန်တော်က ဖုန်မှုန့်နဲ့တူတယ်ကြွေ‥ခြေသံပြင်းပြင်းနဲ့ နင်းပါမှ…တစ်ထွာလောက်ခုန်ထခွင့်ရတာပါ။ လေပြေ အေးအေးကလေး တိုက်ပါမှ တစ်လံလောက် ပြေးခွင့်ရတာပါ။ လေပြင်းပြင်းတိုက်ပါမှ သူတပါးအားနဲ့ ခုန်ထ ပန်းပွင့်ပေါ် ကျခွင့်ရဖို့ ဆုတောင်းရတာပါ။ ဒါပေမယ့် ပန်းဆိုတာ ပန်သူမရှိမချင်း အပင်ပေါ်မှာနေသမျှ ကာလကလေးပဲ ကျွန်တော်တို့လို ဖုန်မှုန့်တွေနဲ့ နေရတာပါ။ ပန်ချင်သူက ချိုးပြီးပန်ဖို့ ရေဆေးတော့ ကျွန်တော်တို့ မြေပေါ်ပြန်ရောက်ရတာပါပဲ…"

"ကိုရဲပြောတာ ကြွေ သဘောပေါက်ပါတယ်…ဒါပေမယ့် ဒီကိစ္စမှာ ကိုရဲက တရားခံမှ မဟုတ်ဘဲ‥ကူညီသူပါ"

"ဟုတ်တယ်…အဲဒီပန်းကို ဘယ်သူချိုးပြီး ပန်မလဲလို့ စောင့်ခဲ့ရတာ ကျွန်တော့်ဘဝပဲ"

ကိုယ့်ဆရာရေ…ဒီစကားတွေက ကျွန်တော်ပြောဖို့ အစကတည်းက စဉ်းစားထားတဲ့စကားတွေမဟုတ်ပါဘူး။ ပြောမိတော့မှ စိတ်ထဲထင်…အတွေးမှာ ကြားစကားဖြစ်တော့ စိတ်က အစီအစဉ်ကျအောင် ပြန်စီပေးတဲ့ စကားတွေပါ။ ဒါပေမယ့် မှားတော့မမှားဘူး။

www.foreverpage.com.mm

ရင်ဘတ်နဲ့သာ ပြောပါ။ ဘယ်တော့မှ မမှားဘူးဆိုတာ ကျွန်တော် ယုံကြည်တယ်။

"ကိုရဲ…ဘာပြောချင်တာလဲ"

"ကျွန်တော် ကြွေ့ကို ချစ်တယ်.."

"ရှင်…"

"ဟုတ်တယ်…ကျွန်တော် ကြွေ့ကို အရမ်းချစ်တယ်..လိပ်ပြာတွေ..ပျားတွေ…ပိတုန်းတွေကို ကျွန်တော် ခွင့်ပေးခဲ့ပြီးပါပြီ ကြွေရယ်…လေပြင်းကလေးလာတဲ့ခဏ ကြွေ့အပေါ်မှာတော့ နားပါရစေ…ကျွန်တော် ကြွေ့ကို အရမ်းချစ်တယ်.."

ကြွေဟာ ခေါင်းငိုက်စိုက်ကျသွားတယ်။

ဒီစကားကို သူခံစားသင့်ပါတယ်။ ကျွန်တော့်မေတ္တာကို သူဘယ်လို ခေါင်းထောင်စေမှာလဲ။ တိတ်ဆိတ်သွားတဲ့အခါ ကုံကော်ရွက်တွေထဲကနေ နေပြောက်တွေပါ ရယ်ကုန်ကြတယ်။ ကြွေဟာ တော်တော်ကြာကြာငြိမ်နေတယ်။ ပြီးမှ သက်ပြင်းချရင်း ကျွန်တော့်ကို မော့ကြည့်တယ်။ ကြွေ့အကြည့်တွေက ရီဝေနေတာပဲ…။

"ဟောဒီ ကျောပိုးအိတ်ကလေးကို ကြည့်စမ်း ကြွေ၊ အဲဒီ ကျောပိုးအိတ်အတွက် ကိုယ်ဘယ်လောက်ခံစားခဲ့ရသလဲ ကိုယ် ဘယ်လောက် နာကျင်ခဲ့ရသလဲ…ဒါပေမယ့် ကိုယ်ကျေနပ်ခဲ့ပါတယ်။ ပြီးတော့ ကြွေဟာ ကိုယ့်တို့ဆီကို ပန်းတစ်ပွင့်လိုရောက်လာခဲ့တယ် ကိုယ်က ဖုန်မှုန့်ကလေးလိုနေခဲ့…"

"ဘေဘေးက အကုန်ပြောပြီးသားဆို…"

အရေးတကြီးမေးတဲ့ ကြွေ့စကားကို ကျွန်တော် ခဏစဉ်းစားရတယ်။ ခဏမှ တကယ့်ခဏပါ။ ကျွန်တော့် ရင်က ငြိမ်နေပြီလေ ကိုယ့်ဆရာရဲ့…။

www.foreverspace.com.mm

"အင်း…ပြောတယ် တချို့တစ်ဝက်ပါ…ဟိုမှာ ကြည့်စမ်း ကြွေ…သရက်သီးစိတ်ရောင်းတဲ့ ကောင်မလေး စောင့်နေရှာတယ်၊ ကြွေ့ဆီက အဖြေရပြီးရင် သူ့ဗန်းထဲမှာရှိတဲ့ သရက်သီးစိတ်တွေ အားလုံးကိုဝယ်ပြီး…ဟိုနေ့ကလိုပဲ လျှောက်ဝေကြမယ်နော်… ဟောဒီ ကျောပိုးအိတ်က ကြွေနဲ့တွေ့ဖို့ အရေးကြီးသလို သရက်သီးစိတ်က လည်း အရေးကြီးတာပဲ…ဟိုတစ်နေ့ကလို ဝေကြမယ်နော်"

ကြွေက သရက်သီးစိတ်ရောင်းတဲ့ ကလေးမလေးကို လှမ်း ကြည့်တယ်။ ကလေးမလေးကလည်း ဝမ်းသာအားရ လက်ပြရှာပါ တယ်။ မမတစ်ယောက်လာပြီး အစ်ကိုနဲ့ စကားပြောပြီးရင် ဟိုနေ့က လိုပဲ အကုန်ဝယ်မယ် ပြောထားတာကိုး။

"ဘေဘေးက မမိုက်ဘူးကွာ…အကုန်ပြောထားရက်သား နဲ့…"

"ဘေဘေးက ဘာဖြစ်လို့လဲဟင်…"

"ကိုရဲ…ကြွေက ကိုရဲကို ကျောပိုးအိတ်ရောင်းလိုက်တဲ့သူ မဟုတ်ဘူး…"

"ဘာ…ကြွေ…ဘယ်လို"

"ဟုတ်တယ်…ဘေဘေးတို့ လာပြောတဲ့နေ့ကတည်းက ကြွေမဟုတ်ကြောင်းပြောတယ်။ မာလာမှတ်တိုင်ရှေ့မှာ ကိုရဲနဲ့ကြွေ သရက်သီးပြဿနာတက်တာလည်း ကြွေမဟုတ်ဘူး…ကြွေအတန် တန်ငြင်းပေမယ့် ဘေဘေးက ကိုရဲ အရမ်းရူးသွားတယ်…ခဏတော့ လိုက်ခဲ့ပါဆိုလို့…ကြွေလိုက်လာတာ…"

"မဟုတ်ဘူး…ကိုယ့်ကို ကျောပိုးအိတ်ရောင်းတုန်းက မင်း… မင်း…ကြွေလို့ ပြောလိုက်သလားလို့…"

www.foreverspace.com.mm

''ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ကိုရဲဝင်း…ကျွန်မဟာ ဘယ်တုန်းကမှ စတိုးဆိုင်မှာ ဈေးမရောင်းခဲ့ဖူးဘူး၊ ဘေဘေးက အဆင်ပြေအောင်နေပေးပါဆိုလို့ သူပြောထားတဲ့ ဇာတ်လမ်းအတိုင်း နေပေးခဲ့တာပါ။ ကြွေ့ကိုဝိုင်းကြိုက်တော့ သူကစတဲ့ ဇာတ်လမ်းမို့ သူ့ကိုပဲ…အကူအညီတောင်းရတာ‥သူက ပြောပါတယ်…အားလုံးကိုရှောင်ပါတဲ့…ကြွေအလိုက်အလျောသင့်ဆုံးက ကိုရဲဝင်းပဲ…တဲ့‥ ကိုရဲဝင်းက သိပ်တုံးတာတဲ့…''

''…….''

''အခုလည်း နောက်ဆုံးစကားကိုပြောပါတယ်… ကိုရဲဝင်း ရည်းစားစကားပြောလိမ့်မယ်တဲ့…အဲဒါ…သင့်သလိုဆုံးဖြတ်…ပေါ့တဲ့။ ကြွေ…မာလာထိပ်ကိုရောက်ပြီးမှ ကိုရဲဝင်းဆီ ပြန်လာတာပါ။ ဒါတွေပြောချင်လို့…။ ကိုရဲဝင်းရယ်… ရှင့်ပုံစံကို ကျွန်မ ဘယ်လို လုပ်ကြိုက်လို့ ရမှာတဲ့လဲ…''

ကျွန်တော် ဘာမှမပြောနိုင်တော့ဘူး။ အသိဉာဏ်က အရှင်လတ်လတ်ကြီးကိုရှိနေပါတယ်။ အဲဒီရှိနေတဲ့ အသိဉာဏ်ကို အဖြစ်အပျက်တွေက သေအောင်သတ်နေတာပါ။ အသိဉာဏ်က မသေတော့ ရင်နာတာပေါ့ဗျာ…။ နာလိုက်တဲ့ရင်…''ဖြန်း''ဆို လဲသေ သွားရင်တော့ ဒီလောက်နာမှာမဟုတ်ပါဘူး။

''ကျွန်မသွားမယ်…ကိုရဲဝင်း ရှင်ဟာ အကုန်သိတယ်ဆိုလို့ ကျွန်မလာတာပါ…ရှင်…ဒီလောက်တုံးမှန်းသိရင် ကျွန်မ မလာဘူး သိလား‥''

ကြွေက ဖြန်းခနဲထသွားတယ်။ ကျွန်တော်ဘာတွေ ဖြစ်သွားမှန်းမသိလိုက်ဘူး။ အဲဒီတုန်းက ကျွန်တော့်ကိုသာ စောင့်ငေးကြည့်

www.foreverspace.com.mm

နေတဲ့ လူတစ်ယောက်များရှိခဲ့ရင် အဲဒီလူကို ငိုကြီးချက်မနဲ့ "ငါ ဘာတွေ ဖြစ်သွားတာလဲ…"လို့ မေးမိမှာ အမှန်ပဲ။

စောင့်ငေးကြည့်နေတဲ့ လူတစ်ယောက်တော့ရှိပါတယ်။ ဒါပေမယ့် သူက ဘာမှမသိရှာပါဘူး။

"အကိုလေး…မမထသွားပြီ…သရက်သီးစိတ်တွေ ယူမယ်ဆို အားလုံး နှစ်ရာ့ကိုးဆယ်ဖိုး…"

ကျွန်တော် အသိဝင်လာပါတယ်။ လိုင်ဗရီရှေ့ကို ဖြတ်ရမ်း တိုက်လာတဲ့လေပြေက သရက်သီးရောင်းတဲ့ ကလေးမလေးဂါဝန်ကို တဖျတ်ဖျတ်လူးအောင် တိုက်နေတယ်။ ဂါဝန်ကလေးက စုတ်လို့။ သူ့မျက်လုံးထဲက ကြည်လင်နေတဲ့ မျှော်လင့်ချင်ကတော့ အသစ်ချွတ်ချွတ်ပါ။

"ညီမရယ်…နှစ်ရာ့နှစ်ဆယ်ပဲ ထားပါလား…"

ကလေးမလေးက မျက်လုံးကလေးဝင့်ပြီး တစ်ချက် စဉ်းစားတယ်။ ပြီးတော့ သရက်သီးစိတ်ထည့်ထားတဲ့ ကျွတ်ကျွတ်အိတ်တွေကို ကျွန်တော်ထိုင်တဲ့ ကျောက်ခုံပေါ် အသာတင်ပြီး ပြေးထွက်သွားတယ်။ ပုံစံမျိုးစုံနဲ့ပွင့်ဟနေတဲ့ သရက်သီးစိတ်ထုတ်တွေကို ကျွန်တော် ငေးနေမိတယ်။ ကျွန်တော့် စိတ်တွေကရော ဘာထူးလို့လဲ မွှန်ထူ တစ်ချက် သတိမကပ်ပေမယ့် ကျွန်တော်ပြန်ဖို့ လမ်းစရိတ်တစ်ဆယ်ကို ချန်ပြီးတော့ နှစ်ရာ့နှစ်ဆယ်တော့ ဆစ်မိသေးတယ် မဟုတ်လား။

ကောင်မလေးက ဝမ်းသာအားရနဲ့ ပြေးလာတယ်။

"မေမေက ပေးလိုက်တဲ့…"

ကျွန်တော့်နံဘေးမှာ ချထားတဲ့ ကျောပိုးအိတ်ကို ကောက် ကိုင်ပြီး…ကျွန်တော်ဝယ်ခဲ့တုန်းက "အိတ်ဇုက်" ကလေးပါတယ်လို့

www.foreverspace.com.mm

ပြောတဲ့အတွင်းက အိတ်ဂုက်ထဲက ပိုက်ဆံနှစ်ရာ့နှစ်ဆယ့်ကိုရေပြီး ထုတ်ပေးလိုက်ပါတယ်။

ပြုံးတော့ ပြုံးမိတယ် ကိုယ့်ဆရာရယ်…။

ကြွေနဲ့များ ပြေလည်ရင် သရက်သီးစိတ်ဖိုးတွေကို ကျွန်တော် ထုတ်ပေးဖို့ ရည်ရွယ်ချက်မရှိပါဘူး။ အဲဒါ တကယ်ပြောတာပါ။

ကျွန်တော် ယဲ့ယဲ့ကလေး ပြုံးမိတယ်။ အပြုံးက ယဲ့ပေမယ့် လောကသဘာဝကိုရော ကျွန်တော့် နှလုံးသားကိုပါ ထုတ်ချင်းခတ် သွားစေတဲ့ အပြုံးပါ။

လူ့သဘာဝဆိုတာ…ဒီလိုနဲ့ပဲ ပြီးရတော့မှာလား။

ကျွန်တော် တော်တော်ကြာကြာကို ငိုင်နေမိတယ်။

သတိရလို့ကြည့်တော့ ဟိုသားအမိလည်း မရှိတော့ပါဘူး။ သူတို့ ပျော်ပါစေလေ။

ဘာကြောင့်မှန်းတော့ မသိဘူး…။

ကျွန်တော် သရက်သီးစိတ်တွေ ထည့်ထားတဲ့ ကျွတ်ကျွတ် အိတ်တွေကို ဘယ်ညာဆွဲရင်း ခါးကိုကျော့ပိုးအိတ်က တဘုတ်ဘုတ် မြည်ရင်း လျှောက်လာမိတယ်။

Recreation ဘေးက လမ်းပြီးတော့ ဂျပ်စင်နံဘေးကထွက် မာလာထိပ်ကိုသွားတဲ့ ဂျပ်စင်လမ်းအတိုင်း ကျွန်တော် လျှောက်လာ ခဲ့တယ်။ တစ်ယောက်စ နှစ်ယောက်စကျန်တဲ့ ကျောင်းသူတွေနဲ့ ဂျပ်စင်နားမှာထိုင်တဲ့ အတွဲတွေကတော့ ကျွန်တော့်ကို နားမလည်ကြ ပါဘူး။

ကျွန်တော်ဟာ ကျောင်းသားတစ်ယောက်လို့ သူတို့ထင်တယ်။ သရက်သီးစိတ်ရောင်းတဲ့ လူမဟုတ်ဘူးဆိုတာလည်း သူတို့သိတယ်။

www.foreverspace.com.mm

ဒါပေမယ့်…ကျွန်တော့် လက်ထဲမှာ သရက်သီးစိတ်ထည့်ထားတဲ့ အိတ်တွေနဲ့ ကျောင်းသားလည်းဖြစ်နေပြန်တယ်။

သူတို့ ဘာထင်ထင်ပါ။ ကျွန်တော်ကတော့ ကျောပိုးအိတ် တဘုတ်ဘုတ်နဲ့ သရက်သီးစိတ် အိတ်တွေကိုဆွဲရင်း ရင်ကော့ပြီး ဂျပ်စင်လမ်းကို လျှောက်ခဲ့တယ်။ သရက်သီးစိတ်တွေကို ကိုင်ထားတဲ့ ကျွန်တော့်လက်တွေဟာ အကြောပြိုင်းပြိုင်းထနေတယ်။ ကျွန်တော် ရှက်တယ်…ရင်နာတယ်။ ဒါပေမယ့် ကျွန်တော် ကျေနပ်တယ်။

ဘာဖြစ်သွားလဲတော့ မသိဘူး ကိုယ့်ဆရာရေ…ဂျပ်စင် နံဘေးက မြက်ခင်းပြင်ကိုလည်းတွေ့ရော လက်ထဲက သရက်သီး စိတ်တွေထည့်ထားတဲ့ အိတ်တွေပါ အားပါးတရ လွှဲလွှဲမြှောက်ပြီး ပစ်လိုက်မိတယ်။

သရက်သီးစိတ်အိတ်တွေက လေထဲမှာ "ဝှီး" ခနဲ "ဝှီး" ခနဲပဲ။ ပစ်ရင်းစိတ်ထဲမှာတော့ ပျော်လာလား။ မျက်ရည်တော့ နည်းနည်း ဝဲနေတာကို ဝန်ခံပါတယ်။ ဂျပ်စင်လမ်းအဆုံး တစ်ကိုယ်စာသံတံခါး လေးကထွက်လိုက်တော့ ကျွန်တော့်လက်ထဲမှာ ဘာမှမရှိတော့ပါဘူး။

တံတောင်ဆစ်အထိ လျှောကျနေတဲ့…ကျောပိုးအိတ်ကို ညာဘက်ပုခုံးပေါ်ကို ပြန်တင်လိုက်တယ်။ ပြီးတော့ Book Club ရှေ့က မာလာမှတ်တိုင်ကို သတ္တိရှိရှိနဲ့ ခပ်စိမ်းစိမ်း အားရပါးရကြည့်ပြီး ကျွန်တော်ထွက်လာခဲ့တယ်။

ကျွန်တော့်အနောက်မှာ သေသွားတဲ့ နှလုံးသားတွေ အများ ကြီး‥ကျန်ရစ်ခဲ့ချင်လည်း ကျန်ရစ်ခဲ့မှာပဲ။ ရှိပါစေဗျာ…။ ဒါပေမယ့် သေချာတာကတော့ ဘယ်သူတစ်ယောက်မှ သေသွားတဲ့ နှလုံးသားနဲ့ ဆက်အသက်မရှင်နိုင်ပါဘူး။ အရေးကြီးတာက အခုရှိနေတဲ့ နှလုံးသား

www.foreverspace.com.mm

က သူ့ရှေ့မှာ သေသွားတဲ့နှလုံးသားတွေ ဘယ်လို သေခဲ့တယ် ဆိုတာကို ပြောပြနိုင်ဖို့နဲ့ သိနေဖို့ပါပဲ။

ကျွန်တော်လှမ်းဝင်လိုက်တော့ မာလာမှတ်တိုင်မှာ ကျောင်းသားတွေ အုံခဲနေတာပဲ။ ကျွန်တော် ကျောပိုးအိတ်ကလေး ပင့်ကာပင့်ကာနဲ့ ရှေ့မှာထိုးရပ်တဲ့ ကားတွေကို ရွှေသမင်ဖမ်းတဲ့ မုဆိုးလို ဟိုဒီ ယိမ်းပြေးရင်း ဖမ်းပါတယ်။

ကျွန်တော် ဘယ်ကောင်မလေးကိုမှလည်း…မကြည့်တော့ပါဘူး။

ကျွန်တော့်လက်ထဲမှာလည်း သရက်သီးစိတ်ထုပ်မရှိတော့ဘူးလေ…။ ဒါပေမယ့် ပုခုံးပေါ်က ခဏခဏ ပြုတ်ကျနေတဲ့ ကျောပိုးအိတ်ကိုတော့ ခဏခဏပြန်တင်နေရတယ်။ ကျွန်တော်ဟာ လွယ်အိတ်တွေနဲ့ ပတ်သက်ရင်… ကျောင်းစတက်ကတည်းက ဒီနေ့ထိ ကံမကောင်းခဲ့ပါဘူး။

ခက်တာက ကျွန်တော် ပုခုံးပေါ်မှာ တစ်ခုခုမှ မရှိရင်လည်း ကျွန်တော် မနေတတ်ဘူး။ ဒီတော့ ကျွန်တော့်အတွက် ကံမကောင်းသည့်တိုင်အောင် ပုခုံးပေါ်မှာ တစ္ဆေတစ်ကောင်တင်ထားသလို ထင်ထားရတဲ့ လွယ်အိတ်တွေက ကျွန်တော့်နှလုံးသားကို အမြဲတမ်း အနိုင်ကျင့်နေသည့်တိုင်အောင် ကျွန်တော်ကတော့ လွယ်အိတ်တွေကို လွယ်နေရဦးမှာပဲ…။

ကျွန်တော် ဖမ်းတဲ့ ရွှေသမင်ဟာ ဘယ်ရောက်နေမှန်းတော့ မသိဘူး။ ကျွန်တော်ကတော့ ကျောပိုးအိတ်ကလေးပြင်လွယ်လိုက်… ပြေးလိုက်လွှားလိုက်နဲ့ပေါ့။

အခုလောလောဆယ်မှာတော့ ကျွန်တော်ဟာ အိမ်ကို အမြန်

www.foreverspace.com.mm

ပြန်ရောက်ချင်နေတဲ့ လူတစ်ယောက်ပါ..ကိုယ့်ဆရာရယ်..။

အိမ်မှာ အမေခင်းပေးထားတဲ့ ကျွန်တော့် ကုတင်ကလေးပေါ်ကို အားရပါးရ...ပစ်လှဲချလိုက်ချင်ပြီ ကိုယ့်ဆရာရေ။

**နီကိုရဲ**



ကြောင်နှစ်ကောင်စာအုပ်တိုက်

www.foreverspace.com.mm



NTM Graphic Studio 303664